
# ချင်းပြည်နယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ
# နှင့်
# အစိုးရမဏ္ဍိုင်သုံးရပ်အပေါ် ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ၏အမြင်

## သုတေသနစစ်တမ်း




# ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အစိုးရမဏ္ဍိုင်သုံးရပ်အပေါ် ချင်းပြည်နယ်အတွင်းရှိ ပြည်သူများအမြင်

## သုတေသန စစ်တမ်း

SIDA မှ ရံပုံငွေကူညီပံ့ပိုးသည်။

-စီမံကိန်းအတွင်း ကန့်သတ်-

# ချင်းပြည်နယ် မြေပုံ




ရင်းမြစ်။ ။ Myanmar Information Management Unit (MIMU) ၏ ဝက်ဆိုဒ်မှ ကူးယူဖော်ပြသည်။

မာတိကာ


ထုတ်ဝေသူ၏အမှာစာ ..... 4

အနှစ်ချုပ်တင်ပြခြင်း ..... 5

အခန်း (၁) နိဒါန်း ..... 7

၁.၁ အဖွဲ့အစည်းအကြောင်း ..... 7

၁.၂ လေ့လာရသည့် အကြောင်းအရင်း ..... 8

၁.၃ နည်းနာနိသယ ..... 8

၁.၄ လေ့လာမှုတွင် အကန့်အသတ်များ ..... 10

အခန်း (၂) လေ့လာခြင်းနှင့် နောက်ခံသမိုင်းအကျဉ်း ..... 11

အခန်း (၃) ဒေသဆိုင်ရာ အုပ်ချုပ်ရေး ..... 24

အခန်း (၄) ချင်းပြည်နယ်တွင် ဦးစားပေးလိုအပ်ချက်များကို သတ်မှတ်ခြင်း ..... 32

အခန်း (၅) အခွန်ထမ်းဆောင်ခြင်းအပေါ် နားလည်မှု နှင့် ပြည်သူ့ ဝန်ဆောင်မှု ..... 35

အခန်း (၆) လွှတ်တော်ကိုယ်စားလှယ်များ ..... 37

အခန်း (၇) ရဲဌာန (ဝန်ထမ်းများ) အပေါ် လူထု၏ အမြင်အား လေ့လာမှု ..... 41

အခန်း (၈) ဒေသအတွင်း တရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း ..... 43

အခန်း (၉) အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များအပေါ် သိနားလည်ခြင်း ..... 44

အခန်း (၁၀) မြို့နယ်အလိုက် လေ့လာတွေ့ရှိချက်များ ..... 46

အခန်း (၁၁) နိဂုံးချုပ်ခြင်းနှင့် အကြံပြုချက်များ ..... 144

နောက်ဆက်တွဲနှင့် အညွှန်းကိုးကားချက်များ ..... 148

ထုတ်ဝေသူ၏ အမှာစာ

အရှေ့ဦး လူမှုဖွံ့ဖြိုးရေးအသင်းမှ လူကြီးမင်းတို့၏ လက်ဝယ်သို့ ဤစစ်တမ်းစာအုပ်အား ပေးပို့နိုင်သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဤစစ်တမ်းစာအုပ်အတွင်းတွင် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် (၉)မြို့နယ်မှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများအပေါ် ဒေသခံပြည်သူများ၏ သဘောထားအမြင်များကို (၂၀၁၈ ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်း) ကောက်ယူခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကဏ္ဍ၊ ဒေသလိုအပ်ချက်၊ အခွန်ဆောင်ခြင်းနှင့်ဆိုင်သော ဗဟုသုတများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်ရွာအကျိုးသယ်ပိုးမှု၊ ပြည်သူ့ရဲဌာနအပေါ်ပြည်သူများ၏ ယုံကြည်မှု၊ တရားစီရင်မှုအပေါ် လူထုအမြင်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဒေသခံများ၏ သဘောထားစသည့် ကောက်ယူရရှိသော သတင်း အချက်အလက်များကို ထည့်သွင်းဖော်ပြထားပါသည်။

ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသည် ချင်းလူမျိုးများ၏ အဓိကလိုလားတောင့်တချက်ဖြစ်သည့် အားလျော်စွာ ချင်းပြည်နယ်အစိုးရနှင့်လက်တွဲ၍ ချင်းအရပ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှသာ မိမိတို့လိုလားတောင့်တသောပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ဤစစ်တမ်းစာအုပ်သည် ချင်းပြည်နယ်အစိုးရနှင့် ချင်းအရပ်ဖက်အဖွဲ့အစည်းများအတွက် အတိုင်းအတာ တစ်ခုအထိ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်မိပါသည်။

ဤစစ်တမ်းစာအုပ်ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေပံ့ပိုးပေးသော SIDA (Swedish International Development Agency)နှင့် SPAS (Swedish Peace and Arbitration Society)၊ နည်းပညာအားဖြင့် ပံ့ပိုးကူညီပေးခဲ့သော အင်းယားဘောဂဗေဒ၊ ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့သော ချင်းတောင်ဒေသ သဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့ (CNRWG)မှ ဝန်ထမ်းများ၊ ကိုယ်ကျိုးမဖက် နေပူမိုးရွာမရှောင် စစ်တမ်း ကောက်ယူပေးခဲ့ ကြသော မြို့နယ်အသီးသီးမှ စေတနာ့ ဝန်ထမ်းများအားလုံးကို အရှေ့ဦး လူမှုဖွံ့ဖြိုးရေးအသင်းမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျင့်ခန့်လျန်း
ဒါရိုက်တာ
အရှေ့ဦး လူမှုဖွံ့ဖြိုးရေးအသင်း
၂၀၁၈ ခုနှစ်၊ မေလ

အနှစ်ချုပ်တင်ပြခြင်း

လေ့လာမှုတစ်ခုလုံး၏ ထင်ထင်ရှားရှား တွေ့ရှိချက်များနှင့် မှတ်သားဖွယ်ရာ ရလဒ်များကို တင်ပြသွားမည်ဖြစ်သည်။ မဏ္ဍိုင်သုံးရပ် ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအပေါ်တွင် ချင်းပြည်နယ်ရှိပြည်သူများ၏ အမြင်များကိုကောက်ယူခဲ့သည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကဏ္ဍ၊ ဒေသ၏လိုအပ်ချက်များ၊ အခွန်ဆောင်ခြင်းနှင့် ဆိုင်သော ဗဟုသုတများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်ရွာအကျိုးထမ်းပိုးမှုများ၊ ရဲဌာန (ဂန်ထမ်း) များအပေါ် ပြည်သူများ၏ ယုံကြည်မှု၊ တရားစီရင်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် လူထု၏ အမြင် စသဖြင့် အကြောင်းအရာများကိုလေ့လာခဲ့သည်။

ချင်းပြည်နယ်ရှိ ဖြေဆိုသူအများစုသည် ၎င်းတို့ မြို့နယ်အသီးသီးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို သိရှိကြသည်။ ဖြေဆိုချက်များအရ ချင်းပြည်နယ် တွင် အမျိုးသမီး ရပ်/ ကျေး အုပ်ချုပ်ရေးမှူး ရှားပါးကြောင်း တွေ့ရသည်။ အုပ်ချုပ်ရေမှူးသည် အမျိုးသမီးဖြစ်ခဲ့မည် ဆိုပါက စိုးရိမ်သည့် ဖြေဆိုသူများရှိသလို မစိုးရိမ်သည့် ဖြေဆိုသူများလည်း ရှိကြသည်။ ဖြေဆိုသူ၏ ၆၆ ရာခိုင်နှုန်းသည် စိုးရိမ်မှုမရှိကြောင်း၊ ၃၄ ရာခိုင်နှုန်းသည် စိုးရိမ်ကြောင်းဖြေဆိုကြသည်။ ချင်းပြည်နယ်ရှိ ဖြေဆိုသူများသည် ရပ်/ ကျေး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များကို ထောက်ခံစာရေးသားခြင်းနှင့် ဒည့်စာရင်းတိုင်ခြင်းအဖြစ် နားလည်ထားကြသည်။ ၎င်းတို့နေ့စဉ်မြင်တွေ့ကြားသိနေရသည့် ကိစ္စမှာ ထောက်ခံစာရေးသားခြင်းနှင့် ဧည့်စာရင်းတိုင်ရသည့် ကိစ္စများကြောင့်ဟု ယူဆနိုင်သည်။ သို့သော် မြို့နယ်တစ်ခုချင်း၏တွေ့ရှိချက်တွင် တီးတိန်မြို့နယ်၊ တွန်းဇန်မြို့နယ်နှင့် ကျီခါးမြို့တို့မှ ဖြေဆိုသူများသည် ရပ်ရွာဖွံ့ဖြိုးရေးကိစ္စကို ရွေးချယ်ဖြေဆိုကြသည်။ ၎င်းတွေ့ရှိမှု သည် အခြားမြို့နယ်များတွင် ထူးခြားမှုမရှိသလို၊ ပြည်နယ်တစ်ခုလုံး၏ တွေ့ရှိချက်တွင်လည်း ပါဝင်မှု အနည်းငယ်သာရှိသည်။ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ကြ သည်ဟု ဖြေဆိုကြသည်။ ကောင်းမွန်သော ရလဒ်ဖြစ်ပေသည်။

ချင်းပြည်နယ်၏ ဦးစားပေး ကဏ္ဍများကိုမေးမြန်းရာတွင် ဖြေဆိုသူ အများစု၏ တူညီသော ဖြေဆိုချက်များကို စုစည်း ကောက်နုတ်ဖော်ပြပါသည်။ ပထမ ဦးစားပေးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို လုပ်ဆောင်သင့်ပြီး၊ ဒုတိယ ဦးစားပေးအနေဖြင့် သောက်သုံးရေရရှိမှု၊ လျှပ်စစ်မီး ရရှိမှုတို့ကို လုပ်ဆောင်သင့်သည်ဟု ဆိုသည်။ တတိယဦးစားပေးလုပ် ဆောင်သင့်သည်မှာ ပညာရေးဖြစ်ကြောင်း အများစုက ဖြေဆိုကြသည်။ ဖြေဆိုချက်များသည် ပြည်သူများ၏ ထင်မြင်ချက်ဖြစ်သည်။ တစ်ဖက်တွင် အစိုးရ၏ လက်ရှိ ဦးစားပေး ဆောင်ရွက်နေသော ကဏ္ဍများကို လေ့လာရာတွင်လည်း အထက်ဖော်ပြပါ ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် တူညီမှုရှိသည်ကို တွေ့ရှိရသည့်အတွက် ပြည်သူများ၏ ဆန္ဒနှင့် ကိုက်ညီသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် ဒေသစွဲ၊ လူမျိုးစွဲများ ရှိပြီး၊ ဘက်လိုက်၍ လုပ်ငန်းများဖော်ဆောင်သည်ဟု ဖြေဆိုချက်များလည်းရှိသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့အတွက် ပြန်လည်စဉ်းစားရမည့် ကိစ္စဖြစ်သည်။ ပြုပြင်ရန်လည်း လိုအပ်ပေလိမ့်မည်။ ဖွံ့ဖြိုးရေးရန်ပုံငွေများနှင့် ပတ်သက်၍လည်း ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူများအား ထုတ်ပြန်အသိပေးသင့်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူများအနေဖြင့် ဒေသ၏ ဖွံ့ဖြိုးရေးရန်ပုံငွေများ မည်မျှရရှိပြီး၊ မည်သည့် ကဏ္ဍများတွင် မည်မျှသုံးစွဲသည်ကို မသိ သောကြောင့်ဖြစ်သည်။

အခွန်ဆောင်ခြင်း အသိပညာနှင့် ပတ်သက်ပြီး ချင်းပြည်နယ်ရှိ ဖြေဆိုသူများ အားနည်းလျက်ရှိသည်။ အများအားဖြင့် အခွန်ဆောင်ဖူးကြောင်းဖြေဆိုကြသော်လည်း အခွန်ထမ်းဆောင်ခြင်းမှ မည်သည့် ခံစားခွင့်များ ရရှိမည်ကို ၎င်းတို့

မသိကြပေ။ ပြည်သူများအနေဖြင့် အခွန်ထမ်းဆောင်ခြင်း အသိပညာများနည်းပါးခြင်း၊ ၎င်းတို့၏ ပူးပေါင်းပါဝင်မှုအားနည်းပါးခြင်းသည် ပြည်နယ် အတွက် အခွန်ရရှိရန် အခက်အခဲဖြစ်ပေလိမ့်မည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအကြားထိတွေ့မှုများ၊ ၎င်းတို့၏ လုပ်ရပ်ဆောင်ရွက်မှုများကို မဲဆန္ဒရှင်များအနေဖြင့် မည်မျှသိရှိကြောင်းလေ့လာခဲ့သည်။ ဖြေဆိုသူအများစုသည် ၎င်းတို့ နှင့်သက်ဆိုင်သော လွှတ်တော်ကိုယ် စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဆုံဖူးခြင်းမရှိသလို၊ ကိုယ်စားလှယ်များ လုပ်ဆောင်နေသည့် ဆောင်ရွက်ချက်များကိုလည်း မသိကြပေ။ ပြည်နယ်တစ်ခုလုံး၏ တွေ့ရှိချက်တွင် တစ်ကြိမ်မှ တွေ့ရှိဖူးခြင်းမရှိသည့် ဖြေဆိုမှု ပိုများသည်။ မြို့နယ်တစ်ခုခြင်း၏ တွေ့ရှိမှုတွင် လွှတ်တော်ကိုယ်စားလှယ်နှင့် တစ်ကြိမ်မှ တွေ့ဆုံဖူးခြင်းမရှိသည့် မြို့နယ်သည် တီးတိန်မြို့နယ်ဖြစ်သည်။ ဒုတိယ အများဆုံးမှာ မတူပီမြို့နယ်နှင့် တတိယ အများဆုံးမှာ ဟားခါးမြို့နယ်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူ့အကျိုး မဆောင်ရွက်ဟု မဆိုလိုပေ။ ပြည်သူများနှင့် ထိတွေ့မှု ကြိမ်ရေနည်းပါးခြင်းများကြောင့် ဖြစ်ပေသည်။ ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများအား ၎င်းတို့လုပ်ငန်းဆောင်ရွက် ချက်များကိုတင်ပြမှုအားနည်း ခြင်း၊ ပြည်သူများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို မေးမြန်းခြင်းစသည့် ထိတွေ့မှု ကြိမ်ရေနည်းသောကြောင့် ဖြစ်ပေသည်။

ချင်းပြည်နယ်ရှိ ပြည်သူများသည် ရဲဌာနများအပေါ်တွင် အားကိုးယုံကြည်မှု အနည်းငယ်ရှိကြသည်။ ၎င်းတို့၏ အရေးယူဆောင်ရွက်မှုများအားနည်း ခြင်း၊ ဖြေရှင်းဆောင်ရွက်မှုများတွင် ဘက်လိုက်မှုရှိခြင်း၊ အချိန်နှင့် တပြေးညီ ဆောင်ရွက်နိုင်မှုမရှိခြင်း စသည်တို့ကြောင့် လူထု၏ အားကိုးယုံကြည်မှု အနည်းငယ်သာရ ရှိကြသည်။ တစ် ဖက်တွင် ရဲဌာန (ဝန်ထမ်း) များအနေဖြင့် ဒေသတွင်း တည်ငြိမ်ရေးကိစ္စများကို လုပ်ဆောင်မှုများရှိသော်လည်း ပြည် သူများအနေဖြင့် မသိရှိကြသောကြောင့် ရဲဌာန (ဝန်ထမ်း) များအပေါ် ယုံကြည်မှု မရှိသည်လည်းဖြစ်နိုင်သည်။

တရားရေးကဏ္ဍတွင်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။ ပြည်သူများသည် ချင်းပြည်နယ်ရှိ တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်ချက်များကို များစွာ အားရကျေနပ်မှုမရှိကြပေ။ တရားရေးဝန်ထမ်းများအနေဖြင့် ဘက်လိုက်ခြင်း၊ မလိုလားအပ်ဘဲ အချိန်ကြာမြင့်စွာ အမှုဆွဲဆန့်ထားခြင်း၊ စီရင်ဆုံးဖြတ်မှုများတွင် မျှတစွာ မရှိခြင်းများကြောင့် ပြည်သူ များအနေဖြင့် အားရကျေနပ်မှုမရှိကြောင်းတွေ့ရသည်။

ငြိမ်းချမ်းရေးကဏ္ဍတွင် ချင်းပြည်နယ်ရှိ ပြည်သူများ၏ အဖြေများသည် ထူးခြားသော ရလဒ်များမရှိပေ။ ၎င်းတို့ဒေသ သည် ပဋိပက္ခများနှင့် ထိပ်တိုက်တွေ့ဆုံမှု မရှိခြင်း ကြောင့်လည်းဖြစ်နိုင်သည်။ သို့သော်လည်း ငြိမ်းချမ်းရေးနှင့် ဆိုင် သော အသိပညာများအားနည်းလျက်ရှိသည်ကို မြင်တွေ့ရသည်။ အစိုးရ၏ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဥ်များကို မသိပေ။ အစိုးရ အနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဘာလုပ်နေသည်ကို ၎င်းတို့မသိပေ။ ငြိမ်းချမ်းရေးသည် ၎င်းတို့နှင့် တိုက်ရိုက်ဆက်နွယ်မှု မရှိသောကြောင့် အဆိုပါကိစ္စများကို စိတ်ပါဝင်စားမှုအားနည်းကြသည်။

## အခန်း (၁) နိဒါန်း

### ၁.၁ အဖွဲ့အစည်းအကြောင်း

**အရုဏ်ဦး လူမှုဖွံ့ဖြိုးရေးအသင်း**ကို မြန်မာနိုင်ငံသို့ နာဂစ်မုန်တိုင်းဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ရက်အနည်းငယ်အတွင်း ၂၀၀၈ ခုနှစ် မေလ (၅) ရက်နေ့တွင် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်အားထက်သန်ကြသော စေတနာ့ဝန်ထမ်း လူငယ်များ စုပေါင်း၍ စတင်ဖွဲ့စည်းခဲ့ပါသည်။ ရန်ကုန်တိုင်းနှင့်မြစ်ဝကျွန်းပေါ် ဒေသများရှိ နာဂစ်မုန်တိုင်း ဒဏ်ခံစားရသောပြည်သူများသို့ ပြည်တွင်းအလှူရှင်များနှင့် နိုင်ငံတကာမှ ထောက်ပံ့သော အရေးပေါ် အကူအညီများ ဖြန့်ဝေရာတွင် အရုဏ်ဦးအဖွဲ့မှ (၆)လ ခန့်ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ အရေးပေါ် အကူအညီများတွင် စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ လူသုံးကုန်ပစ္စည်း၊ ယာယီနေအိမ်များ၊ ရေနှင့်ပတ်ဝန်း ကျင်သန့်ရှင်းရေး၊ ရွေ့လျား ကျန်းမာရေး စောင့်ရှောက်မှု၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ လူမှုရေး ဆိုင်ရာအားပေးနှစ်သိမ့်မှုနှင့် စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေးစသည့် လုပ်ငန်းများ ပါဝင်ပါသည်။

အရေးပေါ်ကူညီထောက်ပံ့ရေးကာလ (၆)လ ပြည့်ပြီးနောက်ပိုင်း မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် အခြားဒေသများရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော WFP, FAO, UNICEF, UNOPS, Phyoe Pin, DFID, OXFAM, NPA, Mercy Corps, LIFT, AusAid, USAid, Save the Children, Burnet Institute, Triangle GH, PACT Myanmar, SIDA, SPAS, 3MDG စသည်တို့နှင့် လက်တွဲ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသက် မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အကူအညီအထောက်အပံ့များ၊ ကျားမတန်းတူညီမျှရေး၊ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးမြှင့်တင်ခြင်းလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော အမြင်ဖွင့်လုပ်ငန်းများ၊ လူ့စွမ်းအားမြှင့်တင်ခြင်းလုပ်ငန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ပါဝင်ပြီး ဒေသခံ ကျေးရွာအဖွဲ့အစည်းများ၊ ဦးတည်အုပ်စုတွင်းရှိ လူထုများ၊ဒေသတွင်းရှိ ရည်ရွယ်ချက်တူအဖွဲ့အစည်းများနှင့် လက်တွဲ၍ အောင်မြင်စွာဆောင်ရွက်လျက်ရှိပါသည်။

အရုဏ်ဦး လူမှုဖွံ့ဖြိုးရေးအသင်းကို မြန်မာ NGO (LNGO) အဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်ရန် ရည်ရွယ်၍ တရားဝင်ခွင့်ပြုချက်ကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လက်မှတ် ခွင့်ပြုချက်အမှတ် (၁/ပြည်တွင်း/ဝ၄၃၁) ဖြင့် တရားဝင်ရပ်တည်သော ပြည်တွင်းအခြေပြု အရပ်ဘက်လူမှုအသင်းအဖွဲ့ ဖြစ်ပါသည်။

## ၁.၂ လေ့လာရသည့် အကြောင်းအရင်း

ယခုလေ့လာမှုသည် အစိုးရ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်ရှိတာဝန်ရှိသူများ၏ ဒေသဆိုင်ရာ အဆင့် လုပ်ငန်းနှင့် မူဝါဒ အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်သည်။ နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်သော၊ နိုင်ငံသားများ အားကိုး ယုံကြည်ရသော၊ စွမ်းဆောင်ရည်ပြည့်ဝသော အစိုးရ အဖွဲ့ဖြစ်ပေါ်လာစေရန်အတွက် မြေပြင် ပကတိ အခြေအနေများကို တင်ပြသွားမည်ဖြစ်သည်။

မိမိတို့၏ လေ့လာမှုသည် ချင်းပြည်နယ်ရှိ မြို့နယ် (၉) မြို့နယ်တွင် (ရပ်ကွက်နှင့် ကျေးရွာများအပါအဝင်) ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဤအချက်အလက်ကောက်ယူမှုတွင် ကာလ နှစ်ခုကွဲလျက်ရှိသည်။ ပထမအကြိမ်အချက်အလက်ကောက်ယူမှုကို ဖလမ်းခရိုင်အတွင်းရှိ တီးတိန်မြို့နယ်၊ တွန်းဇန်မြို့နယ်နှင့် ကျီခါးမြို့တို့တွင် ပြုလုပ်ခဲ့သည်။ သို့သော် အချက်အလက်ကောက်ယူသည့် ကာလ မတူသော်လည်း လေ့လာမှု ပုံစံသည် ကွဲပြားမှုမရှိပေ။ ထို့ကြောင့် ယခုအစီရင်ခံစာသည် ချင်းပြည်နယ်၏ မြို့နယ်အားလုံးအား ခြုံငုံလေ့လာချက် သို့မဟုတ် တွေ့ရှိတင်ပြချက်များဖြစ်ပေသည်။

## ၁.၃ နည်းနာနိဿယ

ယခုလေ့လာမှုတွင် အရည်အသွေးစံထား (Qualitative) နှင့် အရေအတွက် စံထား (Quantitative) ချဉ်းကပ်နည်း နှစ်မျိုးကို ရောနှောအသုံးပြုထားသည်။ သုတေသန၏ အဓိက ရည်ရွယ်ချက်များကို ရရှိစေရန်အတွက် မေးခွန်း လွှာပြင်ဆင်မှုတွင် အရည်အသွေးစံထား နှင့် အရေအတွက် စံထား ပုံစံနှစ်မျိုးလုံးပါဝင်သည်။ ယခုလေ့လာမှုတွင် ချင်းပြည်နယ်၏ မြို့နယ် (၇) မြို့နယ်ကိုလေ့လာထားပါသည်။ ပထမအကြိမ်လေ့လာမှုသည် ချင်းပြည်နယ် မြို့နယ် (၂)မြို့နယ်နှင့် မြို့ (၁)မြို့ကိုသာလေ့လာခဲ့သည်။ ထို့ကြောင့် ယခုသုတေသနတွင် ပထမအကြိမ်(ယခင်) လေ့လာမှုနှင့် ယခုလေ့လာမှု နှစ်ခုပူးပေါင်း၍ ချင်းပြည်နယ်၏ ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် အစိုးရ မဏ္ဍိုင် ၃ ခုကို ဆန်းစစ်ထားသည်။ ယခု အချက်အလက်ကောက်ယူခဲ့သည် မြို့နယ်များမှာ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ နှင့် ကန်ပက်လက်မြို့နယ်များဖြစ်ပြီး ယခင်အချက်အလက်ကောက်ယူခဲ့ရာတွင် တီးတိန်၊ တွန်းဇန်နှင့် ကျီခါးမြို့တို့ ပါဝင်ပါသည်။ ယခင်လေ့လာမှုတွင် နမူနာကောက်ယူသည့် အရေအတွက်မှာ ဦးရေ ၂၀၀ ဖြစ်ပြီး ယခုလေ့လာသည့် မြို့နယ် ၇ မြို့နယ်တွင် လူဦးရေ ၇၀၀ ကောက်ယူခဲ့သည်။ ထို့အတွက် နှစ်ခုပေါင်းမည်ဆိုပါက နမူနာ အရေအတွက်မှာ စုစုပေါင်း ၉၀၀ ဖြစ်သည်။ ထို့ကြောင့် ယခုလေ့လာသည့် သုတေသနသည် ချင်းပြည်နယ်၏ ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် အစိုးရ မဏ္ဍိုင် ၃ အပေါ် ပြည်သူများ၏ အမြင်ကို ဆန်းစစ်ထားခြင်းဖြစ်သည်။

ယခုလေ့လာမှုရှိ နမူနာကောက်ယူသည့်ပုံစံများ၊ မေးခွန်းလွှာများ၊ တိုင်းတာမှုများ (Measurements) မှာ ယခင်လေ့လာမှုများနှင့် ကွဲလွဲမှုများစွာမရှိခဲ့ပေ။ သို့သော် အသစ်ထပ်တိုးထားသော မေးခွန်းများအား မေးခွန်းလွှာ၏ နောက်ဆုံးအပိုင်းတွင် တွေ့ရှိရမည်ဖြစ်သည်။ အသစ်ထပ်တိုးထားသော မေးခွန်းများမှာ အမျိုးသမီးကဏ္ဍနှင့် ငြိမ်းချမ်းရေးကဏ္ဍများဖြစ်သည်။

နမူနာကောက်ယူမှုတွင် ချင်းပြည်နယ်၏ မြို့ပြနှင့် ကျေးလက်တွင် နေထိုင်ကြသော လူဦးရေကို အချိုးကျ ကောက်ယူခဲ့သလို၊ ကျား/မ အချိုးကျ ခွဲဝေကောက်ယူခဲ့သည်။ အတိအကျ တင်ပြရမည်ဆိုပါက မြို့ပြနှင့် ကျေးလက်တွင် နေထိုင်သော အချိုးကို ထက်ဝက် စီကောက်ယူခဲ့သည် (၅၀% + ၅၀%)။ ဖြေဆိုသူများတွင် အမျိုးသား ၅၀ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၀ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ ထိုသို့သာမက ဤလေ့လာမှုတွင် ချင်းပြည်နယ်၏ အခြေအနေအမှန်ကို ကိုယ်စားပြုနိုင်ရန် အစိုးရဝန်ထမ်းများ၊ ရပ်ရွာတွင် လူမှုရေး လုပ်ငန်းများဦးဆောင်နေသူများ၊ သာမန် အိမ်ထောင်စုဝင်များ စသည်တို့ ပါဝင်ပါသည်။ အသက်အရွယ်အားဖြင့် အသက် ၁၈ နှစ်နှင့် အထက်

ရှိသူများကိုသာ လေ့လာရန် သတ်မှတ်ထားသည်။ လေ့လာမှုတွင် အစိုး ရဂန်ထမ်းများကိုထည့်သွင်းမေးမြန်းရခြင်းသည် အစိုးရ၏ ပြည်သူ့ရေးရာ ဂန်ဆောင်မှုများကို ပေးရာတွင် ၎င်းတို့၏ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် အစိုးရ၏ ဂန်ဆောင်မှုများကို ၎င်းတို့ ပြန်လည် သုံးသပ်ခြင်း စသည်တို့ကို ထည့်သွင်းရန် လိုအပ်သောကြောင့် ဖြစ်သည်။ ရပ်ရွာများတွင် လူမှုရေး လုပ်ငန်းများဦးဆောင်နေသူများကို မေးမြန်းရသည့် အကြောင်းအရင်းမှာ အစိုးရဂန်ဆောင်မှုများအပေါ် ၎င်းတို့၏အမြင်ကို ဆန်းစစ်ရန်လိုအပ်သောကြောင့်ဖြစ်သည်။ ၎င်းဖြေဆိုသူ အမျိုးအစားတွင် ဘာသာရေးခေါင်းဆောင်များ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့် ကဏ္ဍများတွင် ဦးဆောင် ဆောင်ရွက်နေသူများလည်း ဖြစ်နိုင်သည်။ ချင်းပြည်နယ်တွင် ဖြစ်ပေါ်လျက်ရှိ သည့် အခြေအနေမှန်များကို သိရှိနိုင်ရန် ၎င်းတို့ကိုလည်း မေးမြန်းရမည်ဟု ယခုလေ့လာမှုက သတ်မှတ်သည်။ နောက်ဆုံး ဖြေဆိုသူအမျိုးအစားအနေဖြင့် သာမန်အိမ်ထောင်စုများ၏ အမြင်၊ထင်မြင်ချက်၊ သဘောထားများကို လည်းမေးမြန်းရမည်ဖြစ်သည်။

ဇယား(၁-၃-၁) မြို့နယ်တစ်မြို့နယ်၏ နမူနာကောက်ယူသည့် ပုံစံ

| ခရိုင် | မြို့နယ် | ဖြေဆိုသူ အရေအတွက် | ဖြေဆိုသူအရေအတွက် (ရပ်ကွက်) | ဖြေဆိုသူအရေအတွက် (ကျေးရွာ) |
|---|---|---|---|---|
| ဟားခါး | ဟားခါး | ၁၀၀ | ၅၀ | ၅၀ |
| | ထန်တလန် | ၁၀၀ | ၅၀ | ၅၀ |
| ဖလမ်း[1] | ဖလမ်း | ၉၉ | ၅၀ | ၄၉ |
| | တီးတိန် | ၁၁၀ | ၁၀ | ၁၀၀ |
| | တွန်းဇန် | ၆၀ | ၁၀ | ၅၀ |
| | ကျီခါး | ၃၀ | ၁၀ | ၂၀ |
| မင်းတပ် | မင်းတပ် | ၁၀၀ | ၅၀ | ၅၀ |
| | မတူပီ | ၁၀၀ | ၃၃ | ၆၇ |
| | ကန်ပက်လက် | ၁၀၀ | ၅၀ | ၅၀ |
| | ပလက်ဂ | ၁၀၀ | ၅၀ | ၅၀ |
| စုစုပေါင်း | | ၈၉၉ | ၃၆၃ | ၅၃၆ |

| ဖြေဆိုသူအမျိုးအစား | ကျေးလက် (ကျေးရွာများ) | မြို့ပြ (ရပ်ကွက်) |
|---|---|---|
| | မေးမြန်းရမည့် အရေအတွက် (ကျား ၅၀%+မ ၅၀%) | မေးမြန်းရမည့် အရေအတွက် (ကျား ၅၀%+မ ၅၀%) |
| အိမ်ထောင်စု (၃၅%) | ၁၈ | ၁၈ |
| အစိုးရဂန်ထမ်း (၃၀%) | ၁၄ | ၁၄ |
| လူမှုရေးခေါင်းဆောင် (၃၅%) | ၁၈ | ၁၈ |
| စုစုပေါင်း (၅၀+၅၀) | ၅၀ | ၅၀ |
| စုစုပေါင်း (၁၀၀) | ၁၀၀ | |

[1] ဖလမ်းခရိုင်ရှိ တီးတိန်မြို့နယ်၊ တွန်းဇန်မြို့နယ်နှင့် ကျီခါးမြို့ သုံးခုသည် ယခင် ကောက်ယူခဲ့သည့် နမူနာ အရေအတွက် ဖြစ်သည်။

အထက်ဖော်ပြပါပုံသည် မြို့နယ်တစ်ခု၏ နမူနာကောက်ယူမှု အရေအတွက်ဖြစ်သည်။ ဖြေဆိုသူ ကျား/မ ပါဝင်သည့် ရာခိုင်နှုန်း၊ ကျေးလက်နှင့် မြို့ပြ တွင် နေထိုင်သူများ၏ ဖြေဆိုမှု ရာခိုင်နှုန်းတို့ကိုဖော်ပြထားသည်။ ထို့ အပြင် ဖြေဆိုသူအမျိုးအစား သုံးမျိုးကို ရာခိုင်နှုန်း အသီးသီးခွဲဝေထားသည်။ မြို့နယ်တစ်မြို့နယ်တွင် အိမ်ထောင်စုဝင်များ၏ ရာခိုင်နှုန်းမှာ ၃၅ ရာခိုင်နှုန်း၊ အစိုးရဝန်ထမ်းများ၏ ရာခိုင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းနှင့် လူမှုရေး ခေါင်းဆောင်များ ၃၅ ရာခိုင်နှုန်း တို့ကို မေးမြန်းသွားမည်ဖြစ်သည်။

အထက်ဖော်ပြပါ ကောက်ယူမည့် မြို့နယ်တစ်ခုချင်း၏ နမူနာအရေအတွက်ကို ကောက်ယူရာတွင် ကျပန်းနမူနာ (simple random sampling) ကောက်ယူသည့် နည်းလမ်းကို အသုံးပြုခဲ့သည်။ မြို့နယ်တစ်ခုချင်း အတွက် နမူနာကောက်ယူရာတွင် မြို့ပြနှင့် ကျေးရွာအဆင့် နှစ်မျိုးစလုံးပါဝင်စေရန်အတွက် ရပ်ကွက်များကို မြို့ပြအဖြစ် သတ်မှတ်၍ ကျေးရွာများ သို့မဟုတ် ကျေးရွာအုပ်စုများကို ကျေးလက်အဖြစ်သတ်မှတ်ထားသည်။

ဤသုတေသနလုပ်ငန်းစဉ်၏ အဓိကလေ့လာမှုအပိုင်းများမှာ အောက်ပါတို့ဖြစ်သည်။ ၄င်းတို့မှာ_

(၁) ရပ်ကွက်၊ကျေးရွာနှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၏ တာဝန်နှင့်လုပ်ငန်းဆောင်ရွက်မှုများအကြောင်း

(၂) ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၏ တာဝန်နှင့်လုပ်ငန်းဆောင်ရွက်နေမှုများအကြောင်း

(၃) အစိုးရ၏ပြည်သူ့ဝန်ဆောင်မှုများ အကြောင်း တို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါ နမူနာကောက်ယူမှုသည် မြေပြင်အချက်အလက်များ (Primary Data) ကိုရရှိစေရန်အတွက် အသုံးပြုခဲ့ခြင်းဖြစ်သည်။ ချင်းပြည်နယ်၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များက ရေးသားထုတ်ဝေခဲ့သော သုတေသနစာတမ်းများ၊ အစီရင်ခံစာများနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို လေ့လာသုံးသပ်တင်ပြခြင်း တို့ကို ဤစာတမ်းတွင် Secondary data အဖြစ် အသုံးပြုထားပြီး၊ Primary Data ကို ပံ့ပိုးစေမည်ဖြစ်သည်။

### ၁.၄ လေ့လာမှုတွင် အကန့်အသတ်များ

ဤလေ့လာမှုတွင် တွေ့ရှိရသော အခက်အခဲမှာ ဘာသာစကား အခက်အခဲဖြစ်သည်။ ချင်းပြည်နယ်သည် ချင်းလူမျိုး၏ ခေါင်းစဉ်အောက်တွင် မျိုးနွယ်စု များစွာရှိသော ပြည်နယ်တစ်ခုဖြစ်ပြီး၊ မျိုးနွယ်စုအလိုက် ဘာသာစကားကွဲပြားမှုများစွာရှိသည်။ ထို့ကြောင့် ကွင်းဆင်းအချက်အလက်ကောက်ယူရာတွင် ဘာသာစကား အခက်အခဲမရှိစေရန်အတွက် မြို့နယ်တစ်ခုချင်းစီမှ အချက်အလက်ကောက်ယူမည့်သူများကို စုစည်း၍ သင်တန်းများပြုလုပ်ပြီး အချက်အလက်ကောက်ယူစေခဲ့သည်။ ထိုအခြေအနေတွင် မြို့နယ်တစ်ခုချင်းမှ အချက်အလက် ကောက်ယူသူများသည် ၎င်းတို့၏ မြို့နယ်တွင် ပြန်လည်၍ အချက်အလက်ကောက်ယူခဲ့ကြမည် ဖြစ်သည့် အတွက် ကောက်ယူသည့်အချက်အလက်များတွင် အားနည်းချက်များရှိနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ အချက်အလက်ကောက်ယူ သူများသည် မိမိဒေသအတွက် အချက်အလက်များကောက်ရာတွင် ဘက်လိုက်မှုများ၊ မိမိဒေသဖွံ့ဖြိုးရေးအတွက် စိတ် အားထက်သန်မှုများ စသည့် စိတ်များဖြင့် အချက်အလက်ကောက်ယူသူတစ်ဦး၏ ကျင့်ဝတ်မှ သွေဖယ်ပြီး အချက်အ လက် ကောက်ယူသည့် အခြေအနေများလည်းရှိနိုင်မည်ကို ဤလေ့လာမှုတွင် သတိချပ်ရမည်ဖြစ်ပါသည်။ သို့ သော်လည်း အချက်အလက်ကောက်ယူရာတွင် မြေပြင်အခြေအနေမှန်များကို သိရှိနိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်မှု များပြုလုပ်ခဲ့ပါသည်။ အချက်အလက်များ၏ အရည်အသွေးများကိုလည်း ထိန်းချုပ်ရာတွင် ကွင်းဆင်း အချက်အလက်ကောက်ယူသူများ အပေါ်တွင် သီးသန့် ကွင်းဆင်းကြီးကြပ်သူများရှိသည်။ အဆိုပါ ကြီးကြပ်သူများမှ ကွင်းဆင်းကောက်ယူထားသော မေးခွန်းလွှာများတွင် အဖြေများ ပြည့်စုံခြင်းရှိ၊ မရှိကို

ကြီးကြပ်စစ်ဆေးခြင်း၊ ကွင်းဆင်းကောက်ယူမှုတွင် မမျှော်လင့်ထားခဲ့သည့် အခြေအနေများကို ဖြေရှင်းခြင်း/ ညွှန်ကြားခြင်း စသည်ဖြင့် အချက်အလက်များ၏ အရည်အသွေးကို ထိန်းချုပ်ခဲ့သည်။

ဤလေ့လာမှုတွင် ဦးဆောင်သုတေသန ပြုလုပ်သူများကသာ ယခုလေ့လာမှုကို ပြုလုပ်သွားခြင်းမဟုတ်ပဲ ရပ်ရွာဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်နေသော ဒေသခံလူငယ်များ/ ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်၍ သုတေသန အတွေ့အကြုံများ၊ လုပ်နည်းကိုင်နည်းများကို ဒေသခံများအား နည်းပညာလက်ဆင့်ကမ်းသော ပုံစံမျိုးဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ထို့သို့လုပ်ဆောင်ခဲ့သောကြောင့် အားသာချက်အနေဖြင့် ဒေသခံ လူငယ်များ/ ခေါင်းဆောင်များမှာ သုတေသန နည်းပညာများ ရရှိခဲ့ပြီး၊ ယခုလေ့လာမှုများ ပြီးဆုံးပါက ၎င်းတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ၎င်းတို့ကိုယ်တိုင် ဆက်လက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အားနည်းချက်အနေဖြင့် ယခုလေ့လာမှုသည် ဒေသခံများ၏ ပါဝင်မှုများ (အထူးသဖြင့် ဒေသပြဿနာများကို ပူးပေါင်း ရှာဖွေခြင်း၊ အချက်အလက်ကောက်ယူခြင်း) ကို ထည့်သွင်းဖော်ဆောင်သောကြောင့် အချက်အလက်များ၏ အရည်အသွေးပိုင်း တွင် ယုံကြည်မှုနည်းသည့် အပိုင်းများလည်း ပေါ်ပေါက်နိုင်သည်။ အဆိုပါ စိန်ခေါ်မှုများကို ကြိုတင်ကာကွယ်၊ လျှော့ချနိုင်ရန် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စီမံဆောင်ရွက်ခဲ့သည်။

## အခန်း (၂) လေ့လာခြင်းနှင့် နောက်ခံသမိုင်းအကျဉ်း

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်အခြမ်းတွင် တည်ရှိသည်။ ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ပြည်နယ်တစ်ခုဖြစ်သည်။ ချင်းပြည်နယ်ကို ဟားခါး ခရိုင်၊ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင် ဟူ၍ ခရိုင်သုံးခုဖြင့်ဖွဲ့စည်းထားပါသည်။ မြို့နယ်အားဖြင့် ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပက်လက်၊ မတူပီနှင့် ပလက်ဝမြို့နယ်ဟူ၍ (၉)မြို့နယ် ရှိသည်။

ချင်းပြည်နယ်သည် ချင်းတိုင်းရင်းသားများ အများစုနေထိုင်သောပြည်နယ်တစ်ခုဖြစ်သည်။ အစိုးရ၏ သတ်မှတ်ဖော်ပြ ချက်များအရ ချင်းတိုင်းရင်းသားလူမျိုးများသည် မျိုးနွယ်စု ၅၃ မျိုးရှိသည်။[2] ချင်းပြည်နယ်သည် ချင်းမျိုးနွယ်စုများ ကွဲပြားကြသလို၊ အချင်းချင်းဆက်သွယ်ပြောဆိုကြသော ချင်း ဘုံဘာသာစကားဟူ၍ မရှိပေ။ မျိုးနွယ်စု အချင်းချင်းကြားတွင် ၎င်းတို့၏ မျိုးနွယ်စု ဘာသာစကားကို အသုံးပြုကြပြီး၊ မတူညီသော မျိုးနွယ်စုများအကြား ဆက်သွယ်သော အဓိကဘာသာစကားမှာ ဗမာ ဘာသာစကားဖြစ်သည်။

ချင်းပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လူဦးရေနှင့် နှိုင်းယှဉ်ပါက ဒုတိယ လူဦးရေအနည်းဆုံးပြည်နယ်ဖြစ်သည်။ လူဦးရေအနည်းဆုံးပြည်နယ်မှာ ကယားပြည်နယ်ဖြစ်သည်။

[2] http://factsanddetails.com/india/Minorities_Castes_and_Regions_in_India/sub7_4f/entry-4212.html#chapter-2

ဇယား (၂-၁) ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လူဦးရေပြဇယား


| ပြည်နယ်နှင့် တိုင်းဒေသကြီး | လူဦးရေ (ရာခိုင်နှုန်း) |
|---|---|
| ကချင် | 3% |
| ကယား | 1% |
| ကရင် | 3% |
| ချင်း | 1% |
| စစ်ကိုင်း | 11% |
| တနင်္သာရီ | 3% |
| ပဲခူး | 10% |
| မကွေး | 8% |
| မန္တလေး | 12% |
| မွန် | 4% |
| ရခိုင် | 4% |
| ရန်ကုန် | 15% |
| ရှမ်း | 12% |
| ဧရာဝတီ | 12% |
| နေပြည်တော် | 2% |

ရင်းမြစ်။ ။ (Ministry of Immigration and Population, 2015)

ဇယား (၂-၁)အရ မြန်မာနိုင်ငံ၏ လူဦးရေ စုစုပေါင်းတွင် ချင်းပြည်နယ်ရှိ နေထိုင်ကြသော လူဦးရေသည် နိုင်ငံ၏ လူဦးရေနှင့် နှိုင်းယှဉ်ပါက ၁ ရာခိုင်နှုန်း (ကိန်းဂဏန်းအားဖြင့် ၄၇၈၈၀၁ ဦးရေ) ရှိသည်။ သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များ အရ ချင်းပြည်နယ်တွင် လူ (၁၀၀) လျှင် (၇၉) ဦးသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး (၂၁) ဦးသည် မြို့ပြဒေသ တွင် နေထိုင်ကြသည်။ (ပြည်သူ့အင်အားဦးစီးဌာန, ၂၀၁၅ ခုနှစ်၊ မေလ)

ချင်းပြည်နယ်၏ ခရိုင်အလိုက် လူဦးရေ အရေအတွက်ကို အောက်ဖော်ပြပါ ပုံတွင် ဖော်ထားပါသည်။


ပုံ (၂-၁) ချင်းပြည်နယ် ခရိုင် ၃ ခု၏ လူဦးရေ




ရင်းမြစ်။ ။ (Ministry of Immigration and Population, 2015)

ချင်းပြည်နယ်ရှိ ခရိုင် သုံးခု၏ လူဦးရေများကို နှိုင်းယှဉ်ဖော်ပြရမည်ဆိုပါက ချင်းပြည်နယ်တွင် လူဦးရေ အများဆုံးနေထိုင်သည့် ခရိုင်မှာ မင်းတပ် ခရိုင်ဖြစ်သည်။ မင်းတပ် ခရိုင်သည် မြေမျက်နှာ သွင်ပြင်အရ ရခိုင်ပြည်နယ်နှင့် ထိစပ်လျက်ရှိသလို၊ မကွေးတိုင်းဒေသကြီးနှင့်လည်း ထိစပ်လျက်ရှိသည်။

ပုံ (၂-၂ ) ချင်းပြည်နယ် ခရိုင် ၃ ခု၏ ကျား/ မ လူဦးရေများ ပြပုံ




ရင်းမြစ်။ ။ (Ministry of Immigration and Population, 2015)

ဖော်ပြပါ ပုံ (၂-၂ ) အရ ချင်းပြည်နယ်တွင် လူဦးရေ ပျံ့နှံ့ နေထိုင်ကြပုံနှင့် ကျား/မ နေထိုင်မှုအချိုးကိုလည်း ခရိုင်အလိုက်တွေ့မြင်နိုင်သည်။ မင်းတပ်ခရိုင်သည်၊ အခြားခရိုင်နှစ်ခုထက် လူဦးရေ များပြားသည်ကို တွေ့ရသည်။

ဤလေ့လာမှုသည် ချင်းပြည်နယ်အစိုးရ မဏ္ဍိုင်များတွင်ရှိသော ဌာနများ၏ ဝန်ဆောင်မှုများအပေါ် ဒေသခံပြည်သူများအနေဖြင့် မည်သည့် အမြင်များရှိသည်ကို လေ့လာဆန်းစစ်ရန် ရည်ရွယ်သည်။ ထို့အပြင် အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို သိရှိနားလည်စေရန်နှင့် လိုအပ်သောပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်ရန် ယခုလေ့လာမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်၏ မဏ္ဍိုင်သုံးခုဖြစ်သော အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင် သုံးခုတို့ကို အဓိက လေ့လာထားပြီး၊ ဒေသ၏ ဖွံ့ဖြိုးရေးအတွက် အဓိက လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ထားပါသည်။ အထူးသဖြင့်_

- ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးကိစ္စရပ်များပေါ်တွင် ပြည်သူများ၏ အမြင်နှင့် စိတ်ဝင်စားမှု အခြေအနေ

- လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ မဲဆန္ဒရှင်များ တွေ့ဆုံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့အပေါ် ဒေသခံပြည်သူများသိရှိမှု အခြေအနေ

- ရဲဌာနများနှင့် ရဲဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ချက်များအပေါ်ဒေသခံများ၏ အမြင်များနှင့် ယုံကြည်မှုအခြေအနေနှင့်


- တရားစီရင်ရေးအပေါ် ဒေသခံများ၏ သဘောထားအမြင်များကို ကောက်ယူလေ့လာထားပါသည်။

ချင်းပြည်နယ်သည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဒေသဖြစ်သလို၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး တို့နှင့် ထိစပ်လျက်ရှိသည်။ အဓိက လုပ်ကိုင်ကြသော စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများဖြစ်ကြသည်။ အချို့မြို့နယ်များရှိ လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများသည် အိန္ဒိယနိုင်ငံရှိ မီဇိုရမ်ဒေသ၏ စီးပွားရေး အခြေအနေပေါ်တွင် မူတည်လျက်ရှိသည် (သန်းနိုင်လင်း၊ ဇော်ဝွန်း , ၂၀၁၅)။

ဆက်စပ်အကျိုးဆက်များအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၊ အခြေခံအဆောက်အအုံများ မဖွံ့ဖြိုးခြင်းတို့သည် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံ ပြဿနာများဖြစ်သည် (Kyaw, 2017)။ ချင်းပြည်နယ်တွင် သဘာဝ တွင်းထွက် ဓာတ်သတ္တု အနည်းငယ်သာ ရှိသည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၅ ဘဏ္ဍာရေးနှစ် အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရငွေနှင့် သုံးငွေများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် (CSO, 2016)နှိုင်းယှဉ်မည်ဆိုပါက ချင်းပြည်နယ် သည် ရငွေထက် အသုံးစရိတ်ပို များနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဘဏ္ဍာရေးနှစ်အလိုက် နှိုင်းယှဉ်ပါက ချင်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အသုံးစရိတ်သည် ကျန်ဘဏ္ဍာရေးနှစ်များထက်ပိုများလျက်ရှိခဲ့သည်။


ပုံ (၂-၃ ) ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အသုံးစရိတ်များ (၂၀၁၂-၂၀၁၅ ဘဏ္ဍာရေးနှစ်)




ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရငွေများကို ကြည့်မည်ဆိုပါကလည်း ချင်းပြည်နယ်၏ ရငွေများသည် ဘဏ္ဍာရေး နှစ် (၃)နှစ်အတွင်း တဖြည်းဖြည်းမြင့် တက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဒေသစီးပွားရေးသည် အထူးသဖြင့် အိမ်ထောင်စုများ၏ (ရာခိုင်နှုန်းအားဖြင့် ၉၀ %) တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ တစ်ဆင့် ရရှိသော ဝင်ငွေပေါ်တွင် မှီခိုသည်။ (Ministry of Livestock, Fisheries and Rural Development for the Asian Development Bank, 2016)။


ပြည်နယ်၏ အခွန်ရငွေကို ကြည့်မည် ဆိုပါက အခွန်ရရှိမှု နည်းပါးကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ချင်းပြည်နယ်သည် ထုတ်လုပ်မှု ကဏ္ဍတွင် အားမကောင်းသလို၊ ဝန်ဆောင်မှု ကဏ္ဍတွင်လည်း အားမကောင်းသော ကြောင့်ဖြစ်သည်။

ပုံ (၂-၄) ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရငွေများ (၂၀၁၂- ၂၀၁၅ ဘဏ္ဍာရေးနှစ်)




အောက်ဖော်ပြထားသော ပုံအရ ချင်းပြည်နယ်၏ ရငွေ နှင့် အသုံးစရိတ်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါ က ရငွေထက် အသုံးစရိတ်မှာ ပိုမိုများပြားလျက်ရှိကြောင်းတွေ့ရသည်။

ပုံ (၂-၅) ချင်းပြည်နယ် အစိုးရ၏ ရငွေနှင့် အသုံးစရိတ်များ (၂၀၁၂- ၂၀၁၅ ခုနှစ်)




ချင်းပြည်နယ်သည် တောင်တန်းများ ထူထပ်ပြီး၊ သွားရေးလာရေး/ သယ်ယူပို့ဆောင်ရေး ခက်ခဲသည့် ဒေသဖြစ်သည်။ ထိုသို့ သာမက အခြေခံအဆောက်အုံများထဲမှ သယ်ယူပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည်လည်း သင့်တော် ကောင်းမွန်သည့် အခြေအနေတွင် မရှိပေ။ ထို့အပြင် မြေမျက်နှာ သွင်ပြင်သည် တိုးတက်ရန် အထောက်အပံ့ မပေးချေ။ ထိုသို့လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် အပိုစရိတ်များတက်၍ ကုန်ပစ္စည်း ဈေးနှုန်းများမှာလည်း ကြီးမြင့်သည်။ ထို့ကြောင့် ကားထက် ဆိုင်ကယ်ကို ပို၍ အားကိုးသွားလာရသော အခြေအနေဖြစ်သည်။

ထိုအခြေအနေများကြောင့် ချင်းပြည်ရှိ လူငယ်များနှင့် သက်လတ်ပိုင်းများသည် အခြားပြည်နယ်နှင့် တိုင်းများတွင် သွားရောက် အလုပ်လုပ်ကိုင် ခြင်း၊ ပြည်ပနိုင်ငံများသို့ ထွက်ခွာခြင်းများပြုလုပ်ကြသည်။

ပုံ (၂-၆) ချင်းပြည်နယ်မှ ပြည်ပသို့ ထွက်ခွာသည့် ကျား/ မ အရေအတွက် (Ministry of Immigration and Population, 2015)




ပုံ (၂-၆) တွင် ဖော်ပြချက်အရ ချင်းပြည်နယ်မှ ပြည်ပ နိုင်ငံများသို့ ထွက်ခွာသည့် အရေအတွက်တွင် အမျိုးသားများသည် အမျိုးသမီးအရေအတွက်ထက် ပိုများသည်။

ပုံ (၂-၇) ချင်းပြည်နယ်မှ ပြည်ပသို့ ထွက်ခွာသည့် အရေအတွက် (ခရိုင်များဖြင့် နှိုင်းယှဉ်ဖော်ပြခြင်း)




| | Thailand | Malaysia | Singapore | China | Japan | Korea | India | USA | Other |
|---|---|---|---|---|---|---|---|---|---|
| Haka | 90 | 8,758 | 197 | 15 | 18 | 45 | 1,601 | 7,013 | 2,609 |
| Falam | 151 | 8,032 | 1,138 | 88 | 23 | 21 | 2,962 | 2,765 | 483 |
| Mindat | 347 | 10,226 | 360 | 99 | 3 | 9 | 1,317 | 2,339 | 836 |

ပုံ (၂-၇) တွင်ဖော်ပြချက်အရ ချင်းပြည်နယ်ရှိ ခရိုင်သုံးခုမှ ပြည်ပနိုင်ငံများသို့ ထွက်ခွာကြသည့် စာရင်းများတွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသည့် အရေအတွက်သည် အခြားနိုင်ငံသို့ထွက်ခွာ ကြသည်ထက် ပိုများလျက်ရှိသည်။ မလေးရှားနိုင်ငံသို့ ထွက်ခွာသည့် အရေအတွက်တွင် မင်းတပ် ခရိုင်မှ ထွက်သည့် အရေအတွက်သည် အခြားခရိုင်နှစ်ခုထက်ပိုများလျက်ရှိသည်။ အမေရိကန်နိုင်ငံသို့ ထွက်ခွာသည့် အရေအတွက်သည် ခရိုင်သုံးခုလုံးတွင် ဟားခါးခရိုင်မှ သွားရောက်သည့် အရေအတွက်သည် အခြား ခရိုင်နှစ်ခုထက်ပိုများလျက်ရှိသည်။ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသည့် အရေအတွက်သည် ခရိုင်သုံးခုလုံးတွင် ဖလမ်းခရိုင်မှ အများဆုံးဖြစ်သည်။ ဒုတိယ အများဆုံးသည်


ဟားခါး ခရိုင်ဖြစ်သည်။ စင်္ကာပူနိုင်ငံသို့ အများဆုံးထွက်ခွာသည့် ခရိုင်သည် ဖလမ်းခရိုင်မှ ဖြစ်သည်။ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံသို့ ထွက်ခွာသည့် အရေအတွက် အနည်း ငယ်ရှိသည်။

ဇယား (၂-၂) ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် ရွှေ့ပြောင်းသည့် ဦးရေ (ရာခိုင်နှုန်း)

| ပြည်နယ် / တိုင်းဒေသကြီး | ရွှေ့ပြောင်းလူဦးရေ (ရာခိုင်နှုန်း ) |
|---|---|
| ကချင် | 3.2% |
| ကယား | 0.5% |
| ကရင် | 1.9% |
| ချင်း | 1.0% |
| စစ်ကိုင်း | 7.6% |
| တနင်္သာရီ | 2.4% |
| ပဲခူး | 8.4% |
| မကွေး | 6.5% |
| မန္တလေး | 12.6% |
| မွန် | 3.6% |
| ရခိုင် | 3.1% |
| ရန်ကုန် | 26.4% |
| ရှမ်း | 7.8% |
| ဧရာဝတီ | 12.8% |
| နေပြည်တော် | 1.7% |
| Outside Myanmar | 0.5% |

နိုင်ငံတစ်ခုလုံးအနေဖြင့် ရွှေ့ပြောင်းလူဦးရေကို ဖော်ပြရမည်ဆိုပါက ရွှေ့ပြောင်းလူဦးရေအများဆုံးသည် ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး ဒုတိယ အများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်သည်။ တတိယ အများဆုံးမှာ မန္တလေးတိုင်းဒေသကြီးဖြစ်သည်။ ချင်းပြည်နယ်မှ ရွှေ့ပြောင်းလူဦးရေသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်ပါက ရွှေ့ပြောင်းလူဦးရေ စုစုပေါင်းတွင် ချင်းပြည်နယ်သည် ၁ ရာခိုင်နှုန်းရှိ သည်။ ပြည်နယ်နှင့် တိုင်းအလိုက်ရှိ ရွှေ့ပြောင်း လူဦးရေများတွင် ၎င်းတို့ ရွှေ့ပြောင်းရသည့် အကြောင်းရင်းများရှိသည်။ ပုံ (၂-၈) တွင် ဖော်ပြချက်အရ ရွှေ့ပြောင်းလူဦးရေစုစုပေါင်းတွင် မိသားစုနောက်လိုက်သည့် ရွှေ့ပြောင်းသည့် ဦးရေသည် အကြောင်းအရင်း အားလုံးထဲတွင် အများဆုံးဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နှိုင်းယှဉ်ကြည့်ပါက မိသားစုနောက်လိုက်သည့် ရွှေ့ပြောင်း ဦးရေသည် ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးမြင်တွေ့ရမည်ဖြစ်သည်။ ဒုတိယ အများဆုံးမှာ ချင်းပြည်နယ်ဖြစ်သည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဒုတိယ အများဆုံးဖြစ်သည့် ရွှေ့ပြောင်းသူဦးရေသည် အလုပ်ကြောင့် သို့မဟုတ် အလုပ်ရှာဖွေသည့် အကြောင်းရင်းများကြောင့် ရွှေ့ပြောင်းခြင်းဖြစ်ရသည်ကိုလည်း အောက်ဖော်ပြပါ ပုံတွင် မြင်တွေ့နိုင်သည်။ အလုပ်ရှာ ဖွေသည့် ရွှေ့ပြောင်းသူဦးရေကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်နှိုင်းယှဉ်ပါက စစ်ကိုင်းတိုင်းဒေသကြီးသည် အများဆုံးဖြစ်သည်။ ဒုတိယ အများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်သည်။

ပုံ (၂-၈) ရွှေ့ပြောင်း (ပြည်တွင်း) ရသည့် အကြောင်းရင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက်နှိုင်းယှဉ်ပြခြင်း (ရာခိုင်နှုန်း)




ရွှေ့ပြောင်းရသည့် အကြောင်းအရာများကို နှိုင်း ယှဉ်ပါက မိသားစုနောက်သို့လိုက်သည့် ရွှေ့ပြောင်းမှုသည် အများဆုံး ဖြစ်သည်။ ဒုတိယ အများဆုံးမှာ အလုပ်ကြောင့်/ အလုပ်ရှာရန်အတွက် ရွှေ့ပြောင်းရသည့် အကြောင်းရင်းကြောင့် ဖြစ်သည်။ တတိယ အများဆုံးမှာ အိမ်ထောင်ကျ၍ ရွှေ့ပြောင်းရခြင်း (ဥပမာ။ ။ အိမ်ထောင်ဖက် နောက်သို့လိုက်ပါ နေထိုင်ရခြင်း) အကြောင်းရင်းကြောင့်ဖြစ်သည်။

ချင်းပြည်နယ်၏ ရွှေ့ပြောင်းမှုသည် မိသားစုနောက်လိုက်ပါသည့် အကြောင်းရင်းသည် အများဆုံးဖြစ်ပြီး၊ အလုပ်ကြောင့်/ အလုပ်ရှာရန်အတွက် ရွှေ့ပြောင်းရခြင်းသည် ဒုတိယ အများ ဆုံးဖြစ်သည်။

*ပညာရေး ကဏ္ဍ*

ဤကဏ္ဍသည် ချင်းပြည်နယ်၏ ပညာရေးအခြေအနေကို တင်ပြသွားမည်ဖြစ်ပါသည်။ ဇယား (၂-၃) သည် ချင်းပြည်နယ်၏ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အရေအတွက်များကို အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။ ဇယား (၂-၃) အရ ချင်းပြည်နယ်ရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အရေအတွက်များကို နှိုင်းယှဉ်မည်ဆိုပါက မူလတန်းကျောင်းအရေ အတွက်သည် အလယ်တန်းနှင့် အထက်တန်းကျောင်းအရေအတွက်ထက် ပိုများလျက်ရှိသည်။

ချင်းပြည်နယ်ရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှာ အခြားပြည်နယ်များထက်နှိုင်းယှဉ်လျှင် နည်းပါးသည်ကို တွေ့ရသည်။ ၂၀၁၆ခုနှစ်တွင် ချင်းပြည်နယ်ရှိ မူလတန်းကျောင်း အရေအတွက်မှာ ၁၀၉၈ကျောင်းရှိပြီး၊ အလယ်တန်းကျောင်းအရေအတွက်မှာ ၉၂ကျောင်းရှိ၍ အထက်တန်းကျောင်းအရေအတွက်မှာ ၄၅ကျောင်းဖြစ်ပါသည်။

၂၀၁၆ခုနှစ်တွင် ချင်းပြည်နယ်ရှိ ဆရာ၊ ဆရာမအရေအတွက်မှာ မူလတန်းတွင် ၅၃၆၄ယောက်ရှိပြီး၊ အလယ်တန်းတွင် ၁၆၆၉ယောက်ရှိ၍ အထက်တန်းတွင် ၇၅၈ယောက်ရှိပါသည်။ ချင်းပြည်နယ်သည် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဆရာ၊ ဆရာမအရေအတွက်ထက် သိသိသာသာနည်းပါးနေသည်ကိုတွေ့ရသည်။ ထို့အပြင်အထက်ပါ ပုံအရ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ဆရာ၊ ဆရာမ အရေအတွက်ကို နှိုင်းယှဉ်ပါက တိုင်းဒေသကြီးများရှိ ပျမ်းမျှ ဆရာ၊ ဆရာမအရေအတွက်သည် ပြည်နယ်များထက် များပြားနေသည်ကို တွေ့ရသည်။

၂၀၁၆ခုနှစ်တွင် ချင်းပြည်နယ်ရှိ ကျောင်းသူ၊ ကျောင်းသားအရေအတွက်မှာ မူလတန်းတွင် ၇၈၃၁၂ယောက်ရှိပြီး၊ အလယ်တန်းတွင် ၃၇၆၆၃ရှိ၍ အထက်တန်းတွင် ၁၀၆၉၀ယောက်ရှိပါသည်။ ချင်းပြည်နယ်ရှိ ကျောင်းသားအရေအတွက်သည် ကယားပြည်နယ်ပြီးလျှင် အနည်းဆုံးဖြစ်သည်။ ဖော်ပြပါပုံ အရ တိုင်းဒေသကြီးများရှိ ကျောင်းသားအရေအတွက်သည် ပြည်နယ်များရှိ ကျောင်းသားအရေအတွက်ထက် ပျမ်းမျှအားဖြင့် များပြားသည်ကို တွေ့ရှိသည်။ (CSO, 2016)

ဇယား(၂-၃) ကျောင်း၊ ဆရာ/မ၊ ကျောင်းသူ/ သား အရေအတွက် (ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ၂၀၁၆ ခုနှစ်)

| States and Regions | Schools | | | Teachers | | | Students | | |
|---|---|---|---|---|---|---|---|---|---|
| | (Primary) | (Middle) | (High) | (Primary) | (Middle) | (High) | (Primary) | (Middle) | (High) |
| Kachin State | 1,194 | 121 | 82 | 8,307 | 3,249 | 1,574 | 174,769 | 115,578 | 36,800 |
| Kayah State | 344 | 35 | 22 | 1,767 | 717 | 426 | 35,695 | 21,487 | 7,194 |
| Chin State | 1,098 | 92 | 45 | 5,364 | 1,669 | 758 | 78,312 | 37,663 | 10,690 |
| Sagaing Region | 4,296 | 279 | 198 | 27,261 | 11,718 | 4,324 | 538,009 | 327,081 | 98,897 |
| Tanintharyi Region | 1,047 | 97 | 58 | 8,437 | 2,840 | 1,139 | 185,549 | 86,597 | 24,086 |
| Bago Region | 4,129 | 253 | 187 | 22,531 | 12,400 | 3,979 | 501,165 | 268,950 | 81,268 |
| Magway Region | 3,657 | 234 | 142 | 20,623 | 8,876 | 3,127 | 375,380 | 241,363 | 75,837 |
| Mandalay Region | 3,575 | 263 | 201 | 23,175 | 11,231 | 4,238 | 507,665 | 327,564 | 95,833 |
| Mon State | 1,239 | 107 | 90 | 9,106 | 4,195 | 1,611 | 223,371 | 112,724 | 33,974 |
| Rakhine State | 2,645 | 154 | 104 | 15,707 | 5,731 | 2,058 | 440,688 | 148,070 | 42,401 |
| Yangon Region | 2,221 | 285 | 233 | 19,785 | 10,275 | 4,948 | 520,059 | 357,202 | 126,369 |
| Shan State | 4,571 | 250 | 221 | 24,183 | 6,939 | 2,999 | 503,919 | 215,195 | 58,234 |
| Ayeyarwady Region | 6,094 | 305 | 231 | 34,243 | 11,224 | 4,538 | 680,847 | 327,075 | 106,739 |

ရင်းမြစ်။ ။ (CSO, 2016)

### *ကျန်းမာရေးကဏ္ဍ*

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများ၏ အရေအတွက်များကို အောက်ဖော်ပြပါ ပုံတွင်ဖော်ပြထားသည်။ ပုံတွင် ဖော်ပြချက်အရ ချင်းပြည်နယ်တွင် ဆေးရုံ ၂၄ ခုရှိပြီး၊ ၂၀၁၅ ခုနှစ် အချက်အလက်များအရ ပုဂ္ဂလိက ဆေးရုံ မရှိပေ။ ဆေးခန်းအနေဖြင့် ၄ ခုရှိသည်ဟု အောက်ဖော်ပြပါ စာရင်းများအရ သိရသည်။ (CSO, 2016)

ဇယား (၂-၄ ) ဆေးရုံ၊ ပုဂ္ဂလိက ဆေးရုံနှင့် ဆေးခန်းများ (ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ၂၀၁၅ ခုနှစ်)

| Absolute Values | HOSPITALS | Private Hospitals | Clinics (GP) |
|---|---|---|---|
| Kachin State | 51 | 10 | 82 |
| Kayah State | 17 | 0 | 13 |
| Kayin State | 30 | 3 | 61 |
| Chin State | 24 | 0 | 4 |
| Sagaing Region | 113 | 22 | 156 |
| Tanintharyi Region | 33 | 6 | 47 |
| Bago Region | 96 | 14 | 249 |
| Magway Region | 82 | 4 | 39 |
| Mandalay Region | 111 | 35 | 423 |
| Mon State | 33 | 7 | 234 |
| Rakhine State | 49 | 1 | 52 |
| Yangon Region | 82 | 48 | 2154 |
| Shan State | 151 | 19 | 109 |
| Ayeyarwady Region | 103 | 5 | 234 |

ဖော်ပြပါ ဇယား (၂-၅) အရ ချင်းပြည်နယ်တွင် အရံ သားဖွားဆရာမများနှင့် မွေးဖွားနှုန်းသည် အရပ်လက်သည်များဖြင့် မွေးဖွားနှုန်းထက် ပိုများသည်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား နှိုင်းယှဉ်မည်ဆိုပါက ချင်းပြည်နယ်တွင် အရန်သားဖွား ဆရာမနှင့် မွေးဖွားနှုန်းသည် အခြားပြည်နယ်နှင့် တိုင်းများထက် အများဆုံးဖြစ်သည်။


ဇယား (၂-၅) ကလေးမွေးဖွားနှုန်း (သားဖွားဆရာမ၊ အရန်သားဖွားဆရာမနှင့် အရပ်လက်သည်ဖြင့် မွေးဖွားနှုန်း၊ ၂၀၁၅ ခုနှစ်)

| | သားဖွားဆရာမနှင့် မွေးဖွားနှုန်း | အရန်သားဖွားဆရာမနှင့် မွေးဖွားနှုန်း | အရပ်လက်သည်ဖြင့် ကလေးမွေးဖွားသော ရာခိုင်နှုန်း |
|---|---|---|---|
| Kachin State | 40.2 | 6.6 | 2 |
| Kayah State | 32.2 | 6.8 | 7.9 |
| Kayin State | 29.4 | 13.2 | 14.3 |
| Chin State | 33 | 19.2 | 3.1 |
| Sagaing Region | 33.1 | 10.2 | 2.2 |
| Tanintharyi Region | 31.9 | 10.7 | 3.2 |
| Bago Region | 35.5 | 7.8 | 8.3 |
| Magway Region | 36.1 | 13.5 | 3.7 |
| Mandalay Region | 33.2 | 6.1 | 2.6 |
| Mon State | 31.5 | 5.3 | 2 |
| Rakhine State | 34 | 6.8 | 27.4 |
| Yangon Region | 15.5 | 3.0 | 3.5 |
| Shan State | 25.2 | 8.6 | 2.9 |
| Ayeyarwady Region | 30 | 9.0 | 8.8 |

အောက်ဖော်ပြပါ ပုံ(၂-၉)သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရှိသော အိုင်အိုဒင်းဆား စားသုံးမှုနှုန်းကို နှိုင်းယှဉ်ဖော်ပြထားသည်။ ပုံသည် ၂၀၀၆ ခုနှစ်၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ် သုံးနှစ်ကို ပြည်နယ်နှင့်

တိုင်းဒေသကြီးအလိုက်ဖော်ပြထားသည်။ ပုံ အရ ချင်းပြည်နယ်၏ အိုင်အိုဒင်း စားသုံးမှုနှုန်းသည် ခုနှစ်အလိုက် နှိုင်းယှဉ်ပါက ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုအတွင်းတွင် တိုးတက်မှုကို မြင်နိုင်မည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် မှ ၂၀၁၁ ခုနှစ် အကြား အိုင်အိုဒင်း စားသုံးမှုသည် အနည်းငယ်ကျ ဆင်းသွားကြောင်း တွေ့ရမည် ဖြစ်သည်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအကြား နှိုင်းယှဉ်ပါက ချင်းပြည်နယ်နှင့် လူဦးရေ အနည်းငယ်ကွာသည့် ကယားပြည်နယ်တွင် အိုင်အိုဒင်း စားသုံးမှုသည် များစွာကွာခြားမှုမရှိပေ။ ချင်းပြည်နယ်၏ လူဦးရေနှင့် များစွာ ကွာခြားသည့် ရခိုင်ပြည်နယ်သည် ချင်းပြည်နယ်ထက် လူဦးရေ ပိုများသော်လည်း အိုင်အိုဒင်း စားသုံးမှု နှုန်းသည် ချင်းပြည်နယ်ထက် ပိုမို နည်းလျက်ရှိသည်။ ကာလ အပိုင်းအခြား သုံးခုလုံးတွင် ချင်းပြည်နယ်ထက် နည်းလျက်ရှိသည်။

ပုံ (၂-၉) အိုင်အိုဒင်းဆား စားသုံးမှုနှုန်း





| | Kachin | Kayah | Kayin | Chin | Sagaing | Tanintharyi | Bago | Magway | Mandalay | Mon | Rakhine | Yangon | Shan | Ayeyarwady |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 2006 | 47 | 42 | 31 | 47 | 47 | 31 | 42 | 47 | 42 | 47 | 31 | 42 | 46 | 31 |
| 2008 | 94 | 99 | 94 | 92 | 96 | 96 | 98 | 96 | 99 | 82 | 8 | 99 | 94 | 99 |
| 2011 | 96 | 97 | 92 | 88 | 94 | 66 | 97 | 95 | 96 | 94 | 72 | 95 | 93 | 87 |

*စွမ်းအင် ကဏ္ဍ*

ချင်းပြည်နယ်ရှိ အိမ်ထောင်စုများ၏ လျှပ်စစ်မီးရရှိမှု၊ အိမ်သုံးစွမ်းအင်ရရှိမှုတို့ကို ဤကဏ္ဍတွင် မြင်တွေ့ရမည်ဖြစ်သည်။ ချင်းပြည်နယ်သည် အခြားပြည်နယ်/ တိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်ပါက လူဦးရေ ဒုတိယ အနည်းဆုံးဖြစ်သည်။ ထို့အပြင် တောင်တန်းဒေသလည်း ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်၏ အခြေခံ အဆောက်အအုံများ ကောင်းမွန်စွာ ပေါ်ထွက်လာနိုင်စေရေးမှာလည်း ချင်းပြည်နယ်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ထို့သို့သာမက ပြည်နယ်ဖွံ့ဖြိုးရေးအတွက်လည်း အခြေခံ အဆောက်အအုံကဏ္ဍသည် အခြေခံလိုအပ်ချက်ဖြစ်နေသည်ကိုလည်း သိသာမြင်လွယ်သည်။


အောက်ဖော်ပြပါ ပုံ (၂-၁၀) သည် ပြည်နယ်/ တိုင်းဒေသကြီးများရှိ အိမ်ထောင်စုများ၏ အိမ်သုံးစွမ်းအင်အတွက် အသုံးပြုရသော စွမ်းအင် အမျိုးအစားများကို ပြည်နယ်/ တိုင်းဒေသကြီးများအကြား နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။

ပုံ (၂-၁၀) အိမ်ထောင်စုများ၏ သုံးစွဲသော စွမ်းအင် အမျိုးအစားများ (၂၀၁၂ ခုနှစ်)




ပုံ (၂-၁၀) တွင် ဖော်ပြချက်အရ ရန်ကုန်တိုင်းဒေသကြီးမှ လွဲ၍ ကျန်ပြည်နယ်/ တိုင်းဒေသကြီးများတွင် "ထင်း" ကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုရသော ပမာဏသည် ကြီးမားလျက်ရှိသည်။ "ထင်း" ကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုကြသော ပြည်နယ်/ တိုင်းဒေသကြီးများတွင် ချင်းပြည်နယ်သည် အများဆုံးဖြစ်ပြီး၊ ရခိုင်ပြည်နယ်သည် ဒုတိယ အများဆုံးဖြစ်သည်။ အိမ်သုံးစွမ်းအင်အတွက် "မီးသွေး" သုံးစွဲမှုတွင် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးသည် အခြားပြည်နယ်/ တိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်မည်ဆိုပါက အနည်းဆုံးဖြစ်သည်။ ၂၀၁၂ ခုနှစ် စာရင်းများအရ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ အိမ်ထောင်စုများသည် အိမ်သုံးစွမ်းအင်အတွက် လျှပ်စစ်မီးသုံးစွဲမှုမှာ လုံးဝမရှိပေ။ လျှပ်စစ်မီး အများဆုံး သုံးစွဲနိုင်မှုမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်သည်။

ပုံ (၂-၁၁) အိမ်ထောင်စုများ၏ သုံးစွဲသော စွမ်းအင် အမျိုးအစားများ (ချင်းပြည်နယ်- ၂၀၀၁၊ ၂၀၀၆၊ ၂၀၁၂ ခုနှစ်)



ပုံ (၂-၁၁) တွင်ဖော်ပြချက်အရ ချင်းပြည်နယ်ရှိ အိမ်ထောင်စုများ၏ သုံးစွဲသော အိမ်သုံးစွမ်းအင် အမျိုးအစားများကို ကာလသုံးခု ပိုင်းခြား၍ ဖော်ပြထားသည်။ ချင်းပြည်နယ်ရှိ အိမ်ထောင်စုများ၏ အိမ်သုံးစွမ်းအင် အမျိုးအစားများထဲတွင် "ထင်း" မီးသုံးစွဲမှုနှုန်းသည် ကာလ သုံးခုလုံးတွင် များစွာ ကွာခြားမှု မရှိပေ။ သို့သော် "မီးသွေး" သုံးစွဲမှု နှုန်းသည် ၂၀၁၂ ခုနှစ်တွင် အနည်းငယ် တိုးမြှင့်သုံးစွဲလာသည်ကို မြင်ရမည်ဖြစ်သည်။ ချင်းပြည်နယ်တွင် အိမ်သုံးစွမ်းအင်အတွက် လျှပ်စစ်မီး သုံးစွဲမှုသည် ကာလသုံးခုလုံးတွင် တိုးတက်လာခြင်းမရှိပေ။

ဇယား (၂-၆) ဖြေဆိုသူများ၏လူမှုဆိုင်ရာ နောက်ခံအချက်အလက်များ

| အသက်အုပ်စု | ရာခိုင်နှုန်း |
|---|---|
| ၁၈ နှစ်အောက် | 0.4% |
| ၁၈-၂၅ | 19.1% |
| ၂၆- ၃၃ | 16.9% |
| ၃၄- ၄၁ | 19.1% |
| ၄၂- ၄၉ | 15.0% |
| ၅၀ နှစ်နှင့် အထက် | 29.4% |

| ကျား/မ | ရာခိုင်နှုန်း |
|---|---|
| ကျား | 56% |
| မ | 44% |

| ဖြေဆိုသူ အတန်းပညာ | ရာခိုင်နှုန်း |
|---|---|
| အတန်းပညာမတက်ရောက်ခဲ့ | 0.4% |
| မူလတန်းအဆင့် | 15.2% |
| အလယ်တန်းအဆင့် | 24.2% |
| အထက်တန်းအဆင့် | 35.3% |
| တက္ကသိုလ်တက်ရောက်ဆဲ | 4.1% |
| တက္ကသိုလ်ဘွဲ့ရ | 19.4% |
| ဘွဲ့လွန် | 1.3% |

| ကိုးကွယ်ယုံကြည်မှု | ရာခိုင်နှုန်း |
|---|---|
| ခရစ်ယာန် | 86.2% |
| ဗုဒ္ဓ | 13.3% |
| မည်သည့်ဘာသာမှ မကိုးကွယ် | 0.1% |
| ဆဝ်စ် | 0.1% |
| အခြား | 0.2% |

| အလုပ်အကိုင် | ရာခိုင်နှုန်း |
|---|---|
| အစိုးရဝန်ထမ်း/ ဌာနဆိုင်ရာ | 26% |
| ပုဂ္ဂလိက ဝန်ထမ်း | 2% |
| လူမှုရေးလုပ်ငန်းများ/ ပါတီ တွင်ဆောင်ရွက်နေသူ | 9% |
| အလုပ်ရှင် | 5% |
| ဘောက်လုပ်သူ | 1% |
| မိသားစုလုပ်ငန်းတွင်လုပ်ကိုင်သူ | 1% |
| အလုပ်ရှာဆဲ | 1% |
| မှီခို | 5% |
| ကျောင်းသား/သူ | 3% |
| အိမ်မှုကိစ္စလုပ် (အိမ်ရှင်မ) | 1% |
| အငြိမ်းစား၊ သက်ကြီးရွယ်အို | 2% |
| ဈေးနာသူ၊ မသန်စွမ်းသူ | 26% |
| စိုက်ပျိုးရေး | 16% |
| မွေးဆရာ | 2% |


## အခန်း (၃) ဒေသဆိုင်ရာ အုပ်ချုပ်ရေး

ဤအခန်းသည် ချင်းပြည်နယ်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေး မေးခွန်းများနှင့် ပတ်သက်ပြီး ဖြေဆိုသူများ၏ ဗဟုသုတများကို ဆန်းစစ်လေ့လာထားပါသည်။ အောက်တွင် ဖော်ပြသည့်ပုံများသည် ချင်းပြည်နယ်တစ်ခုလုံး၏ တွေ့ရှိချက်များကို ဖော်ပြထားသလို၊ မြို့နယ်တစ်ခုချင်း၏ တွေ့ရှိချက်များကိုလည်း ယှဉ်တွဲဖော်ပြထားသည်။

ဤလေ့လာမှုတွင် ယူဆချက်အရ ဖြေဆိုသူများသည် မိမိ၏ ရပ်ကွက်နှင့် ကျေးရွာ အဆင့်တွင် အုပ်ချုပ်ရေးမှူးက မည်သူ ဖြစ်သနည်း ဆိုသည်မှာ အခြေခံအားဖြင့် သိသင့်သော အခြေအနေဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားများအနေဖြင့် မိမိ၏ ရပ်ရွာဖွံ့ဖြိုးရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး စသည့် တာဝန်များကို ရပ်ရွာနှင့် ကျေးရွာ အဆင့်တွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်မှာ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးဖြစ်သောကြောင့် ဤမေးခွန်းကို မေးရခြင်းဖြစ်သည်။

အဆိုပါ မေးခွန်းကို ချင်းပြည်နယ်၏ မြို့နယ်အသီးသီးတွင်မေးမြန်းခဲ့ပါသည်။ မြို့နယ်အသီးသီးတွင် သတ်မှတ်ထား သော နမူနာကောက်ယူမှုပုံစံအတိုင်း ကောက်ယူခဲ့ပါသည်။ ဖြေဆိုသူ များ၏ ၉၆ ရာခိုင်နှုန်းသည် ၎င်းတို့၏ ရပ်ကွက်/ ကျေးရွာတွင် အရွေးချယ်ခံထားရသော အုပ်ချုပ်ရေးမှူးကို "သိရှိ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၄ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "မသိ" ရှိကြောင်းဖြေဆိုကြသည်။ အဆိုပါ ဖြေဆိုချက်သည် ရလဒ်ကောင်းတစ်ခုဖြစ်သည်။ အများစုသည် မိမိ၏ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးကို သိရှိ နေကြသည်။


ပုံ (၃-၁) ရွေးချယ်ခံထားရသော ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးကို သိပါသလား (n=894)[3]




အုပ်ချုပ်ရေးမှူးကို သိ/မသိ ချင်းပြည်နယ်ရှိ မြို့နယ်များကို နှိုင်းယှဉ်ရာတွင် အောက်ဖော်ပြပါ ပုံ (၃-၂) တွင် တွေ့မြင်နိုင်ပါသည်။ မင်းတပ်မြို့သည် အုပ်ချုပ်ရေးမှူးကို မသိသည့် ဖြေဆိုမှု အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက အများဆုံးဖြစ်သည်။ တွန်းဇန်မြို့နယ်နှင့် တီးတိန်မြို့နယ်တို့မှ ဖြေဆိုသူ အားလုံးသည် ၎င်းတို့မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို သိရှိကြသည်။


[3] n= ကောက်ယူခဲ့သော နမူနာ အရေအတွက်

ပုံ (၃-၂) ရွေးချယ်ခံထားရသော ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးကို သိပါသလား





အထက်ပါ ပုံအရ ဖြေဆိုသူများအနေဖြင့် အုပ်ချုပ်ရေးမှူးကို သိ/ မသိ ကို မေးမြန်းခဲ့သည်။ ထို့အပြင် အရွေးချယ်ခံရသည့် အုပ်ချုပ်ရေးမှူးမှာ အမျိုးသမီး သို့မဟုတ် အမျိုးသား ဆိုသည်ကို ဆက်လက်မေးမြန်းခဲ့ရာတွင် ဖြေဆိုသူ များ၏ ၉၈ ရာခိုင်နှုန်းသည် ၎င်းတို့ ရပ်ကွက်နှင့် ကျေးရွာတွင် အရွေးချယ်ခံထားရသော အုပ်ချုပ်ရေးမှူးမှာ အမျိုး သား များဖြစ်ကြောင်းဖြေဆိုကြပြီး၊ ဖြေဆိုသူ၏ ၄ ရာခိုင်နှုန်းကသာ ၎င်းတို့၏ အုပ်ချုပ်ရေးမှူးမှာ အမျိုးသမီးများ ဖြစ်သည်ဟု ဖြေဆိုကြသည်။ အောက်ဖော်ပြပါ ပုံ (၃-၃) နှင့် ပူးတွဲ ကြည့်ရှုပါ။ ဖြေဆိုချက်များအရ ချင်းပြည်နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအများစုမှာ အမျိုးသားများ ဖြစ်ပေသည်။

ပုံ (၃-၃ ) အုပ်ချုပ်ရေးမှူးက အမျိုးသမီးလား၊ အမျိုးသားလား။ (n=657)




အထက်ဖော်ပြပါ ပုံ (၃-၃) အရ ချင်းပြည်နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် အမျိုးသား အများစုဖြစ်နေသောကြောင့်၊ အကယ်၍ မိမိရပ်ကွက်နှင့် ကျေးရွာအတွက် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်မည်ဆိုပါက ဖြေဆိုသူများ အနေဖြင့် စိုးရိမ်မှု ရှိ/ မရှိ ကိုလည်း ဆက်လက် မေးမြန်းခဲ့သည်။ အောက်ဖော်ပြပါ ပုံ (၃-၄) တွင်ကြည့်ပါ။

ပုံ (၃-၄) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ပါက စိုးရိမ်မှု ရှိပါသလား။ (n=659)




ဖော်ပြပါ ပုံ (၃-၄) အရ ချင်းပြည်နယ်ရှိ မိမိ၏ ရပ်ကွက်နှင့်ကျေးရွာတွင် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်မည်ဆိုပါက ဖြေဆိုသူများ အနေဖြင့် စိုးရိမ်မှု ရှိ/ မရှိ ကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၆၆ ရာခိုင်နှုန်းသည် "စိုးရိမ်မှု မရှိ" ဟုဖြေဆိုကြသည်။ ၃၄ ရာခိုင်နှုန်းအနေဖြင့် "စိုးရိမ်မှု" ရှိသည်ဟု ဖြေဆိုကြသည်။

ချင်းပြည်နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး အများစုသည် အမျိုးသားများဖြစ်ကြသော်လည်း ဖြေဆိုသူအများစု၏ ထင်မြင်မှုသည် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ပါကလည်း ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး ဖွံ့ဖြိုးရေးအတွက် စိုးရိမ်မှု မရှိဟု ဖြေဆိုကြသည်။

အမျိုးသားဖြေဆိုသူများတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်မည်ဆိုပါက စိုးရိမ်မှု မရှိပါဟု ဖြေဆိုသူ ၆၃ရာခိုင်နှုန်းရှိပြီး စိုးရိမ်သူမှာ ၃၇ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ဖြေဆိုသူ အမျိုးသားများကြားတွင် ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးများဖြစ်ခဲ့မည် ဆိုပါကလည်း စိုးရိမ်မှုမရှိသူမှာ ပိုများလျက်ရှိသည်ကို တွေ့ရသည်။

ထို့အပြင် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက အမျိုးသမီးဖြေဆိုသူများတွင် စိုးရိမ်သည်ဟု ၃၀ရာခိုင်နှုန်းရှိပြီး၊ စိုးရိမ်မှုမရှိသူမှာ ၇၀ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ချင်းပြည်နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခြင်းကို အမျိုးသမီးများကိုယ်တိုင်အနေဖြင့် စိုးရိမ်မှုများရှိနေကြသည် ကိုတွေ့ရသည်။ အောက်ဖော်ပြပါ ဇယား (၃-၁) ကိုကြည့်ပါ။

ဇယား (၃-၁) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက စိုးရိမ်မှုရှိပါသလား (n=659)

| | ပြည်နယ် | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 34% | 37% | 30% |
| စိုးရိမ်မှုမရှိပါ | 66% | 63% | 70% |
| | 100% | 100% | 100% |

## ရပ်ကွက်နှင့် ကျေးရွာရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ[1]


ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအရ ရပ်/ကျေး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များမှာစုစုပေါင်း (၃၂) ချက်ရှိသည်။ ရပ်ရွာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစသည့် များစွာသော လုပ်ငန်းတာဝန်များပါဝင်သည်။ ၎င်းတို့ကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

| စဉ် | ဥပဒေပါ ရပ်/ ကျေး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များ[4] |
|---|---|
| က | လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့ အကျိုးပြု ဆောင်ရွက်ရေး၊ |
| ခ | ရပ်/ကျေးရွာ အုပ်စုတွင်း နေထိုင်သူများ၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊ |
| ဂ | ရပ်/ကျေးရွာ အုပ်စုတွင်း နေထိုင်သူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ |
| ဃ | ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီခြင်း၊ |
| င | မှုခင်းများနှင့် ဒုစရိုက်မှုများ ဖော်ထုတ်ခြင်း၊ သတင်းပေးတိုင်ကြားခြင်း၊ ဖမ်းဆီးအရေးယူခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများအား သတင်းပို့ခြင်းဖြင့် ကူညီခြင်း၊ |
| စ | အစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခြားပွဲများကျင်းပနိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးထံ သဘောထားမှတ်ချက်များတောင်းခံခြင်း၊ ခွင့်ပြုချက်မရှိဘဲ (သို့) သတ်မှတ်စည်းကမ်းချက်ကို မလိုက်နာဘဲဖြစ်စေ အခမ်းအနား ကိစ္စများကျင်းပပါက အရေးယူရန်တင်ပြခြင်း၊ |
| ဆ | အခြားအရပ်မှ ညအိပ်ဧည့်သည်အတွက် ဧည့်စာရင်းတိုင်ကြားမှုကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ခြင်း၊ တိုင်ကြားရန်ပျက်ကွက်လျှင်အရေးယူခြင်း၊ |
| ဇ | မသင်္ကာဖွယ်သူစိမ်းတွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်းနှင့် အစီရင်ခံခြင်း၊ |
| ဈ | အသံချဲ့စက် ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ (သို့) စည်းကမ်းဖောက်ဖျက်သူအား အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊ |
| ည | အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှု လုပ်ငန်းများတည်ထောင်ခွင့် တောင်းခံလာပါက သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်ပါက သို့မဟုတ် စည်းကမ်းချက်မလိုက်နာလျှင် ဖြစ်စေအရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊ |
| ဋ | အများပြည်သူဆိုင်ရာ နေရာတွင် လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူနိုင်ရန် အကြောင်းကြားခြင်း၊ |
| ဌ | လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေခြင်း (သို့) ရှာဖွေရန် ဝရမ်းထုတ်ပေးခြင်း၊ |
| ဍ | လက်ပူးလက်ကြပ် ဖမ်းဆီးရမိခြင်း မရှိသော သတင်းကျော်စောသည့် လူဆိုး၊ သူခိုးများအား ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊ |
| ဎ | တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သော နေရာများကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ |
| ဏ | အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေရန်၊ အန္တရာယ် ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန် ပြုလုပ်မှုအတွက် လည်းကောင်း၊ ခိုက်ရန် ဖြစ်ပွားမှုကို လည်းကောင်း၊ ခွင့်ပြုချက်မရှိသော လက်နက်ခဲယမ်းများ ကိုင်ဆောင်မှုကိုလည်းကောင်း တားမြစ်ခြင်း၊ ယင်းသို့ တားမြစ်သည်ကို လိုက်နာခြင်းမရှိပါက ဖမ်းဆီးခြင်း၊ ဖမ်းဆီးရန် အကြောင်းကြားခြင်း၊ |
| တ | နိုင်ငံခြားသား ဝင်ထွက်မှုကို သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်း၊ |

[4] ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ဖေဖော်ဝါရီလ၊ ၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁


| | |
|---|---|
| ဏ | မိမိရေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ကိုယ်တိုင်ဖမ်းဆီးခြင်း (သို့) ဖမ်းဆီးစေခြင်း၊ ယင်းသို့ ဖမ်းဆီးရသူကို အရေးယူရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊ |
| ဒ | ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး၊ မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး၊ အများပြည်သူတို့အား နှောင့်ယှက်မှုမှ တားဆီးရေးတို့ကို ညွှန်ကြားချက်နှင့် အညီဆောင်ရွက်ခြင်း၊ |
| ဓ | ဖွား/သေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများပြုစုခြင်း၊ |
| န | ကူးစက်ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်း၊ တိရစ္ဆာန်များ စနစ်တကျ မွေးမြူရန် စည်းကမ်းသတ်မှတ်ခြင်း၊ သတ်ဖြတ်ခွင့်မရှိဘဲဖြစ်စေ၊ စည်းကမ်းနှင့်မညီဘဲ ဖြစ်စေ ကျွဲနွားသတ်ဖြတ်ခြင်းကို တားမြစ်ခြင်း၊ မလိုက်နာပါက သက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊ |
| ပ | နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင်ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်အသစ်ဆောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာ အသစ်ဖွဲ့စည်းခြင်း၊ နေအိမ်ဆောက်အအုံဆောက်လုပ်ခြင်းတို့ကို တားမြစ်ခြင်း၊ မလိုက်နာပါက အရေးယူရန်အကြောင်းကြားခြင်း၊ |
| ဖ | ရပ်/ကျေးရွာများအတွင်းရှိ ဆည်မြောင်း၊ တာတမံများ၊ မြစ်၊ ချောင်းများ၊ တူးမြောင်းများ၊ လယ်ကြားမြောင်းများ၊ ရေဆိုးထုတ်မြောင်းများ၊ ရေတွင်းရေကန်များ၊ သောက်ရေတွင်းများ၊ လက်ရိုက်တွင်းတိမ်များ၊ စိမ့်စမ်းရေထွက်များကို ထိန်းသိမ်းခြင်း၊ ကျူးကျော်ဖျက်ဆီးမှုများကို သက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊ |
| ဗ | ရပ်/ ကျေးရွာ အတွင်းရှိ မြေတိုင်းမှတ်တိုင်များနှင့် ဆက်စပ်သည့် နယ်နိမိတ်မှတ်တိုင် (သို့) ကျောက်တိုင်များ စစ်ဆေးကြည့်ရှုခြင်း၊ နယ်နိမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်သည့် ထူးခြားမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊ |
| ဘ | တည်ဆဲဥပဒေ တစ်ရပ်ရပ်က အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေ စီမံခန့်ခွဲခြင်း၊ |
| မ | ရွာမြေများအတွက် မြေနေရာများကို ချထားပေးမည်ဆိုပါက မြို့နှင့် ကျေးရွာ မြေများ ဥပဒေနှင့် အညီ သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ခြင်း၊ |
| ယ | မြေခွန်နှင့် အစိုးရချေးငွေများ ကောက်ခံပေးခြင်း၊ |
| ရ | အင်းအိုင်များ၊ ငါးမွေးကန်များထိန်းသိမ်းခြင်း၊ အင်းအိုင်များအတွင်းခွင့်ပြုချက်မရှိဘဲ ကျူးကျော်သူများ၊ ငါးပုစွန် ဖမ်းသူများကို တားမြစ်ခြင်း၊ မလိုက်နာပါက သက်ဆိုင်ရာသို့ အရေးယူရန်အကြောင်းကြားခြင်း၊ |
| လ | မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး နှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ |
| ဝ | အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏ အကျိုးကို လတ်တလော ထိခိုက်စေသည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခြင်း၊ |
| သ | ရပ်/ကျေးရွာ အုပ်စု အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပံ့ပိုးကူညီခြင်း |
| ဟ | သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥပဒေနှင့် အညီ ပေးအပ်သော လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း |
| ဠ | တည်ဆဲဥပဒေတစ်ရပ်ရပ်ကပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း |

ပုံ (၃-၅) အုပ်ချုပ်ရေးမှူးကို ဘယ်လိုရွေးချယ်ရလဲ ဆိုတာ သိပါသလား




အုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရသည်ကို သိရှိပါသလား မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၈၄ ရာခိုင်နှုန်း သည် အုပ်ချုပ်ရေးမှူး ရွေးချယ်ပုံကို "သိသည်" ဟု ဖြေဆိုကြသည်။ ၁၆ ရာခိုင်နှုန်းအနေဖြင့် "မသိ" ဟုဖြေဆိုကြသည်။ အထက်ဖော်ပြပါ ပုံအရ အဆိုပါ မေးခွန်းနှင့် ပတ်သက်ပြီး ဖြေဆိုမှုမှာ ယေဘုယျအားဖြင့်ကျေနပ်ဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖြေဆိုသူ အများစုသည် မိမိ ရပ်ကွက်/ ကျေးရွာတွင် ရွေးချယ်ခံထားရသော အုပ်ချုပ်ရေးမှူးကို သိရှိ နေကြပြီး၊ အဆိုပါ အုပ်ချုပ်ရေးမှူးကို ရွေးချယ် သည့် ပုံစံကို လည်း သိရှိကြသည်ဟု အများစု ဖြေဆိုသောကြောင့်၊ ၎င်းတို့သည် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေး အရေး ကိစ္စများကို စိတ်ဝင်စားလျက်ရှိသည်ဟု ကောက်ချက်ချနိုင်သည်။


ပုံ (၃-၆) အုပ်ချုပ်ရေးမှူး အနေဖြင့် ပြည်သူများနှင့် ပုံမှန် အစည်းအဝေး ပြုလုပ်လေ့ရှိပါသလား




ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့် ပုံမှန် အစည်းအဝေးများ ပြုလုပ်၍ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရမည်ဖြစ်သည်။ ထို့ကြောင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ အနေဖြင့် ပြည်သူများနှင့် တွေ့ဆုံမှု ရှိ/မရှိ ကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ စုစုပေါင်းတွင် ၆၈ ရာခိုင်နှုန်းသည် ၎င်းတို့၏ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများသည် ပုံမှန် အစည်းအဝေးပြုလုပ်လေ့ "ရှိသည်" ဟု ဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၁၉ ရာခိုင်နှုန်းသည် ၎င်းတို့၏ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် ပုံမှန် အစည်းအဝေး ပြုလုပ်လေ့ "မရှိ" ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "မသိ" ကြောင်း ဖြေဆိုသည်။ ဖြေဆိုချက်များအရ ဖြေဆိုသူ အများစု၏ တုံ့ပြန်မှုသည် အပြုသဘောဆောင်သော ရလဒ်ဖြစ်သည်။

ဆိုလိုသည်မှာ ဖြေဆိုသူ အများစု၏ ဖြေဆိုချက်များတွင် အုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် ပုံမှန် အစည်းအဝေးပြုလုပ်လျက်ရှိသည်ဟု ဖြေဆိုခြင်းသည် ရပ်ကွက်နှင့် ကျေးရွာများအတွက် ကောင်းမွန်သော အခြေအနေဖြစ်သည်။


ပုံ (၃-၇) အုပ်ချုပ်ရေးမှူး အနေဖြင့် ပြည်သူများနှင့် ပုံမှန် အစည်းအဝေး ပြုလုပ်လေ့ရှိပါသလား (မြို့နယ်များနှိုင်းယှဉ်ခြင်း)




ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် ပုံမှန် အစည်းအဝေးပြုလုပ်ခြင်း ရှိ/ မရှိကို မြို့နယ်တစ်မြို့နယ်ချင်းကို ဆက်လက်လေ့လာခဲ့သည်။ အထက်တွင် ဖော်ပြထားသော ပုံ (၃-၇) အရ အုပ်ချုပ်ရေးမှူးများအနေဖြင့် ပုံမှန် အစည်းဝေး ပြုလုပ်လေ့ "မရှိ" ဟုအများဆုံး ဖြေဆိုသည့် မြို့နယ်သည် ကန်ပက်လက် မြို့နယ်ဖြစ်ပြီး ပုံမှန်အစည်းအဝေးပြုလုပ်လေ့ "ရှိ" ဟု အများဆုံးဖြေဆိုသည့်မြို့နယ်သည် ဟားခါးမြို့နယ်ဖြစ်သည်။ ပုံတွင်ဖော်ပြထားသည့် အတိုင်း မြို့နယ်တစ်ခုချင်းရှိ ဖြေဆိုမှုများအရ ၎င်းတို့ မြို့နယ်ရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် ပုံမှန် အစည်းအဝေးပြုလုပ်လေ့ရှိသည် ကို မြင်တွေ့ရမည်ဖြစ်သည်။ ဟားခါးမြို့နယ်ရှိ အုပ်ချုပ်ရေးမှူးသည် ပြည်သူများနှင့် အစည်းအဝေး ပုံမှန်ပြုလုပ်သည့် ရာခိုင်နှုန်းအများဆုံးဖြစ်သည်။


ထို့အပြင် အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို ဖြေဆိုသူများအနေဖြင့် သိ/ မသိ ကိုမေးမြန်းခဲ့သည်။ အောက်ဖော်ပြပါ ပုံ (၃-၈) တွင် တွေ့မြင်နိုင်သည်။

ပုံ (၃-၈) အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို ဖြေဆိုသူများအနေဖြင့် သိ/ မသိ (n=890)




ဖြေဆိုသူ စုစုပေါင်းတွင် ၇၅ ရာခိုင်နှုန်းသည် အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို "သိရှိ" သည်ဟု ဖြေဆိုကြသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များကို မသိသည့် ရာခိုင်နှုန်းမှာ ၂၅ ရာခိုင်နှုန်းရှိသည်။ သို့သော်လည်း ၎င်းတို့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များကို မည်မျှသိရှိသည်ကို ဆန်းစစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ၎င်းတို့ နားလည်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများမှာ မည်သည့် အရာများဖြစ်သည်ကို လေ့လာခဲ့သည်။ ၎င်းတို့ နားလည်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို ဖော်ပြပါ ပုံ (၃-၉) တွင် တွေ့မြင်နိုင်ပါသည်။

ပုံ (၃-၉) အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေ တစ်ခု မကဖြစ်နိုင်)




ဖြေဆိုသူ အများစုသည် အုပ်ချုပ်ရေးမှူးတစ်ဦး၏ တာဝန်နှင့် ဝတ္တရားသည် "ထောက်ခံစာရေးသားခြင်း" ဟု ဖြေဆိုကြသည်။ ဒုတိယ အများဆုံးမှာ "ညှိစာရင်းတိုင်ကြားခြင်း" ဟု ဖြေဆိုသည်။ အုပ်ချုပ်ရေးမှူး တစ်ဦး၏ တာဝန်နှင့် ဝတ္တရားများသည် "ထောက်ခံစာရေးသားခြင်း" နှင့် "ညှိစာရင်းတိုင်ကြားခြင်း" ထက်ပိုပါသည်။ သို့သော် ဖြေဆိုသူ အများစုအနေဖြင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူး တစ်ဦး၏ တာဝန်များကို "ထောက်ခံစာရေးသားခြင်း" နှင့် "ညှိစာရင်းတိုင်ကြားခြင်း" ဟု ထင်မြင်နေခြင်းသည် ဖြေဆိုသူများအနေဖြင့် အုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ဆောင်ရွက်မှုတွင် အထက်ဖော်ပြပါ ကိစ္စများကို အများဆုံးလုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဖြေဆိုခြင်း ဖြစ်နိုင်သည်။

ပုံ (၃-၁၀) အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေ တစ်ခု မကဖြစ်နိုင်)- (မြို့နယ်အလိုက် နှိုင်းယှဉ်မှု)




မြို့နယ်တစ်မြို့နယ်ချင်းရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို မေးမြန်းရာတွင် "ထောက်ခံစာရေးသားခြင်း" ဟု အများဆုံး ဖြေဆိုသည့် မြို့နယ်မှာ ထန်တလန် မြို့နယ်ဖြစ်သည်။ ဒုတိယ အများဆုံး မှာ မတူပီမြို့နယ်ဖြစ်ပြီး တတိယ အများဆုံးမှာ ဖလမ်းမြို့နယ်ဖြစ်သည်။ ဒုတိယ တွေ့ရှိမှုသည် ရပ်ရွာဖွံ့ဖြိုးရေးကိစ္စ သည် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ တာဝန်ဖြစ်သည်ဟု ဖြေဆိုမှုမှာ တွန်းဇန်၊ တီးတိန်နှင့် ကျီးခါးမြို့တို့မှ ဖြေဆိုသူ များဖြစ်သည်။ သို့သော် ပြည်နယ်တစ်ခုလုံး၏ တွေ့ရှိချက်များတွင် ရပ်ရွာဖွံ့ဖြိုးရေးကိစ္စကို ရွေးချယ်ဖြေဆိုမှုသည် အခြားမြို့ နယ်များနှင့် နှိုင်းယှဉ်ပါက သာမန်အခြေအနေတွင်ရှိသည်။

## အခန်း (၄) ချင်းပြည်နယ်တွင် ဦးစားပေးလိုအပ်ချက်များကို သတ်မှတ်ခြင်း

ချင်းပြည်နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ ပြည်နယ်အတွက် ဦးစားပေး ဖြေရှင်းဆောင်ရွက်သင့်သည့် ကိစ္စ သို့မဟုတ် ကဏ္ဍ သုံးခုကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများသည် ၎င်းတို့ ပြည်နယ်တွင် အမှန်တကယ်ရင်ဆိုင်ကြုံတွေ့ နေရသော အခက်အခဲများနှင့် ပြည်နယ်၏ လိုအပ်ချက်များကို ၎င်းတို့အနေဖြင့် မည်ကဲ့သို့ ထင်မြင်ချက်များရှိနေသည် ကို မေးမြန်းရာတွင် လမ်းပန်းဆက်သွယ်ရေးသည် ပထမဦးစားပေး ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်ဟု ၎င်းတို့က ထင်မြင်ကြသည်။ သောက်သုံးရေရရှိမှုနှင့် လျှပ်စစ်မီးလုံလောက် စွာရရှိမှုသည် ဒုတိယ ဦးစားပေး ဖြစ်သည်ဟု ထင်မြင်ကြသည်။ တတိယ ဦးစားပေး လုပ်ဆောင်ရမည့် ကဏ္ဍသည် ပညာရေး ကဏ္ဍဖြစ်ကြောင်း ၎င်းတို့ ကဖြေဆိုကြသည်။

ဖြေဆိုသူများ၏စစ်တမ်းအရ အထက်ပါဦးစားပေးကဏ္ဍသုံးခုသည် ချင်းပြည်နယ်ရှိဒေသခံပြည်သူများ အသိပညာ၊ အတတ်ပညာများတိုးတက်လာစေရန်အထူးပင်အရေးပါနေပြီး စီးပွားရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများ တိုးတက်ခြင်းမှသည် ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျကြောင်းတွေ့ရသည်။

ဇယား (၄-၁)- ချင်းပြည်နယ်တွင် ဦးစားပေး ဖြေရှင်းဆောင်ရွက်ရမည့် ကဏ္ဍများ


| ဦးစားပေးအဆင့် | ဦးစားပေးရမည့်အရာ |
|---|---|
| ပထမ | လမ်းပန်းဆက်သွယ်ရေး |
| ဒုတိယ | ရေ၊ မီး ရရှိမှု |
| တတိယ | ပညာရေး |

ဖော်ပြပါ ဦးစားပေး ဖြေရှင်းရမည့် ကိစ္စများသည် ချင်းပြည်နယ်တွင်နေထိုင်ကြသော ပြည်သူများ၏ ထင်မြင်မှုများဖြစ်သည်။ သို့သော်လည်း ၎င်းတို့၏ ထင်မြင်ချက်များသည် ချင်းပြည်နယ်တွင် အမှန်တကယ် ဖော်ဆောင်ရန် လိုအပ်နေသော ကဏ္ဍများပင်ဖြစ်ပါသည်။ ဖြေဆိုသူများအနေဖြင့် ဦးစားပေး ကဏ္ဍများကို သတ်မှတ်ဖြေဆိုရာတွင် ၎င်းတို့၌ အကြောင်းပြချက် အမျိုးမျိုးရှိကြသည်။ ဖြေဆိုချက်များအရ လမ်းပန်းဆက်သွယ်ရေးသည် ဦးစားပေး ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စအဖြစ်သတ်မှတ်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ပါက ချင်းပြည်နယ်၏ လူနေမှုဘဝများကိုမြှင့်တင်နိုင်မည်မဟုတ်ပေ။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ပါက ဒေသထွက် သီးနှံနှင့် အခြားဈေးကွက်ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်စည်များကို အချိန်မီဈေးကွက်အတွင်းသို့ ပို့ဆောင်နိုင်ပြီး ဒေသ၏ စီးပွားရေးကို ပိုမိုကောင်းမွန် အောင်ပြုလုပ်နိုင်မည်ဖြစ်သည်။ ဒေသအတွင်း စီးပွားရေး ပိုမိုကောင်း မွန်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်းတို့မှ လူနေမှု ဘဝများကို ပိုမိုကောင်းမွန်သော အခြေအနေသို့ တွန်းပို့စေမည်ဖြစ်သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးသည် ပထမ ဦးစားပေးအနေဖြင့် လုပ်ဆောင်သင့်သည်ဟု ၎င်းတို့က ထင်မြင်ကြသည်။ ထိုသို့သာမက လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းကြောင့် တတိယ ဦးစားပေးဖြစ်သည့် ပညာရေး ကဏ္ဍတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်သည်။ သွားရေးလာရေး ခက်ခဲခြင်းကြောင့် လက်လွှတ်ဆုံးရှုံးလိုက်ရသော ပညာရေးမျိုး ဖြစ်လာတော့ မည် မဟုတ်ဘဲ ပညာရေးကို အလွယ်တကူ လက်လှမ်းမီနိုင်မည်ဖြစ်သည်။ ဖြေဆိုသူများအနေဖြင့် ဒုတိယ ဦးစားပေး ဖြေရှင်းဆောင်ရွက်ရမည့် သောက်သုံးရေ ရရှိရေး၊ လျှပ်စစ်မီးလုံလောက်စွာ ရရှိရေးသည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် ရှိသည်။ လျှပ်စစ်မီး လုံလောက်စွာ မရရှိသောကြောင့် ထင်းနှင့် မီးသွေးကို အဓိက အားပြုသုံး စွဲရသည်။ အိမ်သုံးစွမ်းအင်အဖြစ် "ထင်းမီး" အမျိုးအစားသုံးစွဲမှု၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ချင်းပြည် နယ်သည် အမြင့်မားဆုံးဖြစ်သည်။ ထင်းမီး သုံးစွဲမှုကို လျှော့ချရန် သို့မဟုတ် အစားထိုး လောင်စာ သို့မဟုတ် လျှပ်စစ်မီး လုံလောက်စွာ မရရှိပါက သစ်တောပြုန်းတီးမှု လျှော့ချ သောလုပ်ငန်းများကို အဟန့်အတားဖြစ်စေမည်ဖြစ်သည်။ လျှပ်စစ်မီး လုံလောက်စွာ မရရှိခြင်းကြောင့် အိမ်သုံးစွမ်းအင်အတွက် အသုံးမပြုနိုင်သဖြင့် အရည်အသွေးရှိသော လူနေမှုဘဝများရရှိရန် ခ ခက်ခဲနေမည်ဖြစ်သည်။ ထို့အတူ အဆင့်မြင့်ပညာရေးကိုလည်း ချိတ်ဆက်ရန် ခက်ခဲနေအုံးမည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ဖြစ်သော ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရန် နှောင့်နှေးနေအုံးမည်ဖြစ်သည်။

ချင်းပြည်နယ်ရှိ ပြည်သူများ၏ အမြင်များကို ကောက်ယူပြီး ချင်းပြည်နယ်တွင် ဦးစားပေး ဖြေရှင်းဆောင်ရွက်ရမည့် ကဏ္ဍများကို ဖော်ထုတ်ပြီးဖြစ်သည်။ ထိုသို့သာမက ပြည်သူများ၏ အမြင်အရ ဦးစားပေးလုပ်ဆောင်ရမည့် အရာများနှင့် အစိုးရ၏ လက်ရှိ ဖော်ဆောင်နေသော ချင်းပြည်နယ် ဖွံ့ဖြိုးရေးကိစ္စများတွင်လည်း ပြည်သူ့အမြင်များကို ကောက်ယူခဲ့သည်။ ထို့ကြောင့် ပုံ (၄-၁) တွင် ဖော်ပြထားချက်များသည် ချင်းပြည်နယ် အစိုးရ၏ ဦးစားပေး ဖော်ဆောင်နေမှုများအပေါ် ပြည်သူ့အမြင်များဖြစ်သည်။ ဖြေဆိုသူအများစုသည် ချင်းပြည်နယ်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ (ပြုပြင်၊ ဆောက်လုပ်ခြင်း)တွင် ဦးစားပေးအနေဖြင့် လုပ်ဆောင်နေသည်ဟု ၎င်းတို့ထင်မြင်ကြောင်းဖြေဆိုကြသည်။ ဒုတိယ ဖြေဆိုမှု အများဆုံး ကဏ္ဍမှာ ပညာရေး ဖြစ်သည်။ ဖြေဆိုသူ ၁၆ ရာခိုင်နှုန်းဖြစ်သည်။ တတိယမှာ လျှပ်စစ်မီး လုံလောက်စွာ ရရှိ ရေးဖြစ်သည်။ ထို့ကြောင့်


ပြည်သူများ၏ အမြင် နှစ်ခုဖြစ်သော ချင်းပြည်နယ်တွင် ဦးစားပေးလုပ်ဆောင်ရမည့် ကဏ္ဍ သုံးခုနှင့် အစိုးရ၏ လက်ရှိဆောင်ရွက်နေသော ဦးစားပေး ကဏ္ဍများအပေါ်တွင် ဖြေဆိုမှုများသည် အများအားဖြင့် ကိုက်ညီမှုရှိသည်ဟု ဆိုရ မည်ဖြစ်သည်။

ပုံ (၄-၁) ချင်းပြည်နယ်တွင် အစိုးရ၏ ဦးစားပေး ဆောင်ရွက်နေသော ကဏ္ဍများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




ထိုသို့သာမက ဖြေဆိုသူများအနေဖြင့် ၎င်းတို့ ဖြေဆိုခဲ့သော ဦးစားပေးလုပ်ဆောင်ရမည့် ကဏ္ဍများနှင့် အစိုးရ၏ လက်ရှိဖော်ဆောင်နေသော ကဏ္ဍများသည် ကိုက်ညီခြင်းရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၇၇ ရာခိုင်နှုန်းသည် ကိုက်ညီမှုရှိသည်ဟု ဖြေဆိုကြသည်။ ဆိုလိုသည်မှာ ချင်းပြည်နယ်တွင် ဦးစားပေး လုပ်ဆောင်ရမည့် ကဏ္ဍများနှင့် အစိုးရက လုပ်ဆောင်နေသော ကဏ္ဍများအပေါ် ပြည်သူ့အမြင်များသည် ကိုက်ညီလျက်ရှိသည်ကို ညွှန်းဆိုခြင်းဖြစ်သည်။ ၁၄ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ကိုက်ညီမှု မရှိ ဟု ဖြေဆိုပြီး၊ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် မသိရှိကြောင်း ဖြေဆိုကြသည်။


ပုံ (၄-၂) ချင်းပြည်နယ်အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ/ မရှိ (n=694)




ချင်းပြည်နယ်ရှိ ပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ ကိစ္စများအပေါ်တွင် သိရှိမှု ရှိ/ မရှိကို ဆန်းစစ်လေ့လာခဲ့သည်။ ထို့အပြင် အဆိုပါ ရန်ပုံငွေများကို ပြန်လည်အသုံးပြုရာတွင် အစိုးရဂန်ကြီးဌာနများအနေဖြင့်

ဒေသစွဲများနှင့် ဘက်လိုက်၍ ဖော်ဆောင်ခြင်းရှိ/ မရှိ ကိုလည်း ဆန်းစစ်ရန်လိုပေလိမ့်မည်။ ထို့အပြင် ပြည်သူများအနေဖြင့်လည်း အဆိုပါထင်မြင်ချက်များကို စိတ်ပါဝင်စားလျက်ရှိနေကြသည်။ ထို့ကြောင့် ဒေသ၏ တောင်းဆို မှုများကြောင့်လည်း ယခုမေးခွန်းများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၈၈ ရာခိုင်နှုန်းသည် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအကြောင်းကိုမသိရှိကြပေ။ ဆိုလိုသည်မှာ ပြည်သူများအနေဖြင့် ချင်းပြည်နယ်အစိုးရ၏ ဘတ်ဂျက်မည် မျှရှိ၍ မည်သည့် ကဏ္ဍတွင် ပြန်လည်အသုံးပြုနေသည်ကို မသိရှိကြပေ။ ၁၂ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် သိရှိသည်ဟု ဆိုသည်။ ထို့အပြင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေများထဲမှ သမ္မတအထူးသီးသန့်ရန်ပုံငွေကိုလည်း ပြည်သူများအနေဖြင့် သိရှိခြင်း ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ စုစုပေါင်း ၏ ၉၄ ရာခိုင်နှုန်းသည် အဆိုပါ ရန်ပုံငွေကို ၎င်းတို့မသိကြောင်းဖြေဆိုကြပြီး၊ ၆ ရာခိုင်နှုန်းကသာ သိရှိသည်ဟု ဖြေဆို ကြသည်။ ထို့အပြင် အဆိုပါ ရန်ပုံငွေများကို ပြန်လည်သုံးစွဲရာတွင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအ နေဖြင့် ဒေသစွဲများမရှိဘဲ သို့မဟုတ် ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ခြင်းရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ စုစုပေါင်း ၏ ၄၀ ရာခိုင်နှုန်းသည် အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေများ သုံးစွဲရာတွင် ဘက်လိုက်မှုရှိသည်ဟု ဖြေဆိုကြပြီး၊ ၃၄ ရာ ခိုင်နှုန်းသော ဖြေဆိုသူများသည် ဘက်လိုက်မှု မရှိဘဲ ဒေသ၏ အမှန်တကယ်လိုအပ်ချက်များအပေါ်တွင်သာ စဉ်းစားဆုံးဖြတ်ကြသည်ဟု ထင်မြင်ကြသည်။ ကျန် ၂၆ ရာခိုင်နှုန်းသည် အစိုးရဌာနများအနေဖြင့် ရန်ပုံငွေများအသုံးပြုရာတွင် ဘက်လိုက်မှုရှိ/ မရှိကို ၎င်းတို့အနေဖြင့် မသိကြောင်းဖြေဆိုကြသည်။

ပုံ (၄-၃) ဖွံ့ဖြိုးရေးရန်ပုံ ငွေနှင့် ပတ်သက်ပြီး သိရှိမှုနှင့် ဘက်လိုက်မှုရှိ/ မရှိ





**အခန်း (၅) အစွန်ထမ်းဆောင်ခြင်းအပေါ် နားလည်မှု နှင့် ပြည်သူ့ ဝန်ဆောင်မှု**

အစိုးရသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား အကောင်အထည်ဖော် ကူညီဆောင်ရွက်ရန် အသုံးစရိတ်များကို ကျခံသုံးစွဲရပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် အစိုးရ၏ဝန်ဆောင်မှုများကို လက်ခံရရှိကြသည်။ အစိုးရသည် နိုင်ငံသူ/သားများ၏ အကျိုးစီးပွားတိုးတက်စေရန်အလို့ငှာ ထောက်ပံ့ကူညီရန်လိုအပ်သော ကဏ္ဍများတွင် ပါဝင်ကူညီ ဆောင်ရွက်ရပါသည်။ ပြည်သူ့အကျိုးကိုရည်ရွယ်၍ အစိုးရက ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရန်

အစိုးရအနေဖြင့်လည်း ဝင်ငွေရရှိအောင် လုပ်ဆောင်ရသည်။ အစိုးရ၏အဓိက ဝင်ငွေသည် အခွန်ကောက်ခံခြင်းမှ ရရှိပါသည်။


ပုံ (၅-၁) အခွန်ထမ်းဆောင်ခြင်း၏ အကျိုးကျေးဇူးနှင့် ပြည်သူ့ဝန်ဆောင်မှု




မြေ/ယာနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်များ၊ လိုင်စင်ခွန်များ၊ တံဆိပ်ခေါင်းခွန်များ နှင့် စီးပွားရေးလုပ်ငန်းများ အပေါ်ကောက်ခံသောအခွန်များ ဟူ၍အမျိုးမျိုး ရှိပါသည်။ ယခု လေ့လာမှုတွင် ချင်းပြည်နယ်ရှိ ပြည်သူလူထု၏ အခွန်ပေးဆောင်မှုနှင့် အစိုးရ၏ဝန်ဆောင်မှုတို့ အပေါ် ဆွေးနွေးထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံပြည်သူများသည် ၎င်းတို့၏ဆောင်ရွက်ချက်များနှင့် အစိုးရ၏ဆောင်ရွက်ချက်များကို ပွင့်လင်းစွာ ဖြေဆိုထားသည်ကို တွေ့ရှိရပါသည်။ ဒေသတွင်း အခွန်ထမ်းဆောင်ရခြင်းကို သိရှိမှုအား လေ့လာရာတွင် လေ့လာသူဦးရေ၏ ၇၆ ရာခိုင်နှုန်းသည် သိရှိကြပြီး၊ ၂၄ ရာခိုင်နှုန်းသည် မသိရှိကြောင်းကို တွေ့ရှိရသည်။ လေ့လာသူဦးရေ၏ ၆၅ ရာခိုင်နှုန်းသည်လည်း အခွန်ထမ်းဆောင်ဖူးသူများ ဖြစ်ကြောင်းလေ့လာတွေ့ရှိရပြီး၊ ၃၅ ရာခိုင်နှုန်းသည် အခွန်မထမ်းဆောင်ဖူး သူများ ဖြစ်ကြောင်းကိုလည်း တွေ့ရှိရသည်။ (ပုံ ၄-၄)အရ အစိုးရသည် အခွန်ကောက်ခံခြင်းမှ ရရှိသော ဝင်ငွေများဖြင့် ပြည်သူ့ဝန်ဆောင်မှု များဆောင်ရွက်ခြင်းကို လေ့လာရာတွင် လေ့လာသူဦးရေ၏ ၇၉ ရာခိုင်နှုန်းသည် မည့်သည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည်ကို သိရှိခြင်း မရှိကြပေ။ ကျန်သော ၂၁ ရာခိုင်နှုန်းကသာ သိရှိကြသည်။ ၎င်းတို့နှင့်ဆက်စပ်သော အခွန် ထမ်းဆောင်ခြင်း၏ အကျိုးကျေးဇူးများကို မေးမြန်းရာတွင် လေ့လာသူဦးရေ ၄၅ ရာခိုင်နှုန်းသည် သိရှိပါသည်ဟုဖြေဆိုကြပြီး၊ ၅၅ ရာခိုင်နှုန်းမှာ မသိရှိကြသူများ ဖြစ်ကြသည်ကို လေ့လာတွေ့ရှိရသည်။

လေ့လာချက်အရ ဖြေဆိုသူထက်ဝက်ကျော်သည် အခွန်ထမ်းဆောင်ရမည်ကို နားလည်သဘော ပေါက်ကြောင်းတွေ့ရှိရသည်။ အခွန်ထမ်းဆောင်ခြင်း ၏အကျိုးကျေးဇူးများကို သိရှိမှုနည်းပါးခြင်း နှင့် အစိုးရက မည်သည့်ဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက် ပေးသည်ကို သိရှိသူနည်းပါးခြင်း တို့သည် ဒေသခံအစိုးရ၏ အားနည်းချက်အဖြစ်လည်း လေ့လာတွေ့ရှိရပါသည်။

ပုံ (၅-၂) ဌာနဆိုင်ရာများ၏ ဝန်ဆောင်မှုများအပေါ်တွင် နိုင်ငံသားများ၏ တုံ့ပြန်မှုများ (n=880)




ထို့အပြင် အစိုးရသည် ၎င်း၏ဝန်ဆောင်မှုများ ဆောင်ရွက်မှုတွင် နှောင့်နှေးကြန့်ကြာခြင်း၊ ဆက်ဆံရေးမပြေပြစ်ခြင်း၊ အခကြေးငွေများတောင်းခံခြင်းနှင့် တရားမဝင်တောင်းဆို ခြင်းများရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ ဖြေဆိုသူအများစုသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ဒုတိယ အခက်အခဲမှာ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ဆက်ဆံရေးပြေပြစ်မှုမရှိကြောင်းတုံ့ပြန်ကြသည်။

ထို့အပြင် အစိုးရသည် ၎င်း၏ဝန်ဆောင်မှုများ ဆောင်ရွက်မှုတွင် နှောင့်နှေးကြန့်ကြာခြင်း၊ ဆက်ဆံရေးမပြေပြစ်ခြင်း၊ အခကြေးငွေများတောင်းခံခြင်းနှင့် တရားမဝင်တောင်းဆို ခြင်းများရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။

## အခန်း (၆) လွှတ်တော်ကိုယ်စားလှယ်များ


နိုင်ငံသားများအနေဖြင့် မိမိဒေသရှိ မဲဆန္ဒနယ်တွင် မည်သည့် လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် ပါတီမှ အနိုင်ရရှိထားသည်ကို သိရှိရန်လိုအပ်ခြင်းမှာ နိုင်ငံသားအသိပညာ (Civic Education)၏ အခြေခံ ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားများသည် ပါတီနိုင်ငံရေးတွင် ထဲထဲဝင်ဝင် ပါဝင်ရမည်ဟု မတိုက်တွန်းလိုသော်လည်း မိမိဒေသ သို့မဟုတ် မဲဆန္ဒနယ်တွင် မည်သည့် ပါတီမှ၊ မည်သူဝင်ပြိုင်မည် သို့မဟုတ် ရွေးချယ်ခံမည့် ကိုယ်စားလှယ်များကို သိရှိထားသင့်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် ယခုလေ့လာမှုတွင် ချင်းပြည်နယ်ရှိ ဖြေဆိုသူများအနေဖြင့် မိမိ၏ မဲဆန္ဒနယ်တွင် ရွေးကောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် မည်သူ ဖြစ်သည်ကို သိရှိထားခြင်း ရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၇၀ ရာခိုင်နှုန်းသည် ၎င်းတို့၏ မဲဆန္ဒနယ်မှ အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်ကို သိရှိသည်ဟု ဖြေဆိုကြသည်။ ၃၀ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် မသိကြောင်း ဖြေကြသည်။

ထိုသို့ လွှတ်တော်ကိုယ်စားလှယ်များကို သိရှိခြင်း ရှိ/ မရှိကို မေးမြန်းခဲ့သည့် အပြင် ကိုယ်စားလှယ်များ၏ တာဝန်များကိုလည်း သိရှိခြင်းရှိ/ မရှိကိုလည်း လေ့လာခဲ့သည်။ ဖြေဆိုသူ များ၏ ၆၂ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် ဝတ္တရားများကို မသိ ကြောင်းဖြေဆို ကြသည်။ ကျန် ၃၈ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို သိကြောင်း ဖြေဆိုကြသည်။ ထို့အပြင် လွှတ်တော်များ (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ) တွင် ချင်းပြည်နယ်ကို ကိုယ်စားပြု သော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိ ဖြေဆိုသူများအနေဖြင့် သိရှိထားခြင်း ရှိ/ မရှိ မေးမြန်း

ခဲ့သည်။ ဖြေဆိုမှု၏ရလဒ်အရ ဖြေဆိုသူများ၏ ၇၅ ရာခိုင်နှုန်းကျော်သည် လွှတ်တော်များ (ပြည်သူ့ လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ) တွင် ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိ ကို ၎င်းတို့ မသိ ကြပေ။

ချင်းပြည်နယ်ရှိ ဖြေဆိုသူများသည် မိမိ ဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များကို အများစု အနေဖြင့် သိရှိကြသော်လည်း၊ ကိုယ်စားလှယ်၏ တာဝန်နှင့် ဂတ္တရားများကို အများစုမှာ မသိရှိကြသလို၊ လွှတ်တော်များတွင်ရှိသော ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိ ကို ဖြေဆိုသူ အများစုက မသိရှိကြကြောင်း အောက်ဖော်ပြပါ ပုံ (၆-၁) တွင် တွေ့မြင်ရမည်ဖြစ်သည်။

ပုံ (၆-၁) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး




ချင်းပြည်နယ်ရှိ ဖြေဆိုသူများအနေဖြင့် ပြည်နယ်ကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် စိုးရိမ်မှု ရှိ/ မရှိကို ဆန်းစစ်လေ့လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးကဏ္ဍတွင် အမျိုးသမီးများ အနေဖြင့် ပါဝင်ပတ်သက်မှု ရှိခြင်းအပေါ် ချင်းပြည်နယ်ရှိ ပြည်သူများအနေဖြင့် မည်သည့် သဘောထား၊ အမြင်များရှိနေသည်ကို လေ့လာရန်သင့်ပေသည်။ လူထု၏ အမြင်များကို သိရှိပြီးမှသာ ချင်းပြည်နယ်ရှိ အမျိုးသမီးဖွံ့ဖြိုးရေးနှင့် ဦးဆောင်မှု မြှင့်တင်ရေးအပိုင်းတွင် မည်ကဲ့သို့ ချဉ်းကပ်လုပ်ဆောင်ရမည်ကို စဉ်းစားဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ချင်းပြည်နယ်ရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် ချင်းပြည်နယ်ရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်များအပေါ် စိုးရိမ်မှု ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၆၈ ရာခိုင်နှုန်းသည် စိုးရိမ်မှု မရှိ ဟု ဖြေဆိုကြ သည်။ ဖြေဆိုသူ များ၏ ၁၁ ရာခိုင်နှုန်းကသာ စိုးရိမ် ကြသည်။ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အကဲမဖြတ်တတ်ပေ။ ထို့ကြောင့် မသိဟု ဖြေဆိုကြသည်။

ပုံ (၆-၂) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှုရှိပါသလား (n=670)




၎င်းအပြင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား စိုးရိမ်မှု ရှိ/ မရှိကို ဖြေဆိုကြသည့် အမျိုးသားဖြေဆို သူများနှင့် အမျိုးသမီးဖြေဆိုသူများအကြား ခွဲခြမ်းစိတ်ဖြာခဲ့သည်။ အမျိုးသားဖြေဆိုသူ စုစုပေါင်းတွင် ၁၁ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် စိုးရိမ်သည် ဟု ဖြေဆိုကြပြီး၊ ၇၁ ရာခိုင်နှုန်းအနေဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် စိုးရိမ်မှု မရှိဟု ဆိုသည်။ ထို့ကြောင့် အမျိုးသားဖြေဆိုသူ အများစုတွင် ချင်းပြည်နယ်ရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုးရိမ်မှုများ မရှိကြကြောင်းတွေ့ရမည်ဖြစ်သည်။


ဇယား (၆-၁) ချင်းပြည်နယ်ရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် စိုးရိမ်မှု (ကျား/ မ အခြေပြုလေ့လာခြင်း)

| | ပြည်နယ် | ကျား | မ |
|---|---|---|---|
| ရှိပါသည် | 11% | 11% | 11% |
| မရှိပါ | 68% | 71% | 65% |
| မသိပါ | 21% | 18% | 24% |
| | 100% | 100% | 100% |

အမျိုးသမီးဖြေဆိုသူများအနေဖြင့် ချင်းပြည်နယ်ရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ အပေါ်တွင် စိုးရိမ်မှုရှိသည်ဟု တုံ့ပြန်ကြသည့် ရာခိုင်နှုန်းမှာ ၁၁ ရာခိုင်နှုန်းဖြစ်သည်။ အမျိုးသမီးဖြေဆိုသူ များ၏ ၆၅ ရာခိုင်နှုန်းသည် စိုးရိမ်မှု မရှိဟု ဖြေဆိုကြ သည်။


ချင်းပြည်နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လွှတ်တော်အတွင်းဆောင်ရွက်ချက်များနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင် ပြည်သူများနှင့် တွေ့ဆုံမှု ကြိမ်ရေကို သိရှိနိုင်ရန်အတွက် ချင်းပြည်နယ်ရှိ ပြည်သူများအား မေးမြန်းခဲ့သည်။

ပုံ (၆-၃) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံမှု ကြိမ်ရေ (n=882)




အထက်ပါ ပုံတွင်ဖော်ပြထားသည့်အတိုင်း ဖြေဆိုသူ များ၏ ၃၆ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ် တစ်ခါမှ မတွေ့ဖူးကြောင်းဖြေဆိုကြပြီး၊ ၁၇ ရာခိုင်နှုန်းသော ဖြေဆိုသူများမှာ အနည်းဆုံး အနေဖြင့် တစ်ကြိမ် ဆုံဖူးကြောင်း ဖြေဆိုကြသည်။ ဖြေဆိုသူ၏ ရာခိုင်နှုန်းအနည်းငယ် (၁၅ ရာခိုင်နှုန်းအောက်) သည် (၂) ကြိမ်နှင့် အထက်တွေ့ဆုံဖူးကြသူများဖြစ်ကြသည်။ ထို့ကြောင့် ဖြေဆိုသူ အများစုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ် များနှင့် တွေ့ဆုံဖူးခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။

ပုံ (၆-၄) လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ချက် (n=850)





ထို့အပြင် မိမိဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး လွှတ်တော်အတွင်း မည်သည့်လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေသည်ကို သိရှိရန်အတွက် လေ့လာမှုများ ပြုလုပ်ခဲ့သည်။ ဖြေဆိုသူ များ၏ ၅၉ ရာခိုင်နှုန်းသည် ၎င်းတို့ဒေသရှိ လွှတ်တော်ကိုယ်စားလှယ်သည် ရပ်ရွာအတွက် လွှတ်တော်အတွင်း လုပ်ဆောင်နေမှုကို မသိဟု ဖြေဆိုကြသည်။ ဒုတိယ အများဆုံးဖြစ်သည့် ဖြေဆိုသူများသည် ၎င်းတို့၏ လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း အဆိုတင်သွင်းခြင်းကိစ္စများ ဆောင်ရွက်လျက်ရှိသည်ဟု ဖြေဆိုကြသည်။ ၁၀ ရာခိုင်နှုန်း ဖြေဆိုသူများသည် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းများမေးမြန်းခြင်း ၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ကော်မတီတွင် ပါဝင်ခြင်း စသည့်ကိစ္စများကို ဆောင်ရွက်လျက်ရှိသည်ဟု ဖြေဆိုကြသည်။ ထို့ကြောင့်

ဖြေဆိုသူ အများစုသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆိုင်သော သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ရှား ဆောင်ရွက်မှုများကို မသိရှိကြပေ။ ဆိုလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံမှု နည်းပါးခြင်း၊ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ပြည်သူများသို့ ရှင်းလင်းတင်ပြခြင်း စသည့် ပြည်သူများနှင့် ထိတွေ့မှု အားနည်းသောကြောင့်ဟုလည်း ယူဆနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် လွှတ် တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ၏ တွေ့ဆုံမှုကြိမ်ရေကိုလေ့လာခဲ့ရာတွင် ဖြေဆိုသူ များ၏ ၃၆ ရာခိုင်နှုန်း အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မျှတွေ့ရှိဖူးခြင်းမရှိသောကြောင့်ဖြစ်ပေသည်။

## အခန်း (၇) ရဲဌာန (ဂန်ထမ်းများ) အပေါ် လူထု၏ အမြင်အား လေ့လာမှု

ချင်းပြည်နယ်လူထု၏ ရဲဌာန(ဂန်ထမ်း)များအပေါ် ထင်မြင်ယူဆချက်များနှင့် လက်တွေ့ဆက်ဆံရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို လေ့လာတင်ပြပါမည်။ လေ့လာမှု၏ ခြုံငုံသုံးသပ်ချက်အရ ဒေသခံလူထု၏ ၅၁ ရာခိုင်နှုန်းသည် ရဲဌာန၏လုပ်ငန်းဆောင်ရွက်မှု အပေါ်တွင် "လုံးဝစိတ်ကျေနပ်မှုမရှိ" ဟုဖြေဆိုသည်ကိုလေ့လာ တွေ့ရှိရပါသည်။ လူထု၏ ၃၆ ရာခိုင်နှုန်း ကသာ ကျေနပ်နှစ်သိမ့်မှုရှိကြကာ၊ ကျန် ၁၃ ရာခိုင်နှုန်း မှာ ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများနှင့် ရဲဌာနများဖြင့်ဆက်ဆံမှုမရှိကြဖူးသူများအဖြစ် တွေ့ရှိရပါသည်။ ထို့ကြောင့် ရဲဌာနဂန်ထမ်းများသည် ပြည်သူ့ဂန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ရှိနေသေးသည်ကိုလည်း လေ့လာ တွေ့ရှိရပါသည်။ ၎င်းတို့ကို ပုံ(၇-၁) တွင်ဖော်ပြထားပါသည်။

ပုံ(၇-၁) ရဲဌာန (ဂန်ထမ်းများ)အပေါ် လူထု၏အမြင်စစ်တမ်း အားတင်ပြမှု




တိုင်းဒေသကြီးနှင့် ပြည်နယ် ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဂန်များ[5]

| စဉ် | လုပ်ငန်းတာဂန်များ |
|---|---|
| ၁ | ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ခြင်း၊ |
| ၂ | ဖြစ်ပွားပြီး ပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲရေး ဆောင်ရွက်ခြင်း၊ |
| ၃ | နိုင်ငံတော်အတွင်း စည်းကမ်းသေဂပ်တည်ငြိမ်ရေးဆောင်ရွက်ခြင်း၊ |
| ၄ | ပြည်သူလူထုလုံခြုံရေးဆောင်ရွက်ခြင်း၊ |
| ၅ | မူးယစ်ဆေးဂါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဂါးများ အန္တရာယ်ကို တားဆီးနှိမ်နင်း ရေး ဆောင်ရွက်ခြင်း၊ |
| ၆ | ပြည်သူ့ အကျိုးပြုဆောင်ရွက်ခြင်း၊ |


[5]http://www.myanmarpoliceforce.org/mm/index.php?option=com_content&view=article&id=777&Itemid=847

အသေးစိတ်ကွင်းဆင်းလေ့လာ တွေ့ရှိချက်များကို ပုံ(၇-၂)ဖြင့် ရှင်းလင်းဆွေးနွေးထားပါသည်။ စစ်တမ်းကောက်ယူမှုတွင် လေ့လာမည့်ဒေသနှင့် နမူနာများကို သက်မှတ်ကာ စစ်တမ်းကောက်ယူ လေ့လာခဲ့ပါသည်။ သက်ဆိုင်ရာ မေးခွန်းအလိုက် တွေ့ရှိချက်များကို အောက်တွင်ရှင်းလင်း ဆွေးနွေးထားပြီး ၊ ပုံ(၇-၂) ဖြင့်ယှဉ်တွဲလေ့လာနိုင်ပါသည်။ မေးခွန်းအလိုက်တွေ့ရှိချက်များမှာ_

(က) ရဲဌာန(ဂန်ထမ်း)များ၏အရည်အသွေးနှင့် ပြည်သူ့ဂန်ဆောင်မှု ပေးခြင်းဆိုင်ရာ စစ်တမ်း၏မေးခွန်းများအား ဒေသခံလူဦးရေ(၈၉၄)ဦးကို မေးမြန်းရာတွင် ၄င်းလူဦးရေ၏ ၇၅ရာခိုင်နှုန်းသည် ရဲဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်အား မသိရှိကြသည်ကို တွေ့ရှိရသည်။

(ခ) အားကိုးယုံကြည်မှုဆိုင်ရာမေးခွန်းတွင် ဒေသခံလူဦးရေ (၈၈၄)ဦးကို မေးမြန်းရာ ၄၃ ရာခိုင်နှုန်းသည် ယုံကြည်အားကိုးကြပြီး၊ ၂၂ရာခိုင်နှုန်း သည်ယုံကြည်မှု မရှိကြသူများဖြစ်ကာ၊ ၁၈ရာခိုင်နှုန်းသည် ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့် မဆက်ဆံဖူးသောသူများဖြစ်သည်။

ပုံ (၇-၂) ရဲဌာန (ဂန်ထမ်း) များအပေါ် ပြည်သူများ၏ အမြင်




| | ဖုန်းနံပါတ်(n=၈၉၄) | အားကိုးယုံကြည်မှု(n=၈၈၄) | အချိန်ကိုက်ဆောင်ရွက်မှု(n=၆၉၀) | ဘက်လိုက်မှုကင်း(n=၈၈၉) | စွမ်းဆောင်ရည်(n=၈၆၂) | အမျိုးသမီးတိုင်ကြားမှု(n=၆၇၁) |
|---|---|---|---|---|---|---|
| ထောက်ခံ | 25% | 43% | 25% | 22% | 27% | 38% |
| သာမန် | 0% | 18% | 18% | 17% | 19% | 5% |
| မထောက်ခံ | 75% | 22% | 40% | 44% | 35% | 51% |

(ဂ) ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးမှု ကိုလေ့လာရာတွင် ဒေသခံလူဦးရေ (၆၉၀) ဦးကို လေ့လာခဲ့သည်။ ၄င်းလူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် နှောင့်နှေးကြန့်ကြာမှုများ ရှိသည်ဟုထင်မြင်ယူဆကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျန်သော ၂၅ ရာခိုင်နှုန်းသည် ရဲဌာနများ၏ စွမ်းဆောင်ရည်ကို ထောက်ခံပေးထားကြပြီး၊၁၈ ရာခိုင်နှုန်း မှာ ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာန များနှင့်ဆက်ဆံမှု မရှိဖူးကြသူများအဖြစ် တွေ့ရှိထားပါသည်။

(ဃ) ရဲဌာနများ၏ ပြည်သူ့ ဂန်ဆောင်မှုများဆောင်ရွက်ခြင်း၌ ဘက်လိုက်မှုကို လေ့လာရာတွင် ဒေသခံလူဦးရေ (၈၈၉) ဦးကို လေ့လာခဲ့သည်။ လူဦးရေ၏ ၄၄ရာခိုင်နှုန်းသည် ရဲဌာနများက လုပ်ငန်းများ ဆောင်ရွက်မှုတွင် ဘက်လိုက်မှုရှိနေသည်ဟု ထင်မြင်ယူဆကြပြီး၊ ၂၂ ရာခိုင်နှုန်း သည် ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုကို ထောက်ခံပေးကြသည်။ ကျန်သော ၁၇ ရာခိုင်နှုန်းသည် ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့် ဆက်ဆံမှုမရှိဖူးကြသူများအဖြစ် တွေ့ရှိရပါသည်။


(င)    ရဲဌာနရှိဂုန်ထမ်းများ၏ စွမ်းဆောင်ရည်အား လေ့လာရာတွင် ဒေသခံလူဦးရေ၏ (၈၆၂) ဦးကို စစ်တမ်းကောက်ယူလေ့လာခဲ့သည်။ ထိုလူဦးရေ၏ ၃၅ ရာခိုင်နှုန်း သည် ရဲဂုန်ထမ်းများ၏ စွမ်းဆောင်ရည်သည် အားနည်းချက်ရှိသည်ဟု ယူဆကြပြီး၊ ၂၇ ရာခိုင်နှုန်းသည် အားနည်းချက်မရှိကြပါဟု ယူဆကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့် ဆက်ဆံမှုမရှိဖူးကြသူများမှာ ၁၉ ရာခိုင်နှုန်း ရှိသည်ကိုလည်း တွေ့ရှိရပါသည်။


(ဃ)    အမျိုးသမီးများအနေဖြင့် မတရားဖိနှိပ်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ရဲဌာနသို့ တိုင်ကြားခြင်းရှိ/ မရှိကို မေးမြန်းခြင်း၌ လူဦးရေ ၆၇၁ ဦးကို စစ်တမ်းကောက်ယူခဲ့သည်။ လေ့လာမှုတွင် ဖြေဆိုသူဖော်ပြပါ ဦးရေ၏ ၅၁ ရာခိုင်နှုန်းသည် သတင်းပေးတိုင်ကြားမှုမရှိသည်ကို တွေ့ရပြီး၊ ၃၈ ရာခိုင်နှုန်းသည် တိုင်ကြားကြသည်ကို တွေ့ရှိရပါသည်။ ကျန်သော ၅ရာခိုင်နှုန်း သည် ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့် ဆက်ဆံမှု မရှိဖူးကြသူများအဖြစ် တွေ့ရှိရပါသည်။

## အခန်း (၈) ဒေသအတွင်း တရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း

ချင်းပြည်နယ်၏တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူလေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေဘောက်တော်သားများ၊ တရားရေးဂုန်ထမ်းများနှင့် တရားစီရင်မှု အပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။ လေ့လာရာ၌ တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှု၊ ဆွေမျိုးများနှင့်ဆက်နွယ်သော အမှုများအား တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ယူဆချက်များကို ကိုယ်စားပြုမှုရှိစေရန်နှင့် ခြုံငုံမိစေရန် မြို့နယ်များ၊ ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျစာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင်ဆက်လက် ဖော်ပြထားပါသည်။

ပုံ (၈-၁) တရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်




ကွင်းဆင်းလေ့လာမှုတွင် ဖြေဆိုသူ နမူနာဦးရေ များ၏ ၅၆ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ "ထောက်ခံမှုမရှိ" ဟုဖြေဆိုသည်ကို တွေ့ရှိရပြီး၊ တရားစီရင်ရေးအား "ယုံကြည်ထောက်ခံ" သည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၃၆ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရသည်။ "မသိရှိပါ" ဟု ဖြေဆိုသူ ၈ ရာခိုင်နှုန်း ရှိကြောင်းလည်း တွေ့ရှိရသည်။

အသေးစိတ် တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ ၎င်းတို့ကို ပုံ(၈-၁) တွင် ဖော်ပြထားသည်။ ၎င်းတို့မှာ_

(က) မိမိတို့ ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှု တွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၅၆ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၃၄ ရာခိုင် နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၁၀ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ထို့ကြောင့် ချင်းပြည်နယ်ရှိ ဖြေဆိုသူ အများစု သည် ဒေသတွင်းရှိ တရားရုံးများ/ဌာနများအပေါ်တွင် ယုံကြည်မှု အားနည်းနေသည်ကို အထက်ဖော်ပြပါ အချက်အ လက်များက ညွှန်းဆိုလျက်ရှိသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှု များရှိ/မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၆၃ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှု မရှိ ဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၃၀ ရာခိုင်နှုန်းသည် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူမှာလည်း ၈ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရသည်။ ဖြေဆိုသူအများစု၏ အဖြေသည် တရားစီရင်မှုများသည် မလိုလားအပ်ဘဲ အချိန်ယူဆောင်ရွက်လေ့ရှိကြောင်း သို့မဟုတ် အချိန်ဆွဲလျက်ရှိကြောင်း ၎င်းတို့၏ ထင်မြင်မှုများကို တုံ့ပြန်ကြသည်။


(ဂ) ဤမေးခွန်းသည် အမျိုးသမီးများ၏ နစ်နာမှု၊ အမျိုးသမီးအခွင့်အရေးနှင့် သက်ဆိုင်သော ကိစ္စများတွင် တရားစီရင်ဆုံးဖြတ်ရာ၌ မှန်ကန်စွာ သို့မဟုတ် ဘက်မလိုက်ဘဲ စီရင်ဆုံးဖြတ်ခြင်းရှိ/ မရှိကို မေးမြန်းထားခြင်းဖြစ်သည်။ အဆိုပါ မေးခွန်းပေါ်တွင် ဖြေဆိုသူ များ၏ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများနှင့် ဆိုင်သည့် ကိစ္စများ တရားစီရင်ဆုံးဖြတ်မှုပေါ်တွင် သံသယရှိနေကြပြီး၊ ယုံကြည်မှု လျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၄၃ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှု ကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၈ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ထို့ကြောင့် အမျိုးသမီးများနှင့် သက်ဆိုင်သည့် အမှုကိစ္စများအား တရားစီရင်ဆုံးဖြတ်ရာတွင် တည့်မတ်မှု ရှိရန် လိုအပ်လျက်ရှိသည်ကို ဖြေဆိုသူ များ၏ ၅၀ ရာခိုင်နှုန်းသော ဖြေဆိုချက်များအရ ကောက်ချက်ချနိုင်ပါသည်။

## အခန်း (၉) အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များအပေါ် သိနားလည်ခြင်း

ဤလေ့လာမှုတွင် ချင်းပြည်နယ်ရှိ ပြည်သူများအနေဖြင့် အစိုးရက လုပ်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး သိရှိမှု အတိုင်းအတာကိုလေ့လာခဲ့သလို၊ ငြိမ်းချမ်းရေးအပေါ် ၎င်းတို့၏ ထင်မြင်ချက်များကိုလည်း မေးမြန်းခဲ့သည်။

ဦးဆုံးအနေဖြင့် ဖြေဆိုသူများအား မိမိရပ်ရွာတွင် နေထိုင်ရသည်မှာ မိမိစိတ်ထဲ၌ ငြိမ်းချမ်းမှု ရှိ/ မရှိကိုမေးမြန်းခဲ့သည်။ ချင်းပြည်နယ်ရှိ ဖြေဆိုသူ စုစုပေါင်းတွင် ၇၂ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် မိမိ၏ ရပ်ရွာ (မြို့နယ်အလိုက်) အတွင်း နေထိုင်မှုတွင် ငြိမ်းချမ်းမှုရှိပြီး၊ မည်သည့် စိုးရိမ်ချက်မှ မရှိကြောင်း ဖြေဆိုကြသည်။ ထို့နောက်တွင် ဖြေဆိုသူများအား လက်ရှိ ပြည်ထောင်စုအစိုးရ/ ပြည်နယ်အစိုးရ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များကို သိရှိခြင်း ရှိ/ မရှိကို ဆက်လက်လေ့လာရာတွင် ဖြေဆိုသူ များ၏ ၆၅ ရာခိုင်နှုန်းသည် ၎င်းတို့ အနေဖြင့် အစိုးရ၏ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များကို မသိရှိကြပေ။ ဖြေဆိုသူ၏ ၂၈ ရာခိုင်နှုန်းမှာ သိရှိကြသည်ဟု ဖြေဆိုကြသည်။

ပုံ (၉-၁) အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းများအပေါ် သိနားလည်ခြင်း




ထို့နောက်တွင် ဒေသအတွင်း ငြိမ်းချမ်းရေးကို ထိခိုက်စေသည့် သို့မဟုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေသည့် အဓိက အကြောင်းအရင်းများကို ဆက်လက်လေ့လာခဲ့သည်။ အခြားပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ချင်းပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး လက်နက်ကိုင် ပဋိပက္ခများ မရှိသလောက်နည်းပါး သည်။ သို့သော်လည်း အဆိုပါပြည်သူများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အမြင်များ/ ဖြေဆိုချက်များသည်လည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ထို့ ကြောင့် ငြိမ်းချမ်းရေးကို အဟန့်အတားဖြစ်စေသော/ ထိခိုက်စေသော အဓိက အရာများကို လေ့လာသည့် မေးခွန်းတွင် ချင်းပြည်နယ်၏ အချို့နေရာများ၌ လက်နက်ကိုင်တပ်များ စခန်းချထားမှုသည် ပြည်သူများအတွက် စိုးရိမ်ထိတ်လန့်နေရသည့် အခြေအနေဖြစ်သည့် အပြင် ဒေသတွင်း ငြိမ်းချမ်းရေးကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။ ထို့အပြင် ဖြေဆိုသူအများစု၏ တုံ့ပြန်မှုအရ အဓိက အတားအဆီးများထဲတွင် တရားဥပဒေ စိုးမိုးမှုမရှိခြင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မရှိခြင်းနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအ ကြား ကတိပြုလက်မှတ်ထိုးခြင်းကို မလိုက်နာခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ သဘာဝအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူ သုံးစွဲမှုမရှိခြင်း စသည့် အကြောင်း အရင်းများသည်ငြိမ်းချမ်းရေးကို အတားအဆီး၊ အနှောင့်အယှက်ဖြစ်စေသည့် အချက်များဖြစ်သည်ဟု ဖြေဆိုကြသည်။

အဆိုပါ အကြောင်းအချက်များကို မည်ကဲ့သို့ ဖြေရှင်းနိုင်မည်နည်း။ အကောင်းဆုံး ဖြေရှင်းနိုင်မည့် ပြည်သူများ၏ အမြင်များကိုလည်း မေးမြန်းခဲ့သည်။ ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများကို လျှော့ချရန် သို့မဟုတ် ငြိမ်းချမ်းရေးကို အတားအဆီး အနှောင့်အယှက် ဖြစ်စေသော အရာများကို ဖြေရှင်းရန်အတွက် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသင့်ပြီး၊ တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် ငြိမ်းချမ်းရေး ကတိကဝတ်များကို လေးစားလိုက်နာသင့်သည်။

အခန်း (၁၀) မြို့နယ်အလိုက် လေ့လာတွေ့ရှိချက်များ

ဤအခန်းသည် မြို့နယ်အလိုက် လေ့လာတွေ့ရှိချက်များကို မြို့နယ် တစ်မြို့နယ်ချင်း သီးခြားဖော်ပြသွားမည်ဖြစ်သည်။

## (၁၀-၁) ဟားခါးမြို့နယ်

ဟားခါးမြို့နယ်သည် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည်။ မြို့ဧရိယာအားဖြင့် စတုရန်းမိုင် ၇.၉၄ စတုရန်းမိုင်ရှိပြီး၊ ကျေးရွာ အုပ်စု အနေဖြင့် ဧရိယာ စတုရန်းမိုင် ၁၆၀၀.၃၀ ကျယ်ဝန်းသည်။ ဟားခါး မြို့နယ်၏ အကျယ်အဝန်းမှာ ဧရိယာ စတုရန်းမိုင် ၁၆၀၈ ကျယ်ဝန်းသည်။

ဇယား (၁၀-၁-၁) ဟားခါးမြို့နယ်၏ အကျယ်အဝန်းပြဇယား

| မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာ စတုရန်းမိုင် | မြို့နယ် ဧရိယာ စတုရန်းမိုင် |
|---|---|---|---|
| ဟားခါး | ၇.၉၄ | ၁၆၀၀.၃၀ိ | ၁၆၀၈ |
| မြို့နယ်ချုပ် | ၇.၉၄ | ၁၆၀၀.၃၀ | ၁၆၀၈ |

ဟားခါးမြို့နယ်သည် မြောက်ဘက်တွင် ဖလမ်းမြို့နယ်၊ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၊ တောင်ဘက်တွင် မတူပီမြို့နယ်၊ အနောက်ဘက်တွင် ထန်တလန်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ဟားခါးမြို့နယ်သည် ချင်းပြည်နယ်၏ အခြားသော မြို့နယ်များကဲ့သို့ တောင်ထူထပ်သော ဒေသတစ်ခုဖြစ်သည်။ တောင်ထူထပ်သော်လည်း တောင်ကျ ချောင်းများ ပေါများသောကြောင့် ရေအားလျှပ်စစ်ထုတ် လုပ်လျက်ရှိသည်။ ဟားခါးမြို့ အရှေ့ဘက်သို့ စီးဆင်းသော ဒေါင်ဗားချောင်းမှ ရေအားလျှပ်စစ်ကို ထုတ်ယူပါသည်။ ထို့အပြင် အချို့ချောင်းများမှ ရေသွယ်၍ သောက်သုံးရေအဖြစ် သုံးစွဲလျက်ရှိ သည်။

ဟားခါးမြို့နယ်သည် တောင်ထူထပ်သောကြောင့် ကုန်သွယ်မှုတွင် တွင်ကျယ်မှုမရှိပေ။ ထို့ကြောင့် ဖွံ့ဖြိုးမှု နောက်ကျသော ဒေသတစ်ခု ဖြစ်သည်။ ဟားခါးမြို့နယ်၏ စိုက်ပျိုးရေးကို ကြည့်မည်ဆိုပါက စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြံ နှင့် အစေ့ထုတ်ပြောင်းတို့ ကိုစိုက်ပျိုးကြပြီး၊ နှစ်ရှည်သီးနှံ အဖြစ် သရက်၊ သံပုရာ၊ လိမ္မော်၊ နာနတ်၊ စပျစ်၊ မက်မန်း၊ သစ်အယ်၊ စတော်ဘယ်ရီ၊ မာလကာ၊ ပိန္နဲ၊ သဘော်ပင်၊ ထောပတ်ပင် တို့ဖြစ်ကြသည်။ အဆိုပါ နှစ်ရှည် သီးနှံများ တွင် ၂၀ ဧကအထက်စိုက်ပျိုးသည့် သီးနှံများမှာ သရက်၊ သံပုရာ၊ လိမ္မော်၊ မက်မန်း၊ သစ်အယ်၊ စတော်ဘယ်ရီ၊ မာလကာ၊ ထောပတ်တို့ဖြစ်ကြသည်။ ဟားခါးမြို့နယ်တွင် နှစ်ရှည်သီးနှံ စိုက်ဧက အများဆုံးမှာ သရက် ဖြစ်သည်။ သရက် စုစုပေါင်း စိုက်ဧကမှာ ၄၅ ဧက ဖြစ်သော်လည်း ရိတ်သိမ်းဧကမှာ ၂၁ ဧကသာ ရှိသည်။ ထို့ပြင် ဒုတိယ စိုက်ဧက အများဆုံးဖြစ်သော လိမ္မော် သည် စုစုပေါင်း စိုက်ဧက ၃၂ ဧက ရှိသော်လည်း၊ ရိတ်သိမ်း ဧကမှာ ၂၃ ဧကသာရှိသည်။ စိုက်ဧက တတိယ အများဆုံးဖြစ်သည့် မက်မန်းသည် စိုက်ဧက စုစုပေါင်း ၂၈ ဧကရှိပြီး ရိတ်သိမ်း ဧကမှာလည်း ၂၈ ဧက ဖြစ်သည်။ သရက်စိုက်ဧကနှင့် ရိတ်သိမ်း ဧကများ၏ ကွဲလွဲချက်ကိုကြည့်၍ ကောက်ချက်ချနိုင်မည်မှာ အဆိုပါ နှစ်ရှည် သီးနှံသည် စိုက်ပျိုးသော်လည်း၊ ဈေးကွက်သို့ ပို့ဆောင်ရန် ခက်ခဲခြင်း သို့မဟုတ် ဈေးကွက်မရှိခြင်း စသည့် အခြေအနေများကြောင့် စိုက်ဧကနှင့် အညီ ရိတ်သိမ်းမှုများ မလုပ်ကြကြောင်း ကောက်ချက်ချနိုင်ပေသည်။

ဇယား (၁၀-၁-၂) နှစ်ရှည်သီးနှံ စိုက်ပျိုးမှု အခြေအနေ (စိုက်ဧက အများဆုံး သီးနှံ သုံးမျိုးကို ရွေးချယ်ဖော်ပြသည်)

| သီးနှံ | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| သရက် | ၄၅ | ၂၁ |
| လိမ္မော် | ၃၂ | ၂၃ |
| မက်မန်း | ၂၈ | ၂၈ |

ဟားခါးမြို့နယ်တွင် အခြားဈေးကွက်ဝင် သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်ပါသည်။ ၎င်းတို့မှာ ပိန်းဥ၊ ကန်စွန်းဥနှင့် ဂျဥ တို့ဖြစ်ကြသည်။ စိုက်ဧက အများဆုံးမှာ ဂျဥ ဖြစ်ပြီး ရိတ်သိမ်းမှုမှာလည်း ၎င်းက အများဆုံးဖြစ်သည်။

ဟားခါးမြို့နယ်သည် စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် အရ ဟားခါးမြို့နယ်တွင် အများဆုံး မွေးမြူရေးမှာ ကြက် ဖြစ်ပြီး၊ အသားထုတ်လုပ်မှုမှာလည်း ကြက်ဖြစ်သည်။ ထို့အပြင် ကျွဲ၊ နွား၊ နွားနောက်၊ သိုး/ ဆိတ်၊ ဝက်၊ ကြက်နှင့် ဘဲ တို့ကို မွေးမြူကြသည်။

ဟားခါးမြို့နယ်သည် တော၊ တောင် ထူထပ်သောကြောင့် သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်သည်။ အဓိက အများဆုံး သစ်တောထွက် ပစ္စည်းမှာ ရှားစေး ဖြစ်သည်။ ဒုတိယ အများဆုံးမှာ သစ်ခေါက်ဖြစ်သည်။ တတိယ အများဆုံး အနေဖြင့် ထင်းထုတ်လုပ်မှုဖြစ်သည်။ ထို့အပြင် မီးသွေး နှင့် သက္ကယ် အနည်းငယ်ကိုလည်း ထုတ်လုပ်သည် (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧပြီ ၂၀၁၇ ခုနှစ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ်)။

ဟားခါးမြို့နယ်ရှိ အိမ်ထောင်စုများအနေဖြင့် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် အဓိက အသုံးပြုသည့် လောင်စာမှာ သစ်သား/ ထင်း ဖြစ်သည်။ ဒုတိယ အများဆုံးမှာ မီးသွေး/ လောင်စာတောင့် ဖြစ်သည်။ စုစုပေါင်း လောင်စာ အသုံးပြုသည့် ရာခိုင်နှုန်းကို အောက်ဖော်ပြပါ ဇယားတွင် ကြည့်နိုင်ပါသည်။

ဇယား (၁၀-၁-၃) အစားအစာ ချက်ပြုတ်ရန်အတွက် လောင်စာ အသုံးပြုမှုပြ ဇယား

| လောင်စာ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | ၁၁၈ | ၁.၂ |
| ဓာတ်ငွေ့ | ◊ | ၀.၁ |
| ရေနံဆီမီး | ◊ | < ၀.၁ |
| ဘိုင်အိုဂက်စ် | ၄၂ | ၀.၄ |
| သစ်သား/ ထင်း | ၈၂၅၇ | ၈၃.၃ |
| မီးသွေး/ လောင်စာတောင့် | ၁၄၆၀ | ၁၄.၇ |

မှတ်ချက်။ ။ "◊" အရေအတွက် ၂၀ ထက်နည်းပါးသည်။

အထက်ဖော်ပြပါ သတင်းအချက်အလက်များသည် ဟားခါးမြို့နယ်နှင့် ဆိုင်သော အခြေခံ အချက်အလက်များ ဖြစ်သည်။

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

ဟားခါးမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၉၈ ရာခိုင်နှုန်းသည် ၎င်းတို့ မြို့နယ်ရှိ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးကို သိရှိကြသည်။ ၂ ရာခိုင်နှုန်းကသာ မသိကြောင်းဖြေဆိုကြသည်။ ထို့အပြင် အဆိုပါ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရသည်ကို

မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၈၇ ရာခိုင်နှုန်းသည် မည်သို့ရွေးချယ်ရမည်ကို သိရှိသည်ဟု ဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၁၃ ရာခိုင်နှုန်းအနေဖြင့် မည်ကဲ့သို့ ရွေးချယ်ရမည်ကို ၄င်းတို့ အနေဖြင့် မသိကြောင်းဖြေဆိုသည်။ ပြည်သူများအနေဖြင့် မိမိ၏ ရပ်ကွက်နှင့် ကျေးရွာတွင်အရွေးချယ်ခံထားရသည့် အုပ်ချုပ်ရေးမှူးတစ်ယောက်၏ တာဝန်နှင့် ဝတ္တရားများကို သိရှိသင့်သည်ဟု ဤလေ့လာမှုက ယူဆသည်။ ထို့ကြောင့် ဖြေဆိုသူများအနေဖြင့် အုပ်ချုပ်ရေးမှူးတစ်ယောက်၏ တာဝန်များကို သိရှိခြင်း ရှိ/ မရှိ ကို မေးမြန်းရာ ဖြေဆိုသူ များ၏ ၈၂ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိကြောင်း ဖြေဆိုကြပြီး၊ ၁၈ ရာခိုင်နှုန်းသည် ၄င်းတို့အနေဖြင့် မသိ ကြောင်းဖြေဆိုကြသည်။


ဇယား (၁၀-၁-၄) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၉၈ % | ၂ % |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၈၇ % | ၁၃ % |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၈၂ % | ၁၈ % |

ဟားခါးမြို့နယ်မှ ဖြေဆိုသူများအား ၄င်းတို့မြို့နယ်ရှိ အုပ်ချုပ်ရေးမှူးသည် ပြည်သူများ သို့မဟုတ် ရပ်မိရပ်ဖ များနှင့် ပုံမှန် အစည်းအဝေးပြုလုပ်လေ့ရှိ/ မရှိ ကိုမေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၉၂ ရာခိုင်နှုန်းသည် ပုံမှန်အစည်းအဝေးပြုလုပ်လေ့ရှိသည်ဟု ဖြေဆိုကြပြီး၊ ၄ ရာခိုင်နှုန်းကသာ ပုံမှန်အစည်းအဝေးပြုလုပ်လေ့မရှိဟုဖြေဆိုကြသည်။ ကျန် ၄ ရာခိုင်နှုန်းသည် အုပ်ချုပ်ရေးမှူးအနေဖြင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်းရှိ/ မရှိကို ၄င်းတို့မသိရှိကြောင်းဖြေဆိုကြသည်။

ဟားခါးမြို့နယ်ရှိဖြေဆိုသူများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းသည် ၈၂ ရာခိုင်နှုန်းရှိသည်။ အဆိုပါ သိရှိသည်ဟု ဖြေဆိုသူများကို ဆက်လက်လေ့လာရာတွင် အများဆုံး ဖြေဆိုကြသည့် အဖြေမှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ထောက်ခံစာရေးသားခြင်းဖြစ်သည်ဟု ဖြေဆိုကြသည်။ ရာခိုင် နှုန်းအားဖြင့် ၃၉ ရာခိုင်နှုန်းရှိသည်။ ဒုတိယ ဖြေဆိုမှု အများဆုံးဖြစ်သည့် အဖြေနစ်ခုမှာ အိမ်၊ယာ၊မြေ အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းနှင့် အုပ်စုဖွဲ့နှောင့်ယှက်မှုများ ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များဖြစ်သည်ဟု ဖြေဆိုကြသည်။ မူးယစ်ဆေးဝါးကိစ္စနှိမ်နင်းခြင်းနှင့် ညှိစာရင်းတိုင်ကြားမှုကို လက်ခံခြင်းသည် ဖြေဆိုမှုများတွင် အနည်းဆုံးဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ၂ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်းဖြစ်သည်။ ပုံ (၁၀-၁-၁ ) ကြည့်ပါ။

ပုံ (၁၀-၁-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




ဟားခါးမြို့နယ်မှ ဖြေဆိုသူများ အနေဖြင့် မိမိ၏ ရပ်ကွက်နှင့် ကျေးရွာ၏ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက ရပ်ရွာ၏ ဖွံ့ဖြိုးရေးကိစ္စများအပေါ်တွင် စိုးရိမ်မှု ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၆၈ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် စိုးရိမ်မှု မရှိကြောင်းဖြေဆိုကြသည်။ ၃၂ ရာခိုင်နှုန်းအနေဖြင့် စိုးရိမ်မှုများရှိသည်ဟု ဖြေဆိုကြသည်။ ပုံ (၁၀-၁-၁) တွင်ကြည့်ပါ။

ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်မည်ဆိုပါက စိုးရိမ်မှု ရှိသည်ဟု ဖြေဆိုကြသည့် အမျိုးသားများတွင် အမျိုးသားဖြေဆိုသူ များ၏ ၆၀ ရာခိုင်နှုန်းသည် စိုးရိမ်မှုမရှိဟု ဖြေဆိုကြပြီး၊ ၃၂ ရာခိုင်နှုန်းသော ဖြေဆိုသူ အမျိုးသားများသည် စိုးရိမ်မှုရှိသည်ဟု ဖြေဆိုကြသည်။ ထို့ကြောင့် ဖြေဆိုသူ အမျိုးသားများကြားတွင် ဟားခါးမြို့နယ်၌ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးများဖြစ်ခဲ့မည် ဆိုပါက စိုးရိမ်မှုမရှိဟု ဖြေဆိုသည့် အမျိုးသားပိုများလျက်ရှိသည်။

ထို့အပြင် အမျိုးသမီးဖြေဆိုသူများအကြားတွင် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်သည်ဟု ဖြေဆိုကြသည့် ရာခိုင်နှုန်းမှာ ၂၅ ရာခိုင်နှုန်းရှိပြီး၊ စိုးရိမ်မှုမရှိဟု ဖြေဆိုကြသည့် ရာခိုင်နှုန်း ၇၅ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ဟားခါးမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မရှိသည်ဟု ဖြေဆိုကြသည့် အမျိုးသမီး ရာခိုင်နှုန်းသည် နည်းနေသော်လည်း၊ အမျိုးသမီးများကိုယ်တိုင်အနေဖြင့် စိုးရိမ်မှုများရှိနေကြ ပေသည်။ အောက်ဖော်ပြပါ ဇယား (၁၀-၁-၅) ကိုကြည့်ပါ။

ဇယား (၁၀-၁-၅) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက မြို့နယ်အတွက် စိုးရိမ်မှုရှိပါသလား (n=98)


| | မြို့နယ် (ဟားခါး) | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 32% | 40% | 25% |
| စိုးရိမ်မှုမရှိပါ | 68% | 60% | 75% |
| | 100% | 100% | 100% |

အမျိုးသမီးများအနေဖြင့် ဒေသ အုပ်ချုပ်ရေးယန္တရားတွင်ပါဝင်မှု မြင့်တင်လာစေရန်အတွက် မည်သည့် အရာများက အဟန့်အတားဖြစ်စေသည်ကိုလည်း ဟားခါးမြို့နယ်ရှိဖြေဆိုသူများအားမေးမြန်းခဲ့သည်။ ၎င်းတို့၏ ထင်မြင်ချက်များအရ အမျိုးသမီးများအနေဖြင့် ဒေသ၏ အုပ်ချုပ်ရေးတွင် အားကောင်းစွာပါဝင်လာမှုကို အဟန့်အတားဖြစ်စေသည့် အရာများမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် အချိန်ကုန်နေရခြင်း၊ ဒေသ၏ ရှေးရိုးစွဲဓလေ့များကြောင့်လည်းကောင်း၊ ကိုယ်ဝန်ဆောင်ရခြင်းနှင့် မီးဖွားခြင်းတို့သည် အဓိက အတားအဆီးဖြစ်နေကြောင်း ဖြေဆိုကြသည်။ ထို့အပြင် ပညာအရည်အချင်းနည်းပါးခြင်းသည် အဟန့်အတားတစ်ခုဖြစ်သလို၊ ယုံကြည်မှုတည်ဆောက်သည့် အပိုင်းတွင်လည်း အခက်အခဲများရှိနိုင်သည်ဟု ထင်မြင်မှုများရှိနေကြသည်။

## အခွန်ထမ်းဆောင်ခြင်း


ဟားခါးမြို့နယ်ရှိပြည်သူများအနေဖြင့် အခွန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်သည့် ဗဟုသုတနှင့် အမြင်များကို လေ့လာရာတွင် ဖြေဆိုသူများ၏ ၈၈ ရာခိုင်နှုန်းသည် အခွန်ဆောင်ခြင်း၏ အဓိပ္ပါယ် ကို၎င်းတို့အနေဖြင့် သိရှိကြောင်း ဖြေဆိုကြသည်။ ၁၂ ရာခိုင်နှုန်းအနေဖြင့် အခွန်ဆောင်ခြင်းကို မသိကြောင်း ဖြေဆိုကြသည်။ ထို့အပြင် အခွန်ဆောင်ခြင်းမှ ပြန်လည်ရရှိမည့် အကျိုးကျေးဇူးများကို ၎င်းတို့အနေဖြင့် သိရှိခြင်းရှိ/ မရှိ ကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၅၆ ရာခိုင်နှုန်းသည် အခွန်ဆောင်ခြင်းမှ ရရှိမည့် အကျိုးကျေးဇူးကို မသိရှိ ကြောင်း ဖြေဆိုကြပြီး၊ ၄၄ ရာခိုင်နှုန်းသည် အခွန်ဆောင်ခြင်းမှ ပြန်လည်ခံစားရမည့် အကျိုးကျေးဇူးများကို ၎င်းတို့ သိရှိကြောင်းဖြေဆိုသည်။ အစိုးရအနေဖြင့် အခွန်ထမ်းပြည်သူများအပေါ် မည်သည့် ဝန်ဆောင်မှုများ ပေးနေသည်ကိုလည်း ၎င်းတို့သိရှိခြင်း ရှိ/ မရှိကို ဆက်လက်လေ့လာရာတွင် ဖြေဆိုသူ များ၏ ၈၀ ရာခိုင်နှုန်းသည် မည်သည့် ဝန်ဆောင်မှုများကိုမှ မသိရှိကြောင်း ဖြေဆိုကြသည်။ ၂၀ ရာခိုင်နှုန်းအနေဖြင့် အစိုးရ၏ ဝန်ဆောင်မှုများကို သိရှိ ကြောင်းဖြေဆိုကြသည်။ ပုံ (၁၀-၁-၂) တွင်ကြည့်ပါ။

ပုံ (၁၀-၁-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတ




ထို့နောက်တွင် ပြည်သူများအနေဖြင့် အခွန်ဆောင်ဖူးခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၇၂ ရာခိုင်နှုန်းသည် အခွန်ဆောင်ဖူးသည်ဟု ဖြေဆိုကြပြီး၊ ၂၈ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်မဆောင်ဖူးကြောင်း တုံ့ပြန်သည်။ အောက်ဖော်ပြပါ ပုံ (၁၀-၁-၃) တွင်ကြည့်ပါ။

ပုံ (၁၀-၁-၃) အခွန်ဆောင်ဖူးပါသလား





ဟားခါးမြို့နယ်မှ ဖြေဆိုသူများအား အခွန်ထမ်းဆောင်ဖူးခြင်းရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၇၂ ရာခိုင်နှုန်းသည် အခွန်ဆောင်ဖူးသည်ဟု ဖြေဆိုထားပြီး၊ ၂၈ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်ထမ်းဆောင်ဖူးခြင်း မရှိကြောင်းဖြေဆိုကြသည်။

ထို့နောက်တွင် အခွန်ထမ်းဆောင်ဖူးသည်ဟု ဖြေဆိုသူများ၏ ဖြေဆိုချက်များကို လေ့လာရာတွင် ဖြေဆိုသူ အများစုသည် ၎င်းတို့ ဆောင်ဖူးသော အခွန်များမှာ မြေယာခွန် ဖြစ်ကြောင်း အများဆုံးဖြေဆိုကြသည်။ ဒုတိယ အများဆုံးဖြေဆိုမှုမှာ မီတာခွန် (တနည်း လျှပ်စစ်မီးမီတာဆောင်ခြင်း) ဖြစ်သည်။ တတိယ အများဆုံးဖြေဆိုမှုမှာ ရေခွန် ဖြစ်သည်။


ဤလေ့လာမှုသည် ဌာနဆိုင်ရာများအပေါ်ပြည်သူများအနေဖြင့် မည်ကဲ့သို့ အထင်မြင်များရှိနေသည်ကိုလေ့လာလိုသည့် ရည်ရွယ်ချက်လည်းရှိသည်။ ထို့ကြောင့် ဟားခါးမြို့နယ်မှ ဖြေဆိုသူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးခြင်းရှိ/ မရှိ စသည့် ၎င်းတို့၏ အတွေ့အကြုံများကို မေးမြန်းခဲ့သည်။ ဟားခါးမြို့နယ်ရှိ ဖြေဆိုသူ များ၏ ၇၃ ရာခိုင်နှုန်းသည် ဌာန ဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးကြောင်းဖြေဆိုကြသည်။ ကျန် ၂၇ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် တစ်ကြိမ်မှ မဆက်သွယ်ဖူးကြောင်း တုံ့ပြန်သည်။

ပုံ (၁၀-၁-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား။ (n=96)



ထို့နောက်တွင် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးသော ဖြေဆိုသူများကို ဆက်လက်မေးမြန်းရာတွင် ဖြေဆိုသူ အများစုသည် ၎င်းတို့၏ အတွေ့အကြုံအရ "နှောင့်နှေးကြန့်ကြာခြင်း" များနှင့် တွေ့ကြုံခဲ့ရပြီး၊ ဒုတိယ နှင့် တတိယ အများဆုံး မှာ "ဆက်ဆံရေး မပြေပြစ်ခြင်း"၊ "အခကြေးငွေများ မတတ်နိုင်ခြင်း" တို့ဖြစ်ကြသည်။ အနည်းဆုံးဖြေဆိုမှုမှာ "တရားမဝင် အခကြေးငွေတောင်းဆိုခြင်း" ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် "နှောင့်နှေးကြန့်ကြာခြင်း" ကို ၄၅ ရာခိုင်နှုန်းက ဖြေဆိုကြပြီး၊ "ဆက်ဆံရေး မပြေပြစ်ခြင်း" ကို ၃၃ ရာခိုင်နှုန်းနှင့် "အခကြေးငွေများ မတတ်နိုင်ခြင်း" ကို ၁၈ ရာခိုင်နှုန်းကဖြေဆိုသည်။ အနည်းဆုံး ရာခိုင်နှုန်းဖြစ်သည့် "တရားမဝင် အခကြေးငွေတောင်းဆိုခြင်း" ကို ၄ ရာခိုင်နှုန်းကဖြေဆိုကြသည်။


ပုံ (၁၀-၁-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရာတွင် ကြုံတွေ့ရသော အခက်အခဲ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




## လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး

ဤလေ့လာမှုတွင် ဟားခါးမြို့နယ်မှ ဖြေဆိုသူများအား ၎င်းတို့၏ ဒေသရှိ (တနည်းအားဖြင့် ဟားခါးမြို့နယ်၏ မဲဆန္ဒနယ်ရှိ) အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့အနေဖြင့် သိရှိခြင်း ရှိ/မရှိ ကိုလေ့လာခဲ့သည်။ ဖြေဆိုသူ များ၏ ၅၈ ရာခိုင်နှုန်းသည် "သိသည်" ဟုဖြေဆိုပြီး၊ ၄၂ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် "မသိ" ကြောင်းဖြေဆိုသည်။

ပုံ (၁၀-၁-၆) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး





ထို့နောက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိခြင်း ရှိ/ မရှိ ကိုမေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၈၆ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို မသိကြောင်း ဖြေဆိုကြသည်။ ၃၂ ရာခိုင်နှုန်းအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို သိရှိကြောင်းဖြေဆို သည်။

ထို့ပြင် ချင်းပြည်နယ်ကို ကိုယ်စားပြုသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်များတွင် (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်) ရှိ/ မရှိ ကို လေ့လာခဲ့သည်။ ဖြေဆိုသူ များ၏ ၉၃ ရာခိုင်နှုန်းသည် ချင်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရှိ/ မရှိကို မသိကြပေ။ ၇ ရာခိုင်နှုန်း သောဖြေဆိုသူများအနေဖြင့် ချင်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိ ၎င်းတို့အနေဖြင့် သိရှိကြောင်းဖြေဆိုကြသည်။ ထို့အပြင် အမျိုးသားလွှတ်တော်တွင် ချင်းပြည်နယ်ကိုယ်စားပြု အမျိုး သမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၈၆ ရာခိုင်နှုန်းသည် မသိဟု ဖြေဆိုပြီး၊ ၁၄ ရာခိုင်နှုန်းအနေဖြင့် သိရှိသည်ဟု ဖြေဆိုကြသည်။ ပြည်သူ့လွှတ်တော်တွင်လည်း ချင်းပြည်နယ် ကိုယ်စားပြု အမျိုး သမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/မရှိ ကို ဆက်လက်မေးမြန်းလေ့လာရာတွင် ဖြေဆိုသူ များ၏ ၈၄ ရာခိုင်နှုန်းသည် ပြည်သူ့လွှတ်တော်တွင် ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရှိ/မရှိ ကို မသိကြောင်း ဖြေဆိုကြသည်။ ၁၆ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီးလွှတ် တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ထဲတွင် မရှိကြောင်း ဖြေဆိုသည်။ ဟားခါးမြို့နယ်ရှိ ဖြေဆိုသူများကို ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့တွင် ရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူ အများစုသည် ချင်းပြည်နယ် လွှတ်တော်ထဲတွင် အမျိုးသမီးလွှတ် တော်ကိုယ်စားလှယ် ရှိ/ မရှိ ကို မသိဟု ဖြေဆိုသည့် ရာခိုင်နှုန်းသည် ကျန်လွှတ်တော် နှစ်ရပ်ထက်ပိုမိုများပြားလျက်ရှိသည်။ ဆိုလိုသည်မှာ အများစုသည် ပြည်နယ်လွှတ်တော်ထဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/မရှိ ကို ကျန်လွှတ်တော် နှစ်ရပ်ထက် ပိုမသိကြပေ။ ပြည်သူ့လွှတ်တော်ထဲတွင် ချင်းပြည်နယ် ကိုယ်စားပြု လွှတ်တော်ကိုယ် စားလှယ် ရှိ/ မရှိ ကို ပိုသိကြသည်။


ဟားခါးမြို့နယ်မှ ဖြေဆိုသူများအား ချင်းပြည်နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရှိပါက စိုးရိမ်မှု ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၇၄ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် မည်သည့်စိုးရိမ်မှုမှ မရှိ ကြောင်းဖြေဆိုကြသည်။ စုစုပေါင်း ၇ ရာခိုင်နှုန်းကသာ ချင်းပြည်နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်ချက်ရှိကြောင်း ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် ချင်းပြည်နယ်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အပေါ် မဝေခွဲတတ်ပေ။ ထို့ကြောင့် မသိဟု ဖြေဆိုကြသည်။

ပုံ (၁၀-၁-၇) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှုရှိပါသလား




လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်း၏ မဲဆန္ဒနယ်ရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံမှုကိုလည်း ဆန်းစစ်ရန်လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် ဟားခါးမြို့နယ်ရှိ ဖြေဆိုသူများကို ၎င်းတို့ ဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဘယ်နှစ်ကြိမ်တွေ့ဆုံဖူးသလဲဆိုသည့် မေးခွန်းကို မေးမြန်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံမှုဟု ဆိုရာတွင် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် လွှတ်တော်အားလပ်ရက်များတွင် ရပ်ရွာရှိ ပြည်သူများနှင့် တွေ့ဆုံပြီး လွှတ်တော်အတွင်း ၎င်း၏ လုပ်ဆောင်ချက်များကို ပြည်သူများအား တင်ပြခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သောအခါတွင် ပြည်သူများနှင့် တွေ့ဆုံခြင်းတို့ကို ဆိုလိုသည်။ ထို့ကြောင့် အဆိုပါ မေးခွန်းကို မေးမြန်းသောအခါ ဖြေဆိုသူများ၏ ၄၄ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးကြောင်း အများဆုံးရာခိုင်နှုန်းအဖြစ် ဖြေဆိုကြသည်။ ၅ ကြိမ်နှင့် အထက် လွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံဖူးသော ဖြေဆိုသူများလည်း ရှိသည်။ ရာခိုင်နှုန်းအားဖြင့် ၄ ရာခိုင်နှုန်းဖြစ်ပြီး၊ ဖြေဆိုသူစုစုပေါင်းတွင် အနည်းဆုံး ရာခိုင်နှုန်းဖြစ်သည်။ ထို့အပြင် အနည်းဆုံး တစ်ကြိမ်၊ နှစ်ကြိမ်နှင့် သုံးကြိမ်ထိ တွေ့ဖူးသည့် ဖြေဆိုသူ များလည်း ရှိသည်။

ပုံ (၁၀-၁-၈) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံမှု ကြိမ်ရေ (n=98)





သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အတွင်း လှုပ်ရှားဆောင်ရွက်ချက်များကို ဟားခါးမြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် သိရှိခြင်း ရှိ/မရှိကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၆၂ ရာခိုင်နှုန်းသည် ၎င်းတို့ မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အတွင်းတွင် မည်သည့် လုပ်ငန်းဆောင်တာများ

လုပ်ဆောင်နေသည်ကို မသိရှိကြောင်းဖြေဆိုကြသည်။ ၂၃ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုတင်သွင်းခြင်းစသည့် လွှတ်တော်အတွင်း လုပ်ငန်းဆောင်တာများကိုလုပ်ဆောင်နေသည်ဟု ဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၈ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းများမေးမြန်းခြင်း ကိစ္စများကို လွှတ်တော်အတွင်း ဆောင်ရွက်လျက် ရှိသည်ဟု ဖြေဆိုပြီး၊ ဥပဒေကြမ်းတင်သွင်းခြင်းကိစ္စများကို လုပ်ဆောင်နေသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ အနည်း ဆုံးဖြစ်သည်။

## ရဲဌာန (ဂန်ထမ်းများ)အပေါ် ဟားခါးဒေသခံများ၏အမြင်ကို လေ့လာခြင်း

ချင်းပြည်နယ်လူထု၏ ရဲဌာန(ဂန်ထမ်း)များအပေါ် ထင်မြင်ယူဆချက်များနှင့် လက်တွေ့ဆက်ဆံရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို လေ့လာတင်ပြမည်ဖြစ်သည်။ လေ့လာမှု၏ ခြုံငုံသုံးသပ်ချက်အရ ဖြေဆိုသူ များ၏ ၅၄ ရာခိုင်နှုန်းသည် ရဲဌာန၏လုပ်ငန်းဆောင်ရွက်မှုအပေါ်တွင် စိတ်ကျေနပ်မှု မရှိသည်ကို တွေ့ရှိရပါသည်။ ဖြေဆိုသူ၏ ၃၃ ရာခိုင်နှုန်းအနေဖြင့် "ကျေနပ်မှု" ရှိသည်ဟု ဖြေဆိုကြပြီး၊ ကျန် ၁၃ ရာခိုင်နှုန်းသည် "မသိ" ဟု ဖြေဆိုကြသည်။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် ရဲဌာနများနှင့် ဆိုင်သော သို့မဟုတ် ရဲဌာန၏ ဆောင်ရွက်ချက်များကို မသိရှိကြသူများဟု ကောက်ချက်ချနိုင်သည်။ ထို့ကြောင့် ရဲဌာနဂန်ထမ်းများသည် ပြည်သူ့ဂန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ရှိနေသေးသည်ကိုလည်း လေ့လာတွေ့ရှိ ရပါသည်။ ၎င်းတို့ကို ပုံ(၁၀-၁-၉) တွင်ဖော်ပြထားပါသည်။

ပုံ(၁၀-၁-၉) ရဲဌာန (ဂန်ထမ်းများ) အပေါ် ဟားခါးဒေသခံများ၏အမြင်စစ်တမ်း အားတင်ပြမှု





သက်ဆိုင်ရာမေးခွန်း အလိုက် တွေ့ရှိချက်များမှာ-

ရဲဌာန(ဂန်ထမ်း)များ၏အရည်အသွေးနှင့် ပြည်သူ့ဂန်ဆောင်မှု ပေးခြင်းဆိုင်ရာ စစ်တမ်း၏မေးခွန်းများကို ဖြေဆိုသူ ၉၉ တွင် ၈၄ ရာခိုင်နှုန်းသည် ရဲဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်အား မသိရှိကြသည်ကို တွေ့ရှိရသည်။ ဆိုလိုသည်မှာ မိမိရပ်ရွာတွင် ရာဇဂတ်မှုခင်းနှင့် ပတ်သက်၍ အရေးကြုံပါက နီးစပ်ရာ ရဲစခန်းကို ဆက်သွယ်ရန် ရဲစခန်း ဖုန်းနံပါတ်ကို ၈၄ ရာခိုင်နှုန်းက မသိရှိကြပေ။ သက်ဆိုင်ရာမေးခွန်း အလိုက်တွေ့ရှိချက်များကို အောက်တွင်ရှင်းလင်း ဆွေးနွေးထားပြီး ၊ ပုံ(၁၀-၁-၁၀) ဖြင့်ယှဉ်တွဲလေ့လာနိုင်ပါသည်။

(က) ထို့အပြင် ရဲဌာနများအပေါ် အားကိုး ယုံကြည်မှုရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူ ဦးရေ စုစုပေါင်း ၁၀၀ တွင် ၄၉ ရာခိုင်နှုန်းသည် ယုံကြည်အားကိုးကြပြီး ၃၂ ရာခိုင်နှုန်းသည် ယုံကြည်မှု မရှိဟု ဖြေဆိုကြသည်။ ကျန် ရာခိုင်နှုန်းသည် ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့် ဆက်ဆံမှုမရှိကြဖူးသူများအဖြစ် တွေ့ရှိထားပါသည်။

ပုံ (၁၀-၁-၁၀) ရဲဌာန (ဝန်ထမ်း) များအပေါ် ပြည်သူများ၏ အမြင်




| | အားကိုးယုံကြည်မှု(n=၁၀၀) | အချိန်ကိုက်ဆောင်ရွက်မှု(n=၁၀၀) | ဘက်လိုက်မှုကင်း(n=၁၀၀) | စွမ်းဆောင်ရည်(n=၁၀၀) | အမျိုးသမီးအမှုတိုင်ကြားမှု(n=၁၀၀) |
|---|---|---|---|---|---|
| ထောက်ခံ | 49% | 31% | 29% | 42% | 34% |
| မထောက်ခံ | 32% | 51% | 52% | 42% | 64% |
| သာမန် | 19% | 19% | 19% | 16% | 3% |

(ခ) ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးမှု ကိုလေ့လာရာတွင် လူဦးရေ ၁၀၀ ကိုမေးမြန်းခဲ့သည်။ ၎င်းလူဦးရေ၏ ၅၁ ရာခိုင်နှုန်းသည် ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးကြန့်ကြာမှုများ ရှိသည်ဟုထင်မြင်ယူဆကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျန်သော ၃၁ ရာခိုင်နှုန်းသည် ရဲဌာနများ၏ စွမ်းဆောင်ရည်ကို ထောက်ခံပေးထားကြပြီး၊ ၁၉ ရာခိုင်နှုန်း မှာ ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့်ဆက်ဆံမှု မရှိကြဖူးသူများအဖြစ် တွေ့ရှိထားပါသည်။


(ဂ) ရဲဌာနများ၏ ပြည်သူ့ ဝန်ဆောင်မှု များဆောင်ရွက်ရာတွင် ဘက်လိုက်မှု ရှိ/ မရှိကို ဒေသခံလူဦးရေ ၁၀၀ ကိုမေးမြန်းခဲ့သည်။ ၎င်းလူဦးရေ၏ ၅၂ ရာခိုင်နှုန်းသည် ရဲဌာနများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် "ဘက်လိုက်မှု" ရှိနေသည်ဟု ထင်မြင်ယူဆကြသည်ကို လေ့လာတွေ့ရှိရပြီး၊ ၂၉ ရာခိုင်နှုန်းသည် ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုကို "ထောက်ခံ" ကြသည်။ ကျန်သော ၁၉ ရာခိုင်နှုန်းသည် ရဲဌာန၏လုပ်ဆောင်ချက်များကို "မသိ" ကြသူများနှင့် ဆက်ဆံမှုမရှိကြသူများဖြစ်သည်ကို တွေ့ရှိရပါသည်။

(ဃ) ရဲဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ် ပြည်သူများ၏ အမြင်များကို လေ့လာနိုင်ရန် ဦးရေ ၁၀၀ ကိုမေးမြန်းခဲ့သည်။ ဖြေဆိုသူ ၁၀၀ တွင် ရဲဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် "အားနည်းချက်" ရှိသည်ဟု ယူဆကြသူများမှာ ၄၂ ရာခိုင်နှုန်းရှိသလို၊ "အားနည်းချက်" မရှိဟု မြင်သည့် အရေအတွက်မှာလည်း ၄၂ ရာခိုင်နှုန်းရှိသည်။ ကျန်ရာခိုင်နှုန်းသည် ရဲဌာန/ ဝန်ထမ်းများ၏ စွမ်းရည်များကို ၎င်းတို့အနေဖြင့် "မသိ" ရှိဟု ဖြေဆိုကြသည်။

(င) အမျိုးသမီးများသည် မိမိတို့အမျိုးသမီးထုနှင့် သက်ဆိုင်သော အမှုများအား သို့မဟုတ် အမျိုးသမီးများ ဖိနှိပ်ခံရသည့် ကိစ္စများနှင့် ပတ်သက်ပြီး ရဲစခန်းသို့ တိုင်ကြားမှုရှိ/ မရှိ နှင့် ပတ်သက်ပြီး မေးမြန်းရာတွင် ဖြေဆိုသူ ဦးရေ ၁၀၀ တွင် ၆၄ ရာခိုင်နှုန်းသည် အမျိုးသမီးများ၏ နစ်နာမှုများ သို့မဟုတ် ဖိနှိပ်ခံရမှုများစသည့် အမှုကိစ္စများကို ရဲစခန်းသို့ တိုင်ကြားလေ့မရှိဟု ၎င်းတို့ ထင်မြင်ကြောင်းဖြေဆိုကြသည်။ ၃၄ ရာခိုင်နှုန်းအနေဖြင့် အဆိုပါ အမှုကိစ္စများတွင် ရဲဌာနသို့ တိုင်ကြားမှုရှိသည်ဟု ၎င်းတို့ထင်မြင်ကြောင်း ဖြေဆိုသည်။ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် မည်သည့် မှတ်ချက်မှ မရှိကြောင်း သို့မဟုတ် ၎င်းတို့ မသိကြောင်းဖြေဆိုကြသည်။

ဟားခါးမြို့နယ်၏တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူလေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေဘောင်တော်သားများ၊ တရားရေးအမှုထမ်းများနှင့် တရားစီရင်မှုအပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။ လေ့လာမှုတွင် တရားစီရင်မှုအား မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှုနှင့် ဆွေမျိုးများနှင့်ပတ်သက်သော တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ ယူဆချက်များကို ကိုယ်စားပြုနိုင်မိစေရန် ရပ်ကွက်များနှင့် ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျ စာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင် ပုံနှင့်တကွရှင်းလင်း ဖော်ပြထားပါသည်။

ပုံ (၁၀-၁-၁၁ ) တရားစီရင်မှုအပေါ် ဒေသခံပြည်သူများ၏ အမြင်




ကွင်းဆင်းလေ့လာမှုတွင် ဒေသရှိ ဖြေဆိုသူများ၏ ၄၅ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ ထောက်ခံမှုမရှိသည်ကို တွေ့ရှိရပြီး၊ ဒေသတွင်းတရားစီရင်မှုအား ၄၉ရာခိုင်နှုန်းသည် ယုံကြည်ထောက်ခံသည်ကို လေ့လာတွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၆ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ၎င်းတို့ကို ပုံ(၁၀-၁-၁၁) တွင် ဖော်ပြထားသည်။

အသေးစိတ်လေ့လာတွေ့ရှိချက်များမှာ

(က) မိမိတို့ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၃၁ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၅၇ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၁၂ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိ၊ မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၇၄ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှုမရှိဟု

ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၂၄ ရာခိုင်နှုန်းသည် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

(ဂ) အမျိုးသမီးရေးရာ ကိစ္စရပ်များအား တိုင်ကြားမှုတွင် တရားစီရင်၊ ဆုံးဖြတ်မှုများကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၃၁ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၆၈ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၁ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

## (၁၀-၂) ထန်တလန်မြို့နယ်

ထန်တလန်မြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်း တွင်ရှိပြီး၊ ချင်းပြည်နယ် ဟားခါးခရိုင်တွင် တည်ရှိသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် (၁၃၇၀.၁၃) နှင့် ဧက အားဖြင့် (၈၇၇၄၅၉) ဧကရှိပါသည်။

ဇယား (၁၀-၂-၁) ထန်တလန်မြို့နယ်၏ အကျယ်အဝန်းပြဇယား

| မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာ စတုရန်းမိုင် | မြို့နယ် ဧရိယာ စတုရန်းမိုင် |
|---|---|---|---|
| ထန်တလန် | ၂၇.၀၆ | ၁၃၄၃.၉၇ | ၁၃၇၀.၀၃ |
| မြို့နယ်ချုပ် | ၂၇.၀၆ | ၁၃၄၃.၉၇ | ၁၃၇၀.၀၃ |

ထန်တလန်မြို့နယ်သည် အရှေ့ဘက်တွင် ဟားခါးမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ တောင်ဘက်တွင် မတူပီမြို့နယ်နှင့် မြောက်ဘက်တွင် ဖလမ်းမြို့နယ် တို့နှင့် ထိစပ်လျက်ရှိပါသည်။ ထန်တလန်သည် အခြားမြို့နယ်များနည်းတူ တောင်တန်းနှင့် သစ်တောများ ဖုံးလွှမ်းလျက်ရှိသော်လည်း မြစ်ချောင်းများ နည်းပါးသည်။

ထန်တလန်မြို့နယ်၏ စီးပွားရေးကို ကြည့်မည်ဆိုပါက ဒေသခံများသည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြသည်။ ထန်တလန်မြို့နယ်တွင် ရှေပ်သီး အနည်းငယ် ထွက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်သို့ အများဆုံး တင်ပို့သည်။ ထန်တလန်မြို့နယ်သည် ကုန်သွယ်ရေးအတွက် ကုန်းလမ်းတစ်ခုကိုသာ မှီခိုနေရသည်။

### ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

ထန်တလန်မြို့နယ်တွင် ဖြေဆိုသူများအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကို သိရှိသည့် ရာခိုင်နှုန်းသည် ဖြေဆိုသူ စုစုပေါင်း တွင် ၉၄ ရာခိုင်နှုန်းရှိပြီး၊ ၆ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့မြို့နယ်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို မသိရှိကြောင်းဖြေဆိုကြသည်။ ထို့အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရသနည်းဆိုသည့် မေးခွန်းကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၇၆ ရာခိုင်နှုန်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရမည်ဆိုသည်ကို သိရှိကြောင်း၊ ၂၃ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ အုပ်ချုပ်ရေးမှူး တစ်ယောက်၏ တာဝန်နှင့်

ဂတ္တရားများကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူ စုစုပေါင်းတွင် ၇၃ ရာခိုင်နှုန်းသည် ၎င်းတို့ အနေဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဂတ္တရားများကို မသိရှိကြောင်း ဖြေဆိုကြသည်။


ဇယား (၁၀-၂-၂ ) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၉၄ % | ၆ % |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၇၆ % | ၂၃ % |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဂတ္တရားများကို သိလား | ၇၃ % | ၂၇ % |

ထန်တလန်မြို့နယ်ရှိ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးသည် ပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်းရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူ ၇၃ ရာခိုင်နှုန်းသည် ထန်တလန်မြို့နယ်ရှိ အုပ်ချုပ်ရေးမှူးများသည် ပုံမှန်အစည်းအဝေးပြုလုပ်လေ့ရှိသည်ဟု ဖြေဆိုကြပြီး၊ ၁၅ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် အုပ်ချုပ်ရေးမှူးများ သည် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း မရှိဟု တုံ့ပြန်ကြသည်။

ထန်တလန်မြို့နယ်ရှိ ဖြေဆိုသူများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဂတ္တရားများကို သိသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၇၃ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် သိသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများကို ဆက်လက်၍ ၎င်းတို့သိရှိထားသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဂတ္တရားများကို မေးမြန်းရာတွင် ဖြေဆိုသူ စုစုပေါင်းတွင် ၅၆ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ထောက်ခံစာရေးသားခြင်းဖြစ်သည်ဟု အများစုက ဖြေဆိုကြသည်။ ဒုတိယ ဖြေဆိုမှု အများဆုံးမှာ အိမ်၊ ယာ၊ မြေ အငြင်းပွားမှုများအား ဖြေရှင်းပေးခြင်းဖြစ်သည်ဟုဆိုသည်။ ရာခိုင်နှုန်းအားဖြင့် ၁၄ ရာခိုင်နှုန်းရှိသည်။ ပုံ (၁၀-၂-၁ ) တွင် ကြည့်ပါ။

ပုံ (၁၀-၂-၁ ) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဂတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)



ထို့နောက်တွင် ထန်တလန်မြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည်ဆိုပါက ဖြေဆိုသူများအနေဖြင့် မည်သည့် စိုးရိမ်မှုများရှိသည်ကို ဆက်လက်လေ့လာခဲ့သည်။ ဖြေဆိုသူ စုစုပေါင်း ၄၁ ရာခိုင်နှုန်းသည် အကယ်၍များ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှုများရှိကြောင်း ဖြေဆိုကြပြီး၊ ၅၉ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် မည်သည့် စိုးရိမ်မှုမှ မရှိကြောင်း တုံ့ပြန်ကြသည်။ ထို့ကြောင့် ထန်တလန်မြို့နယ်၏ ဖြေဆိုသူ များ၏ ထက်ဝက်ကျော်သည် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေး မှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှု မရှိကြောင်း ဖြေဆိုကြသည်။

အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်ခဲ့ပါက စိုးရိမ်မှု ရှိ/ မရှိကို အမျိုးသားဖြေဆိုသူ များအကြားတွင် ဆက်လက်လေ့လာရာတွင် ဖြေဆိုသူ အမျိုးသား စုစုပေါင်းတွင် အမျိုးသား ၅၃ ရာခိုင်နှုန်းသည် ထန်တလန်မြို့နယ်တွင် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိကြောင်းဖြေဆိုကြပြီး၊ ကျန်အမျိုးသားဖြေဆိုသူ ၄၇ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် စိုးရိမ်မှု ရှိသည်ဟု တုံ့ပြန်သည်။ ထို့ကြောင့် ထန်တလန်မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ မည်ဆိုပါက အမျိုးသားဖြေဆိုသူ အများစုသည် စိုးရိမ်မှု မရှိဟု နားလည်နိုင်ပေသည်။

ထို့အပြင် အမျိုးသမီး ဖြေဆိုသူများအကြားမည်သည့် တုံ့ပြန်မှုမျိုးရှိမည်ကိုလည်း ဆက်လက်ခွဲခြမ်းစိတ်ဖြာခဲ့သည်။ အမျိုးသမီးဖြေဆိုသူများအကြားတွင် ထန်တလန်မြို့နယ်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိဟု ဖြေဆိုသည့် အမျိုးသမီး ၆၅ ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများအုပ်ချုပ်ရေးမှူးဖြစ်ခဲ့မည်ဆိုပါက အမျိုးသမီးများ ကိုယ်တိုင်က စိုးရိမ်သည့် ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၃၅ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ထန်တလန်မြို့နယ်ရှိ ၃၅ရာခိုင်နှုန်းသော ဖြေဆိုသူများက ရပ်/ ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်လာမည်ဆိုပါက စိုးရိမ်လျက်ရှိနေကြသည်။ အောက်ဖော်ပြပါ ဇယား (၁၀-၂-၂ ) တွင်ကြည့်ပါ။


ဇယား (၁၀-၂-၃ ) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက မြို့နယ်အတွက် စိုးရိမ်ချက်ရှိပါသလား (n=98)

| | မြို့နယ် ထန်တလန် | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 41% | 47% | 35% |
| စိုးရိမ်မှုမရှိပါ | 59% | 53% | 65% |
| | 100% | 100% | 100% |

ထန်တလန်မြို့နယ်တွင် အမျိုးသမီးများအနေဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးဖြစ်လာခြင်းကို အတားအဆီးဖြစ်စေသော အကြောင်းအရင်းများကို မေးမြန်းရာတွင် ဖြေဆိုသူများသည် မိသားစု၊ အိမ်မှုကိစ္စ၊ ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်များကြောင့် အချိန်အပြည့်အဝမပေးနိုင်ခြင်းတို့မှာ အဓိက အဟန့်အတားဖြစ်သည်ဟု ဖြေဆိုသူများရှိသလို အမျိုးသမီးများ ကိုယ်တိုင်ခေါင်းဆောင်မှုလုပ်ငန်းများ၌ ဝင်ရောက်ယှဉ်ပြိုင်မှုအားနည်းနိုင်ခြင်းတို့ဖြစ်သည်ဟု ဖြေကြသည်။ ထို့အပြင် ပြည်သူထံမှ ယုံကြည်မှုအားနည်းနိုင်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေး၊ ခရီးသွားလာရေး တို့တွင် အခက်အခဲရှိခြင်း၊ ဩဇာအာဏာနှင့် ပညာအရည်အချင်းမပြည့်ဝမှု တို့သည်လည်း အဓိကအဟန့်အတား ဖြစ်နိုင်သည်ဟု ဖြေဆိုထားသည်။ သို့သော်လည်း အနည်းငယ်သော ဖြေဆိုသူများသည် အမျိုးသမီးများအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်လာစေရန်မှာ အတားအဆီးများ မရှိဟု ယူဆသူများလည်းရှိကြသည်။


ထန်တလန်မြို့နယ်မှ ဖြေဆိုသူများအား အခွန်နှင့် ဆိုင်သော ဗဟုသုတများနှင့် အမြင်များကို လေ့လာရာတွင် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုသူ ၇၃ ရာခိုင်နှုန်းရှိပြီး ၂၇ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုထားသည်။ အခွန်ဆောင်ခြင်း အကျိုးကျေးဇူးကို သိသည်ဟု ဖြေဆိုသူ ၅၅ ရာခိုင်နှုန်းရှိပြီး ၄၅ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုထားသည်။ ဖြေဆိုသူများ၏ ၈၀ ရာခိုင်နှုန်းသည် အစိုးရက အခွန်ထမ်းပြည်သူများအပေါ် မည်သည့်ဝန်ဆောင်မှုများပေးသည်ကို မသိပါဟု ဖြေဆိုထားပြီး ၂၀ ရာခိုင်နှုန်းမှာ သိသည်ဟု ဖြေဆိုထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ထန်တလန်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အခွန်ဆောင်ခြင်းနှင့် ပတ်သက်သည့် ဗဟုသုတ အနည်းငယ်ရှိသည် ဟု ယေဘုယျဆိုနိုင်ပေသည်။ သို့သော်လည်း အခွန်ဆောင်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အစိုးရမှ ပြန်လည်ပေးသော အခွန်နှင့် ဆိုင်သည့် ဝန်ဆောင်မှုများကို မသိရှိသည့် ရာခိုင်နှုန်းက ပိုများသည်။ ပုံ (၁၀-၂-၃) တွင် ကြည့်ပါ။

ပုံ (၁၀-၂-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတများ




ထို့နောက်တွင် ပြည်သူများအနေဖြင့် အခွန်ဆောင်ဖူးခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၅၁ ရာခိုင်နှုန်းသည် အခွန်မဆောင်ဖူးပါဟု ဖြေဆိုကြပြီး၊ ကျန် ၄၉ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။


ပုံ (၁၀-၂-၃ ) အခွန်ဆောင်ဖူးပါသလား (n=100)



ထို့နောက်တွင် အခွန်ဆောင်ဖူးပါသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများအား ၎င်းတို့အနေဖြင့် မည်သည့် အခွန်အမျိုးအစား များကို ဆောင်ဖူးပါသနည်းဟု မေးမြန်းရာတွင် ဖြေဆိုသူ အများစုသည် အိမ်ခွန်ဟု အများဆုံးဖြေဆိုကြပြီး၊ ရေခွန်နှင့် မြေ ခွန်များကိုလည်း ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။


ဤလေ့လာမှုသည် ဌာနဆိုင်ရာများအပေါ်ပြည်သူများအနေဖြင့် မည်ကဲ့သို့ အထင်အမြင်များရှိနေသည်ကိုလေ့လာ လိုသည့် ရည်ရွယ်ချက်လည်းရှိသည်။ ထို့ကြောင့် ထန်တလန်မြို့နယ်မှ ဖြေဆိုသူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ် ဆောင်ရွက်ဖူးသည့် ရာခိုင်နှုန်းမှာ ဖြေဆိုသူ စုစုပေါင်းတွင် ၆၇ ရာခိုင်နှုန်းရှိသည်။ ၃၃ ရာခိုင်နှုန်းအနေဖြင့် ဆက်သွယ် ဆောင်ရွက်ဖူးခြင်းမရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ပုံ (၁၀-၂-၄) တွင်ဖော်ပြထားသည့် အတိုင်း ထန်တလန်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အစိုးရဌာန ဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးကြသည်။

ပုံ (၁၀-၂-၄ ) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား





ထိုသို့ အများစုအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်မှုတွင် မည်သည့် အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသနည်း ဆိုသည်ကိုလည်း လေ့လာရန်လိုပေလိမ့်မည်။ ထို့ကြောင့် ဖြေဆိုမှု ၄၆ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဆက်ဆံရေး မပြေပြစ်ခြင်းနှင့် အများဆုံး ရင်ဆိုင်ခဲ့ရကြောင်း၊ ဒုတိယ အနေဖြင့် ဖြေဆိုမှု ၃၇ ရာခိုင်နှုန်းသည် နှောင့်နှေးကြန့်ကြာမှုများနှင့်လည်း ရင်ဆိုင်ခဲ့ကြရသည်။ ထို့ကြောင့် ထန်တလန်မြို့နယ်ရှိ ပြည်သူများသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဆက်ဆံရေး မပြေပြစ်သည့် ကိစ္စသည် အများဆုံးဖြစ်ပေသည်။

ပုံ (၁၀-၂-၅ ) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ




ထန်တလန်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မြို့နယ်ရှိ အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၄၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်ကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၅၅ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ပုံ (၁၀-၂-၆ ) တွင်ကြည့်ပါ။


ပုံ (၁၀-၂-၆ ) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာ အရေး




ထို့နောက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိ ခြင်းရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၆၇ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို မသိရှိကြောင်းဖြေဆိုပြီး၊ ၃၃ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်၏ တာဝန်များကို သိရှိကြောင်း ဖြေဆိုကြသည်။ ထို့နောက်တွင် ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော် (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်) များတွင် ရှိ/ မရှိ သိရှိခြင်းရှိ/ မရှိကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ အများစုဖြစ်သည့် ၆၀ ရာခိုင်နှုန်းကျော်ကျော်သည် လွှတ်တော်များအတွင်း ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိကို ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။


ထန်တလန်မြို့နယ်ရှိဖြေဆိုသူများသည် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်အပေါ် စိုးရိမ်မှု ရှိ/ မရှိလေ့လာရာတွင် ဖြေဆိုသူ များ၏ ၅၆ ရာခိုင်နှုန်းသည် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှုမရှိကြပေ။ ၁၄ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် စိုးရိမ်မှု ရှိသည်ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် မသိဟု ဖြေဆိုသော ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ထန်တလန်မြို့နယ်ရှိ ဖြေဆိုသူ များ၏ ထက်ဝက်ကျော်သည် ထန်တလန်မြို့နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချမှုရှိပြီး၊ စိုးရိမ်မှုမရှိပေ။

ပုံ (၁၀-၂-၇ ) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှု




မဲဆန္ဒရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ရှိသည့် ကြိမ်ရေကိုလည်း လေ့လာခဲ့သည်။ ဖြေဆိုသူ များ၏ ၂၇ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဖူးခြင်းမရှိပေ။ ဖြေဆိုသူ၏ ၁၃ ရာခိုင်နှုန်းအနေဖြင့် အနည်းဆုံး တစ်ကြိမ် တွေ့ဖူးကြောင်း တုံ့ပြန်ကြသည်။ တွေ့ဖူးသည့် ကြိမ်ရေအများဆုံးဖြစ်သည့် (၅) ကြိမ်နှင့်အထက်တွေ့ရှိမှုသည် ၂ ရာခိုင်နှုန်းသာရှိ သည်။ ထို့ကြောင့် ထန်တလန်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် ၎င်းတို့လွှတ်တော်ကိုယ်စားလှယ်များနှင့် မတွေ့ဖူးသည့် ရာခိုင်နှုန်းက ပိုများ ပေသည်။

ပုံ ( ၁၀-၂-၈) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဖူးသည့် ကြိမ်ရေ (n=98)





ထို့အပြင် မိမိမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အတွင်း မည်သည့် တာဝန်များထမ်းဆောင်လျက် ရှိသည်ကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၇၈ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်ရှိ

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့် တာဝန်များကို ထမ်းဆောင်လျက်ရှိသည်ကို မသိရှိကြပေ။ ထို့ကြောင့် ဖြေဆိုသူ များ၏ သုံးပုံ နှစ်ပုံ ကျော်သည် ၎င်းတို့မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်းတွင် မည်သည့်အရေး ကိစ္စများလုပ်ဆောင်နေသည်ကို မသိကြပေ။

## ရဲဌာန (ဂန်ထမ်းများ)အပေါ် ထန်တလန်ဒေသခံများ၏အမြင်များကို လေ့လာခြင်း

ထန်တလန်ဒေသခံများ၏ ရဲဌာန(ဂန်ထမ်း)များအပေါ် ထင်မြင်ယူဆချက်များနှင့် လက်တွေ့ဆက်ဆံရာတွင် တွေ့ကြုံရသည့်အတွေ့အကြုံများကို လေ့လာတင်ပြပါမည်။ လေ့လာမှု၏ခြုံငုံသုံးသပ ်ချက်အရ ဖြေဆိုသူများ၏ ၅၁ ရာခိုင်နှုန်းသည် ရဲဌာန၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်တွင် "စိတ်ကျေနပ်မှုမရှိ" ဟု ဖြေဆိုသည်ကို တွေ့ရှိရသည်။ ၃၆ ရာခိုင်နှုန်းသည် "စိတ်ကျေနပ်မှု ရှိသည်" ဟုဖြေဆိုသည်။ ကျန် ၁၃ ရာခိုင်နှုန်းသည် ရဲဌာန၏ လုပ်ဆောင်ချက်များကို "မသိရှိ" ဟု ဖြေဆိုကြသည်။ သုံးသပ်ချက်အရ လေ့လာရာဒေသတွင် ရှိသော ရဲဂန်ထမ်းများ၏ ပြည်သူ့ဂန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ရှိနေသေးသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ သို့မဟုတ် ဒေသခံများ၏ ယုံကြည်မှုများပိုမို ရရှိရန် ကြိုးပမ်းမှုများ လိုအပ်နေမည်ဖြစ်သည်ကို ကောက်ချက်ချနိုင်သည်။ ၎င်းတို့ကို ပုံ(၁၀-၂-၉ ) တွင်ဖော်ပြထားပါသည်။

ပုံ( ၁၀-၂-၉) ရဲဌာန (ဂန်ထမ်းများ)အပေါ် ထန်တလန်ဒေသခံများ၏အမြင်စစ်တမ်း အားတင်ပြမှု





အသေးစိတ်ကွင်းဆင်းလေ့လာ တွေ့ရှိချက်များကို ပုံ(၁၀-၂-၉)ဖြင့် ရှင်းလင်းဆွေးနွေးထားပါသည်။ စစ်တမ်းကောက်ယူမှုတွင် လေ့လာမည့်ဇရိယာနှင့် နမူနာများကို သတ်မှတ်ကာ စစ်တမ်းကောက်ယူ လေ့လာခဲ့ပါသည်။ သက်ဆိုင်ရာမေးခွန်းအလိုက် တွေ့ရှိချက်များကို အောက်တွင်ရှင်းလင်း ဆွေးနွေးထားပြီး ၊ ပုံ(၁၀-၂-၉) [ ဖြင့်ယှဉ်တွဲလေ့လာနိုင်ပါသည်။ မေးခွန်းအလိုက်တွေ့ရှိချက်များမှာ_

ရဲဌာန(ဂန်ထမ်း)များ၏ အရည်အသွေးနှင့် ပြည်သူ့ဂန်ဆောင်မှု ပေးခြင်းဆိုင်ရာ စစ်တမ်း၏မေးခွန်းအား စစ်တမ်းကောက်ယူရန် ဒေသခံလူဦးရေ(၉၉)ဦးကို မေးမြန်းရာတွင် ၎င်းဦးရေ၏ ၇၈% သည် ရဲဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်အား မသိရှိကြသည်ကို တွေ့ရှိရသည်။

(က) ရဲဌာန (ဂန်ထမ်း)များအား အားကိုးယုံကြည်မှုဆိုင်ရာမေးခွန်းတွင် ဒေသခံလူဦးရေ(၁၀၀)ဦးကို မေးမြန်းရာ ၆၀ရာခိုင်နှုန်း သည် ရဲဌာန (ဂန်ထမ်း)များကို ယုံကြည်အားကိုးကြပြီး၊ ၃၃ရာခိုင်နှုန်း သည်ယုံကြည်မှု

မရှိကြသူများဖြစ်ကာ၊ ၇ရာခိုင်နှုန်း သည် ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့်ဆက်ဆံမှု မရှိကြဖူးသူများအဖြစ် တွေ့ရှိထားပါသည်။

ပုံ ( ၁၀-၂-၁၀) ရဲဌာန(ဝန်ထမ်း)များအပေါ် ဒေသခံပြည်သူများ၏ အမြင်




| | အားကိုးယုံကြကည်မှု(n=၁၀၀) | အချိန်ကိုက်ဆောင်ရွက်မှု(n=၁၀၀) | ဘက်လိုက်မှုကင်း(n=၉၉) | စွမ်းဆောင်ရည်ည် (n=၁၀၀) | အမျိုးသွီးအမှုတိုင်ကြားမှု(n=၁၀၀) |
|---|---|---|---|---|---|
| ထောက်ခံ | 60% | 32% | 31% | 26% | 47% |
| မထောက်ခံ | 33% | 50% | 47% | 56% | 41% |
| သာမန် | 7% | 18% | 21% | 18% | 12% |

(ခ) ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးမှု ကိုလေ့လာရာတွင် လူဦးရေ (၁၀၀) ဦးကို လေ့လာခဲ့သည်။ ၎င်းလူဦးရေ၏ ၅၀ရာခိုင်နှုန်း သည် ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် "နှောင့်နှေးကြန့်ကြာမှုများ" ရှိသည်ဟု ထင်မြင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျန်သော ၃၂ ရာခိုင်နှုန်း သည် ရဲဌာနများ၏ စွမ်းဆောင်ရည်ကို "ထောက်ခံ" အားပေးကြပြီး၊ ၁၈ ရာခိုင်နှုန်းသည် ရဲဌာန၏လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့်ဆက်ဆံမှု မရှိကြဖူးသူများအဖြစ် တွေ့ရှိထားပါသည်။


(ဂ) ရဲဌာနများ၏ ပြည်သူ့ ဝန်ဆောင်မှုများဆောင်ရွက်ရာတွင် ဘက်လိုက်မှုကို လေ့လာရာ၌ ဒေသခံလူဦးရေ (၉၉) ဦးကို လေ့လာခဲ့သည်။ အဆိုပါဦးရေ၏ ၄၇ ရာခိုင်နှုန်းသည် ရဲဌာနများက လုပ်ငန်းများ ဆောင်ရွက်မှုတွင် "ဘက်လိုက်မှု" ရှိနေသည်ဟု ထင်မြင်ယူဆကြသည်ကို လေ့လာတွေ့ရှိရပြီး၊ ၃၁ ရာခိုင်နှုန်းသည် ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို "ထောက်ခံ" ကြသည်။ ကျန် ၂၁ ရာခိုင်နှုန်းသည် ရဲဌာန၏ လုပ်ဆောင်ချက်များကို "မသိ" ရှိကြပေ။ ဆိုလိုသည်မှာ အဆိုပါ ဖြေဆိုသူများမှာ ရဲဌာနများနှင့် ဆက်ဆံမှု မရှိကြသူများအဖြစ် တွေ့ရှိရပါသည်။


(ဃ) ရဲဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်အား လေ့လာရာတွင် လူဦးရေ ၁၀၀ ကို စစ်တမ်းကောက်ယူခဲ့ သည်။ ထို ဦးရေ၏ ၅၆ ရာခိုင်နှုန်းသည် ရဲဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် "အားနည်းချက်" ရှိသည်ဟု ၎င်းတို့ ယူဆခဲ့ကြသည်။ ၂၆ ရာခိုင်နှုန်းအနေဖြင့် "အားနည်းချက်" မရှိဟု ယူဆကြသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ကျန်ရာခိုင်နှုန်းသည် ရဲဌာန၏ လုပ်ဆောင်ချက်များကို မသိရှိကြသူများ၊ ရဲဌာနများနှင့် ဆက်ဆံမှုမရှိဖူးဟု ဖြေဆိုကြောင်းလည်း တွေ့ရှိရသည်။

(င) အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရမှုများ သို့မဟုတ် ညှင်းပန်းနှိပ်စက်မှုများနှင့် ကြုံလာပါက ရဲဌာနသို့ တိုင်ကြားမှု ရှိ/မရှိ ရပ်ရွာ၏ အမြင်ကို လေ့လာရာတွင် ဖြေဆိုသူ စုစုပေါင်း ဦးရေ ၁၀၀ တွင် ၄၁ ရာခိုင်နှုန်းသည် အဆိုပါ ကိစ္စများကြုံတွေ့ပါက ရဲဌာန သို့ သတင်းပေးတိုင်ကြားမှု "မရှိ"ဟု ထင်မြင်ကြောင်း ဖြေဆိုကြပြီး၊ ၄၇ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် အဆိုပါ အမှုကိစ္စများကို ရဲဌာနများသို့ တိုင်ကြားမှုရှိသည်ဟု ဆိုကြသည်။ ကျန် ၁၂ ရာခိုင်နှုန်းသည် ရဲဌာန၏ လုပ်ဆောင်ချက်များကို "မသိ" ဟု ဖြေဆိုကြကြောင်း တွေ့ရှိရသည်။

ထန်တလန်မြို့နယ်၏ တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူ လေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေဘောက်တော်သားများ၊ တရားရေးအမှုထမ်းများနှင့် တရားရုံး၏တရားစီရင်မှုအပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။ လေ့လာမှုတွင် တရားစီရင်မှုအား မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှုနှင့် အမျိုးများနှင့်ဆက်နွယ်သောအမှုများအား တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ယူဆချက်များကို ကိုယ်စားပြု ခြုံငုံမိစေရန် ရပ်ကွက်များနှင့်ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျစာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင် ပုံနှင့်တကွရှင်းလင်း ဖော်ပြထားပါသည်။

ပုံ ( ၁၀-၂-၁၁) တရားစီရင်မှုအပေါ် ဒေသခံပြည်သူများ၏ အမြင်




| | မျှတမှု(n=99) | အချိန်/ဖြေရှင်း(n=99) | အမျိုးသမီးအရေး(n=100) |
|---|---|---|---|
| ထင်ပါသည် | 54% | 64% | 41% |
| မထင်ပါ | 40% | 29% | 47% |
| မသိပါ | 6% | 7% | 12% |

ကွင်းဆင်းလေ့လာမှုတွင် ဒေသရှိလေ့လာသူ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ ထောက်ခံမှုမရှိသည်ကို တွေ့ရှိရပြီး၊ ၄၁ရာခိုင်နှုန်းသည် ဒေသတွင်းတရားစီရင်မှုအား ယုံကြည်ထောက်ခံသည်ကို လေ့လာတွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၈ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ၄င်းတို့ကို ပုံ(၁၀-၂-၁၁) တွင် ဖော်ပြထားသည်။

အသေးစိတ်လေ့လာတွေ့ရှိချက်များအား ပုံ(၁၀-၂-၁၁) တွင် ဖော်ပြထားသည်။ ၄င်းတို့မှာ_

(က) မိမိတို့ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်သော လေ့လာသူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၅၄ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၆ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိ၊ မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၆၄ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှုမရှိဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၂၉ ရာခိုင်နှုန်းသည် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၇ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

(ဂ) အမျိုးသမီးရေးရာ ကိစ္စရပ်များအား တိုင်ကြားမှုတွင် တရားစီရင်၊ ဆုံးဖြတ်မှုများကို လေ့လာထားခြင်း ဖြစ်သည်။ လေ့လာမှုတွင် သက်မှတ်ထားသော လေ့လာသူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၄၇ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ၁၂ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

## (၁၀-၃) ဖလမ်းမြို့နယ်

ဖလမ်းမြို့နယ်သည် အရှေ့ဘက်တွင် ကလေးမြို့နယ်၊ တောင်ဘက်တွင် ဟားခါးမြို့နယ်၊ အနောက်ဘက်တွင် ထန်တလန်မြို့နယ်၊ အိန္ဒိယနိုင်ငံ မိဇိုရမ်းပြည်နယ် နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် တီးတိန်မြို့နယ် တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။ ဖလမ်းမြို့နယ်နှင့် မြို့တို့၏ ဧရိယာသည် အောက်ဖော်ပြပါ အတိုင်း ဖြစ်သည်။

ဇယား (၁၀-၃-၁ )- ဖလမ်းမြို့နယ်နှင့် မြို့တို့၏ အကျယ်အဝန်းပြဇယား

| မြို့အမည် | မြို့ဧရိယာစတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာစတုရန်းမိုင် |
|---|---|---|---|
| ဖလမ်း | ၂.၀၂ | - | ၉၈၈.၉၀ |
| ရိခေါဒါရ် | ၁.၂၂ | - | - |
| ကျေးရွာ | - | ၉၈၅.၆၆ | - |
| မြို့နယ် | ၃.၂၄ | ၉၈၅.၆၆ | ၉၈၈.၉၀ |

ဖလမ်းမြို့နယ်သည် ချင်းပြည်နယ်မြောက်ပိုင်းတွင် တည်ရှိပြီး စီးပွားရေး အတော်အသင့် ကောင်းမွန်သော မြို့နယ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖလမ်းမြို့နယ်သည် ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်တွင် တည်ရှိပြီး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့်ဖြစ်သည်။ ဒေသခံများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြသည်။

ဇယား (၁၀-၃-၂ )-ဒေသအတွင်း အဓိက စိုက်ပျိုးသီးနှံ (၃) မျိုးကို ရွေးချယ်ဖော်ပြခြင်း (၂၀၁၆-၂၀၁၇ ခုနှစ်)

| သီးနှံ | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| စပါး (မိုး) | ၂၈၀၄ | ၂၈၀၄ |
| နေကြာ (ဆောင်း) | ၅၉၅ | ၅၉၅ |
| အစေ့ထုတ်ပြောင်း | ၈၆၈၄ | ၈၆၃၃ |

ဖလမ်းမြို့နယ်တွင် စိုက်ပျိုးသီးနှံ များစွာရှိပါသည်။ အဆိုပါ သီးနှံများအနက် အများဆုံး စိုက်ပျိုးသည့် သီးနှံ (၃) မျိုးကို ဖော်ပြပါသည်။ ဇယားတွင်ဖော်ပြချက်အရ သီးနှံ (၃) မျိုးလုံးသည် စိုက်ဧကနှင့် ရိတ်သိမ်းဧကမှာ

တူညီမှုရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ စိုက်ဧက ပမာဏနှင့် ရိတ်သိမ်းဧက တူညီမှုကြောင့် အဆိုပါ သီးနှံများသည် ဈေးကွက်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ဇယား (၁၀-၃-၃) နှစ်ရှည်သီးနှံ (၃) မျိုးကို ရွေးချယ်ဖော်ပြခြင်း

| သီးနှံ | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| လိမ္မော် | ၁၇၀ | ၅၅ |
| ထောပတ် | ၂၈၇ | ၂၇၇ |
| သရက် | ၁၀၂ | ၉၃ |

ဖလမ်းမြို့နယ်တွင် နှစ်ရှည်သီးနှံများကိုစိုက်ပျိုးပါသည်။ အထက်ဖော်ပြပါ ဇယားသည် စိုက်ပျိုးလျက်ရှိသော နှစ်ရှည်သီးနှံများထဲတွင်အများဆုံး စိုက်ပျိုးသော သီးနှံ (၃) မျိုးကို ရွေးချယ်ဖော်ပြခြင်းဖြစ်သည်။ အထက်ဖော်ပြပါ သီးနှံ (၃) မျိုးတွင် ထောပတ်သည် စိုက်ဧကနှင့် ရိတ်သိမ်းဧက များစွာကွာခြားမှုမရှိပေ။ ကွာခြားမှု အများဆုံးမှာ လိမ္မော်သီး ဖြစ်သည်။

ဖလမ်းမြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ကိုင်ကြပြီး၊ စက်မှုလုပ်ငန်းများ မရှိပေ။ လမ်းမကြီးဘေးတွင်တည်ရှိသောကြောင့် ကုန်သွယ်မှုမှာ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက အားသာချက်များစွာရှိသည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်ဧကနှင့် ရိတ်သိမ်းဧကမှာ များသောအားဖြင့် တူညီမှုရှိနေသည်ကို ယေဘုယျအားဖြင့်ဆိုနိုင်ပေသည်။

ထို့ပြင် ဖလမ်းမြို့နယ်၏ စာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်နှင့် အထက်)သည် ၈၈.၅ ရာခိုင်နှုန်းရှိသည်။ ကျား/မ စာတတ်မြောက်မှုနှုန်းမှာလည်း များစွာ ကွာခြားမှုမရှိပေ။ ဖလမ်းမြို့နယ်တွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိ (အသက်၁၅-၆၄နှစ်) သည့် ရာခိုင်နှုန်းမှာ ၇၅.၅ ရာခိုင်နှုန်းရှိသည်။ အဆိုပါ လုပ်သားအင်အားတွင် အလုပ်အကိုင်ရရှိ မှုအချိုးမှာ ၇၂.၃ ရာခိုင်နှုန်းရှိပြီး၊ အလုပ်လက်မဲ့ ရာခိုင်နှုန်းမှာ ၄.၂ ရာခိုင်နှုန်းရှိသည်။ (ပြည်သူ့အင်အားဦးဌာန၊ , မေ၊ ၂၀၁၇)

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

ဖလမ်းမြို့နယ်ရှိ ပြည်သူများအား ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ မေးခွန်းများ မေးမြန်းခဲ့သည်။

ဇယား (၁၀-၃-၄) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၉၇ % | ၃ % |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၉၀ % | ၁၀ % |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၈၉ % | ၁၁ % |

ဖလမ်းမြို့နယ်ရှိရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် ဒေသခံ ရပ်မိရပ်ဖများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်မှု ရှိ/မရှိကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၆၄ ရာခိုင်နှုန်းမှ အုပ်ချုပ်ရေးမှူးသည် ပုံမှန်အစည်းအဝေးကျင်းပ ပြုလုပ်လေ့

ရှိသည်ဟုဖြေဆိုပြီး၊ ကျန် ဖြေဆိုသူ၏ ၁၅ ရာခိုင်နှုန်းသည် ပုံမှန်ပြုလုပ်လေ့မရှိဟု ဖြေဆိုကြသည်။ ၂၀ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် အုပ်ချုပ်ရေးမှုးများအနေဖြင့် ပုံမှန်အစည်းအဝေးလုပ်ခြင်းရှိ/ မရှိ ၎င်းတို့အနေဖြင့် မသိ ကြောင်းဖြေဆိုကြသည်။


ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူများသည် ၎င်းတို့၏ မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှုးများကို သိသည်ဟု ဖြေဆို သည့် ရာခိုင်နှုန်းသည် ၉၇ ရာခိုင်နှုန်းဖြစ်ပြီး၊ မသိဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၃ ရာခိုင်နှုန်းဖြစ်သည်။

ထိုသို့သာမက ဖြေဆိုသူများကို အုပ်ချုပ်ရေးမှုးရွေးချယ်သည့်ကိစ္စများကိုလည်း မေးမြန်းခဲ့သည်။ အုပ်ချုပ်ရေးမှုး မည်ကဲ့သို့ ရွေးချယ်ရသည်ကို သိ/ မသိ ကို မေးမြန်းခဲ့ရာတွင် ဖြေဆိုသူ များ၏ ၉၈ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် ရပ်/ ကျေး အုပ်ချုပ်ရေးမှုး ရွေးချယ်ပုံ သိရှိကြောင်းဖြေဆိုကြသည်။ ၁၁ ရာခိုင်နှုန်းကသာ မသိဟု ဖြေဆိုသည်။ ထို့ကြောင့် ဖလမ်းမြို့ နယ်ရှိ ဖြေဆိုသူ အများစုသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှုး ရွေးချယ်သည့် ကိစ္စများတွင် ဗဟုသုတများရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ထို့နောက်တွင် ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူများကို ရပ်ကွက်နှင့် ကျေးရွာရပ်/ကျေးအုပ်ချုပ်ရေးမှုးများ၏ တာဝန် များကို သိရှိခြင်းရှိ /မရှိကိုမေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၈၉ ရာခိုင်နှုန်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှုး ၏ တာဝန်များကို သိရှိသည်ဟု ဖြေဆိုကြပြီး၊ မသိဟု ဖြေဆိုသည်မှာ ၁၁ ရာခိုင်နှုန်းဖြစ်သည်။

ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ စုစုပေါင်းတွင် ရပ်ကွက်နှင့် ကျေးရွာရပ်/ကျေးအုပ်ချုပ်ရေးမှုးများ၏ တာဝန်များကို သိရှိသည့် ရာခိုင်နှုန်းမှာ ၉၈ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြခဲ့သည်။ သိသည် ဟု ဖြေဆိုသော အဆိုပါ ရာခိုင်နှုန်းတွင် ၎င်းတို့ သိရှိထားသော ရပ်/ ကျေး ရပ်/ကျေးအုပ်ချုပ်ရေးမှုးများ၏ တာဝန်များကို ဆက်လက်လေ့လာရာတွင် ၄၂ ရာခိုင်နှုန်းသော အဖြေများတွင် ထောက်ခံစာရေးသားခြင်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှုးများ၏ တာဝန်များဖြစ်ကြောင်း၊ ၂၃ ရာခိုင်နှုန်းမှာ ညှိစာရင်း တိုင်ကြားခြင်းဖြစ်သည်ဟု ဖြေဆိုကြ သည်။

ပုံ (၁၀-၃-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှုးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




ကျန်ရှိသော အဖြေများသည် ဖြေဆိုမှု များ၏ ၁၀ ရာခိုင်နှုန်းအောက်အဖြေများဖြစ်သည်။ အဆိုပါရာခိုင်နှုန်း တွင် ရပ်/ ကျေး ရပ်/ကျေးအုပ်ချုပ်ရေးမှုးများ၏ တာဝန်မှာ ကျန်းမာရေးစောင့်ရှောက်မှုများ၊ အိမ်ယာမြေ အငြင်းပွားမှုများ၊ ပညာရေး စသည့် လုပ်ငန်းဆောင်တာများဖြစ်သည်ဟု ဖြေဆိုခဲ့သည်။

ဖလမ်းမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့ပါက ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် မည်သည့် စိုးရိမ်မှုများရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၇၂ ရာခိုင်နှုန်းသည် ရပ်/ ကျေးအုပ်ချုပ်ရေးမှူး သည် အမျိုးသမီးဖြစ်ခဲ့ပါကလည်း မည်သည့် စိုးရိမ်မှုမှ မရှိကြောင်းဖြေဆိုကြသည်။ ၂၈ ရာခိုင်နှုန်းအနေဖြင့် စိုးရိမ်မှုများ ရှိသည်ဟုဆိုသည်။ ထို့ကြောင့် ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ အများစုသည် ဖလမ်းမြို့နယ်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်လာမည်ဆိုပါက စိုးရိမ်မှုမရှိဟု နားလည်နိုင်ပေသည်။

ထို့မှတစ်ဆင့် အမျိုးသားဖြေဆိုသူများအကြား စိုးရိမ်မှု/ မစိုးရိမ်မှု အခြေအနေကို ဆက်လက်၍ ခွဲခြမ်းစိတ်ဖြာခဲ့သည်။ အမျိုးသားဖြေဆိုသူ စုစုပေါင်းတွင် ဖလမ်းမြို့နယ်ရှိ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှု မရှိဟု ဖြေဆိုသည့် အမျိုးသား ၇၂ ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများ အုပ်ချုပ်ရေးမှူးများဖြစ်လာမည်ဆိုပါက စိုးရိမ်သည်ဟု ဖြေဆိုသည့် အမျိုးသားရာခိုင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းရှိသည်။ အလားတူ အမျိုးသမီးဖြေဆိုသူများကိုလည်း ဆက်လက်၍ လေ့လာခဲ့သည်။ ဖြေဆိုသူ အမျိုးသမီးစုစုပေါင်းတွင် ဖလမ်းမြို့နယ်တွင် အမျိုးသမီးများ အုပ်ချုပ်ရေးမှူးများဖြစ်လာမည် ဆိုပါက စိုးရိမ်မှုမရှိဟု ဖြေဆိုသည့် ရာခိုင်နှုန်းသည် ၇၄ ရာခိုင်နှုန်းရှိသည်။ အမျိုးသမီးများ ရပ်/ကျေး အုပ်ချုပ်ရေးမှူးဖြစ်လာမည်ဆိုပါက စိုးရိမ်သည်ဟု ဖြေဆိုသည့် အမျိုးသမီးဖြေဆိုသူ ၂၆ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ဖလမ်းမြို့တွင် ရပ်/ ကျေး အုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့ပါက ဖြေဆိုသူ အမျိုးသမီးများကိုယ်တိုင် စိုးရိမ်မှုများရှိနေသည်။ ဇယား (၁၀-၃-၅ ) တွင် ကြည့်ပါ။

ဇယား (၁၀-၃-၅ ) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက မြို့နယ်အတွက် စိုးရိမ်မှုရှိပါသလား (n=82)

| | မြို့နယ် ဖလမ်း | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 28% | 30% | 26% |
| စိုးရိမ်မှုမရှိပါ | 72% | 70% | 74% |
| | 100% | 100% | 100% |


ဖလမ်းမြို့နယ်တွင် အမျိုးသမီးအုပ်ချုပ်ရေးမှူးများပေါ်ပေါက်လာရန်အတွက် အဓိက အတားအဆီး အဟန့်အတား များကိုလည်းဆက်လက်လေ့လာခဲ့သည်။ အဆိုပါမေးခွန်းပေါ်တွင် ဖြေဆိုသူများ၏ တုံ့ပြန်မှုများသည် အခြား မြို့နယ်ရှိဖြေဆိုမှုများအတိုင်း အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စ၊ ကိုယ်ဝန်ဆောင်ရခြင်း၊ မီးဖွားချိန်တွင် အလုပ်မလုပ်နိုင်ခြင်း၊ ပတ်ဝန်းကျင်မှ သတ်မှတ်ထားသော ရိုးရာဓလေ့များ စသည်တို့သည် အမျိုးသမီးများအတွက် အတားအဆီးများဖြစ်သည်။ ထို့အပြင် အမျိုးသမီးများ အနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်း နှင့် ဦးဆောင်မှုမလုပ်နိုင်ခြင်းများသည်လည်း ၎င်းတို့အတွက် အတားအဆီး ဖြစ်နိုင်ကြောင်း တုံ့ပြန်ကြသည်။ အချို့သော ဖြေဆိုသူများအနေဖြင့် အထက်တွင်ဖော်ပြခဲ့သော ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ၊ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှု ဆိုင်ရာကိစ္စများတွင် အမျိုးသမီးများအနေဖြင့် ထိုသို့အတွေ့အကြုံများရရှိရန် အခွင့်အရေးများ မရရှိခဲ့သောကြောင့် ထို့ကဲ့သို့ အခွင့်အရေးပေးမည်ဆိုပါက အမျိုးသမီးများအနေဖြင့်လည်း ဦးဆောင်နိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်း စသည့် လုပ်ဆောင်ချက်များလည်း လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း တုံ့ပြန်ကြသည်။

### အခွန်ထမ်းဆောင်ခြင်း

ဖလမ်းမြို့နယ်မှ ဖြေဆိုသူများအား အခွန်နှင့် ဆိုင်သော ဗဟုသုတများနှင့် အမြင်များကို လေ့လာရာတွင် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုသူ ၆၇ ရာခိုင်နှုန်းရှိပြီး ၂၇ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုထားသည်။ အခွန်ဆောင်ခြင်း အကျိုးကျေးဇူးကို သိသည်ဟု ဖြေဆိုသူ ၄၇ ရာခိုင်နှုန်းရှိပြီး ၅၃ ရာခိုင်နှုန်းမှာ မသိပါဟု


ဖြေဆိုထားသည်။ ဖြေဆိုသူများ၏ ၉၁ ရာခိုင်နှုန်းသည် အစိုးရက အခွန်ထမ်းပြည်သူများအပေါ် မည်သည့်ဝန်ဆောင်မှုများပေးသည်ကို မသိပါဟု ဖြေဆိုထားပြီး ၉ ရာခိုင်နှုန်းမှာ သိသည်ဟု ဖြေဆိုထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုကြသော်လည်း အခွန်နှင့် ပတ်သက်သည့် ပြန်လည်ခံစားရမည့် အကျိုးကျေးဇူးများနှင့် အခွန်ဆောင်ခြင်းမှ ပြည်သူများအပေါ် အစိုးရ၏ ဝန်ဆောင်မှုများကိုလည်း မသိသည့် ရာခိုင်နှုန်းမှာ မြင့်တက်လျက်ရှိသည်။ ပုံ ( ၁၀-၃-၂) တွင် ကြည့်ပါ။

ပုံ ( ၁၀-၃-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတများ




ထို့နောက်တွင် ပြည်သူများအနေဖြင့် အခွန်ဆောင်ဖူးခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၂၁ ရာခိုင်နှုန်းသည် အခွန်မဆောင်ဖူးပါဟု ဖြေဆိုကြပြီး၊ ကျန် ၇၉ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။ ထို့ကြောင့် ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ အများစုအနေဖြင့် အခွန်ဆောင်ဖူးသည့် အတွေ့အကြုံရှိဖူးသူများဖြစ်သည်။


ပုံ (၁၀-၃-၃ ) အခွန်ဆောင်ဖူးပါသလား (n=67)




သို့သော်၎င်းတို့အနေဖြင့် မည်သည့် အခွန်အမျိုးအစားများ သို့မဟုတ် ၎င်းတို့နားလည်ထားသော အခွန်ဆောင်ခြင်းများကို ဆက်လက်လေ့လာရာတွင် ဖြေဆိုသူ အများစုအနေဖြင့် မီတာခဆောင်ခြင်း၊ ရေခွန်၊ မြေခွန်၊ အိမ်ခွန် စသည်တို့ဖြင့် အခွန်ထမ်းဆောင်ဖူးကြောင်းဖြေဆိုကြသည်။


ဤလေ့လာမှုသည် ဌာနဆိုင်ရာများအပေါ် ပြည်သူများအနေဖြင့် မည်ကဲ့သို့ အထင်အမြင်များရှိနေသည်ကိုလေ့လာလိုသည့် ရည်ရွယ်ချက်လည်းရှိသည်။ ထို့ကြောင့် ဖလမ်းမြို့နယ်မှ ဖြေဆိုသူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ် ဆောင်ရွက်ဖူးသည့် ရာခိုင်နှုန်းမှာ ဖြေဆိုသူ စုစုပေါင်းတွင် ၅၅ ရာခိုင်နှုန်းရှိသည်။ ၄၅ ရာခိုင်နှုန်းအနေဖြင့် ဆက်သွယ် ဆောင်ရွက်ဖူးခြင်းမရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ပုံ ( ၁၀-၃-၄) တွင်ဖော်ပြထားသည့် အတိုင်း ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးကြသည်။

ပုံ ( ၁၀-၃-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား





ထိုသို့ အများစုအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်မှုတွင် မည်သည့် အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသည်ကို လေ့လာရန်လိုပေလိမ့်မည်။ ထို့ကြောင့် ဖြေဆိုသူ ၄၄ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဆက်ဆံရေး မပြေပြစ်ခြင်းနှင့် အများဆုံး ရင်ဆိုင်ခဲ့ရကြောင်း၊ ဒုတိယ အနေဖြင့် ၃၈ ရာခိုင်နှုန်းသည် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ဖလမ်းမြို့နယ်ရှိ ဌာနဆိုင်ရာများသည် ပြည်သူများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဆက်ဆံရေး မပြေပြစ်သည့်ကိစ္စသည် အများဆုံး ကြုံတွေ့နေရသော ကိစ္စဖြစ်ပေသည်။

ပုံ ( ၁၀-၃-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ




ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မြို့နယ်မှ အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၆၇ ရာခိုင်နှုန်းသည် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်ကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၃၃ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ပုံ (၁၀-၃-၆ ) တွင်ကြည့်ပါ။


ပုံ (၁၀-၃-၆ ) လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်ရွာအရေး




ထို့နောက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိ ခြင်းရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၇၄ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို မသိရှိကြောင်းဖြေဆိုပြီး၊ ၂၆ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်၏ တာဝန်များကို သိရှိကြောင်းဖြေဆိုကြသည်။ ထို့နောက်တွင် ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်များ (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်) တွင် ရှိ/ မရှိ သိရှိခြင်းရှိ/ မရှိကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ အများစုဖြစ်သည့် ၇၀ ရာခိုင်နှုန်းကျော်သည် လွှတ်တော်များအတွင်း ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိကို ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။


ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူများသည် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်အပေါ် စိုးရိမ်မှု ရှိ/ မရှိလေ့လာရာတွင် ဖြေဆိုသူ များ၏ ၅၀ ရာခိုင်နှုန်းသည် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှုမရှိကြပေ။ ၉ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် စိုးရိမ်မှု ရှိသည်ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်း သည် မသိဟု ဖြေဆိုသော ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ များ၏ ထက်ဝက်ခန့်သည် ဖလမ်းမြို့နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချမှုရှိပြီး၊ စိုးရိမ်မှုမရှိပေ။

ပုံ ( ၁၀-၃-၇) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှု



မဲဆန္ဒရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ရှိသည့် ကြိမ်ရေကိုလည်း လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၃၀ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဖူးခြင်းမရှိပေ။ ဖြေဆိုသူ၏ ၂၂ ရာခိုင်နှုန်းအနေဖြင့် အနည်းဆုံး တစ်ကြိမ်တွေ့ဖူးကြောင်း တုံ့ပြန်ကြသည်။ တွေ့ဖူးသည့် ကြိမ်ရေအများဆုံးဖြစ်သည့် ငါးကြိမ်နှင့် အထက်တွေ့ရှိမှုသည် ၁ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ အများစုသည် ၎င်းတို့လွှတ်တော်ကိုယ်စားလှယ်များနှင့် မတွေ့ဖူးသည့် ရာခိုင်နှုန်းက ပိုများ ပေသည်။

ပုံ (၁၀-၃-၈ ) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဖူးသည့် ကြိမ်ရေ (n=92)





ထို့အပြင် မိမိမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အတွင်း မည်သည့် တာဝန်များထမ်းဆောင်လျက် ရှိသည်ကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၆၀ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့်တာဝန်များကို ထမ်းဆောင်လျက်ရှိသည်ကို မသိရှိကြပေ။ ထို့ကြောင့် ဖြေဆိုသူ များ၏ သုံးပုံ နှစ်ပုံ ခန့်သည် ၎င်းတို့မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်းတွင် မည်သည့် လုပ်ငန်းအရေးကိစ္စများလုပ်ဆောင်နေသည်ကို မသိကြပေ။

**ရဲဌာန** (ဂန်ထမ်းများ) အပေါ် ဖလမ်းမြို့နယ်ဒေသခံများ၏ အမြင်သဘောထားများကို လေ့လာခြင်း

ဤအခန်းသည် ဖလမ်းမြို့နယ်ရှိ ဒေသခံများအနေဖြင့် ရဲဌာန (ဂန်ထမ်း) များအပေါ် ၎င်းတို့၏ ထင်မြင်သုံးသပ်မှုများကို တင်ပြသွားမည်ဖြစ်ပါသည်။ ရာဇဝတ်မှုများ တားဆီးနှိမ်နင်းခြင်း၊ ရပ်ရွာ၏ လုံခြုံရေး နှင့် အေးချမ်းသာယာရေးအတွက် စောင့်ရှောက်ခြင်း စသည့် တာဝန်များသည် ရဲဌာနများ၏ မူလတာဝန်များဖြစ်သည်။ ၎င်းတို့ ၏ ဆောင်ရွက်ချက်များကို ရပ်ရွာလူထုအနေဖြင့် မည်ကဲ့သို့ ထင်မြင်ယူဆလျက်ရှိသည်ကို လေ့လာခြင်းအားဖြင့် ရဲဌာန (ဂန်ထမ်းများ) အတွက် အပြုသဘောဆောင်သော အထောက်အကူများ ရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်ရွက်မှုများ အပေါ် ဖလမ်းမြို့နယ်ရှိ ဒေသခံများအနေဖြင့် မည်ကဲ့သို့ အမြင်သဘောထားရှိသည် ကိုလေ့လာရာတွင် ဖြေဆိုသူ၏ စုစုပေါင်း ၅၆ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်ရွက်မှု အပေါ်တွင် "စိတ်ကျေနပ်မှု မရှိ" ဟုဖြေဆိုသည်ကို တွေ့ရှိရသည်။ ဖြေဆိုသူ၏ ၂၉ ရာခိုင်နှုန်း သည် ရဲဌာန (ဂန်ထမ်း) များ၏ ဆောင်ရွက်ချက်များအပေါ် "ကျေနပ်မှု ရှိသည်" ဟု တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းမှာ ၎င်းတို့အနေဖြင့် မည်သည့်မှတ်ချက်မှ မပေးလိုကြောင်း ဖြေဆိုကြသည်။ ထို့ကြောင့် ပုံတွင် ဖော်ပြချက်အရ

ဖလမ်းမြို့နယ်တွင် ရဲဌာန (ဂန်ထမ်း) များအနေဖြင့် လုပ်ငန်းတာဂန်များကို ပိုမိုမြင့်တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ဟု ကောက်ချက်ချရမည်ဖြစ်သည်။ ၎င်းတို့ကို ပုံ (၁၀-၃-၉ ) တွင် ဖော်ပြထားပါသည်။

ပုံ(၁၀-၃-၉ ) ရဲဌာန (ဂန်ထမ်းများ)အပေါ် ဒေသခံများ၏ အမြင်စစ်တမ်း အားတင်ပြမှု





ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်တာများအပေါ် ရပ်ရွာ၏ သဘောထားအမြင်များကို မေးမြန်းရာတွင် အသေးစိတ်ခွဲခြမ်း စိတ်ဖြာနိုင်ရန်အတွက် မေးခွန်းလွှာများကို ခွဲ၍ မေးမြန်းခဲ့သည်။ သက်ဆိုင်ရာ မေးခွန်းအလိုက် တွေ့ရှိချက်များကို အောက်တွင် ပုံ နှင့် တကွ ရှင်းလင်းဆွေးနွေးထားပါသည်။ ပုံ (၁၀-၃-၁၀) ဖြင့်ယှဉ်တွဲ လေ့လာနိုင်ပါသည်။

(က) မေးခွန်းအလိုက်တွေ့ရှိချက်များမှာ_ ရဲဌာန(ဂန်ထမ်း)များ၏အရည်အသွေးနှင့် ပြည်သူ့ဂန်ဆောင်မှု ပေးခြင်းဆိုင်ရာ စစ်တမ်း၏မေးခွန်းများကို ဖြေဆိုသူ ၉၇ ဦးကို မေးမြန်းရာတွင် ၆၃ ရာခိုင်နှုန်းသည် ရဲဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်အား မသိရှိကြဟု ဖြေဆိုကြသည်။ ၃၇ ရာခိုင်နှုန်းအနေဖြင့် ဆက်သွယ်ရမည့် ရဲစခန်းဖုန်းနံပါတ်ကို သိရှိသည်ဟု တုံ့ပြန်ကြသည်။

(ခ) ထို့အပြင် ရဲဌာနများအပေါ် အားကိုး ယုံကြည်မှုရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူ ဦးရေ စုစုပေါင်း ၉၇ဦးတွင် ၁၃ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များအပေါ် ယုံကြည်မှု ရှိသည်ဟု ဖြေဆိုကြပြီး၊ ၂၂ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် ရဲဌာန (ဂန်ထမ်း) များအပေါ်တွင် ယုံကြည်မှု မရှိကြောင်းဖြေဆိုကြသည်။ ကျန် ၆၅ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် မည်သည့် မှတ်ချက်မှ မပေးလိုကြောင်း၊ ထို့ကြောင့် "ကြားနေ"၊ "သာမာန်" ကိုရွေးချယ်ဖြေဆိုကြသည်။

ပုံ ( ၁၀-၃-၁၀ ) ရဲဌာန (ဂန်ထမ်းများ)အပေါ် ပြည်သူများ၏ အမြင်စစ်တမ်း အားတင်ပြမှု




| | ဖုန်းနံပါတ် (n=97) | အားကိုး ယုံကြည်မှု(n=97) | အချိန်ကိုက် ဆောင်ရွက်မှု(n... | ဘတ်လိုက်မှုကင်း (n=97) | စွမ်းဆောင်ရည် (n=96) | အမျိုးသမီး အမှုတိုင်ကားမှု(... |
|---|---|---|---|---|---|---|
| ထောက်ခံ | 37% | 13% | 8% | 4% | 13% | 9% |
| မထောက်ခံ | 63% | 22% | 29% | 49% | 31% | 52% |
| သာမန် | 0 | 65% | 63% | 46% | 56% | 39% |

(ဂ) တတိယ မေးခွန်းအနေဖြင့် ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးမှု ရှိ/ မရှိ သို့မဟုတ် ၎င်းမေးခွန်းအပေါ် ပြည်သူများ၏ အမြင်များကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၄၉ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များအနေဖြင့် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးနေသည်ကို၎င်းတို့အနေဖြင့် "သဘောမတူ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၈ ရာခိုင်နှုန်း အနေဖြင့် ရဲဌာန (ဂန်ထမ်း) များသည် အမှုများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်လျက်ရှိသည်ဟု ၎င်းတို့ ထင်မြင်ကြောင်း ထောက်ခံပြောဆိုကြသည်။ ကျန် ၆၃ ရာခိုင်နှုန်း သည် ၎င်းတို့အနေဖြင့် မည်သည့် မှတ်ချက်မှ မပေးလိုကြောင်း တုံ့ပြန်ကြသည်။ ကောက်ချက်အရ ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူ၏ ထက်ဂက်ခန့်သည် ရဲဌာန (ဂန်ထမ်း) များ၏ အမှုများဖြေရှင်းမှုများအပေါ် အားမရသည်မှာ ပေါ်လွင်လျက်ရှိသည်။ ထို့ကြောင့် ရဲဌာန (ဂန်ထမ်း) များအနေဖြင့် ဖလမ်းမြို့နယ်ရှိ ရာဇဂတ်မှုခင်းများ သို့မဟုတ် အမှုများ ကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်လို လိမ့်မည်ဖြစ်သည်။

(ဃ) ထို့အပြင် ရဲဌာနများ၏ ပြည်သူ့ ဂန်ဆောင်မှု များဆောင်ရွက်ရာတွင် ဘက်လိုက်မှု ရှိ/ မရှိကို ဒေသခံလူဦးရေ ၁၀၀ ကိုမေးမြန်းခဲ့သည်။ အဆိုပါ မေးခွန်းတွင် ဖြေဆိုသူ စုစုပေါင်း ၉၇ ဦးရှိသည်။ ဖြေဆိုသူ များ၏ ၄၉ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များအနေဖြင့် အမှုကိစ္စများ ဖြေရှင်းဆောင်ရွက်မှုတွင် "ဘက်လိုက်မှုများရှိသည်" ဟု ဖြေဆိုကြသည်။ ၄ ရာခိုင်နှုန်းအနေဖြင့် "ဘက်လိုက်မှု မရှိ" ဟု ထင်မြင်ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းဖြစ်သည့် ၄၆ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အဆိုပါမေးခွန်းအပေါ်တွင် မှတ်ချက်မပေးလိုကြောင်း ဖြေဆိုကြသည်။ ဖြေဆိုချက်များကို ကောက်ချက်ချရ မည်ဆိုပါက ဖလမ်းမြို့နယ်ရှိ ဖြေဆိုသူများသည် ရဲဌာနများ၏ ပြည်သူ့ ဂန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘက်လိုက်မှုရှိသည်ဟု ထင်မြင်ကြသည်။

(င) ရဲဌာန (ဂန်ထမ်း) များ၏ စွမ်းဆောင်ရည်များအပေါ်တွင် ပြည်သူများ၏ အမြင်များကို သိရှိနိုင်ရန် ဖလမ်းမြို့နယ်တွင် ၉၆ ဦးကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၃၁ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ စွမ်းဆောင်ရည်များအပေါ်တွင် ၎င်းတို့အနေဖြင့် စိတ်ကျေနပ်မှု မရှိကြောင်း ဖြေဆိုကြသည်။ ၁၃ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ရဲဌာန (ဂန်ထမ်း) များ၏ စွမ်းဆောင်ရည်ပေါ်တွင် ထောက်ခံဖြေဆိုကြသည်။ ကျန်ဖြေဆိုသည့် ရာခိုင်နှုန်းသည် "ကြားနေ" ဆိုသည့် အဖြေကို ဖြေဆိုကြသည်။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် ရဲဌာန (ဂန်ထမ်း)များ၏ စွမ်းဆောင်ရည်ကို "မသိ" ဟုဖြေဆိုခြင်းဖြစ်သည်။ အဆိုပါ ဖြေဆိုသူများအနေဖြင့် မည်သည့် မှတ်ချက်မှ ပေးလိုသော အခြေအနေတွင် မရှိပေ။ စုစုပေါင်း ဖြေဆိုသူများ၏ အဖြေများကို ကောက်ချက်ချမည်ဆိုပါက ဖြေဆိုသူများ၏ သုံးပုံ တစ်ပုံတွင် ရဲဌာန (ဂန်ထမ်း) များ၏ စွမ်းဆောင်ရည်ပေါ်တွင် ၎င်းတို့အနေဖြင့် စိတ်ကျေနပ်မှု မရှိ ဟုဖြေဆို ကြသော ကြောင့် ရဲဌာန (ဂန်ထမ်း) များအနေ ဖြင့် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များကို တိုးမြှင့် လုပ်ဆောင်ရန် လိုအပ်နေမည်ဖြစ်သည်။


(စ) ဤမေးခွန်းသည် အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများနှင့် ပတ်သက်ပြီး ရဲစခန်းသို့ တိုင်ကြားမှု ရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူ ဦးရေ ၉၅ ဦးတွင် ၅၂ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများနှင့် ပတ်သက်ပြီး ရဲစခန်းသို့ တိုင်ကြားမှု "မရှိ" ဟု ၎င်းတို့ ထင်မြင်ကြောင်း ဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၉ ရာခိုင်နှုန်းသည် အမျိုးသမီးများအနေဖြင့် အဆိုပါကိစ္စများကို ရဲစခန်းသို့ တိုင်ကြားကြသည်ဟု ဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "မသိ" ကြောင်း ဖြေဆိုကြသည်။ ဖလမ်းမြို့နယ်၏ ဖြေဆိုချက်များကို လေ့လာမည် ဆိုပါက ပြည်သူများအနေဖြင့် အမျိုးသမီးများဖိနှိပ်ခံရမှု သို့မဟုတ် အကြမ်းဖက်ခံရမှု စသည့် ကိစ္စများကို ရဲစခန်းသို့ "တိုင်ကြားမှုမရှိ" ဟု ထင်မြင်မှုများသည် အမှန်တကယ် အလေးထားစဉ်းစားရမည့် အကြောင်းအရာဖြစ်သည်။ ဖလမ်းမြို့နယ်ရှိ အမျိုးသမီးများအနေဖြင့် အဆိုပါ ကိစ္စများနှင့် အမှန်တကယ် ကြုံတွေ့ရပါက အဘယ်ကြောင့် ရဲစခန်းသို့ တိုင်ကြားခြင်းမရှိဘဲ၊ မည်ကဲ့သို့ ဖြေရှင်းကြသနည်းဆိုသည်မှာလည်း


စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယခုဖြေဆိုချက်များသည် ပြည်သူများ၏ အမြင်များကို ကောက်ယူထားခြင်းဖြစ်သည်။ ဖလမ်းမြို့တွင် အမျိုးသမီးများအနေဖြင့် ယခုကဲ့သို့ ရဲစခန်းသို့ တိုင် ကြားမှုမရှိခြင်း အမှန်တကယ်လည်း ဖြစ်ပေါ်နေပါက အကြောင်းရင်းများ ရှာဖွေဖော်ထုတ်ရန် နောက်ဆက်တွဲ လေ့လာမှု များလိုအပ်ပေလိမ့်မည်ဖြစ်သည်။

## ဒေသတွင်းတရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း

ဖလမ်းမြို့နယ်၏ တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူ လေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေဘောင်တော်သားများ၊ တရားရေးအမှုထမ်းများနှင့် တရားစီရင်မှုအပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။ လေ့လာမှုတွင် တရားစီရင်မှုအား မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှုနှင့် ဆွေမျိုးများနှင့်ဆက်နွယ်သောအမှုများအား တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ယူဆချက်များကို ကိုယ်စားပြု ခြုံငုံမိစေရန် ရပ်ကွက်များနှင့် ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျစာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင် ပုံနှင့်တကွရှင်းလင်း ဖော်ပြထားပါသည်။

ပုံ (၁၀-၃-၁၁) တရားစီရင်ရေးအပေါ် ပြည်သူများ၏ အမြင်




ကွင်းဆင်းလေ့လာမှုတွင် ဒေသရှိလေ့လာသူ လူဦးရေ၏ ၄၇ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ ထောက်ခံမှုမရှိသည်ကို တွေ့ရှိရပြီး၊ ၃၈ ရာခိုင်နှုန်းသည် ဒေသတွင်းတရားစီရင်မှုအား ယုံကြည်ထောက်ခံသည်ကို လေ့လာတွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၁၅ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ၎င်းတို့ကို ပုံ(၁၀-၃-၁၁) တွင် ဖော်ပြထားသည်။

အသေးစိပ်လေ့လာတွေ့ရှိချက်များမှာ-

(က) မိမိတို့ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သက်မှတ်ထားသော လေ့လာသူဦးရေ၏ ၂၀ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၄၂ ရာခိုင်နှုန်းသော ဒေသခံများ၏

ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၃၈ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိ၊ မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၇၈ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှုမရှိဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၁၈ ရာနှုန်းသည် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၄ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

(ဂ) အမျိုးသမီးရေးရာ ကိစ္စရပ်များအား တိုင်ကြားမှုတွင် တရားစီရင်၊ ဆုံးဖြတ်မှုများကို လေ့လာထားခြင်း ဖြစ်သည်။ လေ့လာမှုတွင် သက်မှတ်ထားသော လေ့လာသူဦးရေ၏ ၄၃ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၅၃ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ၄ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

## (၁၀-၄) တီးတိန်မြို့နယ်

တီးတိန်မြို့နယ်၏ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၊ တောင်ဘက်တွင် ဖလမ်းမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် တွန်းဇန်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။

ဇယား (၁၀-၄-၁) တီးတိန်မြို့နယ်၏ အကျယ်အဝန်းပြဇယား

| မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု၊ ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|
| တီးတိန်မြို့ | ၁.၀၃၁ | ၉၄၈.၁၇ | ၉၄၉.၂၀၁ |
| ခိုင်ကမ်းမြို့ | ၀.၄၈၉ | - | ၀.၄၈၉ |
| မြို့နယ်ချုပ် | ၁.၅၂ | ၉၄၈.၁၇ | ၉၄၉.၆၉ |

တီးတိန်မြို့နယ်သည် ချင်းပြည်နယ်မြောက်ပိုင်း၊ ဖလမ်းခရိုင်အတွင်း တည်ရှိပြီး စီးပွားရေးအချက်အချာကျသော မြို့နယ် တစ်ခုဖြစ်သည်။ တီးတိန်မြို့နယ်အတွင်းရှိ ဒေသခံများသည် ဝန်ဆောင်မှု လုပ်ငန်းများတွင် အဓိကလုပ်ကိုင်ဆောင်ရွက်ကြသည်။ တီးတိန်မြို့နယ်သည် ကလေး-တီးတိန်-တွန်းဇန်-ကျီခါး ကားလမ်းမပေါ်တွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထုတ်ကုန်မှာ ပန်းသီး၊ လိမ္မော်၊ ကော်ဖီများ ဖြစ်ပြီး စစ်ကိုင်းတိုင်း၊ ကလေးမြို့သို့ အများစု တင်ပို့ရောင်းချကြသည်။

ဇယား (၁၀-၄-၂) နှစ်ရှည်သီးနှံ စိုက်ပျိုးမှု အခြေအနေ (စိုက်ဧက အများဆုံး သီးနှံများကို ရွေးချယ်ဖော်ပြသည်၊ ၂၀၁၆-၂၀၁၇ ခုနှစ်)

| သီးနှံ | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| ပန်းသီး | ၅၇၈ | ၅၆၄ |
| စပျစ် | ၂၃၃ | ၁၆၃ |
| သရက် | ၁၁၇ | ၁၀၈ |

| | | |
|---|---|---|
| လိမ္မော် | ၁၃၃ | ၁၂၈ |
| ထောပတ် | ၁၂၄ | ၁၂၄ |
| မျောက်ငို | ၁၀၈၈ | ၁၀၆ |

ဇယားတွင် ရွေးချယ်ဖော်ပြထားသော နှစ်ရှည်သီးနှံများ၏ စိုက်ကေနှင့် ရိတ်သိမ်းကေများကို နှိုင်းယှဉ်ဖော်ပြပါက စိုက်ကေနှင့် ရိတ်သိမ်းကေများအကြား ကြီးမားသော ခြားနားချက်မရှိသဖြင့် အဆိုပါသီးနှံများအပေါ် ဂယ်လိုအားရှိသည်ဟု ဆိုနိုင် ပေသည်။

တီးတိန်မြို့နယ်ရှိ အိမ်ထောင်စုများအနေဖြင့် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် အဓိက အသုံးပြုသည့် လောင်စာမှာ သစ်သား/ ထင်းကို အားထားနေရသည်။ ဒုတိယ အသုံးပြုမှု အများဆုံးမှာ မီးသွေး/ လောင်စာတောင့် ဖြစ်ပြီး၊ တတိယ အသုံးပြုမှု အများဆုံးမှာ လျှပ်စစ်မီးဖြစ်သည်။

ဇယား (၁၀-၄-၃) အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှုပြဇယား

| | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | ၈၅ | ၀.၆ |
| ဓာတ်ငွေ့ | * | <၀.၁ |
| ရေနံဆီမီး | * | ၀.၁ |
| ဘိုင်အိုဂက်စ် | * | ၀.၁ |
| သစ်သား/ထင်း | ၁၃၉၅၉ | ၉၅.၁ |
| မီးသွေး/ လောင်စာတောင့် | ၅၅၉ | ၃.၈ |
| ကျောက်မီးသွေး | ၄၁ | ၀.၃ |
| အခြား | * | <၀.၁ |

* အရေအတွက် (၂၀) ထက်နည်းပါသည်။

အထက်ဖော်ပြပါ သတင်းအချက်အလက်များသည် တီးတိန်မြို့နယ်နှင့် ဆိုင်သော အခြေခံအချက်အလက်များ ဖြစ်သည်။ အချက်အလက်များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတင်းအချက်အလက်များနှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာကို အခြေခံသည်။

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

တီးတိန်မြို့နယ်ရှိ ဒေသခံများ၏ အမြင်များကို သိရှိနိုင်ရန်အတွက် လူဦးရေ ၆၀ ကို မေးမြန်းမှုများပြုလုပ်ခဲ့သည်။

ဇယား (၁၀-၄-၄) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၁၀၀% | ၀% |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၈၅% | ၁၅% |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၇၈% | ၂၂% |


ဒေသခံများအနေဖြင့် ၎င်းတို့၏ ရပ်ကျေးအုပ်ချုပ်ရေးမှူးမှာ မည်သူဖြစ်သည်ကို ဖြေဆိုသူ အားလုံးက သိရှိကြသည်။ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်းက သိသည်ဟု ဆိုသည်။ အုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရမည်ကို သိရှိခြင်း

ရှိ/ မရှိ ကိုမေးမြန်းရာတွင် ဖြေဆိုသူများ၏ ၈၅ ရာခိုင်နှုန်းသည် အုပ်ချုပ်ရေးမှူး ရွေးချယ်ပုံကို သိရှိသည်ဟု ဖြေဆိုပြီး၊ ၁၅ ရာခိုင်နှုန်းသော ဖြေဆိုသူများမှာ မသိကြပေ။ ထို့အပြင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကိုသိရှိခြင်း ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ ၇၈ ရာခိုင်နှုန်းသည် သိသည်ဟု ဖြေဆိုပြီး၊ ၂၂ ရာခိုင်နှုန်းသော ဖြေဆိုသူများက မသိရှိကြပေ။

ရပ်ကွက်အုပ်ချုပ်ရေးမှူးအနေဖြင့် ရပ်ရွာလူထုနှင့် ရပ်ကွက်အရေး ဆွေးနွေးတိုင်ပင်မှုများရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူများ၏ ၇၇ ရာခိုင်နှုန်းသည် အုပ်ချုပ်ရေးမှူးအနေဖြင့် ပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်လေ့ရှိသည်ဟု ဖြေဆိုကြသည်။ ကျန်ရှိသော ၂၃ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။

ထို့အပြင် ဖြေဆိုသူများကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူအများစု၏ အဖြေများကိုလေ့လာရာတွင် ရပ်ရွာဖွံ့ဖြိုးရေး ကိစ္စများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များဖြစ်ကြောင်း ဖြေဆိုကြပြီး၊ ဒုတိယဖြေဆိုမှု အများဆုံးမှာ မူးယစ်ဆေးဝါးနှင့် အလောင်းကစားကိစ္စနှင့် ပတ်သက်ပြီး တာဝန်ရှိသည်ဟု ဖြေဆိုကြသည်။

ပုံ (၁၀-၄-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)





ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ အုပ်စုဖွဲ့နှောင့်ယှက်မှုများကို ကာကွယ်ခြင်း၊ ထောက်ခံစာရေးသားခြင်းနှင့် ညှိစာရင်းတိုင်ကြားခြင်းကိစ္စများသည်လည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များဖြစ်ကြောင်း ဖြေဆိုသည့် ရာခိုင်နှုန်းအနည်းငယ်ရှိသည်။

## အခွန်ထမ်းဆောင်ခြင်း


တီးတိန်မြို့နယ်မှ ဖြေဆိုသူများအား အခွန်နှင့် ပတ်သက်သည့် ဗဟုသုတများကို မေးမြန်းလေ့လာခဲ့ပါသည်။ အခွန်ဆိုသည့် အဓိပ္ပါယ်ပေါ်တွင် ၎င်းတို့၏ နားလည်ထားမှု၊ အခွန်နှင့် ပတ်သက်သော သတင်းအချက်အလက်များရရှိမှု စသည့် အခြေအနေများကို အဓိကထားလေ့လာခဲ့သည်။

ပုံ (၁၀-၄-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတများ





တီးတိန်မြို့နယ်မှ ဖြေဆိုသူ များ၏ ၇၅ ရာခိုင်နှုန်းသည် အခွန်ဆောင်ခြင်းနှင့် ပတ်သက်ပြီး သိရှိကြပြီး၊ ၂၅ ရာခိုင်နှုန်းသည် မသိရှိကြပေ။ အခွန်ဆောင်ခြင်းကို ဖြေဆိုသူ အများစုအနေဖြင့် သိရှိကြသော်လည်း အခွန်ဆောင်ခြင်းမှ မည်သည့် အကျိုးကျေးဇူးများရရှိမည်ကို ဖြေဆိုသူ များ၏ ၆၅ ရာခိုင်နှုန်းက မသိကြပေ။ ၃၅ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် အခွန်ဆောင်ခြင်းမှ ပြန်လည်ရရှိမည့် အကျိုးကျေးဇူးများကို သိရှိကြသည်။ ထို့အပြင် အစိုးရအနေဖြင့် အခွန်ထမ်းဆောင်သူများကို ပေးသည့်ဝန်ဆောင်မှုများကို သိရှိခြင်း ရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၅၇ ရာခိုင်နှုန်းသည် ဝန်ဆောင်မှုများကို မသိရှိကြပေ။ ၄၃ ရာခိုင်နှုန်း ဖြေဆိုသူများ အနေဖြင့် အခွန်နှင့် ဆိုင်သော အစိုးရ၏ ဝန်ဆောင်မှုများကို သိရှိကြသည်ဟု ဖြေဆိုကြသည်။

ပုံ (၁၀-၄-၃) အခွန်ဆောင်ဖူးပါသလား





ဖြေဆိုသူများကို အခွန်ဆောင်ဖူးခြင်း အတွေ့အကြုံရှိ/ မရှိကို ဆက်လက်လေ့လာရာတွင် ဖြေဆိုသူ များ၏ ၅၇ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်မဆောင်ဖူးကြောင်းဖြေဆိုကြပြီး၊ ၄၃ ရာခိုင်နှုန်းဖြေဆိုသူများကသာ အခွန်ဆောင် ဖူးကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် တီးတိန်မြို့နယ်မှ ဖြေဆိုသူများအနေဖြင့် အခွန်နှင့် ဆိုင်သော ဗဟုသုတအနည်းငယ်ရှိကြပြီး၊ ယေဘုယျအားဖြင့် ဖြေဆိုသူအများစုသည် အခွန်နှင့်ဆိုင်သောဗဟုသုတများနှင့် သတင်း အချက်အလက်များမှာ ရရှိမှု နည်းပါးသည်ကို တွေ့မြင်ရသည်။

ပုံ (၁၀-၄-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား။




တီးတိန်မြို့နယ်မှ ဖြေဆိုသူများအနေဖြင့် အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ၎င်းတို့ကြုံတွေ့ခဲ့ရသော အခက်အခဲများ၊ စိတ်မကျေနပ်မှုများကိုလေ့လာခဲ့သည်။ ထို့ကြောင့် ဖြေဆိုသူများအနေဖြင့် ဌာနဆိုင်ရာနှင့် ဆက်သွယ်ဆောင်ရွက်ဖူးသော အတွေ့အကြုံရှိ/ မရှိ ကို ဦးစားပေးမေးမြန်းခဲ့ပါသည်။ ဖြေဆိုသူများ၏ ၅၂ ရာခိုင်နှုန်းသည် အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးခြင်း မရှိကြောင်းဖြေဆိုကြပြီး၊ ဖြေဆိုသူ ၄၈ ရာခိုင်နှုန်းသည် အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးသည်ဟု ဖြေဆိုကြသည်။ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးသော ဖြေဆိုသူများကို ၎င်းတို့၏အတွေ့အကြုံများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၄၉ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဆက်ဆံရေး မပြေပြစ်မှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုကြသည်။ ၂၇ ရာခိုင်နှုန်းသည် ဝန်ဆောင်မှုများနှောင့်နှေးကြန့်ကြာခြင်းနှင့် ကျန် ၂၄ ရာခိုင်နှုန်းသည် အခကြေးငွေများ မတတ်နိုင်ခြင်း၊ အခကြေးငွေများတောင်းခံခြင်း စသည်တို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ပုံ (၁၀-၄-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)





## လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ရွာအရေး

တီးတိန်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆိုင်သော သတင်းအချက်အလက်များရရှိမှု ရှိ/ မရှိ ကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၇၀ ရာခိုင်နှုန်းသည် ၎င်းတို့မဲဆန္ဒနယ်မြေ


ရှိ လွှတ်တော်ကိုယ်စားလှယ်များကို သိရှိသည်ဟု ဖြေဆိုကြပြီး၊ မသိဟု ဖြေဆိုသူမှာ ၃၀ ရာခိုင်နှုန်းရှိသည်။ ထို့နောက်တွင် ကိုယ်စားလှယ်များ၏ တာဝန်များကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၇၃ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို မသိရှိကြောင်းဖြေဆိုပြီး၊ ၂၇ ရာခိုင်နှုန်းသော ဖြေဆိုသူများက သိသည်ဟု ဖြေဆိုကြသည်။ ထို့ကြောင့် တီးတိန်မြို့နယ်ရှိ ဖြေဆိုသူအများစုသည် မဲဆန္ဒနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်များကို သိရှိကြသော်လည်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို သိရှိသည့် ဖြေဆိုသူ အနည်းငယ်သာရှိသည်။

ပုံ (၁၀-၄-၆) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး




တီးတိန်မြို့နယ်မှ ဖြေဆိုသူ များ၏ ၅၉ ရာခိုင်နှုန်းသည် ၎င်းတို့မဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဖူးခြင်းမရှိကြောင်းဖြေဆိုကြပြီး၊ ၁၇ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် လွှတ်တော်ကိုယ်စား လှယ်များနှင့် အနည်းဆုံး တစ်ကြိမ်တွေ့ဖူးကြသည်ဟု ဆိုကြသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ငါးကြိမ်နှင့် အထက်တွေ့ရှိဖူးသည့် ရာခိုင်နှုန်းသည် ၁ ရာခိုင်နှုန်းသာရှိသည်။


ပုံ (၁၀-၄-၇) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံမှု ကြိမ်ရေ (n=109)





ထို့ကြောင့် တီးတိန်မြို့နယ်ရှိ ဖြေဆိုသူထက်ဝက်ခန့်သည် ၎င်းတို့မဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ရှိဖူးခြင်းမရှိကြပေ။

တီးတိန်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် မြို့နယ်အတွင်းရှိလုံခြုံရေးကိစ္စများ၊ ရာဇဝတ်မှုလျော့ချရေးကိစ္စများ နှင့် အမှုမှန် ပေါ်ပေါက်ရေးစသည့် ကိစ္စများနှင့် ပတ်သက်ပြီး ရဲဌာန (ဂန်ထမ်း) များအပေါ် မည်ကဲ့သို့ အမြင်သဘောထားများရှိသည်ကို လေ့လာခဲ့သည်။

ပုံ (၁၀-၄-၈) ရဲဌာန (ဂန်ထမ်းများ)အပေါ် ပြည်သူများ၏ အမြင်စစ်တမ်း အားတင်ပြမှု





| | အားကိုးယုံကြည်မှု | အချိန်ကိုက်ဆောင်ရွက်မှု | ဘက်လိုက်မှုကင်း | စွမ်းဆောင်ရည် |
|---|---|---|---|---|
| ထောက်ခံ | 47% | 37% | 27% | 31% |
| မထောက်ခံ | 42% | 53% | 54% | 58% |
| သာမန် | 11% | 10% | 19% | 11% |


ရဲဌာန (ဂန်ထမ်း) များ၏ ဆောင်ရွက်ချက်၊ စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ အားကိုးယုံကြည်မှု စသည်တို့ကို တီးတိန်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် မည်ကဲ့သို့ သဘောထားရှိသည်ကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၅၈ ရာခိုင်နှုန်းသည် အထက်ဖော်ပြပါ အကြောင်းအရာများကို ထောက်ခံခြင်းမရှိပေ။ ၃၁ ရာခိုင်နှုန်းသော ဖြေဆိုသူများက ရဲဌာန (ဂန်ထမ်း) များနှင့် ဆိုင်သော အထက်ဖော်ပြပါ အကြောင်းအရာများကို ထောက်ခံကြသည်။ ၁၀ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် တိတိကျကျအဖြေမပေးနိုင်ကြပေ။ ထောက်ခံခြင်း၊ မထောက်ခံခြင်းများသည် ယေဘုယျ ဖော်ပြချက်များ၊ တွေ့ရှိချက်များ ဖြစ်သည်။

ထို့ကြောင့် အသေးစိတ်ဖော်ပြချက်အနေဖြင့် ရဲဌာန (ဂန်ထမ်း) များအပေါ် ပြည်သူများ၏ အားကိုးယုံကြည်မှုကို လေ့လာရာတွင် ဖြေဆိုသူ များ၏ ၄၇ ရာခိုင်နှုန်းသည် အားကိုးယုံကြည်ကြသည်ဟု ဖြေဆိုကြပြီး၊ ၄၂ ရာခိုင်နှုန်းသည် အားကိုးယုံကြည်ရသည့် အခြေအနေတွင် မရှိဟု ဖြေဆိုကြသည်။ ထို့နောက်တွင် ရဲဌာန (ဂန်ထမ်း) များ၏ တိုင်ကြားမှုများကို အချိန်ကိုက်ဆောင်ရွက်မှုအပေါ် ပြည်သူများ၏သဘောထားများတွင် ၃၇ ရာခိုင်နှုန်းသောဖြေဆိုသူများက ထောက်ခံကြပြီး၊ ၅၃ ရာခိုင်နှုန်းရှိသော ဖြေဆိုသူများက မထောက်ခံကြပေ။ ဘက်လိုက်မှု ရှိ/ မရှိ ဖော်ပြချက်တွင် ရဲဌာန (ဂန်ထမ်း) များသည် ဘက်လိုက်မှုကင်းသည်ဟု ဖော်ပြချက်ကို ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၂၇ ရာခိုင်နှုန်းရှိပြီး၊ ထောက်ခံမှု မရှိသည့် ရာခိုင်နှုန်းမှာ ၅၄ ရာခိုင်နှုန်းရှိသည်။ ၎င်းတို့၏ စွမ်းဆောင်ရည်ပေါ်တွင် ထောက်ခံကြသည့် ဖြေဆိုသူ မှာ ၃၁ ရာခိုင်နှုန်းရှိပြီး၊ မထောက်ခံသည့် ဖြေဆိုသူမှာ ၅၈ ရာခိုင်နှုန်းရှိသည်။ ရဲဌာန(ဂန်ထမ်း) များအပေါ် တီးတိန်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် အားမလိုအားမရ ဖြစ်နေသည်ကို အထက်ဖော်ပြပါ ရာခိုင်နှုန်းများအရ သိရှိနိုင်ပေသည်။

တီးတိန်မြို့နယ်ရှိ ပြည်သူများ၏အမှန်တရားပေါ်ပေါက်ရေးနှင့် တရားစီရင်ရေးအပေါ် မည်ကဲ့သို့ သဘောထား အမြင်များ ရှိသည်ကို လေ့လာဆန်းစစ်ခဲ့သည်။ ဤလေ့လာမှုတွင် တရားစီရင်မှုများတွင် မျှတစွာ ဆုံးဖြတ်ခြင်းရှိ/မ ရှိ၊ တရားစီရင်မှုများတွင် လိုအပ်သည်ထက် ပိုမို ကြာမြင့်မှု ရှိ/ မရှိ စသည်တို့ကို သီးခြားမေးမြန်းခဲ့သည်။

ပုံ (၁၀-၄-၉) တရားစီရင်မှုအပေါ် ဒေသခံပြည်သူများ၏ အမြင်




| | ထင်ပါသည် | မထင်ပါ | မသိပါ |
|---|---|---|---|
| မျှတမှုရှိ (n=105) | 34% | 50% | 16% |
| ဖြေရှင်းမှုတွင် ကြန့်ကြာမှုရှိ (n=104) | 62% | 25% | 13% |

ဖြေဆိုသူများ၏ ၄၈ ရာခိုင်နှုန်းသည် အထက်တွင် ဖော်ပြခဲ့သော ဖော်ပြချက်များကို ထောက်ခံသည်ဟုဖြေဆို ကြပြီး၊ ၃၈ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် မထောက်ခံကြပေ။

သီးခြားခွဲ၍ ဖော်ပြရမည်ဆိုပါက တရားစီရင်မှုများတွင် မျှတစွာစီရင်မှုရှိကြောင်း ထင်မြင်ကြသည့် ဖြေဆိုသူများမှာ ၃၄ ရာခိုင်နှုန်းရှိပြီး၊ မျှတမှု မရှိဟု ဖြေဆိုမှုမှာ ၅၀ ရာခိုင်နှုန်းရှိသည်။ တရားစီရင်မှုများတွင် အချိန်ကြန့်ကြာမှု ရှိ/ မရှိ ၎င်းတို့၏ အမြင်များကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၆၂ ရာခိုင်နှုန်း သည် ကြန့်ကြာမှုရှိသည်ဟု ထင်မြင်ကြပြီး၊ ၂၅ ရာခိုင်နှုန်းသည် ဖြေရှင်းမှုများတွင် ကြန့်ကြာမှု ရှိသည် ဟု မထင်မြင်ကြောင်းဖြေဆိုကြသည်။

ထို့ကြောင့် တီးတိန်မြို့နယ်ရှိဖြေဆိုသူများသည် တရားစီရင်မှုအပေါ် ၎င်းတို့၏ အပြုသဘောဆောင်သော သဘောထား ထင်မြင်မှုမှာ ဖြေဆိုသူ များ၏ တစ်ဝက်ခန့်ရှိသလို၊ အပြုသဘောမဆောင်သည့် သဘောထားမှာ တစ်ဝက်ခန့် ရှိသည်။

## (၁၀-၅)တွန်းဇန်မြို့နယ်

တွန်းဇန်မြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ပိုင်းတွင်ရှိပြီး၊ ချင်းပြည်နယ်၊ ဖလမ်းခရိုင်တွင် တည်ရှိသည်။ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် တမူးမြို့နယ်၊ တောင်ဘက်တွင် တီးတိန်မြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုးရမ်ပြည်နယ်နှင့် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် တို့နှင့် ထိစပ်လျက်ရှိသည်။

ဇယား (၁၀-၅-၁) တွန်းဇန်မြို့နယ်၏ အကျယ်အဝန်းပြဇယား

| မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု၊ ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|
| တွန်းဇန်မြို့ | ၁.၁၇၉ | ၁၃၅၈ | ၁၃၆၀.၁၅၆ |
| ကျီခါးမြို့ | ၀.၇၈ | မရှိပါ | မရှိပါ |
| မြို့နယ်ချုပ် | ၁.၉၅၉ | ၁၃၅၈.၁၉၇ | ၁၃၆၀.၁၅၆ |

တွန်းဇန်မြို့နယ်သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော မြို့နယ်တစ်ခုဖြစ်သည်။ ဒေသခံပြည်သူအများစုသည် တပိုင်တနိုင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ တွန်းဇန်မြို့နယ်သည် ကုန်းလမ်းကြောင်းသာရှိ သဖြင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဆုံး မြို့နယ်တစ်ခုဖြစ်သည်။

စပါး၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် အစေ့ထုတ်ပြောင်းကို အဓိကစိုက်ပျိုးသီးနှံများ အဖြစ် စိုက်ပျိုးကြသည်။ နှစ်ရှည်သီးနှံ စိုက်ပျိုးမှု အခြေအနေအရ အောက်ဖော်ပြပါ ဇယား တွင်ဖော်ပြထားသည်။

ဇယား (၁၀-၅-၂) နှစ်ရှည်သီးနှံ စိုက်ပျိုးမှု အခြေအနေ (စိုက်ဧက အများဆုံး သီးနှံများကို ရွေးချယ်ဖော်ပြသည်၊ ၂၀၁၆-၂၀၁၇)

| သီးနှံ | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| ကော်ဖီ | ၂၈ | ၃ |
| သရက် | ၆၅ | ၆၅ |
| လိမ္မော် | ၆၇ | ၆၇ |
| လက်ဖက် | ၅၁ | ၆ |
| ဂဠု | ၅၅ | ၅ |
| မျောက်ဒိုင် | ၅၁ | ၇ |

တွန်းဇန်မြို့နယ်၏ နှစ်ရှည်စိုက်ပျိုးသီးနှံများတွင် စိုက်ဧက အများဆုံးဖြစ်သည့် သီးနှံများမှာ ကော်ဖီ၊ သရက်၊ လိမ္မော်၊ လက်ဖက်၊ ဂဠုနှင့် မျောက်ဒိုင် သီးနှံများကို အများဆုံးစိုက်ပျိုးကြသည်။ စိုက်ဧကနှင့် ရိတ်သိမ်းဧက များကိုနှိုင်းယှဉ်ကြည့်ပါက ကော်ဖီ၊ လက်ဖက်၊ ဂဠုနှင့် မျောက်ဒိုတို့သည် စိုက်ဧက များသော်လည်း ရိတ်သိမ်းဧကမှာ စိုက်ဧကထက်လျော့နည်းနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ စိုက်ပျိုးထားသော်လည်း ရိတ်သိမ်း မှုနည်းသည်မှာ အဆိုပါသီးနှံများအတွက် ဈေးကွက်မရှိခြင်း သို့မဟုတ် ဈေးကွက်ရှိသော်လည်း ဈေးကွက်အတွင်းသို့ အချိန်မီပို့ဆောင်နိုင်ရန် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း၊ သို့မဟုတ် အခြားအရာများကြောင့်လည်း ရိတ်သိမ်းဧက နည်းပါးနေရခြင်းဖြစ်နိုင်သည်။ ဒေသခံ အများစု၏ အဓိက အလုပ်အကိုင်သည် စိုက်ပျိုး မွေးမြူရေး ဖြစ်သော်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများ အရ လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုများ အားနည်း လျက်ရှိသည်။ အစိုးရပိုင် လယ်ထွန်စက် တစ်လုံး၊ လက်တွန်းထွန်စက် ၅ လုံးနှင့် မျိုးစေ့ချစက် ၁ လုံး ကိုသာ လက်ရှိအခြေအနေတွင် သုံးစွဲလျက်ရှိပြီး၊ ပုဂ္ဂလိကပိုင် သုံးစွဲထားမှု မရှိပေ။ များသောအားဖြင့် မိရိုးဖလာထွန်ယက်ခြင်းနှင့် ကျွဲ၊ နွား များကိုသာ အဓိကအသုံးပြုကြသည်။

အစားအသောက်ချက်ပြုတ်စားသောက်ရန်အတွက် အဓိက အသုံးပြုသည့်လောင်စာများမှာ သစ်သား/ ထင်းဖြစ်သည်။ ဒုတိယအများဆုံးမှာ မီးသွေး/ လောင်စာတောင့်ဖြစ်သည်။ တတိယမှာ လျှပ်စစ်မီးဖြစ်သည်။

ဇယား (၁၀-၅-၃) အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှုပြဇယား

| | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | ၂၇ | ၀.၈ |
| ဓာတ်ငွေ့ | * | <၀.၁ |
| ရေနံဆီမီး | * | ၀.၃ |
| ဘိုင်အိုဂက်စ် | * | ၀.၁ |
| သစ်သား/ထင်း | ၃၂၈၀ | ၉၆.၂ |
| မီးသွေး/ လောင်စာတောင့် | ၈၇ | ၂.၆ |
| ကျောက်မီးသွေး | * | ၀.၁ |
| အခြား | * | <၀.၁ |

* အရေအတွက် (၂၀) ထက်နည်းပါသည်။

အထက်ဖော်ပြပါ သတင်းအချက်အလက်များသည် တွန်းဇန်မြို့နယ်နှင့် ဆိုင်သော အခြေခံအချက်အလက်များ ဖြစ်သည်။ အချက်များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတင်းအချက်အလက်များနှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာကို အခြေခံသည်။

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး


တွန်းဇန်မြို့နယ်ရှိ ပြည်သူများ၏ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးနှင့် ဆိုင်သော ဗဟုသုတများကို မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ဇယား (၁၀-၅-၄) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၁၀၀% | ၀% |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၈၀% | ၂၀% |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၆၅% | ၃၅% |

ဖြေဆိုသူ အားလုံးသည် ၎င်းတို့ရပ်ကွက်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို သိရှိကြသည်။ ထို့အပြင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရွေးချယ်ပုံကို သိရှိသည့် ရာခိုင်နှုန်းသည် ၈၀ ရာခိုင်နှုန်းရှိပြီး၊ ကျန် ၂၀ ရာခိုင်နှုန်းသည် မည်သို့ရွေးချယ်ရမည်ကို မသိရှိကြပေ။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိခြင်း ရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၆၅ ရာခိုင်နှုန်းသည် သိရှိသည်ဟု ဖြေဆိုကြပြီး၊ ကျန် ၃၅ ရာခိုင်နှုန်းသည် မသိရှိကြပေ။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိသည်ဟု ဖြေဆိုကြသည့် ဖြေဆိုသူများကို ၎င်းတို့ နားလည်ထားသော တာဝန်နှင့် ဝတ္တရားများကို ဆက်လက်၍ လေ့လာရာတွင် ဖြေဆိုသူ များ၏ ၉၅ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်ရန် ဖြစ်ကြောင်းဖြေဆိုကြပြီး၊ ကျန် ၅ ရာခိုင်နှုန်းသည် ရပ်ကွက်နှင့် ကျေးရွာတွင် အုပ်စုဖွဲ့နောက်ယှက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်တာဝန်ရှိသည်ဟု ဖြေဆိုကြသည်။

ပုံ (၁၀-၅-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)





ထို့ကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆိုင်သော သတင်းအချက်အလက်များကို တွန်းဇန်မြို့နယ်ရှိ ဖြေဆိုသူ များအနေဖြင့် ရရှိကြသည်ဟု ကောက်ချက်ချနိုင်သော်လည်း၊ ရပ်/ကျေးရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ မူလတာဝန်နှင့် ဝတ္တရားများနှင့် ဆိုင်သော ဗဟုသုတများ မှာ အားနည်းလျက်ရှိကြောင်းတွေ့ရသည်။

## အခွန်ထမ်းဆောင်ခြင်း

အခွန်နှင့် ပတ်သက်သည့် ဗဟုသုတများ၊ သတင်းအချက်အလက်များရရှိမှု စသည်တို့ကို သိရှိနိုင်ရန် တွန်းဇန်မြို့နယ်ရှိ ဖြေဆိုသူ ၆၀ ကို မေးမြန်းမှုများပြုလုပ်ခဲ့သည်။


ဖြေဆိုသူများ၏ ၇၃ ရာခိုင်နှုန်းသည် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုကြပြီး၊ ၂၇ ရာခိုင်နှုန်းသော ဖြေဆိုသူများ အနေဖြင့် အခွန်ဆောင်ခြင်းကို မသိဟု ဖြေဆိုသည်။ သို့သော် အခွန်ဆောင်ခြင်းမှ ပြန်လည်ရရှိမည့် အကျိုးကျေးဇူးများကိုမသိသည့် ရာခိုင်နှုန်းက ပိုများသည်။ ဖြေဆိုသူများ၏ ၇၅ ရာခိုင်နှုန်းသည် အခွန်ဆောင် ခြင်းမှ ပြန်လည် ရရှိမည့် အကျိုးကျေးဇူးများကို မသိရှိကြပေ။ ၂၅ ရာခိုင်နှုန်းသော ဖြေဆိုသူများက သိသည်ဟု ဖြေဆိုသည်။ ထို့ပြင် အစိုးရ၏ အခွန်နှင့် ဆိုင်သော ဝန်ဆောင်မှုများကို ၎င်းတို့အနေဖြင့် သိရှိခြင်း ရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူ များ၏ ၇၈ ရာခိုင်နှုန်းသည် အစိုးရ၏ အခွန်နှင့် ဆိုင်သော ဝန်ဆောင်မှုများကို မသိဟု ဖြေဆိုကြသည်။ ကျန် ၂၂ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ဝန်ဆောင်မှုများကို သိရှိသည်ဟု ဖြေဆိုကြသည်။

ပုံ (၁၀-၅-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတများ




ထို့နောက်တွင် တွန်းဇန်မြို့ရှိဖြေဆိုသူများအနေဖြင့် အခွန်ဆောင်ဖူးခြင်းရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၅၂ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်မဆောင်ဖူးကြကြောင်း ဖြေဆိုကြပြီး၊ ကျန် ၄၈ ရာခိုင်နှုန်းဖြေဆိုသူများသည် အခွန် ဆောင်ဖူးသည်ဟု ဆိုကြသည်။

ပုံ (၁၀-၅-၃) အခွန်ဆောင်ဖူးပါသလား





တွန်းဇန်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ဌာန ဆိုင်ရာနှင့် ဆက်သွယ်ဆောင်ရွက်ဖူးခြင်းရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၆၃ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးခြင်းမရှိကြောင်းဖြေဆိုကြပြီး၊ ၃၇ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် ဆောင်ရွက်ဖူးသည်ဟု ဆိုကြသည်။

ပုံ (၁၀-၅-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား




ထို့ကြောင့် တွန်းဇန်မြို့နယ်၏ဖြေဆိုသူ များ၏ သုံးပုံ တစ်ပုံ ကျော်သည် ဌာနဆိုင်ရာနှင့် ဆက်သွယ် ဆောင်ရွက်ဖူးသည်ဟု ဖြေဆိုခဲ့ကြသည်။ ၎င်းဖြေဆိုသူများမှ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ရင်ဆိုင် ကြုံတွေ့ခဲ့ရသော အခက်အခဲများကို လေ့လာရာတွင် ဖြေဆိုသူ များ၏ ၅၀ ရာခိုင်နှုန်းသည် ဆက်ဆံရေးမပြေပြစ်ခြင်းများနှင့် ရင်ဆိုင်ခဲ့ကြရပြီး၊ ကျန် ၅၀ ရာခိုင်နှုန်းသည် နှောင့်နှေးကြန့်ကြာခြင်းများ နှင့်ရင်ဆိုင်ခဲ့ရသည်ဟု ဆိုသည်။

ပုံ (၁၀-၅-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ





## လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး

တွန်းဇန်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆိုင်သော သတင်းအချက်အလက်များကို သိရှိမှု၊ ၎င်းတို့၏ စိတ်ဝင်စားမှုများကိုလေ့လာခဲ့သည်။

၎င်းတို့၏ မဲဆန္ဒနယ်မြေတွင် ရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်ကို သိရှိခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၇၀ ရာခိုင်နှုန်းသည် ကိုယ်စားလှယ်ကို သိရှိသည်ဟု ဖြေဆိုကြပြီး၊ ကျန် ၃၀ ရာခိုင်နှုန်းသည် မသိကြပေ။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိခြင်း ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၇၀ ရာခိုင်နှုန်းသည် မသိကြောင်းဖြေဆိုကြပြီး၊ ကျန် ၂၇ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို သိရှိသည်ဟု ဖြေဆိုကြသည်။


ပုံ (၁၀-၅-၆) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး




လွှတ်တော်ကိုယ်စားလှယ်နှင့် မဲဆန္ဒရှင်များ တွေ့ဆုံမှု ကြိမ်ရေကို လေ့လာရာတွင် ဖြေဆိုသူ များ၏ ၂၈ ရာခိုင်နှုန်းသည် ၎င်းတို့ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဆုံဖူးခြင်းမရှိကြောင်း ဖြေဆိုကြသည်။ ၂၇ ရာခိုင်နှုန်းဖြေဆိုသူများသည် အနည်းဆုံး တစ်ကြိမ် လွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံဖူးသည်ဟု ဆိုသည်။ ဖြေဆိုသူများ၏ ၂၃ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း၊

လွှတ်တော်ပြင်ပဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြသည်ကို မသိဟု ဖြေဆိုကြသည်။ ဖြေဆိုသူများ၏ ၈ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် အများဆုံး ၃ ကြိမ်တွေ့ဆုံ ဖူးကြောင်းဖြေဆိုကြသည်။

ပုံ (၁၁-၅-၇) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဖူးသည့် ကြိမ်ရေ (n=30)




ထို့ကြောင့် တွန်းဇန်မြို့နယ်ရှိ ဖြေဆိုသူများသည် ၎င်းတို့ရွေးချယ်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုသည် ယေဘုယျအားဖြင့်ဖော်ပြရမည်ဆိုပါက ဖြေဆိုသူများ၏ သုံးပုံ တစ်ပုံသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဖူးကြပြီး၊ ကျန်ရှိသော နှစ်ပုံတွင် တစ်ပုံသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဖူးခြင်းမရှိပေ။ ဖြေဆိုသူများ၏ နောက်ဆုံးတစ်ပုံသည် လွှတ်တော်ကိုယ်စားလှယ်များက မဲဆန္ဒရှင်များနှင့် တွေ့ဆုံ၍ ၎င်းတို့ဆောင်ရွက်ချက်များကို ရှင်းပြရန်လိုအပ်သည်ကို မသိရှိကြသူများဖြစ်ကြသည်။

## ရဲဌာန (ဂန်ထမ်းများ)အပေါ် တွန်းဇန်မြို့နယ်ရှိ ဒေသခံများ၏ အမြင်သဘောထားများကို လေ့လာခြင်း


ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ဆောင်ချက်များအပေါ် တွန်းဇန်မြို့နယ်ရှိ ဖြေဆိုသူများ၏ သဘောထားအမြင်များကို ကောက်ယူလေ့လာခဲ့သည်။ ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ဆောင်ချက်များဟု ဆိုရာတွင် ပြည်သူများ၏ အားကိုးယုံကြည်ရမှု၊ အချိန်ကိုက်ဆောင်ရွက်နိုင်မှု၊ ဘက်လိုက်မှု ကင်းမှု၊ စွမ်းဆောင်ရည် စသည်တို့ကို ဆိုလိုသည်။


ယေဘုယျ တွေ့ရှိချက်မှာ ဖြေဆိုသူ များ၏ ၅၁ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ဆောင်ချက်များကို ထောက်ခံခြင်းမရှိကြပေ။ ၃၉ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ လုပ်ဆောင်ချက် များအပေါ် ထောက်ခံကြောင်းဖြေဆိုကြသည်။

တွေ့ရှိချက်အသေးစိတ်တွင် ပြည်သူများအနေဖြင့် ရဲဌာန (ဂန်ထမ်း)များအပေါ် အားကိုးယုံကြည်မှုရှိကြသည်ဆိုသည့် ဖော်ပြချက်အပေါ်တွင် ထောက်ခံသည့် ရာခိုင်နှုန်းသည် ၆၈ ရာခိုင်နှုန်းဖြစ်ပြီး၊ မထောက်ခံသည့် ရာခိုင်နှုန်းမှာ ၂၈ ရာခိုင်နှုန်းရှိသည်။ ထို့အပြင် တိုင်ကြားမှုများကို အချိန်ကိုက်ဆောင်ရွက်မှုရှိသည်ဟူသော ဖော်ပြချက်ပေါ်တွင် ၄၈ ရာခိုင်နှုန်းက မထောက်ခံဟု ဖြေဆိုကြပြီး၊ ၄၃ ရာခိုင်နှုန်းက ထောက်ခံသည်ဟု ဆိုသည်။ ရဲဌာန (ဂန်ထမ်း)များအနေ ဖြင့် ဘက်လိုက်မှုကင်းသည်ဟု ဖော်ပြရာတွင်

ဖြေဆိုသူ အများစုဖြစ်သည့် ၅၃ ရာခိုင်နှုန်းသည် မထောက်ခံကြောင်း ဖြေဆိုကြပြီး၊ ၂၈ ရာခိုင်နှုန်းအနေဖြင့် ထောက်ခံကြောင်းဖြေဆိုသည်။ ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ ဖြေဆိုသူ များ၏ ၄၈ ရာခိုင်နှုန်းသည် ရဲဌာန(ဂန်ထမ်း) များ၏ စွမ်းဆောင်ရည်ပေါ်တွင် မထောက်ခံကြ ပေ။ ၄၀ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ထောက်ခံကြသည်။

ပုံ (၁၀-၅-၈) ရဲဌာန (ဂန်ထမ်းများ)အပေါ် ဒေသခံပြည်သူများ၏ အမြင်များ




| | ထောက်ခံ | မထောက်ခံ | သာမန် |
|---|---|---|---|
| အားကိုးယုံကြည်မှု (n=60) | 68% | 25% | 7% |
| အချိန်ကိုက် ဆောင်ရွက်မှု (n=60) | 43% | 48% | 9% |
| ဘက်လိုက်မှုကင်း (n=60) | 28% | 53% | 19% |
| စွမ်းဆောင်ရည် (n=58) | 40% | 48% | 12% |

ထို့ကြောင့် ရဲဌာန(ဂန်ထမ်း) များအပေါ်တွင် တွန်းဖန်မြို့နယ်ရှိ ဖြေဆိုသူများ၏ ထက်ဝက်ခန့်သည် အပြုသဘော ဆောင်သော သဘောထားအမြင်များမရှိသော်လည်း၊ ၃၉ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ရဲဌာန( ဂန်ထမ်း)များ၏ လုပ် ဆောင်ချက်များအပေါ်တွင် ထောက်ခံကြသည်။


## ဒေသအတွင်း တရားစီရင်ရေးအပေါ် ရပ်ရွာလူထု အမြင်များအားလေ့လာခြင်း


ဖြေဆိုသူများအနေဖြင့် တရားစီရင်မှုများ အပေါ်တွင် မည်ကဲ့သို့ အမြင်သဘောထားများရှိသည်ကို လေ့လာခဲ့သည်။ တရားစီရင်မှုဟု ဆိုရာတွင် မျှတစွာစီရင်မှုရှိ/ မရှိ၊ ဖြေရှင်းမှုများတွင် ကြန့်ကြာမှုရှိ/မရှိ စသည်တို့ကိုမေးမြန်းခဲ့သည်။

ယေဘုယျ တွေ့ရှိချက်များအရ ဖြေဆိုသူ များ၏ ၄၀ ရာခိုင်နှုန်းသည် တရားစီရင်မှုများအပေါ်တွင် ထောက်ခံမှု မရှိကြောင်းဖြေဆိုကြပြီး၊ ၃၀ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ထောက်ခံကြောင်းဖြေဆိုသည်။ ကျန်ရာခိုင်နှုန်းများသည် ကြားနေအနေဖြင့် ဖြေဆိုကြသည်။

တိကျသော တွေ့ရှိချက်များအနေဖြင့် ဖြေဆိုသူများ၏ ၅၉ ရာခိုင်နှုန်းသည် တရားစီရင်မှုများတွင် မျှတမှုရှိသည်ဟု မထင်မြင်ကြောင်းဖြေဆိုကြပြီး၊ ၂၂ ရာခိုင်နှုန်းသော ဖြေဆိုသူများက မျှတမှု ရှိသည်ဟုထင်မြင်ကြသည်။ တရားစီရင်မှုများ တွင်ကြန့်ကြာမှုရှိသည်ဟု ဖော်ပြချက်ကို ဖြေဆိုသူ များ၏ ၃၈ ရာခိုင်နှုန်းသည် ထောက်ခံကြောင်း တုံ့ပြန်ကြပြီး၊ ၂၀ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ကြန့်ကြာမှု ရှိသည်ဟု မထင်ကြောင်း ဖြေဆိုသည်။ ကျန်ရာခိုင်နှုန်းသည် တရားစီရင်မှုကိစ္စများတွင် ကြန့်ကြာမှု ရှိ/မရှိကို ၎င်းတို့ မသိကြောင်းဖြေဆိုကြသည်။

ပုံ (၁၀-၅-၉) တရားစီရင်မှုအပေါ် ဒေသခံပြည်သူများ၏ အမြင်




| | ထင်ပါသည် | မထင်ပါ | မသိပါ |
|---|---|---|---|
| ■ မှုတမှုရှိ (n=49) | 22% | 59% | 19% |
| ■ ဖြေရှင်းမှုတွင် ကြန့်ကြာမှုရှိ (n=60) | 38% | 20% | 42% |

ထို့ကြောင့် တွန်းဇန်မြို့နယ်ရှိ ဖြေဆိုသူများသည် တရားစီရင်ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ဖြေဆိုသူ များ၏ ထက်ဝက်ခန့်သည် အပြုသဘောဆောင်သော ထင်မြင်ချက်များရှိသလို၊ အပြုသဘောမဆောင်သော သဘောထား အမြင်များလည်းရှိကြောင်းတွေ့မြင်ရသည်။

## (၁၀-၆) ကျီခါးမြို့

ကျီခါးမြို့သည်၊ ဖလမ်းခရိုင်တွင် ရှိသော မြို့တစ်ခုဖြစ်သည်။ မြို့နယ်အဆင့်ကို ရောက်ရှိရန် စောင့်ဆိုင်းနေသော မြို့နယ်ခွဲတစ်ခု လည်း ဖြစ်သည်။

ကျီခါးမြို့၏ လူဦးရေသည် ၁၁၁၅၆ ရှိသည်။ ထိုလူဦးရေတွင် အမျိုးသားဦးရေ နှင့် အမျိုးသမီးဦးရေတို့သည် ထက်ဝက်ခန့် အချိုးညီစွာ ပါဝင်သည်။ မြို့ရှိ ဒေသခံအများစုသည် လယ်ယာ သစ်တောနှင့် ငါးလုပ်ငန်း များတွင် လုပ်ကိုင်လျက်ရှိသည်။ အသက် (၁၅-၆၄) နှစ်အတွင်းရှိ လူဦးရေ၏ ၉၁.၄ ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြသည်။ အဆိုပါ လုပ်သားတွင် အမျိုးသမီးပါဝင်နှုန်းသည် အမျိုးသားများထက် ပိုများသည်။

### ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

ဖြေဆိုသူ စုစုပေါင်း ၃၀ ကိုရွေးချယ်၍ မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ဖြေဆိုသူများအနေဖြင့် ၎င်းတို့ ၏ ရပ်ကွက်ရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား သိရှိခြင်း ရှိ/မရှိ မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၉၇ ရာခိုင်နှုန်းသည် သိရှိကြောင်းဖြေဆိုကြပြီး၊ ၃ ရာခိုင်နှုန်းကသာ မသိကြောင်းဖြေဆိုကြသည်။


ထို့အပြင် ရပ်/ကျေး အုပ်ချုပ်ရေးမှူး ရွေးချယ်ပုံကို သိရှိခြင်း ရှိ/ မရှိလေ့လာရာတွင် ဖြေဆိုသူများ၏ ၈၇ ရာခိုင်နှုန်းသည် သိရှိသည်ဟု ဖြေဆိုကြပြီး၊ ၁၃ ရာခိုင်နှုန်းအနေဖြင့် မသိကြောင်းတုံ့ပြန်ကြသည်။ ဖြေဆိုသူများအနေဖြင့် အုပ်ချုပ်ရေးမှူး ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိခြင်း/ ရှိမရှိ လေ့လာရာတွင် ဖြေဆိုသူ များ၏ ၉၇ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၁၃ ရာခိုင်နှုန်းအနေဖြင့် မသိကြောင်းဖြေဆိုကြသည်။

ဇယား (၁၀-၆-၁) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၉၇% | ၃% |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၈၇% | ၁၃% |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၉၇% | ၁၃% |

အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိသည်ဟု ဖြေဆိုသူများကို ဆက်လက်၍ အုပ်ချုပ်ရေးမှူးများ၏ တာဝန်များကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၅၀ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ရပ်ရွာဖွံ့ဖြိုးရေး လုပ်ဆောင်ရန်ဟု ဖြေဆိုကြသည်။ ဒုတိယဖြေဆိုမှု အများဆုံးဖြစ်သော ၁၅ ရာခိုင်နှုန်းသည် ထောက်ခံစာရေးသားခြင်း ဖြစ်ကြောင်းဖြေဆိုသည်။

ပုံ (၁၀-၆-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)





ထို့ကြောင့် ကျိုင်းခါးမြို့ရှိ ဖြေဆိုသူ အများစုသည် အုပ်ချုပ်ရေးမှူးနှင့် ဆိုင်သော ဗဟုသုတနှင့် သတင်းအချက်အလက်များအသင့်အတင့်ရှိသည်ဟု ယူဆနိုင်ပါသည်။ ဖြေဆိုသူများ၏ ၅၀ ရာခိုင်နှုန်းသည် ရပ်/ ကျေး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ရပ်ရွာ ဖွံ့ဖြိုးရေး ကိစ္စများဆောင်ရွက်ရန်ဟု နားလည်ထားကြသည်။

## အခွန်ထမ်းဆောင်ခြင်း


အခွန်နှင့် ဆိုင်သော ဗဟုသုတများကို ကျိုင်းခါးမြို့ရှိ ဖြေဆိုသူများကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၇၇ ရာခိုင်နှုန်းသည် အခွန်ဆောင် ခြင်းကို သိရှိကြပြီး၊ ၂၃ ရာခိုင်နှုန်းကသာ မသိကြောင်းဖြေဆိုကြသည်။ သို့သော်လည်း အခွန်ဆောင်ခြင်းမှ ပြန်လည်ရရှိမည့် အကျိုးကျေးဇူးများကို သိရှိသည့် အရေအတွက်မှာ ဖြေဆိုသူ စုစုပေါင်းတွင် ၄၇ ရာခိုင်နှုန်းရှိပြီး၊ ၅၃ ရာခိုင်နှုန်းသည် မသိကြောင်းဖြေဆိုကြသည်။ အစိုးရ၏ အခွန်နှင့် ဆိုင်သော ဝန်ဆောင်မှုများကို သိရှိ ခြင်း ရှိ/မရှိကို ဆက်လက်မေးမြန်းရာ တွင် ဖြေဆိုသူများ၏ ၆၃ ရာခိုင်နှုန်းသည် အစိုးရ၏ ဝန်ဆောင်မှုများကို မသိကြောင်းဖြေဆိုကြပြီး၊ ၃၇ ရာခိုင်နှုန်းက သိကြောင်းဖြေဆိုကြသည်။

ပုံ (၁၀-၆-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတများ





ကျိုခါးမြို့ရှိဖြေဆိုသူများကို အခွန်ဆောင်ဖူးခြင်းရှိ/ မရှိ ဆက်လက်လေ့လာရာတွင် ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းသည် အခွန်ဆောင်ဖူးကြောင်းဖြေဆိုကြပြီး၊ ၄၀ ရာခိုင်နှုန်းရှိသည် အခွန်မဆောင်ဖူး ကြောင်း တုံ့ပြန်ကြသည်။

ပုံ (၁၀-၆-၃) အခွန်ဆောင်ဖူးပါသလား





ထို့ကြောင့် ကျိုခါးမြို့နယ်ရှိ ဖြေဆိုသူအများစုအနေဖြင့် အခွန်ဆောင်ဖူးကြသော်လည်း အခွန်ထမ်းဆောင်ခြင်းမှ ပြန်လည်ရရှိမည့် အကျိုးကျေးဇူးများကို မသိရှိကြသည့်အပြင်၊ အစိုးရမှပေးသော ဝန်ဆောင်မှုများကိုလည်း မသိရှိပေ။ ထို့ကြောင့် ကျိုခါးမြို့ရှိ ဖြေဆိုသူများသည် အခွန်နှင့် ဆိုင်သော သတင်းအချက်အလက်များလက်လှမ်းမီရန် လိုအပ်ကြောင်း အထက်ပါ တွေ့ရှိချက်များမှ တစ်ဆင့် တွေ့မြင်နိုင်သည်။

ပုံ (၁၀-၆-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား။




ကျိုခါးမြို့ရှိ ဖြေဆိုသူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးခြင်းရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၆၃ ရာခိုင်နှုန်းသည် ဆောင်ရွက်ဖူးသည်ဟု ဖြေဆိုကြပြီး၊ ၃၇ ရာခိုင်နှုန်းသည် မဆောင်ရွက်ဖူးကြောင်းဖြေဆိုကြသည်။ ထို့နောက်တွင် ဌာနဆိုင်ရာနှင့် ဆက်သွယ် ဆောင်ရွက်ဖူး သော ဖြေဆိုသူများကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ဆက်လက်၍ မေးမြန်းခဲ့သည်။

ပုံ (၁၀-၆-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)





ဖြေဆိုသူများ၏ ၃၈ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် နှောင့်နေးကြန့်ကြာခြင်း ရင်ဆိုင်ခဲ့ရကြောင်း၊ ကျန် ၃၈ ရာခိုင်နှုန်းနှင့် ၂၄ ရာခိုင်နှုန်းတို့သည် ဆက်ဆံရေး မပြေပြစ်ခြင်းနှင့် အခကြေးငွေတောင်းခံခြင်း တို့နှင့် ရင်ဆိုင်ခဲ့ရကြောင်း တုံ့ပြန်ကြသည်။

ပုံ (၁၀-၆-၆) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး




ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မဲဆန္ဒနယ်မြေတွင် အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ ရရှိခြင်း ရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၈၇ ရာခိုင်နှုန်းသည် အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၁၃ ရာခိုင်နှုန်းသော ဖြေဆိုသူများ သည် မသိရှိကြပေ။ ထို့အပြင်လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို သိရှိခြင်းရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၆၃ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၃၇ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် မသိကြောင်းဖြေဆိုကြသည်။

ပုံ (၁၀-၆-၇) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံမှု ကြိမ်ရေ




အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒနယ်မြေမှ ပြည်သူများတွေ့ဆုံမှု ကြိမ်ရေကို လေ့လာရာ တွင် ဖြေဆိုသူ များ၏ ၃၉ ရာခိုင်နှုန်းသည် သုံးကြိမ်ထိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဖူးကြောင်းဖြေဆိုကြပြီး၊ ၃၆ ရာခိုင်နှုန်းသည် အနည်းဆုံး တစ်ကြိမ်အဖြစ်တွေ့ဆုံ ဖူးကြပေသည်။ ကျီခါးမြို့သည် အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဖူးသည့် အကြိမ်ရေ အများဆုံးဖြစ်သည်။


## ရဲဌာန (ဂနိထမ်းများ)အပေါ် ကျီခါးမြို့ ဒေသခံများ၏အမြင်ကို လေ့လာခြင်း


ရဲဌာန (ဂနိထမ်း) များ၏ လုပ်ဆောင်ချက်များအပေါ် ကျီခါးမြို့ရှိ ဖြေဆိုသူများ၏ သဘောထားအမြင်များကို ကောက်ယူလေ့လာခဲ့သည်။ ဤမေးခွန်းတွင် ရဲဌာန (ဂနိထမ်း) များ၏ လုပ်ဆောင်ချက်များဟု ဆိုရာတွင် ပြည်သူများ၏ အားကိုးယုံကြည်ရမှု၊ အချိန်ကိုက်ဆောင်ရွက်နိုင်မှု၊ ဘက်လိုက်မှု ကင်းမှု၊ စွမ်းဆောင်ရည် စသည်တို့ကို ဆိုလိုသည်။

ယေဘုယျတွေ့ရှိချက်များအရ ဖြေဆိုသူများ၏ ၄၂ ရာခိုင်နှုန်းသည် ရဲဌာန (ဂနိထမ်း) များ၏ လုပ်ဆောင်ချက်များအပေါ်တွင် မထောက်ခံကြပေ။ ၂၈ ရာခိုင်နှုန်းသည် ရဲဌာန(ဂနိထမ်း) များ၏ ဆောင်ရွက်ချက်များ ကို ထောက်ခံကြောင်းဖြေဆိုကြသည်။

အသေးစိတ်တွေ့ရှိမှုကို ဖော်ပြရမည်ဆိုပါက ဖြေဆိုသူ များ၏ ၄၃ ရာခိုင်နှုန်းသည် ရဲဌာန(ဂနိထမ်း)များအပေါ် ယုံကြည်မှု ရှိသည် ဆိုသည့် ဖော်ပြချက်ကို ထောက်ခံကြသည်။ ၃၄ ရာခိုင်နှုန်းအနေဖြင့် မထောက်ခံ ပေ။ ထို့အပြင် ရဲဌာန (ဂနိထမ်း) များသည် တိုင်ကြားမှုများကို အချိန်ကိုက်ဆောင်ရွက်မှု ရှိသည်ဆိုသည့် ဖော်ပြချက်ကို ထောက်ခံသည်ဟု ဖြေဆိုသူမှာ ၂၇ ရာခိုင်နှုန်းရှိပြီး၊ ၃၀ ရာခိုင်နှုန်းသည် ထောက်ခံမှု မရှိကြောင်းဖြေဆိုကြသည်။ ဘက်လိုက်မှုကင်းသည် ဆိုသည့် ဖော်ပြချက်ပေါ်တွင် ဖြေဆိုသူများ၏ ၂၇ ရာခိုင်နှုန်း သည် ထောက်ခံသည်ဟု ဖြေဆိုကြပြီး၊ ၃၃ ရာခိုင်နှုန်းသည် မထောက်ခံပေ။ ရဲဌာန(ဂနိထမ်း) များ၏ စွမ်းဆောင်ရည်ပေါ် တွင် ဖြေဆိုသူများ၏ ၃၃ ရာခိုင်နှုန်းသည် ထောက်ခံကြောင်းဖြေဆိုကြပြီး၊ ၂၃ ရာခိုင်နှုန်းအနေဖြင့် မထောက်ခံကြပေ။ ကျန်ရာခိုင်နှုန်းများသည် ကြားနေ (သို့) သာမန်အဖြေများဖြစ်သည်။

ပုံ (၁၀-၆-၈) ရဲဌာန (ဂန်ထမ်းများ)အပေါ် ပြည်သူများ၏ အမြင်စစ်တမ်း အားတင်ပြမှု




| | အားကိုးယုံကြည်မှု (n=30) | အချိန်ကိုက်ဆောင်ရွက်မှု (n=30) | ဘက်လိုက်မှုကင်း (n=30) | စွမ်းဆောင်ရည် (n=30) |
|---|---|---|---|---|
| ထောက်ခံ | 43% | 27% | 27% | 33% |
| မထောက်ခံ | 34% | 30% | 33% | 23% |
| သာမန် | 23% | 43% | 40% | 43% |

ထို့ကြောင့် ရဲဌာန (ဂန်ထမ်း) များအပေါ် တွင် ကျိုခါးမြို့ရှိ ဖြေဆိုသူများအနေဖြင့် အပြုသဘောမဆောင်သည့် ဖြေဆိုမှုများသည်၊ အပြုသဘောဆောင်သော ဖြေဆိုမှုများထက် အနည်းငယ် ပိုများလျက်ရှိကြောင်း တွေ့ရှိရသည်။


## ဒေသတွင်း တရားစီရင်ရေးအပေါ် ရပ်ရွာလူထု အမြင်များအားလေ့လာခြင်း


ကျိုခါးမြို့ရှိ ဖြေဆိုသူများအနေဖြင့် တရားစီရင်မှုများ အပေါ်တွင် မည်ကဲ့သို့ အမြင်သဘောထားများရှိသည်ကို လေ့လာခဲ့သည်။ တရားစီရင်မှုဟု ဆိုရာတွင် မျှတစွာစီရင်မှုရှိ/ မရှိ၊ ဖြေရှင်းမှုများတွင် ကြန့်ကြာမှုရှိ/မရှိ စသည်တို့ကိုမေးမြန်းခဲ့သည်။

ယေဘုယျတွေ့ရှိချက်များအရ ဖြေဆိုသူများ၏ ၄၈ ရာခိုင်နှုန်းသည် တရားစီရင်မှုများအပေါ်တွင် အပြုသဘော ဆောင်ထောက်ခံကြပြီး၊ မထောက်ခံသည့် ဖြေဆိုသူများသည် ၁၇ ရာခိုင်နှုန်းရှိကြောင်းတွေ့ရသည်။

ပိုမိုတိကျသော တွေ့ရှိချက်များအနေဖြင့် ဖြေဆိုသူများ၏ ၂၇ ရာခိုင်နှုန်းသည် တရားစီရင်မှုများသည် မျှတမှုရှိသည်ဟု မထင်မြင်ကြောင်းဖြေဆိုကြပြီး၊ ၃၃ ရာခိုင်နှုန်းက မျှတမှု ရှိသည်ဟုထင်မြင်ကြသည်။ တရားစီရင်မှုများတွင်ကြန့်ကြာမှုရှိသည်ဟု ဖော်ပြချက်ကို ဖြေဆိုသူများ၏ ၆၃ ရာခိုင်နှုန်းသည် ထောက်ခံကြောင်း တုံ့ပြန်ကြပြီး၊ ၇ ရာခိုင်နှုန်းအနေဖြင့် ကြန့်ကြာမှု ရှိသည်ဟု မထင်ကြောင်း ဖြေဆိုသည်။ ကျန်ရာခိုင်နှုန်းသည် တရားစီရင်မှုကိစ္စများတွင် ကြန့်ကြာမှု ရှိ/မရှိကို ၎င်းတို့ မသိကြောင်းဖြေဆိုကြသည်။

ပုံ (၁၀-၆-၉) တရားစီရင်မှုအပေါ် ဒေသခံပြည်သူများ၏ အမြင်




ထို့ကြောင့် ကျီခါးမြို့ရှိ ဖြေဆိုသူများသည် တရားစီရင်ရေး ကိစ္စများနှင့် ပတ်သက်ပြီး ကောင်းမွန်သော တိုးတက်မှုများ ရှိသည်ဟု အများစုကထင်မြင်ကြောင်း ယေဘုယျပြောနိုင်သည်။ သို့သော် တိကျသော ရလဒ်များအရ တရားစီရင်မှု များတွင် လိုအပ်သည်ထက်အချိန်ကြန့်ကြာသည်ကို တွေ့ရသည်။

## (၁၀-၇)မင်းတပ်မြို့နယ်

မင်းတပ်မြို့နယ်သည် မင်းတပ်ခရိုင်ထဲတွင် ရှိသော မြို့တစ်မြို့ဖြစ်သည်။ မြို့၏ အရှေ့ဘက်တွင် မကွေးတိုင်းဒေသ ကြီး ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်၊ အနောက်ဘက်တွင် မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်၊ တောင်ဘက်တွင် ကန်ပက်လက်မြို့နယ်၊ မြောက်ဘက်တွင် မတူပီမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော မြို့နယ်တစ်ခု ဖြစ်သည်။

ဇယား (၁၀-၇-၁) မင်းတပ်မြို့နယ် နှင့် မြို့တို့၏ အကျယ်အဝန်းပြဇယား

| မြို့နယ် | စတုရန်းမိုင် | မြို့ | စတုရန်းမိုင် |
|---|---|---|---|
| မင်းတပ် | ၁၂၁၉.၈၆ | မင်းတပ် | ၂.၁၄ |
| မြို့နယ်ချုပ် | ၁၂၁၉.၈၆ | ၁ | ၂.၁၄ |

မင်းတပ်မြို့နယ်သည် ချင်းပြည်နယ်ရှိ အခြားမြို့နယ်များကဲ့သို့ စီးပွားရေး ဖွံ့ဖြိုးမှု နောက်ကျသော မြို့နယ်တစ်ခုဖြစ် သည်။ သို့သော်လည်း အခြားမြို့နယ်များထက် အားသာချက်များရှိသည်။ မင်းတပ်မြို့နယ်သည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ကဲ့သို့သော မြို့ကြီးများသို့ ကုန်းလမ်း ဖြင့်သွားလာနိုင်ပြီး လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ် ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ဆောင်ရွက်ကြပြီး ရိုးရာဂျုပ်ခုတ် လုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြသည်။

ဇယား (၁၀-၇-၂) အဓိက စိုက်ပျိုးသီးနှံ (၃) မျိုးကို ရွေးချယ်ဖော်ပြခြင်း (၂၀၁၆-၂၀၁၇ ခုနှစ်)

| သီးနှံ | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| စပါး (မိုး) | ၅၂၅၄ | ၅၂၄၈ |
| မြေပဲ (ဆောင်း) | ၇၈ | ၇၈ |
| အစေ့ထုတ်ပြောင်း | ၃၃၈၆ | ၃၃၄၈ |

မင်းတပ်မြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ပါသည်။ အထက်ဖော်ပြပါ ဇယားသည် မြို့နယ်တွင် စိုက်ဧက အများဆုံး သီးနှံ (၃) မျိုးကို ရွေးချယ်ဖော်ပြထားခြင်းဖြစ်ပါသည်။ မင်းတပ်မြို့နယ်တွင် စိုက်ဧက အများဆုံးမှာ မိုးစပါး၊ အစေ့ထုတ်ပြောင်းနှင့် မြေပဲ (ဆောင်း) တို့ဖြစ်ကြသည်။ ၎င်းတို့သည် စိုက်ဧက ပမာဏနှင့် ရိတ်သိမ်းသည့် ဧကမှာ များစွာကွဲပြားမှုမရှိပေ။

ဇယား (၁၀-၇-၃)- နှစ်ရှည်သီးနှံ (၃) မျိုးကို ရွေးချယ်ဖော်ပြခြင်း

| သီးနှံ | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| ကော်ဖီ | ၁၇၄ | - |
| ရှောက်/ သံပုရာ | ၁၀၄ | ၁၅ |
| သရက် | ၅၇ | ၁၂ |

ထို့အပြင် စိုက်ဧက အများဆုံးဖြစ်သည့် နှစ်ရှည် သီးနှံ (၃) မျိုးကို ဇယား (၃) တွင်ဖော်ပြထားပါသည်။ မင်းတပ်မြို့နယ်တွင် ကော်ဖီစိုက်ဧကမှာ ၁၇၄ ဧကရှိသော်လည်း မည်မျှ ပြန်လည် ရိတ်သိမ်းသည်ဆိုသည့် အချက်အလက်များ မရှိပေ။ ထို့ကြောင့် စိုက်ဧက ပမာဏကို မြင်တွေ့နိုင်ပြီး ရိတ်သိမ်း ပမာဏကို မသိရှိနိုင်ပေ။ ထို့အပြင် ရှောက်/ သံပုရာသည်လည်း စိုက်ဧက အားဖြင့် ၁၀၄ ဧက ရှိသော်လည်း၊ ၁၅ ဧက ကိုသာ ရိတ်သိမ်းကြောင်းတွေ့ရသည်။ သရက်လည်း ထိုနည်းလည်းကောင်း ဖြစ်သည်။ (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ချင်းပြည်နယ်, ဧပြီ၊ ၂၀၁၇)

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကို သိရှိသည့် ရာခိုင်နှုန်းသည် ဖြေဆိုသူများ၏ ၈၇ ရာခိုင်နှုန်းရှိပြီး၊ ၁၃ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့မြို့နယ်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို မသိရှိကြောင်းဖြေဆိုကြသည်။ ထို့အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရ သနည်းဆိုသည့် မေးခွန်း ကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၈၀ ရာခိုင်နှုန်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကိုမည်သို့ ရွေးချယ်ခဲ့သည်ကို သိရှိကြောင်း၊ ၂၀ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ အုပ်ချုပ်ရေးမှူး တစ်ယောက်၏ တာဝန်နှင့် ဝတ္တရားများကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၃၀ ရာခိုင်နှုန်းသည် ၎င်းတို့ အနေဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို မသိရှိကြောင်း ဖြေဆိုကြပြီး၊ ၇၀ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိကြသည်ဟု ဆိုသည်။ ထို့ကြောင့် အဆိုပါမေးခွန်းများနှင့် ပတ်သက်ပြီး မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူများသည် ရပ်/ ကျေးရွာ အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ရင်းနှီးမှု ရှိသည်ဟု ဆိုရမည်ဖြစ်သည်။


ဇယား (၁၀-၇-၄) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၈၇ % | ၁၃ % |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၈၀ % | ၂၀ % |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၇၀ % | ၃၀ % |

မင်းတပ်မြို့နယ်ရှိ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်းရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူ ၅၅ ရာခိုင်နှုန်းသည် ပုံမှန်အစည်းအဝေးပြုလုပ်လေ့ ရှိသည်ဟု ဖြေဆိုကြပြီး၊ ၃၀ ရာခိုင်နှုန်းအနေဖြင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း မရှိဟု တုံ့ပြန်ကြသည်။ ကျန် ၁၅ ရာခိုင်နှုန်းသည် အစည်းအဝေးပုံမှန် ပြုလုပ်ခြင်း ရှိ/ မရှိကို ၎င်းတို့အနေဖြင့် မသိကြောင်းဖြေဆိုကြသည်။

မင်းတပ်မြို့နယ်မှ ဖြေဆိုသူများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းသည် ၇၀ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ၎င်းတို့သိရှိသည်ဟု ဆိုသော အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို ဆက်လက် ၍လေ့လာရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များမှာ ထောက်ခံစာရေးသားခြင်း ဖြစ်သည်ဟု အများဆုံးဖြေဆိုကြသည်။ ရာခိုင်နှုန်းအားဖြင့် ဖြေဆိုမှု စုစုပေါင်းတွင် ၃၁ ရာခိုင်နှုန်းရှိသည်။ ဒုတိယ ဖြေဆိုမှု အများဆုံးမှာ ညှိစာရင်းတိုင်ကြားခြင်းဖြစ် သည်။ ရာခိုင်နှုန်းအားဖြင့် ဖြေဆိုမှု၏ ၂၀ ရာခိုင်နှုန်းရှိသည်။ ပုံ (၁၀-၇-၁) တွင် ကြည့်ပါ။

ပုံ (၁၀-၇-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




ထို့နောက်တွင် မင်းတပ်မြို့တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည် ဆိုပါက ဖြေဆိုသူများအနေဖြင့် စိုးရိမ်မှုများရှိသည်ကို ဆက်လက်လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၃၃ ရာခိုင်နှုန်း သည် အကယ်၍များ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှုများရှိကြောင်း ဖြေဆိုကြပြီး၊ ၆၇ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် မည်သည့် စိုးရိမ်မှုမှ မရှိ ကြောင်း

တုံ့ပြန်ကြသည်။ ထို့ကြောင့် ဖြေဆိုသူ များ၏ ထက်ဝက်ကျော်သည် မင်းတပ်မြို့ နယ်တွင် ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှု မရှိကြောင်း ဖြေဆို ကြသည်။

အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်ခဲ့ပါက စိုးရိမ်မှု ရှိ/ မရှိကို အမျိုးသားဖြေဆိုသူ များအကြားတွင် ဆက်လက်လေ့လာရာတွင် ဖြေဆိုသူ အမျိုးသား စုစုပေါင်းတွင် အမျိုးသား ၆၇ ရာခိုင်နှုန်းသည် မင်းတပ်မြို့နယ်တွင် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိကြောင်းဖြေဆိုကြပြီး၊ ကျန်အမျိုးသားဖြေဆိုသူ ၃၃ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် စိုးရိမ်မှု ရှိသည်ဟု တုံ့ပြန်သည်။ ထို့ကြောင့် မင်းတပ်မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက အမျိုးသားဖြေဆိုသူ အများစုသည် စိုးရိမ်မှု မရှိဟု နားလည်နိုင်ပေသည်။

ထို့အပြင် အမျိုးသမီး ဖြေဆိုသူများအကြားမည်သည့် တုံ့ပြန်မှုမျိုးရှိမည်ကိုလည်း ဆက်လက်ခွဲခြမ်းစိတ်ဖြာခဲ့သည်။ အမျိုးသမီးဖြေဆိုသူများအကြားတွင် မင်းတပ်မြို့နယ် ရပ်/ကျေး အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိဟု ဖြေဆိုသည့် အမျိုးသမီး ၆၇ ရာခိုင်နှုန်းရှိပြီး၊ စိုးရိမ်မှုရှိသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၃၃ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့်မင်းတပ်မြို့နယ်ရှိ အမျိုးသမီး ဖြေဆိုသူများကိုယ်တိုင်သည် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်လာမည်ဆိုပါက စိုးရိမ်လျက်ရှိနေကြသည်။ အောက်ဖော်ပြပါ ဇယား (၁၀-၇-၅) တွင်ကြည့်ပါ။

ဇယား (၁၀-၇-၅) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက မြို့နယ်အတွက် စိုးရိမ်ချက်ရှိပါသလား (n=94)


| | မြို့နယ် မင်းတပ် | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 33% | 33% | 33% |
| စိုးရိမ်မှုမရှိပါ | 67% | 67% | 67% |
| | 100% | 100% | 100% |

မင်းတပ်မြို့နယ်မှ ဖြေဆိုသူများတွင် အမျိုးသမီးများသည် မိမိကိုယ်မိမိယုံကြည်မှုမရှိခြင်း၊ ဆုံးဖြတ်ချက်ချမှုတွင် တွန့်ဆုတ်ခြင်း၊ ထို့အပြင် အစိုးရအနေဖြင့်လည်း အမျိုးသားများကိုသာ ဦးစားပေးခြင်း စသည်တို့သည် အမျိုးသမီးများအနေဖြင့် အုပ်ချုပ်ရေး မှူး ဖြစ်လာစေရန်အတွက် အဓိက အတားအဆီးများဖြစ်သည်ဟု ဆိုကြသည်။

## အခွန်ထမ်းဆောင်ခြင်း


မင်းတပ်မြို့နယ်မှ ဖြေဆိုသူများအား အခွန်နှင့် ဆိုင်သော ဗဟုသုတများနှင့် အမြင်များကို လေ့လာရာတွင် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုသူ ၈၁ ရာခိုင်နှုန်းရှိပြီး ၁၉ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုထားသည်။ ထို့အပြင် အခွန် ဆောင်ခြင်းကြောင့် ပြန်လည်ရရှိမည့် ခံစားခွင့်အကျိုးကျေးဇူးများကို သိရှိခြင်း ရှိ/ မရှိမေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၇၆ ရာခိုင်နှုန်းသည် အခွန်ဆောင်ခြင်းကြောင့် ပြန်လည်ရရှိမည့် ခံစားခွင့်များကို ၎င်းတို့အနေဖြင့် သိရှိကြောင်းဖြေဆိုကြပြီး၊ ၂၄ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ထို့နောက်တွင် အစိုးရအနေဖြင့် အခွန်ထမ်း ပြည်သူများအား ပေးနေသည့် ခံစားခွင့်များကိုလည်း မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူ ၄၂ ရာခိုင်နှုန်းအနေဖြင့် သိရှိ သည်ဟုဖြေဆိုကြသည်။ သို့သော် အများစုအနေဖြင့် အဆိုပါ ဝန်ဆောင်မှုများကို မသိရှိပေ။ ရာခိုင်နှုန်းအားဖြင့် ၅၈ ရာခိုင် နှုန်းရှိသည်။

ပုံ (၁၀-၇-၂ ) အခွန်နှင့် ဆိုင်သော ဗဟုသုတများ





ပြည်သူများအနေဖြင့် အခွန်ဆောင်ဖူးခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၁၇ ရာခိုင်နှုန်းသည် အခွန်မဆောင်ဖူးပါဟု ဖြေဆိုကြပြီး၊ ကျန် ၈၃ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။ ထို့ကြောင့် မင်းတပ်မြို့နယ်မှ ဖြေဆိုသူများသည် အခွန်ဆောင်ခြင်းတွင် အတွေ့အကြုံရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ပုံ (၁၀-၇-၃) အခွန်ဆောင်ဖူးပါသလား (n=83)





ထို့နောက်တွင် အခွန်ဆောင်ဖူးပါသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများအား ၎င်းတို့အနေဖြင့် မည်သည့် အခွန်အမျိုးအစား များကို ဆောင်ဖူးပါသနည်းဟု မေးမြန်းရာတွင် ဖြေဆိုသူ အများစုသည် ရေခွန် (ရေသုံးစွဲခ)နှင့် အိမ်ခွန်ဟု အများဆုံးဖြေဆိုကြသည်။

ပုံ (၁၀-၇-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား




ဤလေ့လာမှုသည် ဌာနဆိုင်ရာများအပေါ် ပြည်သူများအနေဖြင့် မည်ကဲ့သို့ အထင်အမြင်များရှိနေသည်ကိုလေ့လာလိုသည့် ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် မင်းတပ်မြို့နယ်မှ ဖြေဆိုသူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ် ဆောင်ရွက်ဖူးသည့် ရာခိုင်နှုန်းမှာ ဖြေဆိုသူ စုစုပေါင်းတွင် ၅၆ ရာခိုင်နှုန်းရှိသည်။ ၄၄ ရာခိုင်နှုန်းအနေဖြင့် ဆက်သွယ် ဆောင်ရွက်ဖူးခြင်းမရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ပုံ (၁၀-၇-၄) တွင်ဖော်ပြထားသည့် အတိုင်း မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အစိုးရဌာန ဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးကြသည်။

ပုံ (၁၀-၇-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ





ထိုသို့ အများစုအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်မှုတွင် မည်သည့် အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသနည်း ဆိုသည်ကိုလည်း လေ့လာရန်လိုပေလိမ့်မည်။ ထို့ကြောင့် ဖြေဆိုသူ ၄၉ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်နှောင့်နှေးကြန့်ကြာမှုများ နှင့် အများဆုံး ရင်ဆိုင်ခဲ့ရကြောင်း၊ ဒုတိယ အနေဖြင့် ဆက်ဆံရေးမပြေပြစ်ခြင်းများလည်း ရင်ဆိုင်ခဲ့ကြရကြောင်း ဖြေဆိုကြသည်။

ထို့ကြောင့် မင်းတပ်မြို့နယ်ရှိ ဌာန ဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် မြို့နယ်ရှိ ပြည်သူများ၏ အမြင်မှာ နှောင့်နှေးကြန့်ကြာခြင်းဖြစ်ပေသည်။

မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မြို့နယ်မှရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၇၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်ကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၂၉ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ပုံ (၁၀-၇-၆) တွင်ကြည့်ပါ။


ပုံ (၁၀-၇-၆) ။ လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာ အရေး




ထို့နောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိ ခြင်းရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူများ၏ ၅၄ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို မသိရှိကြောင်းဖြေဆိုပြီး၊ ၄၆ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိကြောင်း ဖြေဆိုကြသည်။ ထို့နောက်တွင် ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်များတွင် (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်) ရှိ/ မရှိ သိရှိခြင်းရှိ/ မရှိကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ အများစုဖြစ်သည့် ၇၅ ရာခိုင်နှုန်းကျော်သည် လွှတ်တော်များအတွင်း ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိကို ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။


မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူများသည် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်အပေါ် စိုးရိမ်မှု ရှိ/ မရှိလေ့လာရာတွင် ဖြေဆိုသူများ၏ ၇၃ ရာခိုင်နှုန်းသည် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စား လှယ် အပေါ် စိုးရိမ်မှုမရှိကြပေ။ ၁၀ ရာခိုင်နှုန်းသည် စိုးရိမ်မှု ရှိသည်ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်း သည် မသိဟု ဖြေဆိုသော ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူ များ၏ ထက်ဝက်ကျော်သည် မင်းတပ်မြို့နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချမှုရှိပြီး၊ စိုးရိမ်ချက်မရှိပေ။

ပုံ (၁၀-၇-၇) အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှု




မဲဆန္ဒရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ရှိသည့် ကြိမ်ရေကိုလည်း လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၂၃ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဖူးခြင်းမရှိပေ။ ဖြေဆိုသူ၏ ဒုတိယ အများဆုံးဖြစ်သော ၁၆ ရာခိုင်နှုန်းအနေဖြင့် အနည်းဆုံး သုံးကြိမ်တွေ့ဖူးသည်ဟု တုံ့ပြန်ကြသည်။ တွေ့ဖူးသည့် ကြိမ်ရေအများဆုံးဖြစ်သည့် ငါးကြိမ်နှင့် အထက်တွေ့ရှိမှုသည် ၇ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် ၎င်းတို့လွှတ်တော်ကိုယ်စားလှယ်များနှင့် မတွေ့ဖူးသည့် ရာခိုင်နှုန်းက ပိုများ ပေသည်။ သို့သော်လည်း ကြိမ်ရေအများဆုံးတွေ့ဖူးသည်ဟုဖြေဆိုသူ အချို့လည်းမြင်တွေ့ရမည်ဖြစ်သည်။

ပုံ (၁၀-၇-၈) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဖူးသည့် ကြိမ်ရေ (n=95)





ထို့ပြင် မိမိမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အတွင်း မည်သည့် တာဝန်များထမ်းဆောင်လျက် ရှိသည်ကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၄၄ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့် တာဝန်များကို ထမ်းဆောင်လျက်ရှိသည်ကို မသိရှိကြပေ။

ဖြေဆိုမှု၏ ကျန်ရာခိုင်နှုန်းများသည် လွှတ်တော် အတွင်း အဆိုတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်း စသည့် လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည် ဟု ဖြေဆိုကြသည်။

## ရဲဌာန (ဂန်ထမ်းများ)အပေါ် မင်းတပ် မြို့နယ်ဒေသခံများ၏ အမြင်သဘောထားများကို လေ့လာခြင်း

ဤအခန်းသည် ရဲဌာန (ဂန်ထမ်း) များအပေါ် မင်းတပ် မြို့နယ်ရှိ ပြည်သူများ၏ အမြင်သဘောထားများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ရဲဌာန (ဂန်ထမ်း) များအပေါ် ဒေသခံပြည်သူများအနေဖြင့် မည်ကဲ့သို့ သဘောထား ထင်မြင်ချက်များရှိနေသည်ကို သိရှိရန် အတွက် အချက်အလက်များ ကောက်ယူခဲ့ပါသည်။ ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ယေဘုယျ လေ့လာရာတွင် ဖြေဆိုသူများ၏ ၅၃ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ ဆောင်ရွက်ချက်ပေါ်တွင် "စိတ်ကျေနပ်မှု မရှိ" ဟု ဖြေဆိုကြသည်။ ၂၇ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့ ဆောင်ရွက်ချက် များအပေါ်တွင် "စိတ်ကျေနပ်မှု ရှိသည်" ဟု တုံ့ပြန်ကြပြီး၊ ကျန်ရာခိုင်နှုန်းသည် ရဲဌာနများ၏ လုပ်ဆောင်ချက်များကို "မသိ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုချက်များအရ ဖြေဆိုသူ များ၏ ထက်ဝက်ကျော်သည် ရဲဌာန (ဂန်ထမ်း) များ၏ ဆောင်ရွက်ချက်များပေါ်တွင် "စိတ်ကျေနပ်မှု မရှိ" သည် ကိုတွေ့ရှိရသောကြောင့် ရဲဌာန (ဂန်ထမ်း) များအနေဖြင့် လုပ်ငန်းဆောင်တာများကို ပြန်လည်သုံးသပ်၊ အကဲဖြတ်မှုများကို ပိုမိုလုပ်ဆောင်ရပေလိမ့်မည်။ ယခုဖော်ပြ သော ရာခိုင်နှုန်းများသည် မင်းတပ် မြို့နယ်နှင့် ဆက်စပ်သော ရဲဌာန (ဂန်ထမ်း) များအပေါ် လူထု၏ အမြင်ကိုယေဘုယျကျကျ တင်ပြထားခြင်းဖြစ်သောကြောင့်၊ မည်သည့် ကဏ္ဍတွင် သို့မဟုတ် မည်သည့် လုပ်ဆောင်မှုများကို တိုင်းတာသနည်းဟု မေးခွန်းထုတ်စရာဖြစ်သည်။ ထို့ကြောင့် မည်ကဲ့သို့ တိုင်းတာသနည်း သို့မဟုတ် မည်သည့် အချက်/ လုပ်ဆောင်ချက်များကို ကြည့်၍ အကဲဖြတ်မှုများပြုလုပ်သည်ကို အောက်ဖော်ပြပါ မေးခွန်းတစ်ခုချင်းတွင် မြင်တွေ့နိုင် မည်ဖြစ်သည်။


ပုံ(၁၀-၇-၉) ရဲဌာန (ဂန်ထမ်းများ)အပေါ် မင်းတပ် မြို့နယ် အမြင်စစ်တမ်း အားတင်ပြမှု




ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်တာများအပေါ် မင်းတပ် မြို့နယ်၏ သဘောထားအမြင်များကို မေးမြန်းရာတွင် အသေးစိတ်ခွဲခြမ်း စိတ်ဖြာနိုင်ရန်အတွက် နောက်ဆက်တွဲ မေးခွန်းလွှာများကို ခွဲ၍ မေးမြန်းခဲ့သည်။ သက်ဆိုင်ရာ မေးခွန်း အလိုက် တွေ့ရှိချက်များကို အောက်တွင် ပုံနှင့် တကွ ရှင်းလင်းဆွေးနွေးထားပါသည်။ ပုံ (၁၀-၇-၁၀) ဖြင့်ယှဉ်တွဲလေ့လာနိုင်ပါသည်။

(က) မေးခွန်းအလိုက်တွေ့ရှိချက်များမှာ_ ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ဆောင်ချက်ကို တိုင်းတာရာတွင် အောက်ဖော်ပြပါမေးခွန်းများကို အခြေခံ၍ တိုင်းတာထားသည်။ အရေးပေါ်တိုင်ကြားရမည့် ရဲဌာန (ဂန်ထမ်း) များ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်သည်လည်း ဤလေ့လာမှုတွင် တိုင်းတာမှု တစ်ခုဖြစ်သည်။ ထို့ကြောင့် မင်းတပ် မြို့နယ်ရှိ ဖြေဆိုသူ ၉၉ ဦးကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၇၅ ရာခိုင်နှုန်းသည် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို "မသိ" ရှိကြောင်းဖြေဆိုကြပြီး ကျန် ၂၅ ရာခိုင်နှုန်းသည် သိရှိကြောင်း ဖြေဆိုကြသည်။

ပုံ (၁၀-၇-၁၀) ရဲဌာန (ဂန်ထမ်းများ)အပေါ် ပြည်သူများ၏ အမြင်စစ်တမ်းအားတင်ပြမှု




| | အားကိုးယုံကြည်မှု(n=၉၇) | အချိန်ကိုက်ဆောင်ရွက်မှု(n=၉၈) | ဘက်လိုက်မှုကင်း(n=၉၈) | စွမ်းဆောင်ရည် (n=၉၃) | အမျိုးသမီးများအမှုတိုင်ကြားမှု (n=၈၇) |
|---|---|---|---|---|---|
| ထောက်ခံ | 40% | 20% | 14% | 11% | 40% |
| မထောက်ခံ | 35% | 51% | 59% | 56% | 56% |
| သာမန် | 25% | 29% | 27% | 33% | 4% |

(ခ) ဒုတိယ မေးခွန်းတွင် ရပ်ရွာ အနေဖြင့် ရဲဌာန (ဂန်ထမ်း) များပေါ်တွင် အားကိုးယုံကြည် ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၃၅ ရာခိုင်နှုန်းသည် အားကိုးယုံကြည်မှု "မရှိ" ဟု ဖြေဆိုကြပြီး၊ ၄၀ ရာခိုင်နှုန်းသည် "ယုံကြည်မှု" ရှိကြောင်း ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် "မသိ" ဟုဖြေဆိုကြသည်။ ထို့ကြောင့် မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် ရဲဌာန (ဂန်ထမ်း) များအပေါ် အားကိုးယုံကြည်မှု ရှိကြပေသည်။

(ဂ) တတိယ မေးခွန်းအနေဖြင့် ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးမှု ရှိ/ မရှိ သို့မဟုတ် ၎င်းမေးခွန်းအပေါ် ပြည်သူများ၏ အမြင်များကို မေးမြန်းရာတွင် မင်းတပ် မြို့နယ်မှ ဖြေဆိုသူများ၏ ၅၁ ရာခိုင်နှုန်းသည် ရဲဌာနများအနေဖြင့် အမှုကိစ္စများကို အချိန်နှင့် တပြေညီ ဆောင်ရွက်ခြင်း "မရှိ" ဟု ဖြေဆိုကြပြီး၊ ၂၀ ရာခိုင် နှုန်းသည် ရဲဌာနများ (ဂန်ထမ်း) များအနေဖြင့် တိုင်ကြားမှုများကို အချိန်နှင့် တပြေးညီဆောက်ရွက်ခြင်းရှိသည်ကို "ထောက်ခံ" ကြောင်း တုံ့ပြန်ကြသည်။ ကျန် ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "မသိ" ကြောင်းဖြေဆိုသည်။ ထို့ကြောင့် မင်းတပ်မြို့နယ်ရှိ ဖြေဆိုသူ များ၏ ထက်ဂက်ခန့်သည် တိုင်ကြားမှုများအပေါ် ရဲဌာန (ဂန်ထမ်း) များ၏ ကိုင်တွယ်ဆောင်ရွက်မှုများသည် အချိန်ဆွဲလုပ်ဆောင်ခြင်း သို့မဟုတ် အချိန်နှင့် တပြေးညီလုပ်ဆောင်မှုမရှိခြင်းတို့ဖြစ်သည်ဟုထင်မြင်ကြသည်။ မေးခွန်း (ခ) တွင် မင်းတပ် မြို့နယ်မှ ဖြေဆိုသူများသည် ရဲဌာန (ဂန်ထမ်း) များအပေါ် အားကိုးယုံကြည်မှု ရာခိုင်နှုန်း မြင့်မားကြသော်လည်း၊ ရဲဌာန (ဂန်ထမ်း) များ၏ အမှုကိစ္စများ ဖြေရှင်းဆောင်ရွက်မှုမှာ အချိန်နှင့် တပြေးညီဆောင်ရွက်ခြင်းမရှိကြောင်း ဖြေဆိုသူများမှ ရှုမြင်လျက်ရှိကြသည်။

(ဃ) ထို့အပြင် ရဲဌာနများ၏ ပြည်သူ့ ဂန်ဆောင်မှု များဆောင်ရွက်ရာတွင် ဘက်လိုက်မှု ရှိ/ မရှိကို မင်းတပ် မြို့နယ်တွင် လူဦးရေ ၈၇ ဦး ကိုမေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၅၉ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များသည် ပြည်သူ့ဂန်ဆောင်မှု များ ဆောင်ရွက်ရာတွင် "ဘက်လိုက်မှု ရှိ" သည် ဟုဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၁၄

ရာခိုင်နှုန်းအနေဖြင့် "ဘက်လိုက်မှု မရှိ" ဟု ထင်မြင်ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "မသိ" ကြောင်း ဖြေဆိုကြသည်။ ဖြေဆိုသူများ၏ သုံးပုံ နှစ်ပုံ၊ တစ်နည်းအားဖြင့် ဖြေဆိုသူ အများစုသည် ရဲဌာန (ဂျန်ထမ်း) များအနေဖြင့် "ဘက်လိုက် မှု ရှိ" သည်ဟု ထင်မြင်ကြောင်း ဖြေဆိုကြသည်။ ထို့ကြောင့် မင်းတပ်မြို့နယ်နှင့် သက်ဆိုင်သော ရဲဌာန (ဂျန်ထမ်း) များအနေဖြင့် အဆိုပါ ရာခိုင်နှုန်းကို လျော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် သို့မဟုတ် မင်းတပ်မြို့နယ်ရှိ ပြည်သူများ၏ အပြုသဘောဆောင်သော အမြင်များ ရရှိလာရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အကြံပြုရမည်ဖြစ်သည်။


(င) ရဲဌာန (ဂျန်ထမ်း) များ၏ စွမ်းဆောင်ရည်များအပေါ်တွင် ပြည်သူများ၏ အမြင်များကို သိရှိနိုင်ရန် မင်းတပ်မြို့နယ်တွင် ၉၃ ဦးကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၅၆ ရာခိုင်နှုန်းသည် ရဲဌာန (ဂျန်ထမ်း) များ၏ စွမ်းဆောင်ရည်များအပေါ်တွင် "မထောက်ခံ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူများ၏ ၁၁ ရာခိုင်နှုန်းသည် ရဲဌာန (ဂျန်ထမ်း) များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး "ထောက်ခံ" ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းအနေဖြင့် "မသိ" ကြောင်းဖြေဆိုကြသည်။


(စ) ဤမေးခွန်းသည် အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများနှင့် ပတ်သက်ပြီး ရဲစခန်းသို့ တိုင်ကြားမှု ရှိ/ မရှိ ၇၈ ဦးကို မေးမြန်းရာတွင်၊ ၅၆ ရာခိုင်နှုန်း၏ ဖြေဆိုချက်မှာ မင်းတပ်မြို့နယ်ရှိ အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများနှင့် ပတ်သက်ပြီး ရဲစခန်းသို့ တိုင်ကြားသည်ဟု "မထင်" ကြောင်း တုံ့ပြန်ကြသည်။ ဖြေဆိုသူ၏ ၄၀ ရာခိုင်နှုန်းသည် အမျိုးသမီးအနေဖြင့် အဆိုပါ အမှုကိစ္စများနှင့် ကြုံတွေ့ပါက ရဲစခန်းသို့ တိုင်ကြားသည်ဟု "ထင်" ကြောင်း ဖြေဆိုကြသည်။ ထို့ကြောင့် မင်းတပ် မြို့နယ် ရှိ ဖြေဆိုသူ အများစုသည် ရပ်ရွာရှိ အမျိုးသမီးများအနေဖြင့် အထက်ဖော်ပြပါ ကိစ္စများတွင် ရဲဌာနကို တိုင်ကြားလေ့မရှိ ဟု အများစု ထင်မြင်ကြပေသည်။

## ဒေသတွင်းတရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း

မင်းတပ်မြို့နယ်၏ တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူ လေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေအကြံပေးများ၊ တရားရေးအမှုထမ်းများနှင့် တရားရုံး၏တရားစီရင်မှုအပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။ လေ့လာမှုတွင် တရားစီရင်မှုအား မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှုနှင့် အမျိုးများနှင့်ဆက်နွယ်သောအမှုများအား တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ယူဆချက်များကို ကိုယ်စားပြု ချိုင့်မိစေရန် ရပ်ကွက်များနှင့်ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျစာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင် ပုံနှင့်တကွရှင်းလင်း ဖော်ပြထားပါသည်။

ပုံ (၁၀-၇-၁၁) တရားစီရင်မှုအပေါ် မင်းတပ် မြို့နယ်၏ အမြင်စစ်တမ်း အားတင်ပြမှု




| | မျှတမှု(n=94) | အချိန်/ဖြေရှင်း (n=95) | အမျိုးသမီး အရေး(n=92) |
|---|---|---|---|
| ■ ထင်ပါသည် | 25% | 80% | 30% |
| ■ မထင်ပါ | 61% | 13% | 70% |
| ■ မသိပါ | 14% | 7% | 0% |

ကွင်းဆင်းလေ့လာမှုတွင် ဒေသရှိလေ့လာသူလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ ထောက်ခံမှုမရှိသည်ကို တွေ့ရှိရပြီး၊ ၂၃ ရာခိုင်နှုန်းသည် ယုံကြည်ထောက်ခံသည်ကို လေ့လာတွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၇ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

အသေးစိတ်လေ့လာတွေ့ရှိချက်များအား ပုံ(၁၀-၇-၁၁) တွင် ဖော်ပြထားသည်။ ၎င်းတို့မှာ_

(က) မိမိတို့ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သက်မှတ်ထားသော လေ့လာသူဦးရေ၏ ၆၁ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၂၅ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၁၄ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိ၊ မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၈၀ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှုမရှိဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၁၃ ရာခိုင်နှုန်းသည် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၇ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

(ဂ) အမျိုးသမီးရေးရာ ကိစ္စရပ်များအား တိုင်ကြားမှုတွင် တရားစီရင်၊ ဆုံးဖြတ်မှုများကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၃၀ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရသည်။

# (၁၀-၈) မတူပီမြို့နယ်

မတူပီမြို့နယ်သည် မင်းတပ်ခရိုင်မြို့နယ်ထဲတွင်ရှိသည်။ မြို့နယ်၏ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် ထီးလင်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် မင်းတပ်မြို့နယ်၊ အနောက်ဘက်တွင် ပလက်ဝမြို့နယ်၊ အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်းပြည်နယ်၊ မြောက်ဘက်တွင် ထန်တလန်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

ဇယား (၁၀-၈-၁) မတူပီ မြို့နယ် နှင့် မြို့တို့၏ အကျယ်အဝန်းပြဇယား

| မြို့နယ် | စတုရန်းမိုင် | မြို့ | စတုရန်းမိုင် |
|---|---|---|---|
| မတူပီ | ၂၃၁၆.၈၁ | မင်းတပ် | ၃.၇၅ |
| | | ရေဇွာ | ၀.၄၉ |
| | | လိုင်လင်းပီ | ၀.၂၄ |

မတူပီမြို့နယ်သည် ချင်းပြည်နယ်၏ တောင်ပိုင်းတွင် တည်ရှိပြီး စီးပွားရေး ဖွံ့ဖြိုးမှု နေးကွေးသော မြို့နယ်တစ်ခု ဖြစ်သည်။ ဒေသခံများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများကို အဓိက လုပ်ကိုင်ကြသည်။ မတူပီမြို့နယ်၏ အဓိကထွက်ကုန်မှာ ဂျုံနှင့် ဂမုန်း ဖြစ်ပြီး ပြည်ပသို့ အများဆုံးတင်ပို့ရောင်းချသည်။

မတူပီမြို့နယ်၏ စာတတ်မြောက်မှုနှုန်း (၁၅ နှစ်နှင့်အထက်) သည် ၇၆.၂ ရာခိုင်နှုန်းရှိသည်။ မတူပီမြို့နယ်၏ လူဦးရေတွင် လုပ်သားအင်အားတွင်ပါဝင်နှုန်း (အသက် ၁၅- ၆၄ နှစ်) သည် ၅၉.၄ ရာခိုင်နှုန်းရှိသည်။

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

မတူပီမြို့နယ်တွင် ဖြေဆိုသူများအား ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကို သိရှိသည့် ရာခိုင်နှုန်းသည် ၉၉ ရာခိုင်နှုန်းရှိပြီး၊ ၁ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို မသိရှိကြောင်းဖြေဆိုကြသည်။ ထို့အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို မည်ကဲ့သို့ ရွေးချယ်ရသနည်းဆိုသည့် မေးခွန်း ကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူ များ၏ ၈၉ ရာခိုင်နှုန်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို မည်သို့ရွေးချယ်ရသည်ကို သိရှိကြောင်း၊ ၁၁ ရာခိုင်နှုန်းသော ဖြေဆိုသူများမှ မသိရှိ ကြောင်းဖြေဆိုကြသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူး တစ်ယောက်၏ တာဝန်နှင့် ဝတ္တရားများကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၇၄ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိကြောင်း ဖြေဆိုကြသည်။ ၂၆ ရာခိုင်နှုန်းအနေဖြင့် မသိရှိကြ ပေ။


ဇယား (၁၀-၈-၂) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၉၉ % | ၁ % |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၈၉ % | ၁၁ % |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၇၄ % | ၂၆ % |

မတူပီမြို့နယ်ရှိ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများသည် ပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်းရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူ ၆၂ ရာခိုင်နှုန်းသည် မတူပီမြို့နယ်ရှိ အုပ်ချုပ်ရေးမှူးသည် ပုံမှန်အစည်းအဝေးပြုလုပ်လေ့ ရှိသည်ဟု ဖြေဆိုကြပြီး၊ ဖြေဆိုသူ ၃၆ ရာခိုင်နှုန်းမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှာ ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း မရှိဟု တုံ့ပြန်ကြသည်။

ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၇၄ ရာခိုင်နှုန်းရှိသည်။ ထို့နောက် သိသည်ဟု ဖြေဆိုသူများကို ဆက်လက်၍ ၎င်းတို့သိရှိထားသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၄၄ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ထောက်ခံစာရေးသားခြင်းဖြစ်သည်ဟု ဖြေဆိုကြပြီးဖြေဆိုသူ ၁၄ ရာခိုင်နှုန်းမှ အိမ်၊ ယာ၊ မြေ အငြင်းပွားမှုများအား ဖြေရှင်းပေးခြင်းဖြစ်သည်ဟုဆိုသည်။ ပုံ (၁၀-၈-၁ ) တွင် ကြည့်ပါ။

ပုံ (၁၀-၈-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




ထို့နောက် မတူပီမြို့နယ်၏ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည် ဆိုပါက ဖြေဆိုသူများအနေဖြင့် မည်သည့် စိုးရိမ်မှုများရှိသည်ကို ဆက်လက်လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၄၁ ရာခိုင်နှုန်းသည် အကယ်၍များ ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှုရှိကြောင်း ဖြေဆိုကြပြီး၊ ဖြေဆိုသူ ၅၉ ရာခိုင်နှုန်းမှ ၎င်းတို့အနေဖြင့် မည်သည့် စိုးရိမ်မှုမှ မရှိကြောင်း တုံ့ပြန်ကြသည်။ ထို့ကြောင့် ဖြေဆိုသူများ၏ ထက်ဝက်ကျော်သည် မတူပီမြို့ နယ်တွင် ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှု မရှိကြောင်း ဖြေဆို ကြသည်။

အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်ခဲ့ပါက စိုးရိမ်မှု ရှိ/မရှိကို အမျိုးသားဖြေဆိုသူ များအကြားတွင် ဆက်လက်လေ့လာရာတွင် ဖြေဆိုသူ အမျိုးသားများ၏ ၅၅ ရာခိုင်နှုန်းသည် မတူပီမြို့နယ်တွင် အုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိကြောင်းဖြေဆိုကြပြီး၊ ကျန်အမျိုးသားဖြေဆိုသူ ၄၅ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် စိုးရိမ်မှု ရှိသည်ဟု တုံ့ပြန်သည်။ ထို့ကြောင့် မတူပီမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက အမျိုးသားဖြေဆိုသူ အများစုသည် စိုးရိမ်မှု မရှိဟု နားလည်နိုင်ပေသည်။

ထို့အပြင် အမျိုးသမီး ဖြေဆိုသူများအကြားတွင် မည်သည့်တုံ့ပြန်မှုမျိုးရှိမည်ကိုလည်း ဆက်လက်ခွဲခြမ်းစိတ်ဖြာခဲ့သည်။ အမျိုးသမီးဖြေဆိုသူများအကြားတွင် မတူပီမြို့နယ်တွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိဟု ဖြေဆိုသူ ၆၆ ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများအုပ်ချုပ်ရေးမှူးဖြစ်ခဲ့မည်ဆိုပါက အမျိုးသမီးများကိုယ်တိုင်က စိုးရိမ်သည့်ဖြေဆိုမှုသည် ရာခိုင်နှုန်းအနေဖြင့် ၃၄ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် မတူပီမြို့နယ်ရှိ အမျိုးသမီးဖြေဆိုသူများကိုယ်တိုင်သည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်လာမည်ကို စိုးရိမ်လျက်ရှိနေကြသည်။ အောက်ဖော်ပြပါ ဇယား (၁၀-၈-၃ ) တွင်ကြည့်ပါ။

ဇယား (၁၀-၈-၃ ) ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက မြို့နယ်အတွက် စိုးရိမ်မှုရှိပါသလား (n=97)


| | မြို့နယ် မတူပီ | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 41% | 45% | 34% |
| စိုးရိမ်မှုမရှိပါ | 59% | 55% | 66% |
| | 100% | 100% | 100% |

မိသားစုကြောင့် ရပ်ရွာလုပ်ငန်းများအတွက်အချိန်မပေးနိုင်ခြင်း၊ ကျား/ မ ခွဲခြားဆက်ဆံခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားနည်းခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်း၊ ထို့အပြင် ချင်းပြည်နယ်ရှိ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုများက အမျိုးသမီးများအား ပံ့ပိုးမှု မရှိခြင်း၊ ပတ်ဝန်းကျင်မှလည်း အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်လာမည့်အပေါ် လက်မခံနိုင်ခြင်း စသည်တို့သည် အမျိုးသမီးများအတွက် အဟန့်အတားများဖြစ်သည်ဟု ဖြေဆိုကြသည်။

## အခွန်ထမ်းဆောင်ခြင်း


မတူပီမြို့နယ်မှ ဖြေဆိုသူများအား အခွန်နှင့်ပတ်သက်သော ဗဟုသုတများနှင့် အမြင်များကို လေ့လာရာတွင် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုသူ ၈၈ ရာခိုင်နှုန်းရှိပြီး ၁၂ ရာခိုင်နှုန်းကသာ မသိပါဟု ဖြေဆိုထားသည်။ အခွန်ဆောင်ခြင်း၏အကျိုးကျေးဇူးများကို သိသည်ဟု ဖြေဆိုသူ ၃၃ ရာခိုင်နှုန်းရှိပြီး၊ ၆၇ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုထားသည်။ ဖြေဆိုသူများ၏ ၈၄ ရာခိုင်နှုန်းသည် အစိုးရက အခွန်ထမ်းပြည်သူများအပေါ် မည်သည့်ဝန်ဆောင်မှုများပေးသည်ကို မသိပါဟု ဖြေဆိုထားပြီး ၁၆ရာခိုင်နှုန်းမှာ သိသည်ဟု ဖြေဆိုထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မတူပီမြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အခွန်ဆောင်ခြင်းကို အများစုက သိသော်လည်း အခွန်နှင့် သက်ဆိုင်သော ဗဟုသုတများကို ဖြေဆိုသူ အများစုက မသိကြပေ။ ပုံ (၁၀-၈-၂) တွင် ကြည့်ပါ။

ပုံ (၁၀-၈-၂ ) အခွန်နှင့် သက်ဆိုင်သော ဗဟုသုတများ



ထို့နောက်တွင် ပြည်သူများအနေဖြင့် အခွန်ဆောင်ဖူးခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၁၅ ရာခိုင်နှုန်းသည် အခွန်မဆောင်ဖူးပါဟု ဖြေဆိုကြပြီး၊ ကျန် ၈၅ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။


ပုံ (၁၀-၈-၃) အခွန်ဆောင်ဖူးပါသလား (n=96)




ထို့နောက်တွင် အခွန်ဆောင်ဖူးပါသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများအား ၎င်းတို့အနေဖြင့် မည်သည့် အခွန်အမျိုးအစားမျိုးကို ဆောင်ဖူးပါသနည်းဟု မေးမြန်းရာတွင် ဖြေဆိုသူအများစုသည် ရေခွန်၊ မီးခွန် (မီတာခ)၊ လယ်ယာမြေခွန်ဟု အများဆုံးဖြေဆိုကြသည်။


ဤလေ့လာမှုသည် ဌာနဆိုင်ရာများအပေါ်ပြည်သူများအနေဖြင့် မည်ကဲ့သို့ အထင်အမြင်များရှိနေသည်ကိုလေ့လာလိုသည့် ရည်ရွယ်ချက်လည်းရှိသည်။ ဖြေဆိုသူများ၏ ၆၆ ရာခိုင်နှုန်းသည် ဌာနဆိုင်ရာများနှင့် ဆက်သွယ် ဆောင်ရွက်ဖူးသည်ဟုဖြေဆိုကြပြီး ၃၄ ရာခိုင်နှုန်းအနေဖြင့် ဆက်သွယ် ဆောင်ရွက်ဖူးခြင်းမရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ပုံ (၁၀-၈-၄) တွင်ဖော်ပြထားသည့်အတိုင်း မတူပီမြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးကြသည်။

ပုံ (၁၀-၈-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား




အများစုအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်မှုတွင် မည်သည့် အခက်အခဲ တွေ့ကြုံရသနည်း ဆိုသည်ကိုလည်း လေ့လာရန်လိုပေလိမ့်မည်။ ဖြေဆိုသူများ၏ ၄၉ ရာခိုင်နှုန်းသည် နှောင့်နှေးကြန့်ကြာမှုများနှင့်ရင်ဆိုင်ခဲ့ကြရပြီး ၃၀ရာခိုင်နှုန်းသည် ဆက်ဆံရေး မပြေပြစ်ခြင်းများနှင့် ရင်ဆိုင်ခဲ့ ကြရသည်။

ပုံ (၁၀-၈-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ




မတူပီမြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မြို့နယ်တွင် အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိခြင်း ရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူများ၏ ၇၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်ကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၂၉ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ပုံ (၁၀-၈-၆) တွင်ကြည့်ပါ။

ပုံ (၁၀-၈-၆) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာအရေး





ထို့နောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိ ခြင်းရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူများ၏ ၆၉ ရာခိုင်နှုန်းသည် မသိရှိကြောင်းဖြေဆိုပြီး၊ ၃၁ ရာခိုင်နှုန်းသော ဖြေဆိုသူများမှ သိရှိကြောင်း ဖြေဆိုကြသည်။

ထို့နောက်တွင် ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် (ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်နယ်လွှတ်တော်) တွင် ရှိ/ မရှိ သိရှိခြင်းရှိ/ မရှိကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ အများစုဖြစ်သည့် ၈၀ ရာခိုင်နှုန်းကျော်သည် လွှတ်တော်များအတွင်း ချင်းပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စား လှယ် ရှိ/ မရှိကို ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။


မတူပီမြို့နယ်ရှိ ဖြေဆိုသူများ အနေဖြင့် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်အပေါ် စိုးရိမ်မှု ရှိ/ မရှိ လေ့လာရာတွင် ဖြေဆိုသူများ၏ ၇၁ ရာခိုင်နှုန်းသည် ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှုမရှိကြပေ။ ၁၂ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် စိုးရိမ်မှု ရှိသည်ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်း သည် မသိဟု ဖြေဆိုသော ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် မတူပီမြို့နယ်ရှိ ဖြေဆိုသူများ၏ ထက်ဝက်ကျော်သည် မတူပီမြို့နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချမှုရှိပြီး၊ စိုးရိမ်ခြင်းမရှိပေ။

ပုံ (၁၀-၈-၇) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အပေါ် စိုးရိမ်မှု




မဲဆန္ဒရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ရှိသည့် အကြိမ်ရေကိုလည်း လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၄၅ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဖူးခြင်းမရှိပေ။ ဖြေဆိုသူ၏ ၁၉ ရာခိုင်နှုန်းအနေဖြင့် အနည်းဆုံး တစ်ကြိမ်အဖြစ်တွေ့ဖူးကြောင်း တုံ့ပြန်ကြသည်။ တွေ့ဖူးသည့်အကြိမ်ရေအများဆုံးဖြစ်သည့် ငါးကြိမ်နှင့် အထက်တွေ့ရှိမှုသည် ၁ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် မတူပီမြို့နယ်ရှိ ဖြေဆိုသူအများစုသည် ၎င်းတို့၏လွှတ် တော်ကိုယ်စားလှယ်များနှင့် မတွေ့ဖူးသည့် ရာခိုင်နှုန်းက ပိုများ ပေသည်။

ပုံ (၁၀-၈-၈) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဖူးသည့် ကြိမ်ရေ (n=100)




ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အတွင်း မည်သည့် တာဝန်များ ထမ်းဆောင်လျက်ရှိသည်ကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၄၄ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့် တာဝန်များကို ထမ်းဆောင်လျက်ရှိသည်ကို မသိရှိကြပေ။ ဖြေဆိုသူ၏ ၂၅ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုတင်သွင်းခြင်းကိစ္စများလုပ်ဆောင်နေသည်ဟုဆိုသည်။ ၁၀ ရာခိုင်နှုန်းအောက်သည် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေကြမ်းတင်သွင်းခြင်း၊ ကော်မတီများတွင် ပါဝင်ဆောင်ရွက်ခြင်းစသည့် ကိစ္စများကို လုပ်ဆောင်သည်ဟု ဆိုကြသည်။ ဖြေဆိုသူ အများစုဖြစ်သော ၆၅ ရာခိုင်နှုန်းသည် ၎င်းတို့ မြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်များသည် မည်သည့် လုပ်ငန်းဆောင်တာများလုပ်ဆောင်နေသည်ကို မသိကြပေ။

## ရဲဌာန (ဂန်ထမ်းများ)အပေါ် မတူပီ မြို့နယ်ဒေသခံများ၏ အမြင်သဘောထားများကို လေ့လာခြင်း

ဤအခန်းသည် ရဲဌာန (ဂန်ထမ်း) များအပေါ် မတူပီ မြို့နယ်ရှိ ပြည်သူများ၏ အမြင်၊ သဘောထားများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ရဲဌာန (ဂန်ထမ်း) များအပေါ် ဒေသခံပြည်သူများအနေဖြင့် မည်ကဲ့သို့ သဘောထား/ ထင်မြင်ချက်များရှိနေသည်ကို သိရှိရန် အတွက် အချက်အလက်များ ကောက်ယူခဲ့ပါသည်။ ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာရာတွင် ဖြေဆိုသူများ၏ ၅၈ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ ဆောင်ရွက်ချက်ပေါ်တွင် "စိတ်ကျေနပ်မှု မရှိ" ဟု ဖြေဆိုကြသည်။ ၃၀ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့၏ ဆောင်ရွက်ချက်များအပေါ်တွင် "စိတ်ကျေနပ်မှု ရှိသည်" ဟု တုံ့ပြန်ကြပြီး၊ ကျန်ရာခိုင်နှုန်းသည် ရဲဌာနများ၏ လုပ်ဆောင်ချက်များကို "မသိ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုချက်များအရ ဖြေဆိုသူများ၏ ထက်ဝက်ကျော်သည် ရဲဌာန (ဂန်ထမ်း) များ၏ ဆောင်ရွက်ချက်များပေါ်တွင် "စိတ်ကျေနပ်မှု မရှိ" သည် ကိုတွေ့ရှိရသောကြောင့် ရဲဌာန (ဂန်ထမ်း) များအနေဖြင့် လုပ်ငန်းဆောင်တာများကို ပြန်လည်သုံးသပ်၊ အကဲဖြတ်မှုများကို ပိုမိုလုပ်ဆောင်ရပေလိမ့်မည်။ ယခုဖော်ပြသော ရာခိုင်နှုန်းများသည် မတူပီမြို့နယ်တွင်းရှိ ရဲဌာန (ဂန်ထမ်း) များအပေါ် လူထု၏ အမြင်ကို လေ့လာတင်ပြထားခြင်းဖြစ်သောကြောင့်၊ မည်သည့် ကဏ္ဍတွင် သို့မဟုတ် မည်သည့် လုပ်ဆောင်မှုများကို တိုင်းတာသနည်းဟု မေးခွန်းထုတ်စရာဖြစ်သည်။ ထို့ကြောင့် မည်ကဲ့သို့ တိုင်းတာသနည်း သို့မဟုတ် မည်သည့် အချက်/ လုပ်ဆောင်ချက်များကို ကြည့်၍ အကဲဖြတ်မှုများပြုလုပ်သည်ကို အောက်ဖော်ပြပါ မေးခွန်းတစ်ခုချင်းတွင် မြင်တွေ့နိုင် မည်ဖြစ်သည်။

ပုံ(၁၀-၈-၉) ရဲဌာန (ဂန်ထမ်းများ)အပေါ် မတူပီမြို့နယ် အမြင်စစ်တမ်း အားတင်ပြမှု





ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်တာများအပေါ် မတူပီ မြို့နယ်၏ သဘောထားအမြင်များကို မေးမြန်းရာတွင် အသေးစိတ်ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် နောက်ဆက်တွဲ မေးခွန်းလွှာများကို ခွဲ၍ မေးမြန်းခဲ့သည်။

သက်ဆိုင်ရာ မေးခွန်း အလိုက် တွေ့ရှိချက်များကို အောက် တွင် ပုံ နှင့် တကွ ရှင်းလင်းဆွေးနွေးထားပါသည်။ ပုံ (၁၀-၈-၁၀) ဖြင့်ယှဉ်တွဲလေ့လာနိုင်ပါသည်။

(က) မေးခွန်းအလိုက်တွေ့ရှိချက်များမှာ_ ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ဆောင်ချက်များကို အောက်ဖော်ပြပါမေးခွန်းများကို အခြေခံ၍ တိုင်းတာထားသည်။ အရေးပေါ်တိုင်ကြားရမည့် ရဲဌာန (ဂန်ထမ်း) များ၏ ဆက်သွယ်ရန် ဖုံးနံပါတ်သည်လည်း ဤလေ့လာမှုတွင် တိုင်းတာမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် မတူပီ မြို့နယ်ရှိ ဖြေဆိုသူ ၉၉ ဦးကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၇၅ ရာခိုင်နှုန်းသည် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို ၎င်းတို့အနေဖြင့် "မသိ" ရှိကြောင်းဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းဖြစ်သည့် ၂၅ ရာခိုင်နှုန်းသည် သိရှိကြောင်း ဖြေဆိုကြသည်။

ပုံ (၁၀-၈-၁၀) ရဲဌာန (ဂန်ထမ်းများ)အပေါ် ပြည်သူများ၏ အမြင်စစ်တမ်း အားတင်ပြမှု



| | အားကိုးယုံကြည်မှု (n=100) | အချိန်ကိုက်ဆောင်ရွက်မှု( n=98) | ဘက်လိုက်မှုကင်း (n=100) | စွမ်းဆောင်ရည် (n=84) | အမျိုးသမီးအမှုတိုင်ကြားမှု (n=96) |
|---|---|---|---|---|---|
| ထောက်ခံ | 35% | 33% | 21% | 33% | 40% |
| မထောက်ခံ | 43% | 49% | 70% | 52% | 59% |
| သာမန် | 22% | 17% | 10% | 14% | 1% |

(ခ) ဒုတိယ မေးခွန်းတွင် ရပ်ရွာ အနေဖြင့် ရဲဌာန (ဂန်ထမ်း) များပေါ်တွင် အားကိုးယုံကြည်မှု ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ ၄၃ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များပေါ်တွင် အားကိုးယုံကြည်မှု "မရှိ" ဟု ဖြေဆိုကြပြီး၊ ၃၅ ရာခိုင်နှုန်းမှ အားကိုးကြကြောင်း သို့မဟုတ် "ယုံကြည်မှု" ရှိကြောင်း ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် "မသိ" ဟုဖြေဆိုကြသည်။

(ဂ) တတိယ မေးခွန်းအနေဖြင့် ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးမှု ရှိ/ မရှိ သို့မဟုတ် ၎င်းမေးခွန်းအပေါ် ပြည်သူများ၏ အမြင်များကို မေးမြန်းရာတွင် မတူပီမြို့နယ်မှ ဖြေဆိုသူများ၏ ၄၉ ရာခိုင်နှုန်းသည် ရဲဌာနများအနေဖြင့် အမှုကိစ္စများကို အချိန်နှင့် တပြေးညီဆောင်ရွက်ခြင်း "မရှိ" ဟု ဖြေဆိုကြပြီး၊ ၃၃ ရာခိုင်နှုန်းသည် ရဲဌာနများ (ဂန်ထမ်း) များအနေဖြင့် တိုင်ကြားမှုများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ခြင်းရှိသည်ကို "ထောက်ခံ" ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းဖြစ်သည့် ၁၇ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "မသိ" ကြောင်းဖြေဆိုသည်။ ထို့ကြောင့် မတူပီမြို့နယ်ရှိ ဖြေဆိုသူများ၏ ထက်ဝက်ခန့်သည် ရဲဌာန (ဂန်ထမ်း) များ၏ တိုင်ကြားမှုများအပေါ် ကိုင်တွယ်ဆောင်ရွက်မှုများသည် အချိန်ဆွဲလုပ်ဆောင်ခြင်း သို့မဟုတ် အချိန်နှင့် တပြေးညီလုပ်ဆောင်မှု မရှိခြင်းများတို့ဖြစ်သည်ဟု ၎င်းတို့က ထင်မြင်ကြသည်။

(ဃ) ထို့အပြင် ရဲဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုများဆောင်ရွက်ရာတွင် ဘက်လိုက်မှု ရှိ/ မရှိကို မတူပီမြို့နယ်တွင် လူဦးရေ ၁၀၀ ကိုမေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၇၀ ရာခိုင်နှုန်းသည် ရဲဌာန (ဝန်ထမ်း) များသည် ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် "ဘက်လိုက်မှု ရှိ" သည်ဟုဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၂၁ ရာခိုင်နှုန်းအနေဖြင့် "ဘက်လိုက်မှု မရှိ" ဟု ထင်မြင်ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "မသိ" ကြောင်း ဖြေဆိုကြသည်။ မတူပီမြို့နယ်၏ ဖြေဆိုသူများ၏ သုံးပုံ နှစ်ပုံ၊ တစ်နည်းအားဖြင့် ဖြေဆိုသူ အများစုသည် ရဲဌာန (ဝန်ထမ်း) များအနေဖြင့် "ဘက်လိုက်မှု ရှိ" သည်ဟု ထင်မြင်ကြောင်း ဖြေဆိုကြသည်။ ထို့ကြောင့် မတူပီမြို့နယ်နှင့် သက်ဆိုင်သော ရဲဌာန (ဝန်ထမ်း) များအနေဖြင့် အဆိုပါရာခိုင်နှုန်းကို လျော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် သို့မဟုတ် မတူပီမြို့နယ်ရှိ ပြည်သူများထံမှ အပြုသဘောဆောင်သောအမြင်များရရှိလာရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အကြံပြုရမည် ဖြစ်သည်။


(င) ရဲဌာန (ဝန်ထမ်း) များ၏ စွမ်းဆောင်ရည်များအပေါ်တွင် ပြည်သူများ၏ အမြင်များကို သိရှိနိုင်ရန် မတူပီမြို့နယ်တွင် ၈၄ ဦးကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၅၂ ရာခိုင်နှုန်းသည် ရဲဌာန (ဝန်ထမ်း) များ၏ စွမ်းဆောင်ရည်များအပေါ်တွင် "မထောက်ခံ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၃၃ ရာခိုင်နှုန်းသည် ရဲဌာန (ဝန်ထမ်း) များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး "ထောက်ခံ" ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းအနေဖြင့် "မသိ" ကြောင်းဖြေဆိုကြသည်။


(စ) ဤမေးခွန်းသည် အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများကို ရဲစခန်းသို့ တိုင်ကြားမှု ရှိ/ မရှိ နှင့် ပတ်သက်ပြီး မတူပီမြို့နယ်တွင် လူဦးရေ ၉၆ ဦးကို မေးမြန်းရာတွင်၊ ၅၉ ရာခိုင်နှုန်း၏ ဖြေဆိုချက်မှာ မတူပီမြို့နယ်ရှိ အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့်ကိစ္စများနှင့်ပတ်သက်ပြီး ရဲစခန်းသို့တိုင်ကြားသည်ဟု "မထင်" ကြောင်း တုံ့ပြန်ကြသည်။ ဖြေဆိုသူ၏ ၄၀ ရာခိုင်နှုန်းသည် အမျိုးသမီးများအနေဖြင့် အဆိုပါအမှုကိစ္စများနှင့် ကြုံတွေ့ပါက ရဲစခန်းသို့ တိုင်ကြားသည်ဟု "ထင်" ကြောင်း ဖြေဆိုကြသည်။ ထို့ကြောင့် မတူပီမြို့နယ်ရှိ ဖြေဆိုသူအများစုသည် ရပ်ရွာရှိ အမျိုးသမီးများအနေဖြင့် အထက်ဖော်ပြပါ ကိစ္စများတွင် ရဲဌာနကို တိုင်ကြားလေ့မရှိဟု ထင်မြင်ကြပေသည်။

## ဒေသတွင်းတရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း

မတူပီမြို့နယ်၏ တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူ လေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေဘက်တော်သားများ၊ တရားရေးအမှုထမ်းများနှင့် တရားစီရင်မှုအပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။ လေ့လာမှုတွင် တရားစီရင်မှုအား မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှုနှင့် ဆွေမျိုးများနှင့်ဆက်နွယ်သောအမှုများအား တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ယူဆချက်များကို ကိုယ်စားပြု ခြုံငုံမိစေရန် ရပ်ကွက်များနှင့်ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျစာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင် ပုံနှင့်တကွရှင်းလင်း ဖော်ပြထားပါသည်။

ပုံ (၁၀-၈-၁၁) တရားစီရင်မှုအပေါ် ပြည်သူများ၏ အမြင်




ကွင်းဆင်းလေ့လာမှုတွင် ဒေသရှိလေ့လာသူလူဦးရေ၏ ၆၂ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ ထောက်ခံမှုမရှိသည်ကို တွေ့ရှိရပြီး၊ ၂၈ ရာခိုင်နှုန်းသည် ယုံကြည်ထောက်ခံသည်ကို လေ့လာတွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၁၀ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ၎င်းတို့ကို ပုံ(၁၀-၈-၁၁) တွင် ဖော်ပြထားသည်။

အသေးစိတ်လေ့လာတွေ့ရှိချက်များမှာ-

(က) မိမိတို့ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာ ထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသောလေ့လာသူဦးရေ၏ ၄၃ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၃၄ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၂၃ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိ၊ မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၇၇ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှုမရှိဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၁၇ ရာခိုင်နှုန်းသည် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၇ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

(ဂ) အမျိုးသမီးရေးရာ ကိစ္စရပ်များအား တိုင်ကြားမှုတွင် တရားစီရင်၊ ဆုံးဖြတ်မှုများကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၆၇ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယ ရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၃၃ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရသည်။

ကန်ပက်လက်မြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင်ရှိ၍ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်တွင် တည်ရှိပါသည်။ ကန်ပက်လက်မြို့နယ်သည် ဧရိယာအားဖြင့် စတုရန်းမိုင် ( ၉၆၃.၈၂ ) ကျယ်ဝန်းပါသည်။

ဇယား (၁၀-၉-၁) ကန်ပက်လက်မြို့နယ်၏ အကျယ်အဝန်းပြဇယား

| မြို့နယ် | စတုရန်းမိုင် | မြို့ | စတုရန်းမိုင် |
|---|---|---|---|
| ကန်ပက်လက် | ၉၆၃.၈၂ | - | ၀.၃၃ |
| - | | - | |
| | ၉၆၃.၈၂ | - | ၀.၃၃ |

ကန်ပက်လက်မြို့နယ်သည် အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၊ တောင်ဘက်တွင် စေတုတ္တရာမြို့နယ်တို့နှင့်လည်းကောင်း၊ အနောက်ဘက်တွင် ပလက်ဝမြို့နယ်၊ မြောက်ဘက်တွင် မင်းတပ်မြို့နယ်တို့နှင့်လည်းကောင်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ကန်ပက်လက်မြို့သည် ချင်းပြည်နယ်ရှိအခြားဒေသများနည်းတူ တောင်ကုန်း၊ တောင်တန်း ထူထပ်ပေါများပြီး သစ်တော ဖုံးလွှမ်းလျက်ရှိသောဒေသတစ်ခု ဖြစ်သည်။ ထို့အပြင် မြစ်ချောင်းပေါများသော ဒေသလည်းဖြစ်ပေသည်။ သို့သော်လည်း ကျောက်ဆောင်ပေါများပြီး ရေစီးသန်သဖြင့် ရေကြောင်းလမ်းခရီးအဖြစ် အသုံးမပြုနိုင်ပေ။

ကန်ပက်လက်မြို့နယ်သည် ကုန်းလမ်းတစ်ခုတည်းသာ အားထားရသောကြောင့် စီးပွားရေးကဏ္ဍများမှာ နေးကွေးလျက်ရှိနေသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးကိုလည်းလုပ်ကိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ၊ အစေ့ထုတ်ပြောင်းတို့ဖြစ်ပြီး နှစ်ရှည်သီးနှံအဖြစ် ကော်ဖီ၊ လက်ဖက်၊ ငှက်ပျောနှင့် အခြားသီးနှံများလည်း စိုက်ပျိုးကြောင်းတွေ့ရသည်။ ၎င်းတို့ထဲမှ လက်ဖက်သည် စိုက်ဧက ၁၁၃ဧကဖြင့် အများဆုံးစိုက်ပျိုးကြကြောင်းတွေ့ရပြီး ရိတ်သိမ်းဧကမှာလည်း ၁၁၃ ဧကထိရှိသောကြောင့် ဈေးကွက်၌ ဝယ်လိုအား အပြည့်အဝရှိကြောင်းတွေ့ရသည်။ ဒုတိယအများဆုံးစိုက်ပျိုးသော ငှက်ပျောနှင့် တတိယဖြစ်သော ကော်ဖီတို့သည်လည်း စိုက်ဧကနှင့် ရိတ်သိမ်းဧကနှုန်းများ တူညီကြောင်းတွေ့ရသည်။

ဇယား (၁၀-၉-၂) ဒေသအတွင်း နှစ်ရှည်သီးနှံ စိုက်ပျိုးမှု အခြေအနေ (စိုက်ဧက အများဆုံး သီးနှံ သုံးမျိုးကို ရွေးချယ်ဖော်ပြသည်)

| သီးနှံအမည် | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| လက်ဖက် | ၁၁၃ | ၁၁၃ |
| ငှက်ပျော | ၃၀ | ၃၀ |
| ကော်ဖီ | ၂၄ | ၂၄ |

ကန်ပက်လက်မြို့နယ်၌ အခြားဈေးကွက်ဝင်သီးနှံများလည်း စိုက်ပျိုးကြသည်။ ၎င်းတို့ထဲမှ ဝဥသည် စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ရန်ကုန်၊ မန္တလေးသို့ အဓိက တင်ပို့ရောင်းချလျက်ရှိသည်။ ကန်ပက်လက်မြို့နယ်၏ မွေးမြူ ရေးလုပ်ငန်းတွင် ကြက်မွေးမြူရေးကို အများဆုံးလုပ်ကိုင်ကြပြီး အသားထုတ်လုပ်မှုအများဆုံးမှာလည်း ကြက်

ဖြစ်ကြောင်းတွေ့ရသည်။ အခြားစျေးကွက်ဝင် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ဘဲ တို့ကိုမွေးမြူကြသည်။ ခေါ်နူးစုမ်(ခေါ်)ဝိတိုရိယတောင် တည်ရှိပြီး နတ်မတောင် အမျိုးသားဥယျာဉ်ပါဝင်မှုကြောင့် နစ်စဥ်နိုင်ငံခြားသားများ လာရောက်လည်ပတ်ကြသဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများလည်း ရှိကြသည်။ သစ်တောဖုံးလွှမ်းသော ဒေသဖြစ်သည့်အလျောက် သစ်ထုတ်လုပ်မှုများစွာရှိသည်။ အဓိကထုတ်လုပ်မှုမှာ သစ်ခေါက်ဖြစ်ပြီး အခြားသောထုတ်လုပ်မှုများလည်းရှိသည်။ ဒေသခံ အိမ်ထောင်စုများအနေဖြင့် သောက်သုံးရေအတွက် ရေပိုက်လိုင်း ကိုလည်းကောင်း၊ အလင်းရောင်အတွက် ဖယောင်းတိုင်မီးကိုလည်းကောင်း၊ အစားအစာချက်ပြုတ်ရန်အတွက် သစ်သား/ထင်း ကိုလောင်စာအဖြစ်လည်းကောင်း အဓိကထားသုံးစွဲလျက်ရှိသည်။

ဇယား (၁၀-၉-၃) သက်ဆိုင်ရာကဏ္ဍအလိုက် သုံးစွဲမှုအများဆုံး သုံးမျိုးကို ရွေးချယ်ဖော်ပြထားသည်။

| စဉ် | သောက်ရေအမျိုးအစား | မီးအမျိုးအစား | လောင်စာအမျိုးအစား |
|---|---|---|---|
| ၁ | ရေပိုက်လိုင်း | ဖယောင်းတိုင်မီး | သစ်သား/ထင်း |
| ၂ | မြစ်/ချောင်း/တူးမြောင်း | လျှပ်စစ်မီး | မီးသွေး/လောင်စာတောင့် |
| ၃ | ရေတွင်း(အကာရံမဲ့) | နေရောင်ခြည်စွမ်းအင်သုံး(ဆိုလာပြား) | လျှပ်စစ်မီး |

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကို သိရှိသည့် ရာခိုင်နှုန်းသည် ဖြေဆိုသူများ၏ ၉၅ ရာခိုင်နှုန်းရှိပြီး၊ ၅ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့၏ ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို မသိရှိကြောင်းဖြေဆိုကြသည်။ ထို့အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရသနည်းဆိုသည့် မေးခွန်း ကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၈၈ ရာခိုင်နှုန်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို မည်သို့ရွေးချယ်ရသည်ကို သိရှိကြောင်း၊ ၁၂ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူး တစ်ယောက်၏ တာဝန်နှင့် ဝတ္တရားများကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၇၇ ရာခိုင်နှုန်းသည် ၎င်းတို့ အနေဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိကြောင်း ဖြေဆိုကြသည်။ ၂၆ ရာခိုင်နှုန်းအနေဖြင့် မသိရှိကြ ပေ။


ဇယား (၁၀-၉-၄) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၉၅ % | ၅ % |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၈၈ % | ၁၂ % |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၇၇ % | ၂၆ % |

ကန်ပက်လက်မြို့နယ်ရှိ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများသည် ပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် ပုံမှန်အစည်း အဝေး ပြုလုပ်ခြင်းရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူ ၄၈ ရာခိုင်နှုန်းသည် ကန်ပက်လက်မြို့နယ်ရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ပုံမှန်အစည်းအဝေးပြုလုပ်လေ့ ရှိသည်ဟု ဖြေဆိုကြပြီး၊ ၄၁ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း မရှိဟု တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းမှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ပုံမှန် အစည်း အဝေးပြုလုပ်ခြင်း ရှိ/ မရှိကို မသိကြောင်း ဖြေဆိုသည်။

ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၇၇ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် သိသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများကို ဆက်လက်၍ ၎င်းတို့သိရှိထားသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့်ဝတ္တရားများကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၂၀ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ထောက်ခံစာရေးသားခြင်းဖြစ်သည်ဟု အများစုက ဖြေဆိုကြသည်။ ဒုတိယဖြေဆိုမှု အများဆုံးမှာ အိမ်၊ ယာ၊ မြေ အငြင်းပွားမှုများအား ဖြေရှင်းပေးခြင်းဖြစ်သည်ဟု ဆိုသည်။ ရာခိုင်နှုန်းအားဖြင့် ၁၄ ရာခိုင်နှုန်းရှိသည်။ ပုံ (၁၀-၉-၁) တွင် ကြည့်ပါ

ပုံ (၁၀-၉-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




ထို့နောက်တွင် ကန်ပက်လက်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည် ဆိုပါက ဖြေဆိုသူများအနေဖြင့် မည်သည့် စိုးရိမ်မှုများရှိသည်ကို ဆက်လက်လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၃၈ ရာခိုင်နှုန်း သည် အကယ်၍များ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှုများရှိကြောင်း ဖြေဆိုကြပြီး၊ ၆၂ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် မည်သည့်စိုးရိမ်မှုမှ မရှိကြောင်း တုံ့ပြန်ကြသည်။ ထို့ကြောင့် ဖြေဆိုသူများ၏ ထက်ဝက်ကျော်သည် ကန်ပက်လက်မြို့ နယ်တွင် ရပ်ကွက်နှင် ့ကျေးရွာ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှု မရှိကြောင်း ဖြေဆို ကြသည်။

အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်ခဲ့ပါက စိုးရိမ်မှု ရှိ/ မရှိကို အမျိုးသားဖြေဆိုသူ များအကြားတွင် ဆက်လက် လေ့လာ ရာတွင် ဖြေဆိုသူ အမျိုးသားများ၏ ၅၉ ရာခိုင်နှုန်းသည် ကန်ပက်လက်မြို့နယ်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိကြောင်းဖြေဆိုကြပြီး၊ ကျန်အမျိုးသားဖြေဆိုသူ ၄၁ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် စိုးရိမ်မှု ရှိသည်ဟု တုံ့ပြန်သည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက အမျိုးသားဖြေဆိုသူ အများစုသည် စိုးရိမ်မှု မရှိဟု နားလည်နိုင်ပေသည်။

ထို့အပြင် အမျိုးသမီး ဖြေဆိုသူများအကြားမည်သည့် တုံ့ပြန်မှုမျိုးရှိမည်ကိုလည်း ဆက်လက်ခွဲခြမ်းစိတ်ဖြာခဲ့သည်။ အမျိုးသမီးဖြေဆိုသူများအကြားတွင် ကန်ပက်လက်မြို့နယ်တွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိဟု ဖြေဆိုသည့် အမျိုးသမီး ၆၅ ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများ အုပ်ချုပ်ရေးမှူး ဖြစ်ခဲ့မည်ဆိုပါက အမျိုးသမီးများကိုယ်တိုင်က စိုးရိမ်သည့်ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၃၅ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်တွင် အမျိုးသမီးဖြေဆိုသူများကိုယ်တိုင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်လာမည်ကို စိုးရိမ်နေကြသည်။ အောက်ဖော်ပြပါ ဇယား (၁၀-၉-၅) တွင်ကြည့်ပါ။ ဇယား (၁၀-၉-၅) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက မြို့နယ်အတွက် စိုးရိမ်မှုရှိပါသလား (n=97)


| | မြို့နယ် ကန်ပက်လက် | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 38% | 41% | 35% |
| စိုးရိမ်မှုမရှိပါ | 62% | 59% | 65% |
| | 100% | 100% | 100% |

အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်ပေါ်လာစေရန် အဟန့်အတားများကို ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူများ၏ ထင်မြင်ချက်များမှာ အမျိုးသမီးများအနေနှင့် ရပ်ရွာအရေးကို အချိန်ပေးဆောင်ရွက်နိုင်မှုမရှိခြင်း၊ ထိထိရောက်ရောက်လုပ်ဆောင်နိုင်စွမ်းမရှိခြင်း၊ ကျား/မ ခွဲခြားဆက်ဆံရခြင်း၊ ထုံးတမ်းဓလေ့များစသည်တို့ကြောင့် အတားအဆီးများဖြစ်လျက်ရှိသည်ဟု ဆိုကြသည်။ ထို့အပြင် အချို့သော ဖြေဆိုသူများသည် အမျိုးသမီးများအနေဖြင့် တန်းတူအခွင့်အရေးများ ရရှိမည်ဆိုပါက ၎င်းတို့သည်လည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများဖြစ်လာနိုင်ပြီး၊ လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်မည်ဟူသော ဖြေဆိုချက်များလည်းရှိသည်။

## အခွန်ထမ်းဆောင်ခြင်း


ကန်ပက်လက်မြို့နယ် ဖြေဆိုသူများ၏ အခွန်နှင့် သက်ဆိုင်သော ဗဟုသုတများနှင့် အမြင်များကို လေ့လာရာတွင် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုသူ ၉၃ ရာခိုင်နှုန်းရှိပြီး ၇ ရာခိုင်နှုန်းကသာ မသိပါဟု ဖြေဆိုထားသည်။ သို့သော် အခွန်ဆောင်ခြင်း အကျိုးကျေးဇူးကိုသိသည်ဟု ဖြေဆိုသူ ၇၂ ရာခိုင်နှုန်းရှိပြီး၊ ၂၈ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုထားသည်။ ဖြေဆိုသူများ၏ ၆၁ ရာခိုင်နှုန်းသည် အစိုးရက အခွန်ထမ်းပြည်သူများအပေါ် မည်သည့် ဝန်ဆောင်မှုများပေးသည်ကို မသိပါဟု ဖြေဆိုထားပြီး ၃၉ ရာခိုင်နှုန်းမှာ သိသည်ဟု ဖြေဆိုထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အခွန်ဆောင်ခြင်းကို သိသော်လည်း အစိုးရက အခွန်ထမ်းပြည်သူများကို ပေးနေသော ဝန်ဆောင်မှုများကို မသိကြပေ။ ပုံ (၁၀-၉-၂) တွင် ကြည့်ပါ။

ပုံ (၁၀-၉-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတများ



ထို့နောက်တွင် ပြည်သူများအနေဖြင့် အခွန်ဆောင်ဖူးခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူ များ၏ ၆၁ ရာခိုင်နှုန်းသည် အခွန်မဆောင်ဖူးပါဟု ဖြေဆိုကြပြီး၊ ကျန် ၃၉ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် အခွန်ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။


ပုံ (၁၀-၉-၃) အခွန်ဆောင်ဖူးပါသလား (n=100)




ထို့နောက်တွင် အခွန်ဆောင်ဖူးပါသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများအား ၎င်းတို့အနေဖြင့် မည်သည့် အခွန်အမျိုးအစားများကိုဆောင်ဖူးပါသနည်းဟု မေးမြန်းရာတွင် ဖြေဆိုသူ အများစုသည် မီးခွန် (မီတာခ)၊ ရေခွန်၊ အိမ်ခွန်ဟု အများဆုံးဖြေဆိုကြသည်။


ဤလေ့လာမှုသည် ဌာနဆိုင်ရာများအပေါ်ပြည်သူများအနေဖြင့် မည်ကဲ့သို့ အထင်အမြင်များရှိနေသည်ကိုလေ့လာလိုသည့် ရည်ရွယ်ချက်လည်းရှိသည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်မှ ဖြေဆိုသူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးသည့် ရာခိုင်နှုန်းမှာ ဖြေဆိုသူများ၏ ၆၁ ရာခိုင်နှုန်းရှိသည်။ ၃၉ ရာခိုင်နှုန်းအနေဖြင့် ဆက်သွယ်ဆောင်ရွက်ဖူးခြင်းမရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ပုံ (၁၀-၉-၄) တွင်ဖော်ပြထားသည့် အတိုင်း ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးကြသည်။

ပုံ (၁၀-၉-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား




ထိုသို့ အများစုအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်မှုတွင် မည်သည့် အခက်အခဲများနှင့် တွေ့ခဲ့ကြရသည်ကိုလည်း လေ့လာရန်လိုပေလိမ့်မည်။ ထို့ကြောင့် ဖြေဆိုသူ ၄၄ ရာခိုင်နှုန်းသည် နှောင့်နှေးကြန့်ကြာမှုများနှင့်ကြုံတွေ့ကြရပြီး ၃၀ ရာခိုင်နှုန်းသည် ဆက်ဆံရေးမပြေပြစ်ခြင်းများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ပုံ (၁၀-၉-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ




ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ မြို့နယ်တွင် အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိခြင်း ရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူများ၏ ၉၂ ရာခိုင်နှုန်းသည် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်များကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၈ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ပုံ (၁၀-၉-၆) တွင်ကြည့်ပါ။

ပုံ (၁၀-၉-၆) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာ အရေး





ထို့နောက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိ ခြင်းရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူများ၏ ၃၉ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို မသိရှိကြောင်းဖြေဆိုပြီး၊ ၆၁ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့်သိရှိကြောင်း ဖြေဆိုကြသည်။ ထို့နောက်တွင် ချင်းပြည်နယ်ကို ကိုယ်စားပြုသော

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်များ (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်) တွင် ရှိ/ မရှိ သိရှိခြင်းရှိ/ မရှိကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းကျော်သည် ချင်းပြည်နယ်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ ရှိ/ မရှိကို မသိကြပေ။ သို့သော် ဖြေဆိုသူများ၏ ထက်ဝက်ခန့်အနေဖြင့် အမျိုးသားလွှတ်တော်တွင် ချင်းပြည်နယ်ကိုကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရှိ/ မရှိကို အခြား လွှတ်တော် နှစ်ရပ်ထက် ပိုသိကြ သည်။


ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူများသည် ချင်းပြည်နယ် ကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အပေါ် စိုးရိမ်မှု ရှိ/ မရှိလေ့လာရာတွင် ဖြေဆိုသူများ၏ ၇၆ ရာခိုင်နှုန်းသည် ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှုမရှိကြပေ။ ၁၈ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် စိုးရိမ်မှု ရှိသည်ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်း သည် မသိဟု ဖြေဆိုသော ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူများ၏ ထက်ဝက်ကျော်သည် ကန်ပက်လက်မြို့နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချမှုရှိပြီး၊ စိုးရိမ်မှုမရှိပေ။

ပုံ (၁၀-၉-၇) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှု




မဲဆန္ဒရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ရှိသည့် ကြိမ်ရေကိုလည်း လေ့လာခဲ့သည်။ ဖြေဆိုသူ များ၏ ၃၈ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဖူးခြင်းမရှိပေ။ နှစ်ကြိမ်နှင့် အထက်တွေ့ဆုံဖူးသည့် ရာခိုင်နှုန်း ၁၉ ရာခိုင်နှုန်းရှိပြီး၊ ငါးကြိမ်နှင့် အထက်တွေ့ဖူးသည့် ရာခိုင်နှုန်းသည် ၁၀ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူ အများစုသည် ၎င်းတို့၏လွှတ်တော်ကိုယ်စားလှယ်များနှင့် မတွေ့ဖူးသည့် ရာခိုင်နှုန်းက ပိုများသည်။

ပုံ (၁၀-၉-၈) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဖူးသည့် ကြိမ်ရေ (n=99)





ထို့အပြင် မိမိမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်အတွင်း မည်သည့် တာဝန်များ ထမ်းဆောင်လျက်ရှိသည်ကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၅၈ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်သည့် တာဝန်များကို ထမ်းဆောင်လျက်ရှိသည်ကို မသိရှိကြပေ။ ဖြေဆိုသူ၏ ၂၆ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုတင်သွင်းခြင်းကိစ္စများ လုပ်ဆောင်နေသည်ဟု ဖြေဆိုပြီး၊ ကျန်ဖြေဆိုမှုများသည် ၁၀ ရာခိုင်နှုန်း အောက်သာရှိသည်။ ထို့ကြောင့် ဖြေဆိုသူ အများစုသည် ၎င်းတို့ မြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်များသည် မည်သည့် လုပ်ငန်းဆောင်တာများလုပ်ဆောင်နေသည်ကို မသိကြပေ။

## ရဲဌာန (ဂန်ထမ်းများ)အပေါ် ကန်ပက်လက် မြို့နယ်ဒေသခံများ၏ အမြင်သဘောထားများကို လေ့လာခြင်း

ဤအခန်းသည် ရဲဌာန (ဂန်ထမ်း) များအပေါ် ကန်ပက်လက် မြို့နယ်ရှိ ပြည်သူများ၏ အမြင်သဘောထားများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ရဲဌာန(ဂန်ထမ်း)များအပေါ် ဒေသခံပြည်သူများအနေဖြင့်မည်ကဲ့သို့ သဘောထား/ ထင်မြင်ချက်များရှိနေသည်ကို သိရှိရန်အတွက် အချက်အလက်များ ကောက်ယူခဲ့ပါသည်။ ရဲဌာန (ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ယေဘုယလေ့လာရာတွင် ဖြေဆိုသူများ၏ ၅၂ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ ဆောင်ရွက်ချက်ပေါ်တွင် "စိတ်ကျေနပ်မှု မရှိ" ဟု ဖြေဆိုကြသည်။ ၃၉ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့၏ဆောင်ရွက်ချက် များအပေါ်တွင် "စိတ်ကျေနပ်မှု ရှိသည်" ဟု တုံ့ပြန်ကြပြီး၊ ကျန်ရာခိုင်နှုန်းသည် ရဲဌာနများ၏ လုပ်ဆောင်ချက်များကို "မသိ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူများ၏ ထက်ဝက်ခန့်သည် ရဲဌာန(ဂန်ထမ်း)များ၏ ဆောင်ရွက်ချက်များပေါ်တွင် "စိတ်ကျေနပ်မှု မရှိ" သည် ကိုတွေ့ရှိရသောကြောင့် ရဲဌာန(ဂန်ထမ်း)များအနေဖြင့် လုပ်ငန်းဆောင်တာများကို ပြန်လည်သုံးသပ်၊ အကဲဖြတ်မှုများကို ပိုမိုလုပ်ဆောင်ရပေလိမ့်မည်။

ပုံ(၁၀-၉-၉) ရဲဌာန (ဂန်ထမ်းများ)အပေါ် ကန်ပက်လက် မြို့နယ် အမြင်စစ်တမ်း အားတင်ပြမှု





ရဲဌာန(ဂန်ထမ်း) များ၏ လုပ်ငန်းဆောင်တာများကို ကန်ပက်လက်မြို့နယ်၏ သဘောထားအမြင်များကို မေးမြန်းရာတွင် အသေးစိတ်ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် နောက်ဆက်တွဲမေးခွန်းလွှာများကို ခွဲ၍မေးမြန်းခဲ့သည်။ သက်ဆိုင်ရာမေးခွန်း အလိုက် တွေ့ရှိချက်များကို အောက်တွင်ပုံနှင့်တကွ ရှင်းလင်းဆွေးနွေးထားပါသည်။ ပုံ (၁၀-၉-၁၀) ဖြင့်ယှဉ်တွဲလေ့လာနိုင်ပါသည်။

(က) မေးခွန်းအလိုက်တွေ့ရှိချက်များမှာ_

ရဲဌာန(ဂန်ထမ်း)များ၏လုပ်ဆောင်ချက်ကိုလေ့လာရာတွင် အောက်ဖော်ပြပါမေးခွန်းများကို အခြေခံထားသည်။ အရေးပေါ်တိုင်ကြားရမည့် ရဲဌာန(ဂန်ထမ်း)များ၏ ဖုန်းနံပါတ်များသိရှိခြင်း ရှိ/ မရှိ ကိုဖြေဆိုသူ ၉၉ ဦးတွင် ဖုန်းနံပါတ်ကို "သိရှိ" သည်ဟု ဖြေဆိုသည့်ရာခိုင်နှုန်းသည် ၃၅ ရာခိုင်နှုန်းရှိပြီး၊ ၆၅ ရာခိုင်နှုန်းသည် "မသိရှိ" ကြောင်း တုံ့ပြန်ကြသည်။ အဆိုပါ မေးခွန်းပေါ်တွင် အနစ်ချုပ်အားဖြင့် ဖြေဆိုသူများ၏ သုံးပုံ နှစ်ပုံသည် အရေးပေါ်တိုင်ကြားရမည့် ဖုန်းနံပါတ်ကို မသိရှိကြပေ။ ဆိုလိုသည်မှာ အရေးပေါ်တိုင်ကြားရမည့် ဖုန်းနံပါတ်များကို ဖြေဆိုသူ အများစုမှ မသိရှိခြင်းသည် ရဲဌာန(ဂန်ထမ်း) များကို အားကိုးယုံကြည်မှု မရှိခြင်းဟု ထင်ရဖွယ်ရှိသည်။

ပုံ (၁၀-၉-၁၀) ရဲဌာန (ဝန်ထမ်း) များအပေါ် ပြည်သူများ၏ အမြင်




| | အားကိုးယုံကြည်မှု(n=100) | အချိန်ကိုက်ဆောင်ရွက်မှု (n=98) | ဘက်လိုက်မှုကင်း(n=100) | စွမ်းဆောင်ရည် (n=99) | အမျိုးသမီးအမှုတိုင်ကြားမှု (n=99) |
|---|---|---|---|---|---|
| ထောက်ခံ | 52% | 34% | 25% | 27% | 58% |
| မထောက်ခံ | 38% | 50% | 60% | 57% | 41% |
| သာမန် | 10% | 16% | 15% | 16% | 1% |

(ခ) ဒုတိယ မေးခွန်းတွင် ရပ်ရွာ အနေဖြင့် ရဲဌာန (ဂန်ထမ်း) များပေါ်တွင် အားကိုးယုံကြည် ရှိ/ မရှိကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၅၂ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များပေါ်တွင် အားကိုးယုံကြည်မှု ရှိသည်ဟု ဖြေဆိုကြပြီး၊ ၃၈ ရာခိုင်နှုန်းအနေဖြင့် "ယုံကြည်မှု မရှိ" ကြောင်းဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် "မသိ" ကြောင်းဖြေဆိုကြသည်။

(ဂ) တတိယ မေးခွန်းအနေဖြင့် ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးမှု ရှိ/ မရှိ သို့မဟုတ် ၎င်းမေးခွန်းအပေါ် ပြည်သူများ၏ အမြင်များကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၅၀ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ အမှုဖြေရှင်းမှုများသည် အချိန်နှင့် တစ်ပြေးညီဖြေရှင်းဆောင်ရွက်မှု "မရှိ" ဟု ထင်မြင်ကြသည်။ ဖြေဆိုသူ၏ ၃၄ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ တိုင်ကြားမှုများကိုဖြေရှင်းရာတွင် အချိန်နှင့်တပြေးညီဆောင်ရွက်ကြသည်ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းများသည် "မသိ" ကြောင်းဖြေဆိုကြသည်။ အဆိုပါမေးခွန်းပေါ်တွင် အနှစ်ချုပ်အားဖြင့် ဖြေဆိုသူများ၏ထက်ဂက်သည် ရဲဌာန (ဂန်ထမ်း) များသည် အချိန်နှင့်တပြေးညီဆောင်ရွက်ခြင်းမရှိဟု ဖြေဆိုသောကြောင့် တိုင်ကြားမှုများကို ရဲဌာန(ဂန်ထမ်း)များအနေဖြင့် အရေးယူဆောင်ရွက်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုလေ့လာမှုသည် ရပ်ရွာ၏ အမြင်များဖြစ်သောကြောင့် ရပ်ရွာနေပြည်သူများဘက်မှ ထင်မြင်ချက်များဖြစ်သည်။ ထို့ကြောင့် ရဲဌာန၏ ဆောင်ရွက်ချက်မှာ ယခုတွေ့ရှိချက်ကဲ့သို့ အမှန်တကယ်ဟုတ်/ မဟုတ်ကို ဆက်လက်စောင့်ကြည့်ရန် လိုအပ်ပေလိမ့်မည်။

(ဃ) ထို့အပြင် ရဲဌာန(ဝန်ထမ်း)များ၏ ပြည်သူ့ဂန်ဆောင်မှုများဆောင်ရွက်ရာတွင် ဘက်လိုက်မှု ရှိ/ မရှိကို ဒေသခံလူဦးရေ ၁၀၀ ကိုမေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များအနေဖြင့် "ဘက်လိုက်မှုရှိသည်" ဟုဖြေဆိုကြသည်။ ၂၅ ရာခိုင်နှုန်းအနေဖြင့် "ဘက်လိုက်မှု မရှိ" ဟု ဆိုသည်။ ကျန်ရာခိုင်နှုန်းမှ "မသိ" ဟု ဖြေဆိုကြသည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်နှင့်သက်ဆိုင်သော ရဲဌာန(ဂန်ထမ်း)များအနေဖြင့် အမှုကိစ္စများကို ဖြေရှင်းရာတွင် ဘက်လိုက်မှု ရှိသည်ဆိုသည့် ရပ်ရွာ၏ အဆိုပါ အမြင်ကို ချေဖျက်ရန်လိုအပ်သည်။

(င) ရဲဌာန(ဂန်ထမ်း)များ၏ စွမ်းဆောင်ရည်များအပေါ်တွင် ပြည်သူများ၏ အမြင်များကို သိရှိနိုင်ရန် ကန်ပက်လက်မြို့နယ်တွင် ၉၉ ဦးကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၅၇ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ စွမ်းဆောင်ရည်များအပေါ်တွင် "မထောက်ခံ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူများ၏ ၂၇ ရာခိုင်နှုန်းသည် ရဲဌာန (ဂန်ထမ်း) များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး "ထောက်ခံ" ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းအနေဖြင့် "မသိ" ကြောင်းဖြေဆိုကြသည်။


(စ) ဤမေးခွန်းသည် အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများကို ရဲစခန်းသို့ တိုင်ကြားမှု ရှိ/ မရှိ နှင့်ပတ်သက်ပြီးမေးမြန်းရာတွင် ဖြေဆိုသူဦးရေ ၉၉ ဦးတွင် ၅၈ ရာခိုင်နှုန်းသည် အမျိုးသမီးများအနေဖြင့် အဆိုပါကိစ္စများကို ရဲဌာနသို့ တိုင်ကြားကြသည်ဟု ထင်မြင်ကြောင်း ဖြေဆိုကြပြီး၊ ၄၁ ရာခိုင်နှုန်းမှ ရဲစခန်းသို့တိုင်ကြားသည်ဟု "မထင်" ကြောင်း တုံ့ပြန်ကြသည်။ ထို့ကြောင့် ကန်ပက်လက်မြို့နယ်ရှိ ဖြေဆိုသူအများစုသည် ရပ်ရွာရှိအမျိုးသမီးများအနေဖြင့် အထက်ဖော်ပြပါ ကိစ္စများတွင် ရဲဌာနသို့တိုင်ကြားလေ့ရှိသည်ဟု ထင်မြင်ကြောင်း ဖြေဆိုကြသည်။


## ဒေသတွင်းတရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း

ကန်ပက်လက်မြို့နယ်၏ တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူ လေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေဘက်တော်သားများ၊ တရားရေးအမှုထမ်းများနှင့် တရားရုံး၏တရားစီရင်မှုအပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။

လေ့လာမှုတွင် တရားစီရင်မှုအား မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှု၊ အမျိုးများနှင့်ဆက်နွယ်သောအမှုများအား တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ယူဆချက်များကို ကိုယ်စားပြုနိုင်မိစေရန် ရပ်ကွက်များနှင့်ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျစာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင် ပုံနှင့်တကွရှင်းလင်း ဖော်ပြထားပါသည်။

ပုံ (၁၀-၉-၁၁) တရားစီရင်မှုအပေါ် ပြည်သူများ၏ ဗဟုသုတ




| | မျှတမှု(n=100) | အချိန်/ဖြေရှင်း(n=100) | အမျိုးသမီးအရေး(n=100) |
|---|---|---|---|
| ■ ထင်ပါသည် | 42% | 78% | 53% |
| ■ မထင်ပါ | 21% | 18% | 43% |
| ■ မသိပါ | 38% | 4% | 4% |

ကွင်းဆင်းလေ့လာမှုတွင် ဒေသရှိလေ့လာသူလူဦးရေ၏ ၄၇ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ ထောက်ခံမှုမရှိသည်ကို တွေ့ရှိရပြီး၊ ၃၈ ရာခိုင်နှုန်းသည် ယုံကြည်ထောက်ခံသည်ကို လေ့လာတွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၁၅ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ၄င်းတို့ကို ပုံ(၁၀-၉-၁၁) တွင် ဖော်ပြထားသည်။

အသေးစိတ်လေ့လာတွေ့ရှိချက်များမှာ-

(က) မိမိတို့ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၂၁ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၄၂ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၃၈ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိ၊ မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၇၈ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှုမရှိဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၁၈ ရာခိုင်နှုန်းမှ ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၄ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

(ဂ) အမျိုးသမီးရေးရာ ကိစ္စရပ်များအား တိုင်ကြားမှုတွင် တရားစီရင်၊ ဆုံးဖြတ်မှုများကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၄၃ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၅၃ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟုဖြေဆိုသူ ၄ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

ဇယား (၁၀-၁၀-၁) ပလက်ဝမြို့နယ်၏ အကျယ်အဝန်းပြဇယား

| မြို့နယ် | ဧရိယာစတုရန်းမိုင် | မြို့ | ဧရိယာစတုရန်းမိုင် |
|---|---|---|---|
| ပလက်ဝ | ၃၁၂၇.၀၄ | ပလက်ဝ | ၀.၂၄ |
| - | | ဆမီး | ၀.၀၉ |
| မြို့နယ် | ၃၁၂၇.၀၄ | | ၀.၃၃ |

ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်၏တောင်ဘက်အစွန်းတွင်ရှိ၍ မင်းတပ်ခရိုင်တွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်တို့နှင့်လည်းကောင်း၊ တောင်ဘက်တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်တို့နှင့် လည်းကောင်း ထိစပ်လျက်ရှိသည်။ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့်လည်းကောင်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

ပလက်ဝမြို့နယ်သည် တောင်ပေါ် မြေပြန့်ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်းများလည်း ပေါများသည်။ ထင်ရှားသောမြစ်မှာ ကုလားတန်မြစ်နှင့် လေးမြို့မြစ် ဖြစ်သည်။ ဒေသအတွင်းရှိ ရေအရင်းအမြစ်မှာ ရေချိုဖြစ်သောကြောင့် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေအဖြစ် အသုံးဝင်ရုံသာမက တခါတရံ ရေကြောင်းလမ်းခရီးအဖြစ်လည်း အသုံးပြုကြသည်။ ပလက်ဝမြို့နယ်သည် ရေကြောင်းလမ်းတစ်ခုတည်းသာ အားထားရသောကြောင့် စီးပွားရေးကဏ္ဍများမှာ နေးကွေးလျက်ရှိနေသည်။ ဒေသအတွင်း စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးကိုအနည်းငယ် လုပ်ကိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ။ အစေ့ထုတ်ပြောင်းတို့ဖြစ်ပြီး နှစ်ရှည်သီးနှံအဖြစ် ကော်ဖီ၊ ငှက်ပျော၊ အုန်း၊ ကွမ်းသီးနှင့် အခြားသီးနှံများလည်း စိုက်ပျိုးကြောင်းတွေ့ရသည်။ ၎င်းတို့ထဲမှ ငှက်ပျောသည် စိုက်ဧက ၁၁၅၈ ဧကဖြင့် အများဆုံးစိုက်ပျိုးကြကြောင်းတွေ့ရပြီး ရိတ်သိမ်းဧကမှာလည်း ၁၁၃၃ ဧကထိရှိသောကြောင့် ဈေးကွက်၌ ဝယ်ယူလိုမှု မြင့်မားကြောင်းတွေ့ရသည်။ ဒုတိယအများဆုံးစိုက်ပျိုးသော အုန်းနှင့် တတိယဖြစ်သော ကွမ်းသီး တို့သည်လည်း စိုက်ဧကနှင့် ရိတ်သိမ်းဧကနှုန်းများ တူညီကြောင်းတွေ့ရသည်။

ဇယား (၁၀-၁၀-၂) ဒေသအတွင်း နှစ်ရှည်သီးနှံ စိုက်ပျိုးမှု အခြေအနေ (စိုက်ဧက အများဆုံး သီးနှံ သုံးမျိုးကို ရွေးချယ် ဖော်ပြသည်)

| သီးနှံအမည် | စိုက်ဧက | ရိတ်သိမ်းဧက |
|---|---|---|
| ငှက်ပျော | ၁၁၅၈ | ၁၁၃၃ |
| အုန်း | ၅၇ | ၅၄ |
| ကွမ်းသီး | ၁၄ | ၁၄ |

မြေပဲ၊ နှမ်းနှင့် အခြားစျေးကွက်ဝင်သီးနှံဖြစ်သော ဂမုန်း၊ ဂျင်း တို့ကိုလည်း စိုက်ပျိုးကြပြီး ရခိုင်ဒေသမှတဆင့် မန္တလေးတိုင်းဒေသကြီးသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိသည်။ ပလက်ဝမြို့နယ်၏မွေးမြူရေးလုပ်ငန်းတွင် ကြက်မွေးမြူရေးကို အများဆုံးလုပ်ကိုင်ကြပြီး အသားထုတ်လုပ်မှုအများဆုံးမှာလည်း ကြက် ဖြစ်ကြောင်းတွေ့ရသည်။ အခြားစျေးကွက်ဝင် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ဘဲ တို့ကိုမွေးမြူကြသည်။ တောင်ကုန်းတောင်တန်း ထူထပ်ပေါများသောကြောင့် ထင်းထုတ်လုပ်မှုအများဆုံးဖြစ်ပြီး အခြားသစ်တောထွက်ပစ္စည်းများလည်း ထုတ်လုပ်ကြသည်။ ဒေသခံ အိမ်ထောင်စုများအနေဖြင့် သောက်သုံးရေအတွက် မြစ်/ချောင်း/တူးမြောင်း များကိုလည်းကောင်း၊ အလင်းရောင်အတွက် ဖယောင်းတိုင်မီးကိုလည်းကောင်း၊ အစားအစာချက်ပြုတ်ရန်အတွက် သစ်သား/ထင်း ကိုလောင်စာအဖြစ်လည်းကောင်း အဓိကထားသုံးစွဲလျက်ရှိသည်။

ဇယား (၁၀-၁၀-၃) ဒေသအတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် သုံးစွဲမှုအများဆုံး သုံးမျိုးကို ရွေးချယ်ဖော်ပြထားသည်။

| စဉ် | သောက်ရေအမျိုးအစား | မီးအမျိုးအစား | လောင်စာအမျိုးအစား |
|---|---|---|---|
| ၁ | မြစ်/ချောင်း/တူးမြောင်း | ဖယောင်းတိုင်မီး | သစ်သား/ထင်း |
| ၂ | ရေပိုက်လိုင်း | နေရောင်ခြည်စွမ်းအင်သုံး(ဆိုလာပြား) | မီးသွေး/လောင်စာတောင့် |
| ၃ | ရေတွင်း(အကာရံမဲ့) | ဘက်ထရီမီး | ရေနံဆီမီး |

## ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး

ပလက်ဝမြို့နယ်မှ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများအနေဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကို သိရှိသည့် ရာခိုင်နှုန်းသည် ၉၈ ရာခိုင်နှုန်းရှိပြီး၊ ၂ ရာခိုင်နှုန်းအနေဖြင့် ၎င်းတို့မြို့နယ်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို မသိရှိကြောင်းဖြေဆိုကြသည်။ ထို့အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို မည်ကဲ့သို့ ရွေးချယ်ရသနည်းဆိုသည့် မေးခွန်းကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၇၅ ရာခိုင်နှုန်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို မည်သို့ ရွေးချယ်ရသည်ကို သိရှိကြောင်း၊ ၂၅ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် မသိရှိကြောင်း ဖြေဆိုကြသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတစ်ယောက်၏ တာဝန်နှင့် ဝတ္တရားများကိုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၆၂ ရာခိုင်နှုန်းသည် ၎င်းတို့ အနေဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိကြောင်း ဖြေဆိုကြသည်။ ၃၈ ရာခိုင်နှုန်းအနေဖြင့် မသိရှိကြ ပေ။


ဇယား (၁၀-၁၀-၄) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

| | သိပါသည် | မသိပါ |
|---|---|---|
| ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို သိပါသလား | ၉၈ % | ၂ % |
| ဘယ်လိုရွေးချယ်ရသလဲဆိုတာ သိလား | ၇၅ % | ၂၅ % |
| ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိလား | ၆၂ % | ၃၈ % |

ပလက်ဝမြို့နယ်ရှိ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများသည် ပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်းရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူ ၆၃ ရာခိုင်နှုန်းသည် ပုံမှန်အစည်းအဝေးပြုလုပ်လေ့ရှိသည်ဟု ဖြေဆိုကြပြီး၊ ၂၂ ရာခိုင်နှုန်းသည် မရှိဟု တုံ့ပြန်ကြသည်။

ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၆၂ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် သိသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများကို ဆက်လက်၍ ၎င်းတို့သိရှိထားသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့်ဝတ္တရားများကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၃၈ ရာခိုင်နှုန်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်မှာ ထောက်ခံစာရေးသားခြင်းဖြစ်သည်ဟု အများစုက ဖြေဆိုကြသည်။ ဒုတိယဖြေဆိုမှုအများဆုံးမှာ ဧည့်စာရင်းတိုင်ကြားရခြင်းဖြစ်သည်။ ပုံ (၁၀-၁၀-၁) တွင် ကြည့်ပါ။

ပုံ (၁၀-၁၀-၁) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ (အဖြေတစ်ခုမက ဖြစ်နိုင်သည်)




ထို့နောက်တွင် ပလက်ဝမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည် ဆိုပါက ဖြေဆိုသူများအနေဖြင့် မည်သည့် စိုးရိမ်မှုများရှိသည်ကို ဆက်လက်လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၂၁ ရာခိုင်နှုန်းသည် အကယ်၍များ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှုများရှိကြောင်း ဖြေဆိုကြပြီး၊ ၇၉ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် မည်သည့် စိုးရိမ်မှုမှ မရှိကြောင်း တုံ့ပြန်ကြသည်။ ထို့ကြောင့် ဖြေဆိုသူများ၏ ထက်ဝက်ကျော်သည် ပလက်ဝမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက ၎င်းတို့အနေဖြင့် စိုးရိမ်မှု မရှိကြောင်း ဖြေဆို ကြသည်။

အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်ခဲ့ပါက စိုးရိမ်မှု ရှိ/ မရှိကို အမျိုးသားဖြေဆိုသူများအကြားတွင် ဆက်လက် လေ့လာရာတွင် ဖြေဆိုသူ အမျိုးသား ၇၇ ရာခိုင်နှုန်းသည် စိုးရိမ်မှုမရှိကြောင်းဖြေဆိုကြပြီး၊ ကျန်အမျိုးသားဖြေဆိုသူ ၂၃ ရာခိုင်နှုန်းသည် စိုးရိမ်မှုရှိသည်ဟုတုံ့ပြန်သည်။ ထို့ကြောင့် ပလက်ဝမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက အမျိုးသားဖြေဆိုသူအများစုသည် စိုးရိမ်မှု မရှိဟု နားလည် နိုင်ပေသည်။

ထို့အပြင် အမျိုးသမီး ဖြေဆိုသူများအကြားမည်သည့် တုံ့ပြန်မှုမျိုးရှိမည်ကိုလည်း ဆက်လက်ခွဲခြမ်းစိတ်ဖြာခဲ့သည်။ အမျိုးသမီးဖြေဆိုသူများအကြားတွင် ပလက်ဝမြို့နယ်တွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှုမရှိဟု ဖြေဆိုသည့် အမျိုးသမီး ၈၁ ရာခိုင်နှုန်းရှိပြီး၊ စိုးရိမ်သည်ဟုဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၁၉

ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ပလက်ဝမြို့နယ်ရှိ အမျိုးသမီး ဖြေဆိုသူများကိုယ်တိုင် ရပ်/ ကျေးအုပ်ချုပ် ရေးမှူးသည် အမျိုးသမီးဖြစ်လာမည်ဆိုပါက စိုးရိမ်မှုမရှိကြောင်းတွေ့ရသည်။ အောက်ဖော်ပြပါ ဇယား (၁၀-၁၀-၅) တွင်ကြည့်ပါ။

ဇယား (၁၀-၁၀-၅) အုပ်ချုပ်ရေးမှူးသည် အမျိုးသမီးဖြစ်ခဲ့ပါက မြို့နယ်အတွက် စိုးရိမ်မှုရှိပါသလား (n=94)


| | မြို့နယ် ပလက်ဝ | ကျား | မ |
|---|---|---|---|
| စိုးရိမ်သည် | 21% | 23 % | 19 % |
| စိုးရိမ်မှုမရှိပါ | 79% | 77% | 81% |
| | 100% | 100% | 100% |

အိမ်မှုကိစ္စများနှင့် အချိန်ကုန်နေရခြင်း၊ ပတ်ဝန်းကျင်၏ ထောက်ပံ့ကူညီမှုမရရှိခြင်း၊ ကျား/ မ ခွဲခြားဆက်ဆံရခြင်း စသည်တို့ကြောင့် အမျိုးသမီးများ ရပ်/ကျေးအုပ်ချုပ်ရေးမှူးဖြစ်ရန် အဟန့်အတားဖြစ်လျက်ရှိသည်။

## အခွန်ထမ်းဆောင်ခြင်း


ပလက်ဝမြို့နယ်မှ ဖြေဆိုသူများအား အခွန်နှင့် ဆိုင်သော ဗဟုသုတများနှင့် အမြင်များကို လေ့လာရာတွင် အခွန်ဆောင်ခြင်းကို သိသည်ဟု ဖြေဆိုသူ ၅၄ ရာခိုင်နှုန်းရှိပြီး ၄၆ ရာခိုင်နှုန်းက မသိပါဟု ဖြေဆိုထားသည်။ ထို့အပြင် အခွန်ဆောင်ခြင်း၏ အကျိုးခံစားခွင့်များကို မသိရှိသည့် ရာခိုင်နှုန်းက ပိုမိုများပြားလျက်ရှိသည်။ ရာခိုင်နှုန်းအားဖြင့် ၇၄ ရာခိုင်နှုန်းရှိသည်။ အစိုးရ၏ အခွန်ထမ်းပြည်သူများအပေါ် ပေးသည့်ဝန်ဆောင်မှုများကိုလည်း မသိရှိသည့် ရာခိုင်နှုန်းသည် ဖြေဆိုသူများ၏ ၉၄ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူ ထက်ဝက်ခန့်သည် အခွန်ဆောင်ခြင်းကို သိသော်လည်း အခွန်နှင့်ဆိုင်သော ဗဟုသုတကို ဖြေဆိုသူအများစုက မသိကြပေ။ ပုံ (၁၀-၁၀-၂) တွင် ကြည့်ပါ။

ပုံ (၁၀-၁၀-၂) အခွန်နှင့် ဆိုင်သော ဗဟုသုတများ




ထို့နောက်တွင် ပြည်သူများအနေဖြင့် အခွန်ဆောင်ဖူးခြင်း ရှိ/ မရှိကိုလေ့လာရာတွင် ဖြေဆိုသူများ၏ ၃၉ ရာခိုင်နှုန်းသည် အခွန်မဆောင်ဖူးပါဟု ဖြေဆိုကြပြီး၊ ကျန် ၆၁ ရာခိုင်နှုန်းသည် အခွန်ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။


ပုံ (၁၀-၁၀-၃) အခွန်ဆောင်ဖူးပါသလား (n=98)




ထို့နောက်တွင် အခွန်ဆောင်ဖူးပါသည်ဟု ဖြေဆိုကြသော ဖြေဆိုသူများအား ၎င်းတို့အနေဖြင့် မည်သည့် အခွန်အမျိုးအစားများကို ဆောင်ဖူးပါသနည်းဟု မေးမြန်းရာတွင် ဖြေဆိုသူအများစုသည် အိမ်ခွန်၊ မြေခွန်နှင့် ရေခွန်တို့ကို ဆောင်ဖူးကြောင်း ဖြေဆိုကြသည်။


ဤလေ့လာမှုသည် ဌာနဆိုင်ရာများအပေါ်ပြည်သူများအနေဖြင့် မည်ကဲ့သို့ အထင်အမြင်များရှိနေသည်ကိုလေ့လာလိုသည့် ရည်ရွယ်ချက်လည်းရှိသည်။ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးသည့် ရာခိုင်နှုန်းမှာ ဖြေဆိုသူများ၏ ၄၆ ရာခိုင်နှုန်းရှိပြီး ၅၄ ရာခိုင်နှုန်းအနေဖြင့် ဆက်သွယ်ဆောင်ရွက်ဖူးခြင်းမရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ပုံ (၁၀-၁၀-၄) တွင်ဖော်ပြထားသည့်အတိုင်း ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူအများစုသည် အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံနည်းပါးလျက်ရှိကြောင်းတွေ့မြင်နိုင်မည်ဖြစ်သည်။

ပုံ (၁၀-၁၀-၄) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ဖူးပါသလား





ထိုသို့ အများစုအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်မှုတွင် မည်သည့် အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသနည်းဆိုသည်ကိုလည်း လေ့လာရန်လိုပေလိမ့်မည်။ ထို့ကြောင့် ဖြေဆိုသူ ၆၂ ရာခိုင်နှုန်းသည် နှောင့်နှေးကြန့်ကြာမှုများနှင့်ရင်ဆိုင်ခဲ့ကြရပြီး ၂၁ ရာခိုင်နှုန်းသည်ဆက်ဆံရေး မပြေပြစ်ခြင်းများနှင့် ရင်ဆိုင်ခဲ့ကြ ရသည်။

ပုံ (၁၀-၁၀-၅) ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ




ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏မြို့နယ်တွင် အရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိခြင်း ရှိ/ မရှိကို လေ့လာရာတွင် ဖြေဆိုသူများ၏ ၇၉ ရာခိုင်နှုန်းသည် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်ကို သိရှိကြောင်းဖြေဆိုကြပြီး၊ ၂၁ ရာခိုင်နှုန်းသည် မသိရှိကြောင်းဖြေဆိုကြသည်။ ပုံ (၁၀-၁၀-၆) တွင်ကြည့်ပါ။


ပုံ (၁၀-၁၀-၆) လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ရွာ အရေး




ထို့နောက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို သိရှိခြင်းရှိ/ မရှိကိုမေးမြန်းရာတွင် ဖြေဆိုသူများ၏ ၆၃ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များကို မသိရှိကြောင်းဖြေဆိုပြီး၊ ၃၇ ရာခိုင်နှုန်းသည် သိရှိကြောင်း ဖြေဆိုကြသည်။ ထို့နောက်တွင် ချင်းပြည်နယ်ကို ကိုယ်စားပြုသောအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်များ (ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်) တွင် ရှိ/ မရှိ သိရှိခြင်း ရှိ/မရှိကို မေးမြန်းခဲ့သည်။ ဖြေဆိုသူ အများစုဖြစ်သည့် ၉၀ ရာခိုင်နှုန်းကျော်သည် လွှတ်တော် များအတွင်း ချင်းပြည်နယ်ကိုကိုယ်စားပြုသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရှိ/ မရှိကို ၎င်းတို့အနေဖြင့် မသိရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ပလက်ဝမြို့နယ်ရှိဖြေဆိုသူများအနေဖြင့် လွှတ်တော်နှင့် ပတ်သက်သည့် အသိပညာနည်းလျက်ရှိသည်ကိုတွေ့ရှိ ရသည်။


ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူများသည် ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် စိုးရိမ်မှု ရှိ/ မရှိ လေ့လာရာတွင် ဖြေဆိုသူများ၏ ၇၉ ရာခိုင်နှုန်းသည် ချင်းပြည်နယ် ကိုယ်စားပြုအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှုမရှိကြပေ။ ၅ ရာခိုင်နှုန်းသော ဖြေဆိုသူများအနေဖြင့် စိုးရိမ်မှု ရှိသည်ဟု ဖြေဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် မသိဟု ဖြေဆိုသည်။ ထို့ကြောင့် ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူအများစုသည် ပလက်ဝမြို့နယ်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချမှု ရှိပြီး၊ စိုးရိမ်မှုမရှိပေ။

ပုံ (၁၀-၁၀-၇) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အပေါ် စိုးရိမ်မှု





မဲဆန္ဒရှင်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ရှိသည့်အကြိမ်ရေကိုလည်း လေ့လာခဲ့သည်။ ဖြေဆိုသူများ၏ ၃၅ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ကြိမ်မှ တွေ့ဖူးခြင်းမရှိပေ။ ဖြေဆိုသူ၏ ၁၈ ရာခိုင်နှုန်းအနေဖြင့် အနည်းဆုံး တစ်ကြိမ်အဖြစ်တွေ့ဖူးကြောင်း တုံ့ပြန်ကြသည်။ တွေ့ဖူးသည့် ကြိမ်ရေအများဆုံးဖြစ်သည့် ငါးကြိမ်နှင့် အထက်တွေ့ရှိမှုသည် ၂ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူ အများစုသည် ၎င်းတို့၏လွှတ်တော်ကိုယ်စားလှယ်များနှင့် မတွေ့ဖူးသည့် ရာခိုင်နှုန်းက ပိုများ ပေသည်။

ပုံ (၁၀-၁၀-၈) မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဖူးသည့် ကြိမ်ရေ (n=99)



ဤအခန်းသည် ရဲဌာန (ဂုန်ထမ်း) များအပေါ် ပလက်ဝ မြို့နယ်ရှိ ပြည်သူများ၏ အမြင်သဘောထားများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ပလက်ဝ မြို့ရှိ ပြည်သူများအနေဖြင့် ရဲဌာန (ဂုန်ထမ်း) များအပေါ်အမြင်နှင့် ရဲဌာန (ဂုန်ထမ်း) များ၏ ဆောင်ရွက်ချက်များအပေါ် မည်ကဲ့သို့ ထင်မြင်ယူဆထားပါသနည်း စသည့် မေးခွန်းများကို လေ့လာ တင်ပြသွားမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ ပုံ (၁၀-၈-၈) အရ ရဲဌာန (ဂုန်ထမ်း) များ၏ ဆောင်ရွက်ချက်များကို "ထောက်ခံ" သည့် ရာခိုင်နှုန်းသည် ၄၆ ရာခိုင်နှုန်းရှိပြီး စိတ်ကျေနပ်မှုမရှိသော သို့မဟုတ် "မထောက်ခံသော" ရာခိုင်နှုန်းမှာ ၄၂ ရာခိုင်နှုန်းဖြစ်သည်။ ကျန် ၁၂ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် "သာမန်" ဟုဖြေဆိုကြသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ရဲဌာန (ဂုန်ထမ်း) များ၏ ဆောင်ရွက်ချက်များကို တိကျသော အကဲဖြတ် မှတ်ချက်များပေးရန် အခက်အခဲများရှိခြင်း သို့မဟုတ် ဆောင်ရွက်ချက်များကိုမသိနားမလည်ခြင်း ဟု ဆိုရမည် ဖြစ်သည်။ ခြုံငုံလေ့လာမှုအရ ဖြေဆိုသူများ၏ ထက်ဝက်သော ရာခိုင်နှုန်းခန့်သည် ပလက်ဝ မြို့နယ်ရှိ ရဲဌာန (ဂုန်ထမ်း) များ၏ ဆောင်ရွက်ချက်များအပေါ်တွင် ထောက်ခံကြသောကြောင့် ရဲဌာနများ၏ လုပ်ဆောင်ချက်များကို အသိမှတ်ပြုရမည်ဖြစ် သည်။ သို့သော်လည်း ဖြေဆိုသူ ၄၂ ရာခိုင်နှုန်း၏ "မထောက်ခံ" ဟု ဖြေဆိုမှုများကို လျှော့ကျရန် ယခင်ထက် ကြိုးပမ်းမှုများ လိုအပ်ပေလိမ့်မည်ဖြစ်သည်။

ပုံ(၁၀-၁၀-၉) ရဲဌာန (ဂုန်ထမ်းများ)အပေါ် ပလက်ဝ မြို့နယ် အမြင်စစ်တမ်း အားတင်ပြမှု





ရဲဌာန (ဂုန်ထမ်း) များ၏ လုပ်ငန်းဆောင်တာများကို ပလက်ဝမြို့နယ်၏ သဘောထားအမြင်များကို မေးမြန်းရာတွင် အသေးစိတ်ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် မေးခွန်းလွှာများကို ခွဲ၍ မေးမြန်းခဲ့သည်။ သက်ဆိုင်ရာမေးခွန်းအလိုက် တွေ့ရှိချက်များကို အောက်တွင် ပုံနှင့်တကွ ရှင်းလင်းဆွေးနွေးထားပါသည်။ ပုံ (၁၀-၁၀-၁၀) ဖြင့်ယှဉ်တွဲလေ့ လာနိုင်ပါသည်။

(က) မေးခွန်းအလိုက်တွေ့ရှိချက်များမှာ_ ရဲဌာန (ဂုန်ထမ်း) များ၏ လုပ်ဆောင်ချက်ကို တိုင်းတာရာတွင် အောက်ဖော်ပြပါမေးခွန်းများကို အခြေခံ၍ တိုင်းတာထားသည်။ အရေးပေါ်တိုင်ကြားရမည့် ရဲဌာန (ဂုန်ထမ်း) များ၏ ဖုန်းနံပါတ်များသိရှိခြင်း ရှိ/ မရှိ ကို ပလက်ဝမြို့တွင် အချက်အလက်အကောက်ယူရာတွင် ဖြေဆိုသူများ၏ ၉၉ ဦးတွင် ဖုန်းနံပါတ်ကို "သိရှိ" သည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းသည် ၂၅ ရာခိုင်နှုန်းရှိပြီး၊ ၇၅ ရာခိုင်နှုန်းသည် "မသိရှိ" ကြောင်း တုံ့ပြန်ကြသည်။ အဆိုပါ မေးခွန်းပေါ်တွင် အနှစ်ချုပ်အားဖြင့် ဖြေဆိုသူများ၏အများစုသည် အရေးပေါ်တိုင်ကြားရမည့် ဖုန်းနံပါတ်ကို မသိရှိကြပေ။

(ခ) ထို့အပြင် ရဲဌာနများအပေါ် အားကိုးယုံကြည်မှုရှိ/ မရှိ မေးမြန်းရာတွင် ဖြေဆိုသူဦးရေ စုစုပေါင်း ၁၀၀ တွင် ၆၂ ရာခိုင်နှုန်းသည် ၎င်းတို့အနေဖြင့် ရဲဌာန (ဝန်ထမ်း) များအပေါ် အားကိုးယုံကြည်မှု "ရှိသည်" ဟုဖြေဆိုကြပြီး၊ ၂၀ ရာခိုင်နှုန်း သည် ယုံကြည်မှု "မရှိ" ကြောင်း ဖြေဆိုသည်။ ကျန်ရာခိုင်နှုန်းများမှ "မသိ" ဟုဖြေဆိုသည်။

ပုံ (၁၀-၁၀-၁၀) ရဲဌာန (ဝန်ထမ်းများ)အပေါ် ပြည်သူများ၏ အမြင်စစ်တမ်း အားတင်ပြမှု




| | အားကိုးယုံကြကည်မှု(n=100) | အချိန်ကိုက်ဆောင်ရွက်မှု(n=98) | ဘက်လိုက်မှုကင်း(n=100) | စွမ်းဆောင်ရည် (n=96) | အမျိုးသမီးအမှုတိုင်ကြားမှု (n=94) |
|---|---|---|---|---|---|
| ■ ထောက်ခံ | 62% | 49% | 43% | 55% | 43% |
| ■ မထောက်ခံ | 20% | 34% | 45% | 25% | 52% |
| ■ သာမန် | 13% | 12% | 9% | 13% | 3% |

(ဂ) တတိယ မေးခွန်းအနေဖြင့် ရဲဌာနများသည် တိုင်ကြားထားသော အမှုများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးမှု ရှိ/ မရှိ သို့မဟုတ် ၎င်းမေးခွန်းအပေါ် ပြည်သူများ၏ အမြင်များကို မေးမြန်းရာတွင် ဖြေဆိုသူများ၏ ၄၉ ရာခိုင်နှုန်းသည် "မရှိ" ကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၃၄ ရာခိုင်နှုန်း သည် ရှိသည်ဟုထင်မြင်ကြောင်း ထောက်ခံပြောဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် "မသိ" ကြောင်း တုံ့ပြန်ကြသည်။

(ဃ) ထို့အပြင် ရဲဌာနများ၏ ပြည်သူ့ ဝန်ဆောင်မှု များဆောင်ရွက်ရာတွင် ဘက်လိုက်မှု ရှိ/ မရှိကို ဒေသခံလူဦးရေ ၁၀၀ ကိုမေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၄၅ ရာခိုင်နှုန်းသည် ရဲဌာန(ဝန်ထမ်း)များအနေဖြင့် အမှုကိစ္စများ ဖြေရှင်းဆောင်ရွက်မှုတွင် "ဘက်လိုက်မှုများရှိသည်" ဟု ဖြေဆိုကြပြီး ၄၃ ရာခိုင် နှုန်းအနေဖြင့် "ဘက်လိုက်မှု မရှိ" ဟု ထင်မြင်ကြောင်း တုံ့ပြန်ကြသည်။ ကျန်ရာခိုင်နှုန်းသည် အဆိုပါမေးခွန်းအပေါ်တွင် မှတ်ချက်မပေးလိုကြောင်း ဖြေဆိုကြသည်။ ဖြေဆိုချက်များကို ကောက်ချက်ချရမည်ဆိုပါက ပလက်ဝ မြို့နယ်ရှိ ဖြေဆိုသူများ၏ ထက်ဝက်ခန့်သည် ရဲဌာန (ဝန်ထမ်း) များအနေဖြင့် "ဘက်လိုက်မှုရှိသည်" ဟု ထင်မြင်ယူဆသောကြောင့် ပလက်ဝမြို့နယ်နှင့်သက်ဆိုင်သော ရဲဌာနများအနေဖြင့် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။

(င) ရဲဌာန(ဝန်ထမ်း)များ၏ စွမ်းဆောင်ရည်များအပေါ်တွင် ပြည်သူများ၏ အမြင်များကို သိရှိနိုင်ရန် ပလက်ဝမြို့နယ်တွင် ၉၆ ဦးကို မေးမြန်းခဲ့သည်။ ဖြေဆိုသူများ၏ ၅၅ ရာခိုင်နှုန်းသည် ရဲဌာန (ဝန်ထမ်း) များ၏ စွမ်းဆောင်ရည်ကို "ထောက်ခံကြောင်း" ဖြေဆိုကြပြီး၊ ၂၅ ရာခိုင်နှုန်းက "မထောက်ခံ" ကြောင်း ဖြေဆိုကြသည်။ ကျန် ရာခိုင်နှုန်းမှာ ၎င်းတို့အနေဖြင့် "မသိရှိကြောင်း" တုံ့ပြန်ကြသည်။ အဆိုပါမေးခွန်းပေါ်တွင် ပလက်ဝမြို့နယ်ရှိ ဖြေဆိုသူများ၏ အမြင်များသည် ရဲဌာန (ဝန်ထမ်း) များအပေါ်တွင် အပြုသဘော ရှုမြင်ကြသည်။ ရဲဌာန (ဝန်ထမ်း) များအနေဖြင့် အဆိုပါ ထောက်ခံသော ရာခိုင်နှုန်းတက်လာရန် သို့မဟုတ် မလျော့သွားရန် ဆက်လက်ကြိုးပမ်း ရမည်ဖြစ်ပေသည်။


(စ) ဤမေးခွန်းသည် အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများကို ရဲစခန်းသို့ တိုင်ကြားမှု ရှိ/ မရှိ နှင့် ပတ်သက်ပြီး မေးမြန်းရာတွင် ဖြေဆိုသူ ဦးရေ ၉၄ ဦးတွင် ၅၂ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရသည့် ကိစ္စများနှင့် ပတ်သက်ပြီး ရဲစခန်းသို့ တိုင်ကြားမှု "မရှိ" ဟုဖြေဆိုကြသည်။

ဖြေဆိုသူများ၏ ၄၃ ရာခိုင်နှုန်းအနေဖြင့် အမျိုးသမီးများသည် အဆိုပါ ကိစ္စများကို ရဲစခန်းသို့ တိုင်ကြားကြသည်ဟု ဆိုကြသည်။ ကျန်ရာခိုင်နှုန်းသည် "မသိ" ကြောင်း ဖြေဆိုကြသည်။ ပလက်ဝမြို့နယ်၏ ဖြေဆိုချက်များကို လေ့လာမည်ဆိုပါက အမျိုးသမီးများသည် ၎င်းတို့၏ ဖိနှိပ်ခံရမှု သို့မဟုတ် အကြမ်းဖက်ခံရမှု စသည့်ကိစ္စများကို ရဲစခန်းသို့ "တိုင်ကြားမှု" ရှိသည်ဟု ထက်ဝက်ခန့်သော ဖြေဆိုသူများက ထင်မြင်ကြသည်။ အဖြေများအပေါ် အခြေခံ၍ ကောက်ချက်ချရမည်ဆိုပါက အမျိုးသမီးများအနေဖြင့် ဖိနှိပ်ခံရမှု သို့မဟုတ် အကြမ်းဖက်ခံရမှုများတွင် ရဲဌာန(ဂန်ထမ်း)များကို အားကိုးယုံကြည်မှုရှိသည်ဟု ယူဆနိုင်ပေသည်။

## ဒေသတွင်းတရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း

ပလက်ဝမြို့နယ် တရားစီရင်မှုအပေါ် ဒေသခံလူထု၏အမြင်များကို စစ်တမ်းကောက်ယူ လေ့လာထားပါသည်။ ဤလေ့လာမှုတွင် ဒေသခံလူထုသည် မိမိဒေသရှိ တရားဥပဒေဘက်တော်သားများ၊ တရားရေးအမှုထမ်းများနှင့် တရားရုံး၏တရားစီရင်မှုအပေါ် လွတ်လပ်ပွင့်လင်းစွာ တင်ပြထားသည့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။ လေ့လာမှုတွင် တရားစီရင်မှုအား မျှတစွာဆုံးဖြတ်မှု၊ အချိန်ကြန့်ကြာမှု၊ ဆွေမျိုးများနှင့်ဆက်နွယ်သောအမှုများအား တရားစီရင်ဆုံးဖြတ်မှု စသောအချက်အလက်များကို စစ်တမ်းကောက်ယူထားပါသည်။ ဒေသခံများ၏ယူဆချက်များကို ကိုယ်စားပြုခြုံငုံမိစေရန် ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်းကာ စနစ်တကျစာရင်းကောက်ယူ၍ လေ့လာပြုစုထားပါသည်။ တွေ့ရှိချက်များ၏ ရှင်းလင်းဆွေးနွေးမှုများကို အောက်တွင် ပုံနှင့်တကွရှင်းလင်း ဖော်ပြထားပါသည်။

ပုံ (၁၀-၁၀-၁၁) တရားစီရင်မှုအပေါ် ပြည်သူများ၏ ဗဟုသုတ




| | မျှတမှု(n=100) | အချိန်/ဖြေရှင်း(n=100) | အမျိုးသမီးအရေး(n=98) |
|---|---|---|---|
| ထင်ပါသည် | 55% | 28% | 45% |
| မထင်ပါ | 29% | 38% | 44% |
| မသိပါ | 16% | 35% | 12% |

ကွင်းဆင်းလေ့လာမှုတွင် ဒေသရှိလေ့လာသူလူဦးရေ၏ ၃၃ ရာခိုင်နှုန်းသည် ဒေသတွင်း တရားစီရင်မှုအပေါ် သံသယရှိကာ ထောက်ခံမှုမရှိသည်ကို တွေ့ရှိရပြီး၊ ၄၆ ရာခိုင်နှုန်းသည် ယုံကြည်ထောက်ခံသည်ကို လေ့လာတွေ့ရှိရပါသည်။ မသိရှိပါဟု ဖြေဆိုသူ ၂၁ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။ ၎င်းတို့ကို ပုံ(၁၀-၁၀-၁၁) တွင် ဖော်ပြထားသည်။ ၎င်းတို့မှာ_

(က) မိမိတို့ဒေသအတွင်း တရားရေးဌာနများ၏တရားစီရင်မှုတွင် မျှတစွာဆုံးဖြတ်ဆောင်ရွက်မှုကို လေ့လာထားခြင်းဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၂၉ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၅၅ ရာခိုင်နှုန်းသော ဒေသခံများ၏

ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ မသိရှိပါဟု ဖြေဆိုသူ ၁၆ ရာခိုင်နှုန်းရှိကြောင်းလည်း တွေ့ရှိရသည်။

(ခ) တရားရုံးများသည် တရားရေးကိစ္စများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိ၊ မရှိကို လေ့လာရာတွင် လေ့လာမှု၏ ၂၈ ရာခိုင်နှုန်းသော ဒေသခံများသည် အချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်မှုမရှိဟု ထင်မြင်ယူဆကြသည်ကို တွေ့ရှိရပြီး၊ ၃၈ ရာခိုင်နှုန်းသည် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်ဟု ထင်မြင်ကြသည်ကို တွေ့ရှိရပါသည်။ ကျန်ရာခိုင်နှုန်းမှ မသိရှိပါဟုဖြေကြားသည်ကို တွေ့ရှိရသည်။

(ဂ) အမျိုးသမီးရေးရာ ကိစ္စရပ်များအား တိုင်ကြားမှုတွင် တရားစီရင်၊ ဆုံးဖြတ်မှုများကို လေ့လာထားခြင်း ဖြစ်သည်။ လေ့လာမှုတွင် သတ်မှတ်ထားသော လေ့လာသူဦးရေ၏ ၄၄ ရာခိုင်နှုန်းသည် တရားစီရင်ဆုံးဖြတ်မှုအပေါ် သံသယရှိနေကြပြီး၊ ယုံကြည်မှုလျော့နည်းနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ ၄၅ ရာခိုင်နှုန်းသော ဒေသခံများ၏ ယုံကြည်ထောက်ခံမှုကိုလည်း ရရှိထားသည်ကို တွေ့ရှိရပြီး၊ ကျန်ရာခိုင်နှုန်းမှ မသိရှိပါဟုဖြေကြားသည်ကို တွေ့ရှိရသည်။

အခန်း (၁၁) နိဂုံးချုပ်ခြင်းနှင့် အကြံပြုချက်များ

*- ဒေသဆိုင်ရာအုပ်ချုပ်ရေး*

ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဆိုင်သော မေးခွန်းများတွင် ဖြေဆိုသူအများစုသည် ၎င်းတို့ မြို့နယ်၏ ရွေးချယ်ခံထားရသည့် အုပ်ချုပ်ရေးမှူးများကို သိရှိကြပြီး၊ အကယ်၍ အုပ်ချုပ်ရေးမှူးသည် အမျိုးသမီး ဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်သည့် အရေအတွက်မှာ များ၏ ၃၄ ရာခိုင်နှုန်းရှိပြီး၊ ၆၆ ရာခိုင်နှုန်းမှာ မစိုးရိမ်ကြပေ။ ဆိုလိုသည်မှာ ဖြေဆိုသူ ထက်ဝက်ကျော်သည် ချင်းပြည်နယ်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် အမျိုးသမီးဖြစ်ခဲ့မည်ဆိုပါက စိုးရိမ်မှု မရှိ၊ ရပ်ရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ စီမံဆောင်ရွက်နိုင်လိမ့်မည်ဟု ဆိုကြသည်။

အားရဖွယ်ဖြစ်သည့် ရလဒ်တစ်ခုမှာ ဖြေဆိုသူအများစုသည် အုပ်ချုပ်ရေးမှူး ရွေးချယ်ပုံကိုလည်း သိရှိကြသည်။ ထို့ပြင် ပြည်သူများ၏ အမြင်တွင် ချင်းပြည်နယ်ရှိ မြို့နယ်အသီးသီးရှိ အုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် ပုံမှန်အစည်းအဝေး ပြုလုပ်လျက်ရှိသည်ကိုလည်း ဖြေဆိုသူများ၏ တုံ့ပြန်မှုမှ တစ်ဆင့်သိရှိရသည်။ အဆိုပါ ရလဒ်သည် ချင်းပြည်နယ် တစ်ခုလုံးအနေဖြင့် တွေ့ရှိချက်ဖြစ်သည်။ သို့သော် မြို့နယ်အလိုက်တွေ့ရှိချက်တွင် ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်နှင့် မင်းတပ်မြို့နယ်တို့ရှိ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများသည် ပြည်သူလူထုနှင့် ပုံမှန်တွေ့ဆုံမှု မရှိဟု ဖြေဆိုမှု သည် ၄၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြားတွင်ရှိနေသည်။ ထင်ရှားသည့် ရလဒ်မှာ ဟားခါးမြို့နယ်ရှိ အုပ်ချုပ်ရေးမှူးများ သည် ပြည်သူများနှင့် တွေ့ဆုံမှု ပိုမိုကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ဟားခါးမြို့နယ်၏ ဖြေဆိုသူ ၉၂ ရာခိုင်နှုန်းတွင် ပြည်သူနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပုံမှန်တွေ့ဆုံမှုရှိသည်ဟု ဖြေဆိုကြသည်။

ပြည်နယ်တစ်ခုလုံး၏ဖြေဆိုသူအများစုသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို သိရှိသည်ဟု ဖြေဆိုမှုသည် ထက်ဝက်ခန့်ရှိသည်။ သို့သော်လည်း အများစု သိရှိထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ တာဝန်များသည် ထောက်ခံစာရေးသားခြင်းနှင့် ဧည့်စာရင်းတိုင်ကြားခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများကို အနည်းငယ်သာ နားလည်သဘောပေါက်ကြသည် သို့မဟုတ် အုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ပြည်သူများသို့ စီးဆင်းမှု နည်းနေသေးသည် ဟု ကောက်ချက်ချရမည် ဖြစ်သည်။

*- ချင်းပြည်နယ်တွင် ဦးစားပေး လိုအပ်ချက်များကို သတ်မှတ်ခြင်း*

ချင်းပြည်နယ်၏ ဦးစားပေးလိုအပ်ချက်များနှင့် ပြည်နယ်အစိုးရ၏ ဖော်ဆောင်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး ကိစ္စများကို ပြ ပည်သူများ၏ အမြင်များမှတစ်ဆင့် လေ့လာခဲ့သည်။ ဖြေဆိုချက်များအရ ချင်းပြည်နယ်တွင် ဦးစားပေး ဖြေရှင်း ဆောင်ရွက်ရမည့် ကဏ္ဍသုံးခုမှာ "လမ်းပန်းဆက်သွယ်ရေး" ၊ "ရေနှင့် လျှပ်စစ်မီးလုံလောက်စွာရရှိရေး" နှင့် "ပညာရေး ကဏ္ဍ" တို့ဖြစ်ကြသည်။ ပြည်သူများ၏ ဆန္ဒအရ ဒေသ၏ လိုအပ်ချက်များကို တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ပြည်နယ်အစိုးရ၏ ဒေသဆိုင်ရာဖွံ့ဖြိုးရေးဖော်ဆောင်မှုကိုလည်း ပြည်သူများ ထင်မြင်ချက်များမှ တစ်ဆင့်ကောက်ယူခဲ့သည်။ ရလဒ်အရ ပြည်နယ်အစိုးရ၏ လတ်တလော ဆောင်ရွက်နေသည့် ဦးစားပေး ကိစ္စများသည်လည်း လမ်းပန်းဆက်သွယ်ရေး၊ ရေနှင့်

လျှပ်စစ်မီးရရှိရေးဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၏ ဦးစားပေးကဏ္ဍတောင်းဆိုမှုနှင့် ချင်းပြည်နယ်အစိုးရ၏ လုပ်ဆောင်ချက်များ ကွဲလွဲမှု မရှိဟု ဆိုရမည်ဖြစ်သည်။

ပြည်နယ်အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှု အပိုင်းတွင် အားနည်းချက်များရှိနေသည်။ ချင်းပြည်နယ်အစိုးရ၏ ဖွံ့ဖြိုးရေး အတွက် အသုံးပြုရမည့် ဘဏ္ဍာငွေများကို ပြည်သူများအနေဖြင့် မသိရှိကြပေ။ အဆိုပါ ကိစ္စနှင့် ပတ်သက်ပြီး ပြည်သူများအား ထုတ်ပြန်ကြေညာခြင်း အားနည်းလျက်ရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် အစိုးရအဖွဲ့ဝင်များအနေဖြင့် ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသစွဲ၊ လူမျိုးစွဲ များဖြင့် ဘက်လိုက်၍ ဖော်ဆောင်လျက်ရှိသည်ဟု ဖြေဆိုသူ များ၏ ၄၀ ရာခိုင်နှုန်းက ဆိုသည်။ မိမိတို့၏ ယူဆချက်အရ ဒေသ၏ လိုအပ်ချက်ကွာဟမှုပေါ် မူတည်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်သင့်ပေသည်။ ပြည်နယ်အစိုးရတွင် မိမိတို့နှင့် တူညီသော ယူဆချက်များ ရှိမည်ဟု ယုံကြည်သည်။ သို့သော် ပြည်သူများ၏ ထင်မြင်ချက်များအရ ပြည်နယ်အစိုးရအဖွဲ့အစည်းအတွင်းရှိ လူပုဂ္ဂိုလ် များ၏ ဒေသစွဲ၊ လူမျိုးစွဲ ဆုံးဖြတ်ချက်ချမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်မှုများ ရှိနေသောကြောင့် ဘက်လိုက်မှုရှိသည်ဟု ဖြေဆိုသည့် ၄၀ ရာခိုင်နှုန်းကို အနည်းဆုံးဖြစ်အောင် (ဖြစ်နိုင်ပါက သုညရာခိုင်နှုန်းထိ) လျှော့ချသင့်ပေသည်။

*- အခွန်ထမ်းဆောင်ခြင်းအပေါ် နားလည်မှုနှင့် ပြည်သူ့ဝန်ဆောင်မှု*

လေ့လာချက်အရ ဖြေဆိုသူ အများစုသည် အခွန်နှင့် ဆိုင်သော ဗဟုသုတများနည်းပါးလျက်ရှိသည်ကို တွေ့မြင်ရသည်။ ချင်းပြည်နယ်၏ အနာဂတ်တွင် ပြည်ထောင်စုကို အပြည့်အဝ မှီခိုခြင်းမရှိဘဲ ပြည်နယ်၏ ရငွေများနှင့် ရပ်တည်နိုင်ရန်မှာ ပြည်နယ်၏ စီးပွားရေးကဏ္ဍများ ပိုမိုအားကောင်းရန်လိုအပ်သလို ပြည်သူများ ၏အခွန်ထမ်း ဆောင်ခြင်းသည်လည်း အခြေခံကြပေသည်။ ထို့ကြောင့် အနာဂတ်ကာလများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အခွန်နှင့် ဆိုင်သော အသိပညာများ၊ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်လိုအပ်လိမ့်မည်ဖြစ်သည်။

ပြည်သူများ၏ တုံ့ပြန်မှုများအရ အစိုးရဌာန ဆိုင်ရာများ၏ အားနည်းချက်များကို တွေ့ရှိခဲ့ရသည်။ ဌာနဆိုင်ရာများ၏ ပြည်သူ့ဝန်ဆောင်မှုများတွင် အဓိက အားနည်းချက်သည် နှောင့်နှေးကြန့်ကြာခြင်းဖြစ်ကြောင်း ဖြေဆိုသူ အများစု၏ တုံ့ပြန်မှုအရ သိရသည်။ ဒုတိယ အားနည်းချက်မှာ ဆက်ဆံရေးပြေပြစ်မှုမရှိခြင်းဖြစ်သည်။ အဆိုပါ တွေ့ရှိချက်များသည် ချင်းပြည်နယ်အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှု ကဏ္ဍမြှင့်တင်ဆောင်ရွက်မှုတွင် အလေးထား စဉ်းစားရမည့် ပြည်သူများ၏ ထင်မြင်ချက်ဖြစ်သည်။

*- လွှတ်တော်ကိုယ်စားလှယ်များ*

ဖြေဆိုသူအများစုသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ရွေးကောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို သိရှိကြသည်။ သို့သော် ကိုယ်စားလှယ်များ၏ တာဝန်များကိုတော့ မသိကြပေ။ ထို့အပြင် အများစုသည် ချင်းပြည်နယ်ကိုယ်စားပြု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရှိမရှိ ကို မသိကြပေ။

ဖြေဆိုသူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ရှိမှုနည်းပါးကြသည်။ ၎င်းတို့ရွေးချယ်လိုက်သော လွှတ်တော်ကိုယ်စားလှယ်သည် မည်သည့်ကိစ္စများဆောင်ရွက်နေသည်ကိုလည်း ပြည်သူအများစုက မသိရှိပေ။ ရလဒ်အရ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအကြားထိတွေ့မှု နည်းပါးလျက်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း ဖြေဆိုသူများအနေဖြင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို မသိ ဟု ဖြေဆိုခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်

ပြည်သူများအကြား ထိတွေ့မှုနည်းပါးနေသည်ကို ညွှန်းဆိုလျက်ရှိသည်။ ပြည်သူများအနေဖြင့် သတင်းအချက်အလက်များ မရရှိသော ကြောင့် ထိုသို့ ဖြေဆိုခြင်းဖြစ်သည်။

*- ရဲဌာန (ဂန်ထမ်း) များအပေါ် လူထုအမြင်သဘောထား*

ချင်းပြည်နယ်ရှိ ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် ၎င်းတို့အပေါ် ပြည်သူများ၏ ယုံကြည်မှုများကို လေ့လာရာတွင် ဖြေဆိုသူ ထက်ဝက်ကျော်သည် ရဲဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်အပေါ်တွင် စိတ်ကျေနပ်မှု မရှိဟု ဖြေဆိုကြသည်။ စိတ်ကျေနပ်မှုရှိသည်ဟု ဖြေဆိုကြသည့် ရာခိုင်နှုန်းလည်းရှိပါသည်။

ရဲဌာန၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် ၎င်းတို့အပေါ် ယုံကြည်မှုဟု ဆိုရာတွင် ယေဘုယျကြပေသည်။ ထိုမေးခွန်းများတွင် အသေးစိတ်ပါဝင်သည်။ ရဲဌာနများ၏ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပတ်၊ အချိန်ကိုက်ဆောင်ရွက်မှု၊ ဘက်လိုက်မှု၊ စွမ်းဆောင် ရည် စသည်တို့ကို မေးမြန်းလေ့လာခဲ့သည်။ ရလဒ်အရ ဖြေဆိုသူ အများစုသည် ဆက်သွယ်ရန် ရဲဌာန၏ ဖုန်းနံပတ်ကို မသိရှိကြပေ။ အချိန်နှင့် တပြေးညီဆောင်ရွက်မှုတွင်လည်း အားနည်းချက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။ သို့သော် ရဲဌာနအပေါ်တွင် လူထုအနေဖြင့် ယုံကြည်မှု လုံးဝ မရှိသည်တော့ မဟုတ်ပေ။ ယုံကြည်မှုရှိသည်ဟု ဖြေဆိုကြသည့် တုံ့ပြန်မှုများလည်းရှိသည်။ သို့သော် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ရန်လိုအပ်ပေလိမ့်မည်ဖြစ်သည်။ ချင်းပြည်နယ်ရှိ အမျိုးသမီးများအနေဖြင့် အနိုင်ကျင့် ဖိနှိပ်ခံရသည့်အခါ ရဲစခန်းကို တိုင်ကြားမှု အားနည်းကြောင်းတွေ့ရသည်။ ရဲဂန်ထမ်းများ၏ အရေးယူဆောင်ရွက်မှု အားနည်းသောကြောင့် ဖြစ်နိုင်သလို ရဲဝန်ထမ်းများကိုယုံကြည်မှု မရှိသော ကြောင့်လည်းဖြစ်နိုင်သည်။ ထို့အပြင် ရပ်ရွာ၏ အုပ်ချုပ်ရေးမှူးများနှင့် ဖြေရှင်းဆောင်ရွက်မှုများကြောင့် အမျိုးသမီးများအနေဖြင့် ရဲစခန်းသို့ တိုင်ကြားမှုမရှိသောကြောင့်လည်းဖြစ်နိုင်သည်။

*- ဒေသအတွင်း တရားစီရင်ရေးအပေါ် ရပ်ရွာလူထုအမြင်များအားလေ့လာခြင်း*

ချင်းပြည်နယ်၏ တရားစီရင်ရေးကဏ္ဍအပေါ်တွင် ပြည်သူများ၏ အမြင်များကို လေ့လာခဲ့သည်။ ချင်းပြည်နယ်ရှိ တရားစီရင်ရေးကဏ္ဍသည် ပြည်သူများ၏ အမြင်တွင် အပြုသဘောမဆောင်ပေ။ တရားစီရင်ဆုံးဖြတ်မှုများတွင် မျှတမှု မရှိခြင်း၊ ဖြေရှင်းမှုများ မလိုလားအပ်ဘဲ ကြန့်ကြာခြင်းများ ရှိသည်ဟု ပြည်သူများက ဖြေဆိုကြသည်။

*- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်*

ချင်းပြည်နယ်သည် လက်နက်ကိုင် ပဋိပက္ခများနှင့် ရင်ဆိုင်နေရသော ပြည်နယ်တစ်ခုမဟုတ်ပေ။ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ပြည်သူများအနေဖြင့် ၎င်းတို့ဒေသတွင် နေထိုင်ရသည်မှာ ငြိမ်းချမ်းမှု ရှိသည်ဟု ဖြေဆိုကြသော်လည်း၊ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖော်ဆောင်ချက်များကို ဖြေဆိုသူ အများစုက မသိကြပေ။ လက်နက်ကိုင်ပဋိပက္ခများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းမရှိသောကြောင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး သတင်းအချက်အလက်ရရှိမှုနည်းပါးခြင်း၊ အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုအပေါ်တွင် အခြားဒေသထက် စိတ်ဝင်စားမှု နည်းပါးခြင်းများကြောင့်ဖြစ်သည်။

ဤလေ့လာမှုမှသည် ချင်းပြည်နယ်တွင် ပိုမိုကောင်းမွန်သောအခြေအနေတစ်ရပ်ဖြစ်ပေါ်လာစေရန် အပြုသဘော ဆောင်၍ ချင်းပြည်နယ်အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများသို့ အကြံပြုလိုပါသည်။

- ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး အသိပညာပေးမှု လုပ်ငန်းများ ပိုမိုလုပ်ဆောင်သင့်ပါသည်။
- အကန့်အသတ်နှင့် ရရှိသော ဘဏ္ဍာငွေများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံသားအများစု၏ လိုအပ်မှုကိုဖော်ဆောင်နိုင်ရန်အတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများသို့မဟုတ် ရပ်မိရပ်ဖများနှင့် အစည်းအဝေးများပိုမိုပြုလုပ်သင့်ပါသည်။
- ချင်းပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် ဘက်လိုက်မှု (ဒေသစွဲ၊ လူမျိုးစွဲ) မရှိဘဲ ပြည်နယ်၏ လိုအပ်ချက်များကိုအခြေပြု၍ လုပ်ငန်းများဖော်ဆောင့်ပေးသည်။
- ပြည်နယ်အစိုးရအနေဖြင့် ပြည်သူလူထုကို အခွန်ဆိုင်ရာ အသိပညာများနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးရန်လိုအပ်သလို၊ အခွန်ထမ်းဆောင်ခြင်း၏ အကျိုးကျေးဇူးများကိုလည်း မိတ်ဆက်ပေးခြင်း အစီအစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်။
- ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍမြှင့်တင်ဆောင်ရွက်ရာတွင် ပြည်သူများ၏ တုံ့ပြန်ချက်များကို အလေးထားထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ပိုမိုကောင်းမွန်သောပြည်သူ့ဝန်ဆောင်မှု ဖြစ်လာစေရန် ကဏ္ဍအသီးသီးတွင် ပြည်သူများ၏တုံ့ပြန်ချက်များကို သိရှိနိုင်ရန် လမ်းကြောင်းတစ်ခုအနေဖြင့်ရှိထားသင့်ပါသည်။ အချို့သော ပြည်သူ့ဝန်ဆောင်မှု ကဏ္ဍများတွင် တိုင်ကြားမှု ယန္တရားများ (complaint mechanism သို့မဟုတ် Hotline number) ထားရှိ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ယန္တရားများ မရှိသေးသော ဝန်ဆောင်မှု ကဏ္ဍများတွင်လည်း ထားရှိသင့်ပေသည်။
- လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများနှင့် ထိတွေ့မှု ယခင်ထက်ပိုမို လုပ်ဆောင်ပေးရန် တိုက်တွန်းပါသည်။ ထိုတိုက်တွန်းချက်သည်ပြည်သူနှင့် ကိုယ်စားလှယ်များအကြား အကျိုးရှိစေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ဆောက်ရွက်ချက်များကို ပြည်သူများအား တင်ပြခြင်းသည် ပြည်သူများ၏ ကိုယ်စားလှယ်များအပေါ်တွင် ယုံကြည်မှု၊ နားလည်မှု တိုးပွားလာမည် ဖြစ်ပြီး၊ အနာဂတ် ရွေး ကောက်ပွဲများတွင် ပြည်သူများ၏ထောက်ခံမှုမြှင့်တက်လာနိုင်မည်ဖြစ်သည်။
- လွှတ်တော်ကိုယ်စားလှယ်များသည် မိမိဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းမည့် ကိစ္စရပ်များကို ပြည်သူများ၏လိုအပ်ချက်များနှင့်အညီ ဦးစားပေးလုပ်ဆောင်သွားရန် တိုက်တွန်းပါသည်။
- ရဲဌာနအနေဖြင့် အမှုကိစ္စများကို ဘက်လိုက်မှုမရှိဘဲ အမှီအခိုကင်းစွာဖြင့်မူလတာဝန်များကို ထမ်းဆောင်ပြီး၊ ချင်းပြည်နယ်ရှိ ပြည်သူများ၏ ယုံကြည်မှုကို တည်ဆောက်ရန်လိုမည်ဖြစ်သည်။
- ချင်းပြည်နယ်ရှိ အမျိုးသမီးများအပေါ် ဖိနှိပ်အနိုင်ကျင့်မှုများနှင့် ကြုံရသည့်အခါ ရဲစခန်းသို့နစ်နာသူများ ကိုယ်တိုင်တိုင်ကြားနိုင်မည့်အစီအမံများဖော်ဆောင်ပေးရန်၊
- ပြစ်မှုကျူးလွန်သူများအားလည်း တည်ဆဲဥပဒေများနှင့် အညီထိရောက်စွာအရေးယူဆောင်ရွက်သင့်ပါသည်။
- ချင်းပြည်နယ်ရှိ တရားရေးကဏ္ဍတွင်ရှိသူများသည် ပြည်သူများ၏ ယုံကြည်မှုကိုရရှိရန်လိုအပ်လျက်ရှိသည်။ ဘက်လိုက်မှုမရှိဘဲ တရားဥပဒေစိုးမိုးရေးကိုသာ လုပ်ဆောင်သင့်သည်။

# နောက်ဆက်တွဲနှင့် အညွှန်းကိုးကားချက်များ

CSO. (2016). *Myanmar Statistical Yearbook 2016.* Yangon: Centeral Statistical Organisation .

Kyaw, P. N. (2017). Seeking an optimal policy path, least "negative externalities" on regional growth in Chin State. In *Inya Economic Journal, Vol 1, No (1)* (p. 71). Yangon: Inya Economics.

LIAN, V. B. (2016, November 08). *Chinland Guardian.* From A Bright Vision: Recommendations for Chin State's Chief Minister: http://chinlandguardian.com

Ministry of Immigration and Population. (2015). *The 2014 Myanmar Population and Housing Census.* Nay Pyi Taw: Department of Population.

Ministry of Livestock, Fisheries and Rural Development for the Asian Development Bank. (2016). *Resettlement and Ethnic Groups Development Framework.*

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ချင်းပြည်နယ်. (ဧပြီ၊ ၂၀၁၇). *မင်းတပ်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ.*

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊. (ဧပြီ၊ ၂၀၁၇ ခုနှစ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ်). *ဒေသဆိုင်ရာ အချက်အလက်များ.* နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန.

ပြည်သူ့အင်အားဦးဌာန၊ . (မေ၊ ၂၀၁၇). *၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ် အစီရင်ခံစာ.* နေပြည်တော်: အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနသင့်ပြည်သူ့အင်အားဝန်ကြီးဌာန.

ပြည်သူ့အင်အားဦးစီးဌာန. (၂၀၁၅ ခုနှစ်၊ မေလ). *၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်ကြောင်းအ ရာ သန်းခေါင်စာရင်း၊ ချင်းပြည်နယ်၊ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ (၃ - ယ).* နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန.

သန်းနိုင်လင်း၊ ဇော်ဝွန်း . (၂၀၁၅). *မြန်မာ-အိန္ဒိယ နယ်စပ်ဒေသလေ့လာရေး (နို င်ငံတကာ နယ်နိမိတ်ကြောင့် ကွဲပြားစွာနေထိုင်ကြသော မျိုးနွယ်တူလူမျိုးစုများ၏ ဆက်ဆံရေး).* ရန်ကုန် : လူမှုရေးလုပ်ငန်းနှင့် သုတေသန ဗဟိုဌာန မြန်မာ .